www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ချုပ်အောင်ဆန်း
နှစ်တစ်ရာပြည့်
အထိမ်းအမှတ်
ခဲ့ထုတ်ထားပြီး
မာယူသူများအား
အထူးနှုန်းဖြင့်
င်းချပေးပါမည်

# ပထမဦးဆုံးသော ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ပြနှင့် ကာတွန်းစာအုပ်




ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ပြ
တန်ဖိုး – ၃၀၀၀ ကျပ်




ဗိုလ်ချုပ်ဦးအောင်ဆန်း
တန်ဖိုး – ၂၀၀၀ ကျပ်




ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်
ဗိုလ်မင်းခေါင်(ရဲဘော်သုံးကျိပ်)
တန်ဖိုး – ၃၀၀၀ ကျပ်



စစ်သားကြီးဗိုလ်တေဇ
Quality စာတည်းအဖွဲ့
တန်ဖိုး – ၈၀၀၀ ကျပ်




ဗိုလ်တေဇ ဘဝကဗျာ
Quality စာတည်းအဖွဲ့
တန်ဖိုး – ၆၀၀၀ ကျပ်

Publishing House



အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံမှုမှ
စီအိုင်ဒီ အသန်းကလာ
တန်ဖိုး – ၁၀၀၀ ကျပ်




အောင်ဆန်း၏ အောင်ဆန်း
ဗိုလ်အောင်လေး
တန်ဖိုး – ၁၀၀၀ ကျပ်



ဗိုလ်ချုပ်အောင်ဆန်းရာပြည့်
တန်ဖိုး – ၈၀၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီတွန်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

http://Quality.myanmaronlinesales.com
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# NO.145, FEBRUARY, 2017


| | | |
|---|---|---|
| ဓာတ်ဆုံမနှင့် တွေ့ဆုံခြင်း | ၁၁၉ | လေးမောင် |
| အချိန်မီ | ၁၃၇ | မောင်သာမန် (ဗိုးကုန်း) |
| သားပျောက်ရှာ | ၁၄၈ | ရဲမြတ်တင် |
| လူမိုးနှင့် ကျေးဇူးတရား | ၁၇၅ | ကေရာဇ် |
| ထောင်တွင်းက ဆေးသမားများ | ၁၉၅ | ထောင်မှူးကြီး သိန်းဝင်း |
| အုပ်ငယ်နှင့် အဆိပ်ကောင်ရန်စွယ် | ၂၀၅ | မြတ်သက်ကျော် |
| ပေါက်ပင်အင်းမှာ ရှာတဲ့မိုး | ၂၂၂ | တွင်းကြီးသား တင်ဝင်းဦး |


www.burmeseclassic.com

www.burmeseclassic.com

**အယ်ဒီတာချုပ်**
ကိုမြင့်ထွန်း (Quality)

**တာဝန်ခံအယ်ဒီတာ**
ဝေလွင်မြင့်မောင် (၀၉ ၃၁၁၁၆၉၉၉)

**အုပ်ချုပ်အယ်ဒီတာ**
မခင်မာရွှေ

**အယ်ဒီတာအဖွဲ့**
ဉာဏ်လင်းထက်

**ရုံးအဖွဲ့**
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ နေဇင်လတ်၊ ဝေလင်း၊ သန်းထက်ဇင်၊ ကောင်းကောင်း
ညီနွယ်၊ ဖြူဖြူသင်း၊ မြတ်နှင်းနွယ်၊ စုဝေလွင်၊ အိဖြူ၊ မီမီ။

**ပုံနှိပ်သူ**
ဖြိုးဝေလျှံပုံနှိပ်တိုက် ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)

**စာအုပ်ချုပ်**
တင်မေထွန်း

**အုပ်ရေ**-၅၀၀
**တန်ဖိုး**-၂၀၀၀ ကျပ်

**စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း**
အမှတ်-၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃။

**ထုတ်ဝေသူ**
ဦးမြင့်ထွန်း (မြ-၀၀၅၆၂) Quality Publishing House
အမှတ်-၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
(သရဖီကွန်ဒို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးဒီဇိုင်း**
ဉာဏ်လင်းထက်

**အတွင်းသရုပ်ဖော်**
ကံကောင်း၊ ဝင်းသိန်း၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊
လှုသစ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ၊ ဝိုင်းမေ။

**ကွန်ပျူတာနှင့် ဖလင်**
Quality

www.burmeseclassic.com

www.burmeseclassic.com

သစ္စာ မဲ့ သော မိန်းမ ချော



NEXT

ရဲ့ ဘော် မိုက်ခဲ နှင့် လူသရဲ



MONTH

ကြိုဟ် မွှေ တဲ့ ရွှေ မြေ



PREVIEW

ဆွေ ဟိန် နိုး

ဇ ဏ ၉ ဂ

ဗ ၀ န

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟုတ်ပါလားကွပေါ၊ ဒီလို အရေးယူတာ ခုမှပဲကြားဖူးပါ့ကွာ၊ ဆက်ပြောပါဦး မောင်မှိုင်းရ"

"နိုင်ငံခြားထွက်ပြေးတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေရော၊ အစိုးရဝန်ထမ်း (အငြိမ်းစား)တွေ လိုပါ၊ သူတို့ရောက်ရှိခိုလှုံနေတဲ့ နိုင်ငံအစိုးရက တစ်ဆင့် ပြန်ဖမ်းပို့ပေးရဆိုပဲဗျ၊

"လာဘ်စားတဲ့ကောင်ကြီးတွေပေါ့ ဟုတ်လားဟေ့"

"ဟုတ်တယ်ဗျ"

"လာဘ်စားတဲ့အစိုးရအရာရှိတွေ၊ ပါတီထိပ်ပိုင်းခေါင်းဆောင်တွေ၊ ဌာနဆိုင်ရာ လုပ်ပိုင်ခွင့်ရှိသူတွေ၊ တရားရေးဌာနက တရားသူကြီးတွေကိုပါ၊ ပိုက်စိပ်တိုက်ဖမ်း၊ ပစ္စည်းတွေ ပြည်သူပိုင်သိမ်း၊ ပြင်းပြင်းထန်ထန် ထောင်ဒဏ်အပြစ်ပေးအရေးယူလိုက်တာ ဘကြီးရေ..."

"ကောင်းလိုက်တာကွာ၊ ဘယ်အရာရှိကြီးတွေပါသွားလဲဟ မောင်မှိုင်းရ၊ ငါ့မှာလဲ မျက်စိအမြင်မှုန်တာနဲ့ သတင်းစာမဖတ်ဖြစ်လိုက်၊ ဖတ်ဖြစ်လိုက် ဖြစ်နေတာကွ၊ တို့အစိုးရ တယ်ပြတ်သားလှချည်လားကွ ဟေ..."

"ဘကြီးမှန်း"

"ဒေါ့-ပြော မောင်မှိုင်း"

"ကျွန်တော်တို့အစိုးရက လာဘ်စားတဲ့လူကြီးပိုင်းတွေ၊ ဝန်ထမ်းအရာရှိကြီးတွေကို ဖမ်းဆီးအရေးယူလိုက်တာ မဟုတ်ဘူးဗျ..."

"ဟော-တို့နိုင်ငံမှာမဟုတ်ရင်ဘယ်နိုင်ငံမှာ ဘယ်အစိုးရက လုပ်နေတာတုံးဟ၊ မောင်မှိုင်းရ"

"တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ဘကြီးရေ၊ တရုတ်နိုင်ငံမှာဗျ၊ တရုတ်နိုင်ငံရဲ့သမ္မတကြီးကိုယ်တိုင် ဦးဆောင်ပြီး လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးခေါ် အဂတိလိုက်စားမှုကို ပြင်းပြင်းထန်ထန်ဖော်ထုတ်အရေးယူနေတာကိုပြောတာဗျ..."

"ဟူး-သိပါဘူးကွာ၊ တို့မြန်မာနိုင်ငံမှာများ အရေးယူလိုက်တာလားလို့"

"ကျွန်တော်တို့နိုင်ငံမှာလည်း အရေးယူနေပါတယ်ဗျ"

"ဟုတ်လား-ဟုတ်ရဲ့လား မောင်မှိုင်းရယ်"

"ဟုတ်တစ်နေ့က သတင်းစာထဲပါတယ် ဘကြီးရ"

"လုပ်စမ်းပါဦးကွာ၊ ငါမျိုးကြားချင်နေတာကွ"

www.burmeseclassic.com



"ပြင်ဦးလွင်မြို့နယ်မှာတဲ့ဗျ"

"မေမြို့ကိုပြောတာပေါ့၊ ဘာတဲ့တုံးဗျာ"

"မြို့နယ်အုပ်ချုပ်ရေးမှူးရယ်၊ ဒုဦးစီးမှူးရယ်က ကျေးရွာသစ်ကို ပြည်ထဲရေးအမည်ပေါက်ရွာ မြေတိုးချဲ့ပေးမယ်ဆိုပြီး ရွာသားတွေထံက လာဘ်ငွေတောင်းယူတာတဲ့ဗျ၊ သိန်းပေါင်းရာချီပြီး တောင်းတာတဲ့၊ အခု - သူတို့ကို ရာထူးဘာဝန်အရ၊ လုပ်ပိုင်ခွင့်အာဏာရှိသော နိုင်ငံ့ဝန်ထမ်းအနေနဲ့ ရာထူးတာဝန်ကို အလွဲသုံးစားပြုပြီး ကျေးရွာနေ ပြည်သူလူထုထံမှ တံစိုးလက်ဆောင်ရယူခြင်း ခြင်းအဂတိလိုက်စားမှုကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်လို့ (.......................) ခုံစခန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနဲ့ အမှုဖွင့် အရေးယူလိုက်ပြီးတဲ့ဗျာ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ (၁၀)ရက် (တနင်္ဂနွေနေ့)ထုတ် Daily Eleven သတင်းစာမှာ ဖော်ပြထားတယ် ဘကြီးမုန်းရေ၊

"စားတာတော့ ကြာပြီနဲ့တူရဲ့ကွ၊ အခုပေါ်သွားတဲ့သဘောပဲ၊ ကောင်းကွာ၊ အတုန်းက စားပြီးပြီ၊ အခု ခံရမယ့် အလှည့်ရောက်တော့၊ ခါးကော့ ကျောကော့ခံလိုက်ပေါ့ကွာ - နော"

"စားတာ များသွားတာနဲ့ တူပါရဲ့နော်"

"အေး - မင်းပြောတာလည်း ဟုတ်သလိုလိုပဲကွ၊ ဘာတဲ့၊ ဟို သမ္မတကြီး လက်ထက်တုန်းက တန်ဖိုးငွေ သုံးသိန်းအောက် လက်ဆောင်ပစ္စည်းကို ယူလို့ရတယ်လို့ ပြောတာကိုးကွ၊ တန်ဖိုးငွေ သုံးသိန်းကျော် လက်ဆောင်ယူရင် လာဘ်စားတာတဲ့၊ မကျော်ရင် လက်ဆောင်တဲ့၊ ရယ်ရတယ်ကွာ၊ တဲ့ကွာ လက်ဆောင်သုံးသိန်းတစ်ကျပ်လျှော့ကို တစ်နေ့ လေးငါးကြိမ်ယူရင် သိန်းသုံးလေးဆယ်မက မရဘူးလားကွာ"

"ရတာပေါ့ - ဘကြီးရ"

"ဘာဖြစ်လို့များ မလည်ရှုပ်ဥပဒေတွေ ပြဋ္ဌာန်းသလိုလို၊ ခွင့်ပြုသလိုလို၊ နားလည်မှု လုပ်ပေးသလိုလို လုပ်နေကြလဲ မသိဘူး၊ နိုင်ငံ့ဝန်ထမ်းများ လာဘ်မစားရ၊ နိုင်ငံသားများလာဘ်ပေးလာဘ်ယူ မလုပ်ရလို့ ကြေညာရင် မရှင်းပေဘူးလား မောင်မှိုင်းရာ၊ ခုတော့ တောင်းလို့ပေးရတာပါတဲ့၊ ဖြစ်ကြပြီ၊ တစ်ခါ - ပေးလို့ယူရတာပါတဲ့၊ လုပ်ကြပြီ၊ ခက်တာက ပေးတာရော ယူတာရော ပိုင်တဲ့လူမရှိတော့ ဘယ်မှာ လာဘ်စားတဲ့အမှု တိုင်းကျော်ပြည်ကျော် မိလို့တုန်း ငါ့တူရ-

www.burmeseclassic.com

www.burmeseclassic.com



တင်၊ ငါ ကာတွန်းဆရာ ဆရာငယ်ဦး ရေးတဲ့ ဒေးလီးအလဲဗင်းသတင်းစာက ကာတွန်းကို သဘောကျသကွာ"

"ပြောပြပါဦး ဘကြီးမုန်းရ"

"ကာတွန်းမှာ ဖော်ပြထားတာက လုပ်ပိုင်ခွင့်ရှိသူတစ်ဦးက ကုလားထိုင်မှာ ထိုင်ပြီး ပြောနေတဲ့ပုံကွ…၊ ဘာပြောလဲဆိုတော့ "အဂတိနေရာရဖို့ အဂတိတွေ များများစားစားနဲ့ လိုက်ခဲ့ရတယ်၊ အဂတိနေရာရပြန်တော့ ဒီနေရာမြဲအောင် အဂတိဆက်ကြေး - အဲ - အဲ - ဆက်ပေးနေရပြန်ရော၊ အဲ - အထက်အရာရှိအသစ်တွေ ရောက်လာရင်လဲ အဂတိနေရာလေး မပျောက်ရအောင် "အဂတိ"တွေနဲ့ ကာကွယ်ရပြန်ရော၊

"ဟူး - အဂတိနေရာအတွက်၊ အိမ်ဆောင်စုဆယ်ခု(၁၀)ခု လောက် လုပ်ကျွေးနေရတယ်၊ ဒါကြောင့်အဂတိတွေ ပိုယူရမှာပဲ၊ ဟဲဟဲဟဲ"လို့ ဖော်ပြထားတာကွ၊ အဂတိလိုက်စားမှုလားရာသွားရာ နှယ်ရာတွေကို မီးမောင်းကို ထိုးပြလိုက်တဲ့ ကာတွန်းကွ၊

"ကာတွန်းအနုပညာရှင်တွေကတော့ လက်သံပြောင်ပါ့ဘကြီးရာ၊ ဘကြီးကို ပြောရဦးမယ်ဗျ"

"ဘာတုံးဟ - ပြော"

"အခု - လက်ဆောင်ပေးရင်တန်ဖိုးငွေ သုံးသိန်းလက်ဆောင်ပစ္စည်းပေးစရာမလိုတော့ဘူးတဲ့ဗျ"

"ဟုတ်လား - တော်သေးတာပေါ့ကွာ၊ နို့မို့ဆို တစ်ကြိမ်သွား သုံးသိန်းကခရိုနီတွေအတွက် အပန်းမကြီးပေမယ့် ငါတို့ ဆင်းရဲသားလက်လုပ်လက်စားအနေနဲ့ကျတော့ဝန်ပိတာပေါ့မောင်မှိုင်းရာ၊ ဝမ်းသာလိုက်တာကွာ၊ ငါတို့ကလည်း ဒီလိုအသံမျိုး အမိန့်မျိုး ကြားချင်တာကွ"

"သိပ်ဝမ်းမသာနဲ့ ဘကြီးရ"

"ဟာ - မောင်မှိုင်း ဘာဖြစ်လို့တုံး"

"သုံးသိန်းတန်ဖိုး လက်ဆောင်မပေးရပေမယ့် နှစ်သောင်းခွဲ ကျပ်အောက်တန်ဖိုးရှိတဲ့လက်ဆောင်တော့ ယူလို့လည်းရ၊ ပေးလို့လည်းရတယ်လို့ ပြောလိုက်ပြီဗျာ"

"ဟေ - နှစ်သောင်းခွဲကျပ် တန်ဖိုးရှိတဲ့လက်ဆောင်"

"ဟုတ်တယ်"

"ဘယ်ရုံးကို ဘာကိစ္စနဲ့သွားသွား နှစ်သောင်းခွဲ ကျပ် တန်ဖိုးရှိတဲ့လက်ဆောင်၊ ဒါမှမဟုတ် ငွေ၊ ပေးရင်ယူ၊ တောင်းရင်ပေး၊ တရားဝင်တယ်ပေါ့ ဟုတ်လား - ဟင်းဟင်း"

www.burmeseclassic.com

www.burmeseclassic.com



"ရက်(စ်)"

"အမယ်လေး - မစောဘုရားကယ် တော်မူပါဘုရား၊ ရှေ့နေမင်းအားကိုးမှ ထောင်လုံးလုံးကျတဲ့ ကိန်းပါလားအရပ် ကတို့"

❑

ထိုနေ့ထိုအချိန်ကစပြီး ကျုပ်တို့မှာ လည်း ဘယ်အရပ် ဘယ်ရုံးရောက် ရောက် အကြောင်းကိစ္စရှိရင် ငွေနစ် သောင်းသုံးသောင်းတော့တောင်းလည်း ပေးရမှာပဲ၊ မတောင်းလည်းအသင့်တော့ ဆောင်ထားရမှာပဲလို့ သဘောပေါက်ခဲ့ ရတယ်၊

ဟုတ်မှဟုတ်ပါ့မလား၊

ပြောင်းလဲချိန်တန်ပြီလို့ကြွေးကြော် ပြီးလူပြောင်းသွားပြီ၊ မူပြောင်းသွားပြီလို့ သံကြည်ခဲ့ပါရဲ့၊

ပြီးခဲ့တဲ့ (၉)လပိုင်းက ရုံးတစ်ရုံးကို ရောက်သွားခဲ့တယ်၊ ရုံးက (......)ရုံး၊ ရှေ့နေကြီးတစ်ဦးနဲ့ အဖော်လိုက်သွား ရတယ်၊ မိတ်ဆွေတစ်ဦးရဲ့သားကိစ္စ ကြောင့်ပါ၊

အလိုလေး ...၊

တေသန္တရာမင်းကြီးတောင် ဒီနေရာ ကိုရောက်ရင် နန်းတော်ပြန်ပါကတောင် ရှည်ပုဆိုးပင် ပြန်ပါ ဖွယ်မမြင်နိုင်ပါ ကလား၊

တောင်းသလား မမေးနဲ့၊

ပေးကမ်းခြင်းသည် အောင်မြင်ရာ ၏ဆိုတဲ့စကားကို ငင်းနေရာဌာနနှင့် မကောင်းနိုင်သူတို့ လက်တွေ့ကျင့်သုံးနေ တာ မြင်ခဲ့ရတယ်ဗျာ၊

ပေးသူ ကလည်း ကြည်ဖြူလို့ (အမှန်က ပေးသူခမျာ လက်တုန်နေရှာ တယ်ဗျာ) (ဒါကတော့ ကိုယ့်ဘက်က မှားနေတာကိုး)၊

ယူတဲ့သူကလည်း ဖျပ်ခနဲ လှမ်းယူ ပြီး ဖော်ရွေလို့ သဘောသတ္တဝါယတွေ ကောင်းလို့ ...၊

နည်းနည်းယူတဲ့သူက နည်းနည်း များများယူတဲ့သူက များများပေါ့၊

ဒီလိုပုံနဲ့ မိုကြီးချုပ်နေတာပါလား၊

(၁၁)လပိုင်းထုတ် သတင်းစာတစ် စောင်ကို ဖတ်ခဲ့ပြီး စဉ်းစားမိတယ်ဗျာ၊

ဌာနပိုင်းဆိုင်ရာ တာဝန်ရှိသူများ၏ အဂတိလိုက်စားမှုများကို တိုင်ကြားဖို့ ကိစ္စတဲ့၊

နိုင်ငံတော်၏ စီးပွားရေး ... အမြန် ဖွံ့ဖြိုးတိုးတက်ရေး အဂတိလိုက် စားမှု၊ အန္တရာယ် ... ရှင်းစေရေး အတွက် ပြည်သူပြည်သားများမှ အသိ

www.burmeseclassic.com

www.burmeseclassic.com



ဆေးဘိုင်ကြားရန် (....)လိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်းတဲ့။

စဉ်းစားကြည့်တာပေါ့ဗျာ။

ပြည်သူ့ရဲလည်း ရှိနေတယ်။

စုံစမ်းရေးလည်း ရှိနေတာပဲ။

ရဲသတင်းပေးတွေလည်း နေရာ မြို့နယ်အနှံ့ရှိနေတာပဲ။ ပြီးအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့တွေလည်း ရှိနေတာပဲ။

တရားဥပဒေစိုးမိုးရေးအတွက် သူတို့မှာ ပိုပြီး တာဝန်မရှိဘူးလား။ သူတို့နေရာဌာနအနှံ့ စောင့်ကြည့်အရေးယူလို့ မရပေဘူးလား။

တရားဝင်လုပ်ပိုင်ခွင့်ရော မရှိပေဘူးလား။

တရားဝင်လုပ်ပိုင်ခွင့်ရှိသူက ထိထိရောက်ရောက် လှုပ်လှုပ်ရှားရှား အောင်အောင်မြင်မြင် ကြိုးကြိုးစားစား ထုတ်ဖော်ရမည့်အစား ...

ပြည်သူပြည်သားများက အသိပေးတိုင်ကြားရန်လို့ ဆိုကြတော့။

ကိုယ်က ကြားကနေ အမုန်းခံပြီး ဝင်ပါပေးရမလိုလို၊ ဘယ်လိုကြီးမှန်းကို မသိ။

နေရာလွဲနေပြီလို့ စဉ်းစားမိရဲ့။

နောက်တစ်ချက်ကို ထူးဆန်းစွာ ဖတ်လိုက်ရတယ်။

တရားရုံးတစ်ရပ်ရပ်သို့အမှုဖွင့်တိုင်တန်းထားပြီး အမှုများ၊ တရားရုံးတစ်ရပ်ရပ်က စစ်ဆေးဆဲနှင့် ဆုံးဖြတ်ချက်ချပြီး ကိစ္စရပ်များကို တိုင်တန်းခြင်းမပြုရန် မေတ္တာရပ်ခံပါကြောင်းတဲ့။

အဲဒါ ဘယ်လိုအဓိပ္ပာယ်ပါလိမ့်။

ရင်ထဲမှာ မရှင်း။ နားထဲမှာ မရှင်း။

တရားရုံးက တရားတယ်၊ မှန်တယ်လို့ ဆုံးဖြတ်စီရင်ချက်ချတဲ့ကိစ္စ။ ပြစ်မှုနည်းနည်းများများ မှန်ကန်တယ်။ ထပ်ပြီးအထွန့်မတက်ရ၊ မတိုင်ရလို့ဆိုလိုချင်တာလား။

မျက်စိထဲမှာ အထက်မြန်မာပြည် (....)မြို့က တရုတ်သူဌေးကြီးကတော် အမှုပေါင်းများစွာကနေ ကွင်းလုံးကျွတ်လွတ်သွားတဲ့သတင်း။

တာဝန်ရှိသူ တရားလိုက အမှုစီရင်ချက်ကို မနစ်သက်၍ အထက်ကို အယူခံတက်တဲ့ သတင်း။

ပြီး ... (...)မြို့က မိန်းကလေးတစ်ဦး ဖြားယောင်းသွေးဆောင်ခေါ်သွားပြီး ကာမကို ရယူ၊ သားမယားအဖြစ် ပေါင်းသင်းပြီး မိန်းကလေးကို သံကြိုးနဲ့ ကုပ်၊ တံခါးပိတ်လှောင်၊ ရိုက်နှက်ညှဉ်းပန်းနှိပ်စက်၊ ညှဉ်းပန်း၊ ကာမကို အဓမ္မရယူတဲ့အမှု ပြစ်ဒဏ်စီရင်ချလိုက်တဲ့သတင်း ...။

www.burmeseclassic.com

www.burmeseclassic.com



အပြစ်နှင့် ပြစ်ဒဏ် မမျှတတဲ့၊ သတင်းဝေဖန်ချက်ကို သတင်းစာမှာ ဖတ်ရကြားရသောအခါ...

တရားဥပဒေစိုးမိုးရေးဆိုတာ ဘာကိုပြောတာလဲ၊ တရားမျှတခြင်းဆိုတာ ဘာကိုပြောတာလဲ၊

သို့သော်...၊

နေရာဌာနတိုင်းတော့ တရားမဲ့နေတာမဟုတ်၊ မမျှမတဖြစ်နေတာမဟုတ်၊

ဥပဒေကို လေးစားလိုက်နာပြီး အမှန်တရားအတွက် အမှုမှန်ပေါ်ပေါက်ရေးအတွက် ကိုယ်ကျိုးစွန့်သူ၊ အသက်စွန့်သွားသူ မားမားမတ်မတ်ရပ်တည်သူတွေ ရှိနေသေးသည်၊

ရှိတော့...ရှိသည်၊ ရှားသည်၊

(၁၀)လပိုင်းတုန်းက အံ့ဖွယ်သတင်းကို ကြားရ ဖတ်ရတယ်ဗျာ၊ တနင်္သာရီတိုင်းဒေသကြီး၊ တရားသူကြီးများဟာ သူတို့လက်ထက်မှာ လုံးဝလာဘ်ပေးလာဘ်ယူမလုပ်ပါလို့ ကတိပြုလက်မှတ်ထိုး ထုတ်ပြန်ကြသတဲ့၊ သာဓုပါဗျာ၊ သာဓု၊ သာဓု၊ သာဓု၊

ရှားလို့လည်း ဂုဏ်ရှိပြီး တန်ဖိုးရှိနေသည်၊ ဒီမှာ သတင်းစာဖြတ်ပိုင်းလေး တစ်ခုကိုစာအုပ်ကြားမှတွေ့လို့ပြန်ဖတ်လိုက်မိတယ်၊

"ဝန်ကြီးများ လာဘ်စားပါက ထောင်ဒဏ်ဟု ဒေါ်အောင်ဆန်းစုကြည် သတိပေးတဲ့"

အစိုးရအဖွဲ့သစ်တွင် ပါဝင်သည့် ဝန်ကြီးများ၊ လာဘ်မစားရန်၊ ဒေါ်အောင်ဆန်းစုကြည်က "လာဘ်စားရင်၊ အဂတိလိုက်စားရင် ထောင်ပဲနော်၊ ရဲဘော် ရဲဘက်အနေနဲ့တော့ ထောင်ဝင်စာလာတွေ့မယ်၊ ဒါ အဓိက မှာထားတယ်" ဟု အထူးမှာကြားကြောင်း အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးအဖြစ် အမည်စာရင်း တင်သွင်းခံရသူပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကျော်ဝင်းက ပြောသည်တဲ့...၊

ဒါနဲ့အတူ

သမ္မတကြီးဦးသိန်းစိန်အစိုးရလက်ထက်တုန်းက လာဘ်ပေးလာဘ်ယူ အဂတိလိုက်စားသည့် တရားသူကြီးအချို့ကို ဥပဒေကြောင်းအရ အရေးယူမှုများအနက် ပြစ်ဒဏ်စီရင်ပြီးသူ၊ ရာထူးချသူ၊ ဌာနပြောင်းရွှေ့အရေးယူပြီးသည့် အကြောင်း၊ လွှတ်တော်မှာ တင်ပြခဲ့တဲ့ သတင်းကိုပြန်ဖတ်လိုက်ရတယ်၊ ကျေနပ်လိုက်ပါဘိသနဲ့၊

❑


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အဂတိလိုက်စားတဲ့ တရားသူကြီးအချို့ကို သမ္မတကြီးက ထိရောက်စွာ အရေးယူအပြစ်ပေးတဲ့ အကြောင်း ဘကြီးမုန်းကို ပြောပြလိုက်တော့–

"မောင်မှိုင်းရ– အဂတိလိုက်စားတာ၊ တရားသူကြီးမှပဲ မဟုတ်ဘူးကွ၊ ရှေ့နေလည်း အဂတိလိုက်စားတတ်တယ်ပဲ၊ လုပ်ပိုင်ခွင့်အာဏာရှိတဲ့နေရာတွေမှာ လာဘ်အဂတိမကင်းတဲ့ကိစ္စတွေ အများဆုံး ရှိနေတာပဲကွ၊ ဟိုသတင်းကို ကြည့်လေကွာ၊ မြန်မာနိုင်ငံသားစိစစ်ရေးကတ်နဲ့နိုင်ငံကူးလက်မှတ် တရားမဝင် ပြုလုပ်ကိုင်ဆောင်ပြီး မန္တလေးမြို့ထဲဝင်ရောက်လာတဲ့တရုတ်နိုင်ငံသားကို (.....) တရားရုံးက ၁၉၄၇– ခုနှစ်၊ လ.ဝ.က အက်ဥပဒေပုဒ်မ ၁၃(၂)နဲ့ အကျပ်ငွေတစ်သိန်းပေးဆောင်ရန်၊ မပေးနိုင်ပါက ထောင်ဒဏ်ခြောက်လ ကျခံစေရန်ဆိုပြီး အမိန့်ချသတဲ့၊ ဒီတရုတ်နိုင်ငံသားက ဒီနိုင်ငံသားစိစစ်ရေးလက်မှတ်၊ နိုင်ငံကူးလက်မှတ်ကို တရားမဝင် ရည်ရွယ်ချက်ရှိရှိကိုင်ဆောင်ပြီး မြန်မာနိုင်ငံထဲကို သုံးကြိမ်တိုင်တိုင် ဝင်လာခဲ့တယ်၊ ပြစ်မှုနဲ့ ပြစ်ဒဏ် မမျှတလို့ ပြင်ဆင်မှုတင်ဖို့ လုပ်နေတယ်ဆိုတဲ့သတင်းကို ဖတ်လိုက်ရတယ်၊ ဒါ သူတို့ ဥပဒေနားလည်တဲ့သူတွေ စာရင်းရှင်းနေကြတဲ့ကိစ္စပဲ၊ တို့များ သတင်းဖတ်တဲ့သူအဖို့နဲ့ကျတော့ စဉ်းစားစရာတွေ မေးခွန်းတွေဖြစ်နေတာပေါ့၊ အချိန် တန်ရင် အမှန်ပေါ်လာသိလိမ့်မယ်ထင်တာပဲ၊ စောင့်နားထောင်ရမှာပေါ့"



"ဝန်ကြီးချုပ်ဦးနုကတော့ ပြောတာရှင်းတယ်။ "ကျွန်တော် ဝန်ကြီးချုပ်ဖြစ်တဲ့နေ့ကစပြီး ကျွန်တော် ပိုင်ဆိုင်တာ ဟောဒီမျှပဲရှိတယ်။ ဝန်ကြီးချုပ်ရာထူးကနေ အနားယူတဲ့နေ့ ကျွန်တော် မူလပိုင်ဆိုင်ရှိနေတာထက် ငွေတစ်ကျပ်ပိုနေရင် ကြိုက်သလို အရေးယူပါတဲ့။ တရားဝင်ပြောခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



"မောင်မှိုင်းရေ - မင်းကို ငါ့အတွေ့အကြုံနဲ့ကြားဖူးနားဝရှိတဲ့ မှတ်သားစရာလေးတွေ ပြောပြမယ်ကွာ၊ နားထောင်"

"နားထောင်မှာပေါ့ ဘကြီးမုန်းရ"

"ဒါဆို နားထောင်ကွ၊ ငါတို့နေတဲ့ မြို့လေးမှာ "သျှောင်ကြီးဖွေ" နဲ့ ပြည်သူ့တရားသူကြီးတစ်ဦး ရှိခဲ့ဖူးသကွ၊

ခေတ်က လမ်းစဉ်ပါတီခေတ်ကွ၊

ပြည်သူ့တရားစီရင်ရေးခေတ်ပေါ့၊

ပြည်သူလူထု ပါတီကိုယ်စားလှယ်တွေက ရွေးချယ်မြှောက်လိုက်တဲ့ ပြည်သူ့တရားသူကြီးကွ၊

သျှောင်ထုံးကြီးနဲ့ဟေ့၊ ခပ်တည်တည်ကြီး၊

ရွာကနေ တက်လာတဲ့ တရားသူကြီးပေါ့၊

အဲဒီတုန်းက လူထုက တင်မြှောက်ရင် လမ်းစဉ်ပါတီဝင် တင်းပြည့်ဖြစ်ရင် တရားသူကြီးနဲ့ တရားသူကြီးအဖွဲ့ဝင် ဖြစ်လာတာပဲ၊

သျှောင်ထုံးကို အဝါရောင်ပိုးပဝါ ခေါင်းထားတဲ့ ရွာသား တရားသူကြီးက မှန်တယ်၊ ဖြတ်တယ်၊ လာဘ်မစားဘူး၊ လာဘ်လာပေးရင် ပေးတဲ့သူကို အရေး ယူတယ်၊

သူက မှန်မှန်ကန်ကန်သမား၊

တရားစီရင်ဆုံးဖြတ်ရင် အဂတိတရားလေးပါး ကင်းရှင်းတယ်၊ ပြစ်မှုမှာ သက်သေထင်ရှားရင်၊ ပြစ်မှုကျူးလွန်ကြောင်း သေချာတိကျရင် ...၊

ကျောသားရင်သား မခွဲခြားဘူး၊

ဥပဒေက ပြဋ္ဌာန်းထားတဲ့ ပြစ်ဒဏ်ကို တိကျစွာ စီရင်ချက်ချတာ ငါ့လူရေ၊

သျှောင်ထုံးနဲ့ တရားသူကြီးထိုင်တဲ့ တရားရုံးကို ရောက်ရင် အမှန်အတိုင်း ဖြစ်စေရမယ်၊

လီဆယ်လုပ်ကြံတိုင်တဲ့အမှုဆိုရင် တိကျသေချာရင် မဟုတ်မှန်း သက်သေနိုင်လုံရင် အပြစ်ကနေ ကွင်းလုံးကျွတ် လွတ်ရဲတာကွ၊

ပြည်သူ့တရားစီရင်ရေးက တစ်ဦးတည်း ဆုံးဖြတ်ပြီး စီရင်ချက်ချတာ မဟုတ်ဘူး၊ ပြည်သူ့တရားစီရင်ရေးအဖွဲ့ဝင် သုံးဦးရယ်၊ ညှိနှိုင်းတိုင်ပင်ပြီး တရားမျှတ၊ မှန်ကန်တဲ့စီရင်ချက်ကို ဆုံးဖြတ်ချက်ချတာဗျ၊

မြို့နေလူထုက သျှောင်ထုံးနဲ့ တရားသူကြီးကိုလေးစားကြတယ်၊ (မှတ်ချက်၊ ထိုတရားသူကြီး သက်ရှိထင်ရှားရှိနေဆဲ ဟုကြားသိရပါသည်၊ လေးစားပါတယ်၊ အဘ တရားသူကြီးခင်ဗျား)

www.burmeseclassic.com

www.burmeseclassic.com



သျှောင်ထုံးနဲ့ တရားသူကြီးရဲ့စီရင်ချက်ကိုတရားလိုဘက်တိုင်းက ကျေနပ်မှု ရှိကြတယ်ဗျား။

ပြစ်မှုကျူးလွန်တဲ့တရားခံကတော့ သူ့တရားရုံးကို ရောက်သွားရင် ထောင်ကျမယ်ဆိုတာ ကြိုပြီးသားပဲ။

ဘယ်ရှေ့နေရှေ့ရပ်မှ သူ့ကိုလိုင်းမှူးလို့မရဘူး။ ဘယ်ပါတီဝင်အကြီးအကဲမှ သျှောင်ထုံးတရားသူကြီးကို ခါးပိုက်ထောင်ထဲ ထည့်လို့မရဘူး။ ကြိုးကိုင်ခြယ်လှယ်လို့ မရဘူးကွ။

အဲဒီတရားသူကြီးထိုင်တဲ့တရားရုံးကိုထီးပြန်၊ ဖိနပ်ပြန် တရားရုံးလို့တောင် ခေါ်ကြပေ့ါဗျာ။

ဒါ – ငါတို့ကိုယ်တိုင် ကြုံတွေ့သိခဲ့ရတဲ့ တရားသူကြီးကွ။ တရားသူကြီးဘဝတ အနားယူသွားတော့ သူနေတဲ့ရွာမှာ လယ်ပြန်လုပ်တယ်ကွာ။

နိုင်ငံတော်အစိုးရက သွားရလာရ ရုံးထိုင်ရ အဆင်ပြေအောင် တရားဝင်ပေးထားတဲ့ အပေါ်စားတိုက်ခန်းလေး တစ်ခုပဲ သူ ခံစားသွားရှာတယ်။

ကိုယ်ပိုင်တိုက်၊ ကားမရှိဘူး။

သူ့ဇနီး သားသမီးတွေ စိန်အပြည့်၊ ငွေအပြည့် ရှိမသွား၊ မဖြစ်သွားခဲ့ဘူး။

မိသားစုအားလုံး လွှားလွှားထောင်ထောင် ဘဝင်ကိုင်တာ မရှိဘူး။ ငါသိသလောက်တော့ သူ့လယ်ထဲ ပြန်ဆင်းနေတုန်းပဲ မောင်မှိုင်းရ။

တို့များ ကြုံခဲ့ရတဲ့ တရားသူကြီး အချို့အကြောင်းနဲ့ စပ်လျဉ်းတဲ့ပုံတိုပတ်စလေး ပြောပြချင်သကွ”

နောင်တရစေချင်လို့ပါ။

ဘဝတွေ သန့်ရှင်းစေချင်လို့ပါ။

❑

နာမည်ကောင်းလေးကျန်ခဲ့စေချင်လို့ ဒီပုံတိုပတ်စလေး ပြန်ပြောရတာပါကွာ။

ဒီတုန်းက ပါလီမန်ခေတ်ကွ။

ဝန်ကြီးချုပ်က သခင်နု(ခေါ်)ဦးနု။

လွတ်လပ်ရေးရပြီးခါစ အချိန်တွေ။

ဒီမှာ မောင်မှိုင်းရ – အင်္ဂလိပ်အစိုးရ အုပ်ချုပ်တုန်းက တရားစီရင်တဲ့ မြို့ပိုင်နယ်ပိုင်တို့ကို လာဘ်ထိုးလို့ မရဘူးကွ။ ပုလိပ်တို့၊ ရာဇဝတ်အုပ်တို့ကိုလာဘ်ထိုးလို့ရတာ။ ပါလီမန်ခေတ်ရောက်တော့ တရားသူကြီးဖြစ် ရတော့ တယ်ကံကောင်းပဲ၊ ဝါးတာ စားတာပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ငွေများမှ တရားနိုင်တယ်။

လာဘ်များများထိုးနိုင်ရင် သေးတဲ့အမှု ကွင်းလုံးကျွတ်လွတ်တယ်။ လူသတ်မှုက လူသေမှုဖြစ်တယ်။ ပါလီမန်ခေတ်က တရားသူကြီးဆိုတာ တိုက်နဲ့ ကားနဲ့ စိန်နဲ့ ရွှေနဲ့ မယားကြီး၊ မယားငယ်နဲ့ အထက်တန်းစား စည်းစိမ်အပြည့်နဲ့နေတာကွ။

ဝန်ကြီးချုပ်ဦးနုကတော့ ပြောတာရှိတယ်။

"ကျွန်တော် ဝန်ကြီးချုပ်ဖြစ်တဲ့နေ့ကစပြီး ကျွန်တော် ပိုင်ဆိုင်တာ ဟောဒီနှုတ်ခွဲ ရှိတယ်။ ဝန်ကြီးချုပ်ရာထူးကနေ အနားယူတဲ့နေ့၊ ကျွန်တော်မှာလာပိုင်ဆိုင်နေတာထက် ငွေတစ်ကျပ်ပိုနေရင် ကြိုက်သလို အရေးယူပါတဲ့။ တရားဝင်ပြောခဲ့တာ"

ဦးနုတို့၊ ဗိုလ်ချုပ်အောင်ဆန်းတို့က အပြောနဲ့ညီအောင် နေသွားတာကွ။ ဗိုလ်ချုပ်အောင်ဆန်းလည်း ကာကွယ်ရေးဝန်ကြီးသာ ဖြစ်ခဲ့တာ၊ သူ့သမီး မစုလေးကို နားကွင်းတစ်ရန် မဆင်နိုင်ရှာဘူးတဲ့။

တစ်ကြိမ်မှာ နိုင်ငံရေး၊ စည်းရုံးရေးခရီးနဲ့ နယ်ဆင်းရင်း အောင်လံကနေ သူ့မွေးဇာတိနတ်မောက်ကိုရောက်သွားတယ်။

ဗိုလ်ချုပ်ရဲ့အမေ ဒေါ်စု(ဖွားဒေါ်စု) ရှိသေးတာကိုး။ မအေနဲ့ မတွေ့ဖြစ်တာ နှစ်တွေလည်းမနည်းဘူး။ မိခင်ဒေါ်စုကသာ သားလုပ်သူအောင်ဆန်းကို လာတွေ့နိုင်သော်လည်း သားဖြစ်သူ ဗိုလ်ချုပ်က မိခင်ဖြစ်သူကို တစ်နှစ် တစ်ကြိမ် မတွေ့ဖြစ်ဘူး။ အလုပ်များလို့ မတွေ့နိုင်တာ။

ဗိုလ်ချုပ်အောင်ဆန်းက ဇနီးဒေါ်ခင်ကြည်သမီးငယ်လေး မစု(အောင်ဆန်းစုကြည်)နဲ့ မိခင်ကြီးကို ဂါရဝပြုပြီးနောက် ပြောသတဲ့ကွ။

ရှေ့မီနောက်မီတွေ ပြောပြလို့ သိရတာပါကွာ။

ဒီလိုတဲ့ကွ ...။

"အစ်မ - ကျွန်တော့်မှာ သမီးလေးမွေးတယ်။ နားကပ်မရှိဘူး ...။ အစ်မမှာရှိတဲ့ရွှေတွေထဲက နားကွင်းလေးတစ်ရန် သမီးလေးပန်ဖို့ ပေးပါလား"

ဗိုလ် ချုပ် တို့ ဒေသ သားတွေက အမေကို အစ်မလို့ အညာလေနဲ့ ခေါ်ဆိုသကိုး။ အမေ့ဆီက သူ့သမီးလေးပန်ဖို့ နားကွင်းတောင်းတော့ ...။

www.burmeseclassic.com

www.burmeseclassic.com



မအေလုပ်သူက ပြောပါရောတဲ့။

"ဟဲ့-အောင်ဆန်း-နင်ကဗိုလ်ချုပ်ကြီးလေ၊ ဝန်ကြီးလေ၊ ငွေတစ်ဆယ့်ငါးကျပ်မျှပဲ တန်ဖိုးရှိတဲ့ နားကွင်းလေးတစ်ရန်လောက် ကိုယ့်သမီး ကိုယ် လုပ်မပေးနိုင်၊ မဆင်ပေးနိုင်ဘူးလား။ ကိုယ့်လစာနဲ့ကိုယ်ဆင်။ ငါ့မှာရှိတဲ့ရွှေကတော့ ငါသေပြီးမှ အမွေလာယူကြ"

အဲဒီလိုပြောပစ်လိုက်ဆိုပဲ။

ကပ်စေးနဲပြီး မပေးချင်လို့ ပြောလိုက်တာမဟုတ်ဘူးနော်၊ ကာကွယ်ရေးဝန်ကြီး၊ ဗိုလ်ချုပ်၊ နိုင်ငံတော်ရဲ့အရေးပါတဲ့သားလုပ်သူကြီးကို ရွဲ့ပြီး ပြောလိုက်တာ။

တစ်ဆယ်၊ ဆယ့်ငါးကျပ်မျှပဲတန်ဖိုးရှိတဲ့ ရွှေနားကွင်း ဝယ်ဆင်မပေးနိုင်တဲ့ သူ့သားလူရိုးကြီး၊ ဗိုလ်ချုပ်ကြီးကိုတမင်ခွဲပြောလိုက်တာ။

ပြောချင်တာက ...။

ဗိုလ်ချုပ်အောင်ဆန်းမှာ ရတဲ့လစာနဲ့ မိသားစု စားရေးသောက်ရေး မလောက်ရှာဘူးကွာ။ အနယ်နယ်က ရောက်လာတဲ့ နိုင်ငံရေးလုပ်ဖော်ကိုင်ဘက်တွေ တပည့်တပန်းတွေ သူနေတဲ့ တာဝါလိန်းနေအိမ်ရောက်ရင် သူ့အိမ်မှာ ဝင်တည်း၊ နားကြ စားကြတာ၊ ဇနီးလုပ်သူ မခင်ကြည်ကို ပြောထားပြီးသား။

မတွန့်တိုနဲ့၊

စားချင်သလောက် စားပစေ၊

ချက်စရာမရှိရင် ရှိတာပဲစားမယ်၊

ဟိုက ဒီကလာပေးရင် မယူနဲ့၊

မင်းအမျိုး၊ ငါ့အမျိုးတွေဆန်ဆီဆားရောက်လာပေးရင် မယူနဲ့၊ ငါ့အသိတွေလာပေးရင်လည်း မယူနဲ့၊ ဒီလို အပြတ်အရှင်းပြောထားတာ။

ဗိုလ်ချုပ်တို့မိသားစု အဆင်မပြေမှန်းသိလို့၊ နိုင်ငံရေးရဲဘော်များနဲ့ တပည့်တွေက လာရင် အသီးအနှံလေးများ ယူလာကြတယ်၊ ယူလာရင်လည်းဗိုလ်ချုပ်မသိအောင်၊ မမြင်အောင် ဖွပ်ပြီး ယူလာကြတာ။

ဗိုလ်ချုပ်က ဒီလိုယူလာတာကို မကြိုက်ဘူး၊ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ကလည်းယူလာရင် ဆူရေး၊ ပြောရေး၊ ဘာမှ ယူလာစရာမလိုဘူး၊ ဗိုလ်ချုပ်က မကြိုက်ဘူးနော်၊ နောက်ကိုလုံးဝယူမလာကြနဲ့၊ ရန်ကုန်ကိုရောက်ရင် ကျွန်မတို့အိမ်မှာ တည်းပါ၊ စားကြပါ၊ အားနာစရာ မလိုဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ကြည်က ပြောရတယ်။

နောက်တော့ အစက်အစဲကို သိနေတဲ့ ဗိုလ်ချုပ်ရဲ့အပါးတော်မြဲ ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း)က ဒေါ်ခင်ကြည်ကို တိုးတိုးပြောရတယ်။

"မမကြည် - အိမ်မှာ ဆန်၊ ဆီ၊ ဆား လိုအပ်ရင် ကျွန်တော့်ကို ကြိုပြောနော်၊ ဘယ်သူပေးပေး အားနာပြီး မယူလိုက်နဲ့၊ ဗိုလ်ချုပ်သိရင် မလွယ်ဘူးဗျ"

ဗိုလ်ချုပ်တို့မိသားစုက အဲဒီလို လူတွေပါ။

လာဘ်မစားဘူး။

ပေးလည်း မယူဘူး။

ဗိုလ်ချုပ်ကို မျက်နှာလုပ်ချင်တဲ့ သူဌေးသူကြွယ်၊ အရာရှိတွေ၊ ဆွေမျိုးသားချင်းတွေ ပေါ်မှပေါ်ပါကွာ။ ဗိုလ်ချုပ်က အရေးလည်း မလုပ်ဘူး။ မျက်နှာသာလည်း မပေးဘူး။

သူသာ ယူမယ်၊ စားမယ်၊ ဝါးမယ်ဆိုရင် တိုက်တာ၊ ခြံမြေ၊ စိန်ရွှေရတနာတွေရော သီးနေ၊ ဝေနေမှာကွ။

ဗိုလ်ချုပ်က မသန့်ရှင်းတဲ့အလုပ် လုံးဝမလုပ်ဘူး။

လာဘ်စားတဲ့အလုပ်၊ ခေါင်းပုံဖြတ် အမြတ်ကြီးစားတဲ့အလုပ်၊ မတရားလုပ် အနိုင်ကျင့်တဲ့အလုပ် သူတစ်ပါးမျက်ရည်ကျမှ ကိုယ်ထမင်းဝတဲ့အလုပ်မျိုး လုံးဝမလုပ်ဘူး။ မုန်းတယ်၊ ရှက်တယ်၊ ရွံတယ်လေ။

သူ မသမာသူတွေရဲ့လက်ချက်နဲ့ ကျဆုံးကွယ်လွန်သွားတော့ သူ့မှာ ကိုယ်ပိုင်အိမ်တစ်လုံး မရှိခဲ့ဘူး။ လယ်တစ်ကွက်၊ နွားတစ်ရှဉ်း မကျန်ခဲ့ဘူး။

သူ့သမီးလေးကိုလည်း နားကွင်း တစ်ရန်လုပ်မပေးနိုင်ခဲ့ဘူး။ ဂျပန်ခေတ်မှာ ဆီရှားလွန်းလို့ ဝက်သားဟင်းချက်ကျွေးတော့ ဆီထည့်မချက်နိုင်ရှာဘူးတဲ့။

ဆီမပါတဲ့ ဝက်သားဟင်း ရေလုံချက်ဟင်းကို ဧည့်သည်တွေ မမြိန်နိုင်ဖြစ်ပေမယ့် ဗိုလ်ချုပ်တို့မိသားစုကတော့ မညည်းမညူ စားနိုင်ခဲ့ကြတယ်။

အဲဒါ အပါးတော်မြဲ ဗိုလ်ထွန်းလှက မကြည့်ရက်လွန်းလို့ နှမ်းဆီအနည်းငယ် မရအရ ဈေးကြီးပေး ရှာကြံဝယ်ပြီး တိုးတိုးတိတ်တိတ် ပေးရသတဲ့ကွ။

ဗိုလ်ချုပ်အမေ ဖွားဒေါ်စုက ပြောဖူးသတဲ့။ သူ့သားအောင်ဆန်း ဗိုလ်ချုပ်ကြီး ဖြစ်ခဲ့ပေမယ့် သူ့သားဆီက လျှပ်စစ်မီတာတစ်လုံးမှ မပါဘူးဆေ တဲ့။

တို့ခေတ်ကတော့ကွာ။

www.burmeseclassic.com



လာဘ်စားတာ လက်ယဉ်နေကြ တာတွ၊ အောက်ဆိုက်တဲ့၊

ကန်တောတာတဲ့၊ ဂါရဝလက် ဆောင်တဲ့၊ တံစိုးတဲ့၊ အကြံအဖန်တဲ့၊ ခွင်တဲ့၊ ဗိုလ်ချုပ်လိုစိတ်ဓာတ်မျိုးနဲ့ လူ တစ္စုးသွားပြီကွ၊ လာဘ်မစားတဲ့တရား သူကြီးကို လမ်းစဉ်ပါတီခေတ်မှာ ငါ ကိုယ်တိုင်ကြုံခဲ့၊ မြင်ခဲ့တာ မောင်မှိုင်းရ၊

အဲဒီသျှောင်ကြီး(သျှောင်ထုံး)နဲ့ ည်သူ့တရားသူကြီးနာမည်က( ) တဲ့ကွ၊ သက်ရှိထင်ရှားရှိသေးတယ်လို့ ကြားတယ်၊ နားထောင်နော်၊ စာရေး ရာ၊

❑

ခုခေတ်မှာတော့ လွှတ်တော်ထဲထိ အောင် အရေးယူပြီးကြောင်း အစီရင်ခံ တဲ့ သတင်းဖတ်နေရတယ်၊

တရားရုံးရှေ့မှာလူထုက ဆိုင်းဘုတ် ကွကိုင်ပြီး လာဘ်စားတဲ့တရားသူကြီး၊ ဝတီလိုက်စားတဲ့ တရားသူကြီးကို နှပြ(ဆန္ဒထုတ်ဖော်)နေတာ မြို့နယ် ချို့မှာမြင်နေကြားနေရတယ်၊ ဖတ်နေ ာယ်၊

ဒါကြောင့် ပါလီမန်ခေတ်တုန်းက ပြောသူပြောများတဲ့ သရုပ်ဖော်ဇာတ် မ်းလေး ပြောပြမယ်၊ နားထောင်ကွာ၊

တစ်နေ့တော့ ...

ကုပ်ပိုးနှစ်ထပ်၊ မေးနှစ်ထပ်ရှိတဲ့ လူဝခန်းခန်း၊ ပါးဖောင်းဖောင်းနဲ့ လူကြီး တစ်ဦး ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက် သေပါရောတဲ့ပေါ့၊

အလုပ်အိမ်မှာ ဒံပေါက်ထမင်း အဝ စားသတဲ့၊

ပြီး ... ရေခဲမုန့်စားသတဲ့၊

ပြီး ... ချင်းသုတ်စားသတဲ့၊

အလုပ်အိမ်ကနေပြန်လာပြီးနောက် တစ်အိမ် ဘုရားကိုသူကပ်တဲ့အိမ်ဝင်ပြီး အုန်းနို့ခေါက်ဆွဲ စားသတဲ့၊

အိမ်လည်းပြန်ရောက်ရော၊ မူး တယ် ဆိုပြီး လဲကျသွားတာ၊ တစ်ခါ တည်း အသက်ပါသွားရော၊ သေပြီ၊

အင်း...အသက်ရှင်တုန်း၊ ရှာဖွေပေး နိုင်တုန်းကသာ မောင်ရဲ့ လင်ရဲ့ အဖေရဲ့ အစ်ကိုရဲ့ ဆရာရဲ့ လုပ်ကြတာကွ၊

သေလည်းသေရော၊ ကိုင်ချင်တဲ့လူ သိပ်မရှိတော့ဘူး၊

အဲဒါ ... အလောင်းပြင်တဲ့ သုဘ ရာဇာအဖွဲ့ကို ခေါ်ပြီး သေသူလူဝလူ့ ကြီးကို ရေချိုး၊ အဝတ်လဲ၊ ကင်ပွန်းတင်၊ ခေါင်းသွင်းဖို့ တာဝန်ပေးလိုက်တာပေါ့၊

မိသားစုတွေကငိုကြသတဲ့၊

www.burmeseclassic.com

www.burmeseclassic.com



လူးလိုမ့် ငိုကြွဆိုပဲ၊ သို့သော် အလောင်းကိုတော့ လက်နဲ့ မထိကြတော့ဘူးတဲ့၊ အလောင်းကိုလက်နဲ့မထိကြသော်လည်း ပါးစပ်ကတော့ ဝင်ပြီး လျှာရှည်ကြ၊ ဩဇာပေးကြတယ်တဲ့ကွ၊

သေသူကိုအခေလာင်းပြင်တဲ့ သုဘရာဇာအဖွဲ့က ရေချိုးပေးတော့ အမွေးဆပ်ပြာနဲ့ မတိုက်လို့ ပိုင်းပြောကြ၊ အော်ကြသတဲ့ဗျာ၊

ရေချိုးပြီး ရေသုတ်ဖို့ အဝတ်ကောင်းတော့ မွေးပွတဘက်အသစ်ပေးဘဲ မျက်နှာသုတ်ပဝါအဟောင်းပဲပေးသတဲ့၊ ကောင်းကွာ၊

သေသူကိုအကျီပုဆိုးလဲဝတ်တော့ မယားလုပ်သူက ဒီအင်းလေးပုဆိုးလေးဝတ်ပေးပါဝင်ပြော၊ သေသူရဲ့ညီမဝမ်းကွဲသူက ရခိုင်ပုဆိုးဝတ်ပေးဖို့ ဝင်ပြော၊ တစ်ခါ သမီးလုပ်သူက ရွှေတောင်အနီကောက်ပုဆိုးက အဖေကြိုက်တဲ့ ဆိုးပါရင် ဝင်လုပ်၊

အကျီဝတ်လည်း လျှာရှည်ကြတာပဲ၊

တစ်ယောက်က သေသူကို စပို့ရှပ်ဝတ်ပေးတဲ့၊

နောက်တစ်ယောက်က ဟာဝေယံအင်္ကျီတဲ့၊

တစ်ယောက်က လက်တိုအကျီဝတ်ပေးတဲ့၊

တစ်ယောက်က အကျီလက်ရှည်ဝတ်ပေးလိုက်ပါတဲ့၊ လက်တွေ အေးမှာစိုးလို့တဲ့၊ ပြီး ... သေသူရဲ့ဆံပင်ကို အုန်းဆီလူးပေး၊ ခေါင်းလိမ်းဆီ လူးပေး၊ ချိုင်းကြားကို ပေါင်ဒါထည့်ပေးပါ စသည် ဝင်ပြောကြသတဲ့၊

သုဘရာဇာတွေကလည်း ကာယကံရှင်မိသားစု ဆန္ဒအတိုင်း အကုန်လုပ်ပေးတယ်၊ သူတို့က ငွေပေးခိုင်းတာကိုး၊ မငြင်းပါဘူးတဲ့၊

သေသူရဲ့ပါးစပ်ထဲကို ကူးတို့ငွေတစ်မတ်ထည့်ဖို့လုပ်တော့ ကွယ်လွန်သူရဲ့ ပါးစပ်ကိုဖြဲပြီး ကူးတို့ခမတ်စေ့ကို ထည့်တယ်၊ ပါးစပ်ဖြဲလို့ မရဘူး၊ ပါးစပ်က စေ့ပြီး တင်းနေပြီ၊

"မင်းထည့် မရရင် ငါထည့်မယ်၊ ဖယ်"

နောက်ဆွေမျိုးတစ်ဦး ပါးစပ်ဖြဲပြီး မတ်စေ့ထည့်ဖို့ လုပ်တယ်၊ ပါးစပ်ဖြဲမရဘူး၊ ဒီလိုနဲ့တစ်ယောက်ပြီးတစ်ယောက် ဆွေကောင်းမျိုးကောင်းတွေ ပါးစပ်ဖြဲပြီး ကူးတို့ခငွေတစ်မတ်ထည့်ဖို့ကြိုးစားတာ မရကြဘူးတဲ့ကွ၊ တစ်ဦးက သေသူရဲ့သွားကြားကို ဓားနဲ့ပြီး ကွမ်းညှပ်၊ ကတ်

www.burmeseclassic.com

www.burmeseclassic.com



ကြေး၊ ထည့်ပြီးက ကလန့်ပြီး ပါးစပ်ဟ
အောင် လုပ်ကြပါသော်လည်း ...။

ကွယ်လွန်သူလူဝကြီးက ပါးစပ်
လုံးဝမဖြဲမရ၊

သွားတွေ စေ့ထားဆဲ၊


အကုန်လက်မှိုင်ချ၊ စိတ်ညစ်နေ
တုန်း၊

သုဘရာဇာ ကိုပိန်ဆိုသူက ဝင်
ပြောသတဲ့၊

"ဆရာကြီးတို့ – အစ်ကိုကြီးတို့ –
ပါးစပ်ဟအောင် ပွင့်အောင် လုပ်လို့မရ
ရင်ကျွန်တော်ကြိုးစားလုပ်ကြည့်ပါရစေ
ခင်ဗျာ"

"မင်းလုပ်ရင် ရမှာလား၊ ငါတို့
တောင်မားဦးနဲ့ကလန့်ဖြဲတာပါးစပ်မဟ
သေးဘူးကွ"

"ကျွန်တော် ပါးစပ်ဟအောင် လုပ်
ပါ့မယ်ခင်ဗျ"



"ဒါဆို လုပ်ကြည့်လေ"

ငါတို့ မြန်မာလေ့မှာ လူသေရင်
သေသူရဲ့ပါးစပ်ထဲ ကူးတို့ခ ငွေတစ်မတ်
ထည့်ပေးရတယ်ကွ၊ သေသူနောက်
တစ်ဘဝကို ကူးဖို့ သွားဖို့၊ စရိတ်စရိတ်
ထည့်ပေးတာပေါ့၊ မြစ်တို့၊ ချောင်းတို့
ကူးမယ်ဆိုရင် ကူးတို့ခပေးဖို့ ထည့်ပေး
ရတာပေါ့၊ ကူးတို့ခပေးစရာငွေတစ်မတ်
မပါရင် ဟိုနောက်တစ်ဘဝရှိရာ ကူးမရ
သွားမရဘူးလို့ ယူဆကြတာကိုး၊ အမှန်
က အယူလွဲမှားနေကြတာပါကွာ၊ ဘုရား
ဟော တရားသဘောမှာ လူသည်
အသက်ထွက်တာနဲ့ သူစွဲလမ်းရာ၊ အာရုံ
ကျရာကိုအမှီပြုပြီးဘဝသစ်ကို ချက်ချင်း
ကူးသွားတာတဲ့၊

"ငါ့လူရေ၊ တကာယ်ဂျမ်ရိုဖြစ်ရပ်
ဆန်းကြယ်တဲ့ကွာ၊ သေနေတဲ့လူကြီးက
ငွေစက္ကူအသစ်ရနံ့ရရော မျက်လုံးဖွင့်ကြည့်
ရောတဲ့ဟေ့၊ သုဘရာဇာက ရာတန်ငွေစက္ကူ
တွေကို ပွင့်နေတဲ့မျက်လုံးနှစ်လုံးရှေ့မှာ
ကပ်ပြပြီး ...၊ "ငွေစက္ကူရာတန်အသစ်အုပ်
လိုက်ပါ၊ မြင်ရင် ပါးစပ်ဟပေးပါ၊"

www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်အစွဲနဲ့သေရင် ငရဲပေါ့ ကွာ။

သားစွဲမယားစွဲ၊ ဥစ္စာပစ္စည်းအစွဲနဲ့ သေရင် ပြိတ္တာဘဝကို ချက်ချင်းရောက် သွားတာပေါ့။

ကုသိုလ်စိတ်နဲ့ ကွယ်လွန်တော့ နတ်ပြည်ရောက်သွားတာပေါ့။ ကူးတို့ခ ငွေတစ်မတ်မလိုပါဘူး။ ဘဝကူးကောင်း ဖို့က ဒါန၊ သီလ၊ ဘာဝနာနဲ့ အကုသိုလ် အမှု ကင်းစင်ဖို့သာ လိုတာကွ။ ကံ ကောင်းအောင် နေချင်ရင် ဘဝကူး ကောင်းစေချင်ရင် သေခါနီးမှာ ဘုရား၊ တရား၊ သံဃာ၊ ဒါန၊ သီလ၊ ဘာဝနာ။ ဒါတွေပဲ နှလုံးသွင်းပြီး ကွယ်လွန်တာ ဘဝကူးကောင်းတဲ့ အလုပ်ပဲတဲ့။

ကူးတို့ခ အစစ်က ကုသိုလ်စိတ်နဲ့ ကွယ်လွန်ခြင်းပဲ။

ထားတော့ကွာ၊ သေပြီး နောက် တစ်ဘဝကိစ္စက ပြောရင် ကျယ်ပြန့် တယ်။ ငြင်းရမှာတွေလည်း ရှိတယ်။ ကံ ဆိုးပါးကို ယုံကြည်မှ ပြောလို့ ရှင်းလို့ ရမယ်တာ။

စောစောက ကူးတို့ခကိစ္စ။ ပါးစပ် ထဲမှာ ငွေထည့်ပြီး ပါးစပ်မဟတဲ့ အကြောင်း ပြန် ဆက်ရအောင်ကွာ"

"ဟော့ကောင်း - သုဘရာဇာ"

"ဟုတ်ကဲ့ - ပြောပါ ဆရာကြီး"

"မင်းက ကွမ်းညှပ်နဲ့ ကလန့်မှာ လားကွ"

"ငါတို့ အစ်ကိုကြီး၊ ဘကြီးကို သွား တွေ ကျိုး၊ နှုတ်ခမ်းတွေ ပေါက်ပြဲအောင် တော့ ထပ်မလုပ်နဲ့နော်"

"ဟုတ်ကဲ့ - မလုပ်ပါဘူး ခင်ဗျ"

"ဒါဆို - လုပ်"

"ဆရာကြီးတို့ကို တစ်ခုတော့ မေး ပါရစေခင်ဗျာ"

"သုဘရာဇာက ဘာမေးချင်လို့ တုံး - မေး"

"အခု - ကွယ်လွန်တဲ့ ပုဂ္ဂိုလ်က အသက်ရှင်စဉ်တုန်းက ဘာအလုပ် အကိုင်များ လုပ်ကိုင်ပါသလဲ ခင်ဗျာ"

"သေသူကလား"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"သေသူက ရှင်စဉ်တုန်းက တရား သူကြီးကွ၊ သူ့အလုပ်က တရားသူကြီး ဘာဖြစ်လို့လဲ"

"ဟုတ်ကဲ့ - တရားသူကြီးလုပ်ခဲ့ တာကိုး။ ဒီမှာဗျာ၊ ကျွန်တော့်ကို ငွေပေးတာ တစ်ရာတန်အသစ် တစ်ထပ်၊ နှစ်ထုပ် လောက် ခဏလေး ပေးပါလား၊ ကူညီပါ လား ခင်ဗျာ"

www.burmeseclassic.com



"ငွေစက္ကူအုပ်က ဘာလုပ်ဖို့တုံး သုဘရာဇာရ"

"ခဏလေး လုပ်စရာ ရှိလို့ပါ။ ပြန်ပေးမှာပါဗျာ၊ သေသူပါးစပ်ထဲ ကူးတို့ခ သွင်းလို့ရအောင် လုပ်မလို့ပါ ခင်ဗျ"

"ပေးလိုက်စမ်းပေ့ - ကြာတယ်"

"ဟုတ်ရင် ဟုတ်ပေ့ါကွာ၊ ကလိမ်ကကျစ်လုပ်ရင်တော့ စက္ကူလနဲ့ ငါတို့ ဘကြီးခေါင်းတစ်လုံးတည်းနှစ်ယောက်ပေါင်းပြီး အဖုံးပိတ်၊ သံရိုက်ပစ်မယ်ပေ့"

"ရော့ - ရော့ - ဒါ ရာတန်နှစ်အုပ်၊ အားလုံးကျပ်တစ်သိန်းတိတိ၊ တစ်ရွက်လျှော့ရင် နာပြီသာမှတ်၊ ရော့"

သုဘရာဇာက အိမ်ရှင်လှမ်းပေးတဲ့ ငွေစက္ကူရာတန်အသစ်ပါကင်နှစ်ထုပ်ကို တရိုတသေလှမ်းယူလိုက်တယ်၊ မောင်မှိုင်းရေ - ပါလီမန်ခေတ်တုန်းက အမြင့်ဆုံးငွေစက္ကူက ရာတန်ပဲကွ၊

မောင်ကောင်းလက်မှတ်၊ စံလင်းလက်မှတ်နဲ့ ငွေစက္ကူကွ၊ နိုင်ငံခြားမှာ အာမခံပြီး ရိုက်တာ၊ ဒီရာတန်ငွေစက္ကူနဲ့ တစ်ကမ္ဘာလုံးထုတ်တဲ့ငွေစက္ကူ၊ ဒေါ်လာနဲ့လည်းလဲလှယ်လို့ရတယ်၊ တန်ဖိုးကြီးတယ်၊ တရားဝင်တယ်ကွ၊

ဂေါ်ဆန်တစ်ပြည် ငါးမူး၊

ပဲ ဆီ တစ် ဆယ် သား ပြားလေးဆယ်၊

ဂျစ်ကားတစ်စီးအသစ်မှ ငွေသုံးထောင်ကျပ်၊

ရွှေတစ်ကျပ်သား ငွေတစ်ရာ့ငါးဆယ်၊

မင်းစေ လခတစ်လ(၈၂)ကျပ်၊

ရုံးစာရေးလစာတစ်လ (၁၂၆) ကျပ်၊

အိမ်ရှေ့ ခြံရှေ့ ခပ်လတ်လတ်ဆိုရင် တစ်သောင်းကျော်လောက်ပဲ ပေးရတယ်၊

ဘိန်းမှုန့်တစ်ချပ် ငါးပြား၊

ရုပ်ရှင်ကြည့်ရင် တစ်မတ်တန်း၊ ငါးမူးတန်း၊ ဗိုလ်ချုပ်တောင်ငါးမူးတန်းက ကြည့်ခဲ့ဖူးတယ်၊ ပြောရရင် ငွေတန်ဖိုး ရှိတယ်ကွ၊ ရာတန်ငွေစက္ကူကို တော်ရုံလူ မကိုင်နိုင်ဘူး၊ သူဌေးသူကြွယ်နဲ့ အစိုးရလူကြီးပိုင်းပဲ ကိုင်နိုင်တာကွ၊

ဒီမှာ သုဘရာဇာ ကိုငပိန်က ငွေစက္ကူထုပ်ကို ညာလက်နဲ့ကိုင်၊ ကျွန်တော့်ခမတ်စေ့ကို ဘယ်လက်နဲ့ ကိုင်ပြီး သေသူတရားသူကြီးရဲ့နှာခေါင်းဝမှာ ငွေစက္ကူအုပ်ကို တေ့ပေးရင်း -

www.burmeseclassic.com

www.burmeseclassic.com



"တရားသူကြီးမင်း ခင်ဗျား-ဒါ ရာတန်ငွေစက္ကူအသစ်စက်စက်များဖြစ်ပါတယ်၊ နာခေါင်းနဲ့ ရှုကြည့်ပါ၊ ငွေစက္ကူအသစ်ရန့်ရရင် ဟုတ်မဟုတ် မျက်လုံးဖွင့်ကြည့်ပါ၊ ငွေစက္ကူများမြင်ရင် ပါးစပ်ဟာပေးပါ၊ မြင်ရင် ပါးစပ်ဟာ ပေးပါ"လို့ ပြောလိုက်ရော၊

ဝှါလူရေ၊

တကယ်ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်တဲ့ကွာ၊

သေနေတဲ့ လူကြီးက ငွေစက္ကူအသစ်ရန့်ရရော မျက်လုံးဖွင့်ကြည့်ရောတဲ့ဟော့၊ သုဘရာဇာက ရာတန်ငွေစက္ကူတွေကို ပွင့်နေတဲ့မျက်လုံးနှစ်လုံးရှေ့မှာကပ်ပြီး ...၊

"ငွေစက္ကူရာတန်အသစ်အုပ်လိုက်ပါ"

"မြင်ရင် ပါးစပ်ဟာပေးပါ၊ ပါးစပ်ဟာပေးပါ၊ ကျေးဇူးပြုလို့ ပါးစပ်ဟာပေးပါခင်ဗျာ"

သေသူလူဝကြီးကငွေစက္ကူတွေကိုမှိတ်တဲ့မျက်လုံးနဲ့ကြည့်ရင်းစေ့(စိ)ထားတဲ့ပါးစပ်ကို တဖြည်းဖြည်း ဖွင့်ဟပေးပါသတဲ့ကွ၊

ပါးစပ်အဖွင့် သွားအဟာမှာ သုဘရာဇာက သူ့ဘယ်လက်နဲ့ ကိုင်ထားတဲ့ ငွေတစ်မတ်ကို ထိုးထည့်လိုက်ရော၊ မတ်စေ့လည်းဝင်၊ ပါးစပ်လည်း ပြန်စေ့ပိတ်သွားပါရောကွာ၊

"ပြီးပြီ-ကူးတို့ခတစ်မတ် ဝင်သွားပြီ၊ ရော့-ခင်ဗျားတို့ရာတန်ငွေစက္ကူနှစ်အုပ်"

ဂုဏ်သရေရှိဆွေမျိုးတွေရော၊ မိတ်သင်္ဂဟတွေရော၊ အသုဘရှုလာသူတွေပါ အံ့သြသွားကြတယ်၊

"ဟော့တော်၊ စောစောကကိုအဖွာတို့ ဓားဦးနဲ့ ကလန်၊ ကွမ်းညှပ်၊ ကတ်ကြေးနဲ့ ကလန့်တာတောင် ပါးစပ်မပွင့်ဘူးနော်၊ သုဘရာဇာက ငွေစက္ကူထုပ်ပြပြီး ပြောလိုက်ရော၊ ဖွင့်မရအောင်စေ့နေတဲ့ပါးစပ်က ချက်ချင်းပွင့်ဟသွားရောနော်"

"အံ့သြစရာပဲနော်"

"သုဘရာဇာ တော်ပါရဲ့ဟယ်နော်"

ဒါနဲ့ ယောကျ်ားသားကြီးတွေက အံ့သြလို့သုဘရာဇာကိုဝိုင်းမေးကြရောတဲ့ကွ၊

"ဟော့ကောင်သုဘရာဇာ"

"ဗျာ-ဗျာ"

ငါတို့ ကူးတို့ခထည့်ဖို့ ဓားဦးနဲ့ ကလန့် ပါးစပ်ဖြဲတာတောင် မပွင့်မဟာဘူး၊ မင်းကျတော့ ငွေစက္ကူထုပ်လေး

www.burmeseclassic.com

www.burmeseclassic.com



ပြုံရုံနဲ့သေသူပါးစပ်အလိုလိုပွင့်လာတာ ဘယ်လိုကြောင့်တုံးကွယ့် သုဘရာဇာ"

သုဘရာဇာ ဖြေလိုက်တယ်။

"လွယ်လွယ်လေးပါဗျာ"

"မင်းသာလွယ်တာ ငါတို့လုပ်တာ မလွယ်ဘူးကွ"

"လျှို့ဝှက်ချက်ကို ပြောစမ်းပါ သုဘရာဇာရ"

"ကျုပ် စောစောက မေးတယ် မဟုတ်လား၊ အခု ကွယ်လွန်တဲ့လူကြီး က အသက်ရှင်တုန်းက ဘာအလုပ်လုပ် လဲလို့ အစ်ကိုတို့ကို မေးတယ်လေ"

"ငါတို့ကလည်း ဖြေတယ်လေကွာ၊ သေတဲ့ လူက အသက်ရှင်စဉ်တုန်းက တရားသူကြီးလို့ ပြောသားပဲ"

ဒီမှာလည်း သုဘရာဇာက ပြုံးပြီး ပြောလိုက်တယ်။

"အစ်ကိုတို့ နားလည်မှု ရှိမှပေါ့ဗျာ၊ သေတဲ့ လူက တရားသူကြီးတစ်ဦးပဲ ဥစ္စာ၊ မတ်စေ့ပြလို့ ပါးစပ်ဟပေးမှာလား ဗျ၊ ငွေစက္ကူရာတန်အုပ်လိုက်ပြမှ ပါးစပ် ဟတော့မပေါ့"

သုဘရာဇာရဲ့စကားလုပ်လည်းဆုံး ရော အသုဘ အိမ်ပေါ်မှာ ရှိနေကြတဲ့ လူကြီးတွေအံ့ဩဆန်းကြယ်ဖြစ်သူဖြစ်၊ ခေါင်းညိတ်ပြီး ပြုံးတဲ့သူက ပြုံးဖြစ်နေ တုန်း အဘွားအိုတစ်ဦးက လှမ်းပြော လိုက်တယ်တဲ့၊

"သေတာတောင် သောက်ကျင့်က မပျောက်ချင်ဘူး၊ ပြိတ္တာဖြစ်မယ့် ကောင်တဲ့"

❑

ငါ့လူ စာရေးဆရာ၊ အဲဒါ ပါလီမန် ဒီမိုကရေစီခေတ်တုန်းက ငါတို့ကြားဖူး တဲ့ ဘဝသရုပ်ဖော်သရော်ပုံပြင်ဇာတ် လမ်းပဲကွ၊

လာဘ်စားတဲ့ သူကို သရော်တဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ဇာတ်လမ်းတို ပေါ့၊ လာဘ်မစားတဲ့သူနဲ့တော့ မသက် ဆိုင်ဘူးနော်၊ ရှင်းတယ်နော်၊

ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည် အစိုးရအဖွဲ့သစ်မှာ ပါဝင်မည့် ဝန်ကြီး တွေကို ပြောတာ၊ သတိပေးတာ၊

"လာဘ်စားရင်၊ အဂတိလိုက်စား ရင်ထောင်ပဲနော်၊ ရဲဘော်ရဲဘက်အနေ နဲ့တော့ ထောင်ဝင်စာလာတွေ့မယ်၊ ဒါ အဓိက မှာကြားတယ်"

ဒီလိုမင်္ဂလာရှိတဲ့စကားကို အစိုးရ အဖွဲ့သစ်မှာဝန်ကြီးအဖြစ်အမည်စာရင်း တင်သွင်းခံရသူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (ဦး...)က သတင်း ထောက်ကို ပြန်ပြောတာ၊

www.burmeseclassic.com

www.burmeseclassic.com



ဝါ့လူရာ – မောင်ရင် စာရေးဆရာလေးရာ၊

တစ်တက်စားလည်း ကြက်သွန်၊

နှစ်တက်စားလည်း ကြက်သွန်ပါပဲကွာ၊

လက်ဆောင်သုံးသိန်းအောက်တို့၊ လက်ဆောင်နှစ်သောင်းခွဲ သုံးသောင်းအောက်တို့ ဈေးအလျော့အတင်း လုပ်နေနဲ့ပါနဲ့ကွာ၊ အောက်ခြေကို ဆင်းကြည့်ကြစမ်းပါဝါ့လူရာ၊ မနက်ထမင်းနဲ့ ညထမင်းပေါင်းပြီးတစ်နပ်စားရတဲ့ဆင်းရဲသား လက်လုပ်လက်စားတွေ အများကြီးပါကွာ၊ ဘယ်လိုလုပ်ပြီးတစ်သောင်း နှစ်သောင်းတောင်းရင် ပေးနိုင်မှာလဲကွာ၊

တို့နိုင်ငံမှာ တောင်းစားတဲ့ လူများသကွ၊

အချို့က ထမင်းဖိုးလေး တစ်ရာ၊ နှစ်ဆယ်တောင်းပြီး စားသကွ၊

အချို့က သိန်းငါးဆယ်၊ တစ်ရာ တောင်းပြီး စားကြသကွ၊

တစ်ခါတစ်ခါ ...၊

တောင်းစားတာလား၊ ဓားပြတိုက်၊ နေကြမ်းစီးနေတာလား၊ ဝေခွဲမရဘူးကွာ၊

အဂတိတရား တိုက်ဖျက်ဖို့ လာဘ်ပေးလာဘ်ယူတိုက်ဖျက်ဖို့က ငါတို့ပြည်သူပြည်သားက သတင်းပေးဖို့ထက် လုပ်ပိုင်ခွင့်၊ အာဏာရှိသူက ကြိုက်တဲ့အချိန် ရှောင်တစ်ခင်ဝင်စစ်ကြရင် မဖြစ်ဘူးလားကွာ၊ ဝါ့လူ တရုတ် သမ္မတကြီး ရှီကျင်ဖျင့်ဦးဆောင်ပြီး လာဘ်စားမှု တိုက်ဖျက်နေတာ၊ မသင်္ကာတဲ့သူ၊ နိုင်ငံတော်ပိုင် ဥစ္စာဓန ပြည်သူပိုင်ပစ္စည်းကို ကိုယ်ကျိုးအတွက်အတွက် အလွဲသုံးစားလုပ်နေတဲ့လူ၊

ကျော်စောသတင်း အပုပ်နံ့ ထွက်နေသူ၊

အမည်ဆိုးတွေနဲ့ ကျော်ကြားလှုပ်ရှားနေသူ၊

မယုံကြည်နိုင်လောက်အောင်၊ ယုတ္တိသဘာဝမကျအောင် မတန်တဆကြီးပွားချမ်းသာနေတဲ့သူတွေ နောက်ကို နောက်ယောင်ခံ၊ ခြေရာကောက်၊ ထောက်လှမ်းစုံစမ်းပြီး သတင်းအရရော၊ ရှောင်တခင်ရော၊ ချက်ချင်း အလျင်အမြန်ရော အရေးယူဆောင်ရွက်လို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးမှာ ပြိုင်စံမဲ့ အောင်မြင်မှု ရခဲ့တာကွ၊

တို့များဆီမှာတော့ကွာ...၊

www.burmeseclassic.com



ရွှေဘုံထီးနဲ့တော့ အပုံကြီး ကွာပါ့ကွာ။

ဟော့ကောင် - စာရေးဆရာမထူးပါဘူးကွာ။ မင်းနဲ့ငါပဲ တာဝန်သိသိ သတင်းပေးတိုင်ကြားပါစို့ကွာ၊ မင်း ငါနဲ့ လိုက်ခဲ့တယ်မဟုတ်လား။

မင်းတို့ ငါတို့က တိုင်းသူပြည်သားကောင်း။ တာဝန်သိသူတွေလေကွာ၊ ငါတို့မှာ အာဏာမရှိပေမယ့် ပါးစပ်ရှိတယ်၊ လက်ရှိတယ်၊ သွားပြီး ချွန်တွန်းလုပ်အဲလေ၊ တိုးတိုးတိတ်တိတ် သတင်းသွားပေးကြစို့ရဲ့လားကွာ၊ သူများကောင်းစားနေတာ လုံးဝ ကြည့်မရဘူး။ မုန်းနဲ့ဖိုင်းတဲ့ဟော့၊ ယောက်ျားဘသားဝါးလားလား၊ ဝါးလားလား၊ ဝါးလားလားကွ။

➽ မောင်ညီမြိုင်း(သန်လျင်)

## ➪ အနာပေါက်ကုထုံး ➪

**ဆင်ခွာလည်ပြတ်နာ**

- ကြောင်ပန်းရွက်သတ္တုရည်၊ ကြွက်နပေါင်းသတ္တုရည်၊ မြင်းခွာရွက်သတ္တုရည် ရောစပ်၍ ဆွတ်ပေးပါ။
- ကန့်ပလူရွက်ပြုတ်စားပါ။ ပုစွန်နှင့်ငါးပိ၊ အမဲသား ရှောင်ရမည်။

**ကြပ်ပုတီးနာ**

နံ့သာဖြူနှင့်အကင်းဆယ်ပါးဆေးစပ်၊ ကြဲကြဲသွေး၍လိမ်းပါ။ ထင်းရှူးဆီ (၁၀)ဂရမ်၊ ငရုတ်ကောင်း (၃)ဂရမ် ကြိတ်၍အုံပေးပါ။

ဆေးနည်း

| | | |
|---|---|---|
| (၁) | နမ်းဆီ | ၁ ပိဿာ |
| (၂) | ဖုံးမသိန်ခဲ | ၁ဝိ သား |
| (၃) | ဆေးဒါန်းမှုန့် | ၃ ကျပ်သား |

နမ်းဆီကို ပွက်ရုံ ချက်ပါ၊ ဖုံးမသိန်ခဲ၊ ပရုပ်ပြားထည့်ပါ၊ ပရုပ်ပြားပျော်ဝင်သော် ဆေးဒါန်းမှုန့်ရော၍ မွှေပါ၊ လိမ်းဆေးအဖြစ် သုံးနိုင်သည်။


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



**ဘိုကလေးမြို့နယ်၊** ပင်လယ်ကမ်းခြေဒေသရှိကျွန်းသာယာပင်လယ်ရေလုပ်ငန်း ရွာကလေးမှာ မိုးသက်မုန်တိုင်းဒဏ်ကို အပြင်းအထန် ခံစားနေကြရသည်၊ ပင်လယ်ကမ်းခြေဒေသများနှင့် မိုးသက်မုန်တိုင်းဆိုသည်မှာ အစဉ်အမြဲ ယှဉ်တွဲနေခဲ့ကြသော်လည်း ယခုကဲ့သို့ ပြင်းထန်လွန်းလှသော မိုးသက်မုန်တိုင်းမျိုးကို တစ်ကြိမ်တစ်ခါမှ မတွေ့ဖူး၊ မကြုံဖူးခဲ့ကြပေ၊ ဆိုးဝါးပြင်းထန်လွန်းလှသော မိုးသက်မုန်တိုင်းကြောင့် တစ်ရွာလုံးမှာလည်းရစရာမရှိအောင်ပျက်စီးနေခဲ့ရပြီးဖြစ်သည်၊ အမိုးလန်ထရံကွာ ဖြစ်နေခဲ့ကြရပြီး သစ်ပင်ကြီးငယ်အသွယ်သွယ်မှာလည်း ကျိုးပြတ်ပြိုလဲကျနေသည်၊ တချို့နေအိမ်တွေမှာ ပြိုလဲသွားခဲ့ပြီးဖြစ်သည်၊ ပင်လယ်ဒီရေသည် ရွာပေါ်သို့ လျှံတက်လာခဲ့ရာ နေအိမ်ကြမ်းခင်းတွေပင် နစ်မြုပ်နေပြီးဖြစ်သည်၊ အမှောင်ထုမှာလည်း တဖြည်းဖြည်း ငိုးမိုးလာခဲ့ပြီဖြစ်သဖြင့် တစ်ရွာလုံးမှာ ကမ္ဘာပျက်သလို ခံစားနေကြရသည်၊ ကိုတင်အောင်၏နေအိမ်မှာလည်းအမိုးလန်ထရံကွာဖြစ်နေသဖြင့် ကိုတင်အောင်နှင့်ခြောက်နှစ်သားအရွယ် သားငယ်လေးတို့မှာ မိုးသက်မုန်တိုင်းထဲမှာ

ကြီးမားပြင်းထန်လှသည့်
မုန်တိုင်းကြီးတစ်ခု အောက်ဘက်ဆီမှ
သားအဖနှစ်ယောက်၏ ကံကြမ္မာ ..

www.burmeseclassic.com

www.burmeseclassic.com



အကာအကွယ်မဲ့ ဖြစ်နေကြရသည်။ တစ်ကိုယ်လုံးမှာလည်း မိုးရေတွေ စိုရွှဲနေကြသည်။ ကိုတင်အောင်မှာ သားငယ်မောင်ခင်ထွေးကို ရင်ခွင်ထဲတွင် ထွေးပွေ့ထားရင် ဆုတောင်းနေမိခဲ့သည်။

"ပြန်မလာကြပါစေနဲ့၊ သူတို့သားအဖ ပြန်မလာကြပါစေနဲ့"

ကိုတင်အောင်မှာ ယောက္ခမဖြစ်သူနှင့် ဇနီးဖြစ်သူတို့အတွက် ဆုတောင်းနေခဲ့ခြင်းဖြစ်သည်။ ယောက္ခမဖြစ်သူ ဦးလှမောင်နှင့် ဇနီးဖြစ်သူ မကျင်သန်းတို့မှာ မနက်က တစ်ဖက်ရွာသို့ သွားခဲ့ကြသည်။ ဦးလှမောင်၏နမ ဒေါ်မြသက်နေထိုင်မကောင်းဖြစ်နေသဖြင့် သတင်းမေး သွားခဲ့ကြခြင်းဖြစ်သည်။ နေ့ချင်းပြန်သွားခဲ့ကြခြင်းဖြစ်သဖြင့် ညနေပိုင်းတွင် ပြန်လာကြမည်ဖြစ်သည်။ ပြန်လာခဲ့လျှင် လမ်းမှာပင် မိုးသက်မုန်တိုင်းနှင့် ကြုံတွေ့ရမည်ဖြစ်သည်။ မိုးသက်မုန်တိုင်းမှာ ဆိုးဝါးပြင်းထန်လွန်းလှသဖြင့် ယခုလိုအချိန်မျိုးတွင် လမ်းခရီးတွင် ရှိနေသူမှန်သမျှ ပင်လယ်ဒီရေနှင့် မျောပါသေဆုံးကြရမည်သာ ဖြစ်သည်။ ပြန်လာခဲ့လျှင်လမ်းမှာပင်မိုးသက်မုန်တိုင်းနှင့် ကြုံတွေ့ရမည်ဖြစ်သည်။ မိုးသက်မုန်တိုင်းမှာ ဆိုးဝါးပြင်းထန်လွန်းလှသဖြင့် ယခုလိုအချိန်မျိုးတွင် လမ်းခရီးတွင် ရှိနေသူမှန်သမျှ အသက်ရှင်ရန် အခွင့်အလမ်း မရှိနိုင်။ နေအိမ်ကြမ်းပြင်များကို ပင်လယ် ဒီရေလွှမ်းမိုးရိုက်ခတ်နေသဖြင့်လမ်းခရီးတွင်ရှိနေသူမှန်သမျှ ပင်လယ်ဒီရေနှင့် မျောပါသေဆုံးကြရမည်သာ ဖြစ်သည်။ ထို့ကြောင့် ကိုတင်အောင်က ဇနီးဖြစ်သူနှင့် ယောက္ခမဖြစ်သူအတွက် ဆုတောင်းနေခဲ့ခြင်းဖြစ်သည်။

"ဝေါ-ဝေါ-ဝုန်း-ဝေါ"

"ဖေကြီး ကြောက်တယ်၊ သား ကြောက်တယ်။ ရေတွေ၊ ဖေကြီးရေတွေ တက်လာနေပြီ"

သားဖြစ်သူက ကြောက်လန့်တကြားငိုယိုပြောဆိုနေသည်။ သားအဖနှစ်ယောက်မှာ နေအိမ်ကြမ်းပြင်ပေါ်သို့ ရေတွေကျော်တက်လာခဲ့သဖြင့်ကုလားထိုင်ပေါ်မှာ ထိုင်နေခဲ့ကြခြင်းဖြစ်သည်။ ယခု ကုလားထိုင်ပင် နစ်မြုပ်လုဆဲဆဲဖြစ်နေပြီဖြစ်သည်။ ထို့ကြောင့် လမ်းမပေါ်တွင်လည်း လူတစ်ရပ် မြုပ်နေပြီဖြစ်သည်။ မိုးသက်မုန်တိုင်းမှာလည်း ပြင်းအထန် တိုက်ခတ်လာဆဲပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝေါ-ဝေါ-ဝေါ-ဝုန်း"

ရေတွေမြင့်တက်လာခဲ့သဖြင့်လှိုင်းလုံးကြီးများ ဖြစ်ပေါ်လာကာ တဝုန်းဝုန်းရိုက်ခတ်လာခဲ့ သည်၊ နေအိမ်ပေါ်မှ ပစ္စည်းပစ္စယတွေမှာလည်းလှိုင်းလုံးများနှင့် မျောပါနေပြီဖြစ်သည်၊

"ဖေကြီး ကြောက်တယ်၊ သား ကြောက်တယ်"

"မကြောက်နဲ့သား၊ ဖေကြီးရှိတယ်၊ မကြောက်နဲ့"

သားငယ် မောင်ခင်မောင်ထွေးမှာ ကြောက်လန့်စွာ ငိုယိုပြောနေသဖြင့် ကိုတင်အောင်က သားငယ်ကို အားပေး ပြောဆိုလိုက်သည်၊

"ဒီအတိုင်းဆိုမလွယ်ဘူး၊ ရေစီး အားက ရှိနေသေးတယ်၊ ရေကလည်း ဆက်တက်လာနေဦးမှာ၊ မဖြစ်ဘူး၊ ဒီလို နေလို့မဖြစ်တော့ဘူး"

ကိုတင်အောင် ကုလားထိုင်ပေါ်မှ ဆင်းလိုက်သည်၊ နေအိမ်ပေါ်မှာပင် ရေ ...နားလယ်ပေါင်လယ်ခန့် ဖြစ်နေသည်၊ ...မောင်ခင်ထွေးအရပ်နှင့်ဆိုလျှင် နစ်မြုပ် ...သွားမည်ဖြစ်သည်၊ ရေစီးအားကလည်း ...စ်ရှိန်ထိုးစီးနေပြီး လှိုင်းလုံးတွေက ...ည်း ရိုက်ပုတ်နေသဖြင့် ဤအတိုင်း

ဆက်နေ၍ မရတော့၊ ပြေးစရာလည်း မြေမရှိတော့၊ ထို့ကြောင့်ကိုတင်အော... က ကုလားထိုင်ပေါ်က ဆင်းလိုက်ပြ... ပုဆိုးကိုနိုင်အောင် ပြန်ဝတ်ကာ ခ... တောင်းကျိုက်လိုက်သည်၊ ထို့နောက်... သားဖြစ်သူကို ပြောလိုက်သည်၊

"လာ-သား ဖေကြီးကို တုန်းမိုး... မြဲမြဲကိုင်ထား"

ထို့ကြောင့် မောင်ခင်ထွေးလေး... ဖခင်ဖြစ်သူကို ကျောပိုးတွယ်တက်လိုက်... သည်၊ မောင်ခင်ထွေး ကျောပေါ်သို့... ရောက်သည်နှင့်-

"ဝေါ-ဝေါ-ဝုန်း-ဗွမ်း"

လှိုင်းလုံးကြီးများ၏ ရိုက်ပုတ်... ကြောင့် ကုလားထိုင်လည်း မျောပါသွား... ခဲ့သည်၊ ကိုတင်အောင်မှာသားကိုကျော... ပိုးပြီးထရံတန်းများကိုကိုင်ကာပင်လ... ဒီရေနှင့် မျောပါမသွားစေရန် သတိထား... နေခဲ့ရသည်၊

"မဖြစ်တော့ဘူး၊ တန်းတွေ... တက်နေမှဖြစ်မယ်၊ သားမကြောက်နဲ့... ဖေကြီးရှိတယ်"

ကို တင်အောင် တို့သားအဖမှ... မိုးထဲ၊ လေထဲ၊ မုန်တိုင်းထဲတွင် နေအိ... ထဲမှာအကာအကွယ်မဲ့ဖြစ်နေကြသည်

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကိုတင်အောင်မှာ သားငယ်ကို လက်ပြန်သိုင်းဖက်ထားပြီး ရေစီးလှိုင်းလုံးများနှင့် မျောပါမသွားစေရန် သတိထားကာ နေအိမ်ထရံတန်းကို ကိုင်ရင်းသားငယ်ကိုသတိပေးပြောဆိုလိုက်သည်။ ထို့နောက် မှောင်မှောင်မည်းမည်း၊ မုန်တိုင်းထဲမှာ နေအိမ်ဘေးတန်းတစ်တန်းကို စမ်းသပ်ကိုင်တွယ်ကာအိမ်တိုင်ရှိရာသို့မှန်းဆလာခဲ့သည်။ အိမ်တိုင်ကို လက်နှင့် စမ်းမိလိုက်သည်နှင့် အိမ်တိုင်ကို ခြေကန်အားသုံးကာ ထရံတန်းပေါ်သို့ တွယ်တက်လိုက်လေတော့သည်။

❑

ကိုတင်အောင်မှာ သားငယ်ကို ကျောပိုးထားသော်လည်းပြန်လည်ဖက်မထားနိုင်တော့သဖြင့် သားငယ်ကို သတိပေးပြောဆိုရင်းတန်းပေါ်သို့ကုတ်ခြစ်တွယ်ကပ်နေတော့သည်။

"သား - ဖေကြီးကို မြဲမြဲဖက်ထားနော်"

ထိုစဉ်-

"ဝေါ - ဝေါ - ဝေါ - ဝေါ"

"ဝုန်း - ဘုန်း - ဖွမ်း - ဖြောင်း"

"ဖေကြီး ကြောက်တယ်၊ ကြောက်တယ်"

"ဝုန်း - ဘုန်း - ဖွမ်း - ဖျောင်း"

"အား - အမယ်လေးဗျာ"

မိုးသက်လေပြင်းထဲမှာပင် လေကြမ်းတစ်ချက် ဆောင့်တိုက်လိုက်သည်။ ထိုစဉ် လှိုင်းလုံးကြီးတစ်လုံးကလည်း ရိုက်ပုတ်လိုက်သဖြင့် ကိုတင်အောင်တို့သားအဖမှာလည်း လှိုင်းလုံးကြီးများနောက်သို့ ဒလိမ့်ကောက်ကွေးမျောပါသွားခဲ့ကြတော့သည်။ ကိုတင်အောင်မှာ သတိထားနေသဖြင့် လှိုင်းလုံးကြီးများ ရိုက်ပုတ်လိုက်သည်နှင့် တစ်ပြိုင်တည်းသားငယ်ကို လက်ပြန်သိုင်းဖက်လိုက်သည်။ သားငယ်ကလည်း အကြောက်လွန်ကာ ဖခင်ကိုတင်းကြပ်စွာ ပြန်လည်တွယ်ဖက်လိုက်သည်။ ထို့ကြောင့် သားအဖနှစ်ယောက်မှာ ကွဲကွာလွင့်စဉ်သွားခြင်းမရှိဘဲ ဖက်တွယ်မျောပါသွားခဲ့ကြခြင်း ဖြစ်သည်။ ကိုတင်အောင်တို့ သားအဖမှာ ရေအောက်သို့ မျောပါနစ်မြုပ်သွားခဲ့ကြပြီး ရေပေါ်သို့ ပြန်လည်ပေါ်တက်လာခဲ့သည်။

"ဝေါ - ဝေါ - ဝရော - ဝေါ"

"ကြောက်တယ် ဖေကြီး သားကြောက်တယ်၊ ဖူး - ဝူး - ဖလူး"

www.burmeseclassic.com

www.burmeseclassic.com



"မကြောက်နဲ့သား၊ ဖေကြီးရှိတယ် ကြောက်နဲ့၊ ဘာမှမဖြစ်ဘူး၊ ဖေကြီးကို [illegible]မှတ်ထား၊ လက်လွှတ်မသွား [illegible]"

သားငယ်မှာ ရေမွန်းနေပြီဖြစ် [illegible]ဤအတိုင်းဆိုလျှင်ကိုတင်အောင် [illegible] သားအဖနှစ်ယောက်စလုံး ရေနစ် [illegible]ကြရတော့မည်ဖြစ်သည်။ ထို့ကြောင့်ကိုတင်အောင်တုန်လှုပ်ချောက်ချားသွားခဲ့သည်။ တုန်လှုပ်ချောက်ချားသော်လည်း မိမိအသက်ထက် သား[illegible]အတွက် ပိုမိုစိုးရိမ်သောက ဖြစ်နေသည်။

"မှောင်ထဲမှာ ဘာမှလည်း မမြင်ရ[illegible]ယ်တာစရာလည်းဘာမှမရှိဘူး။ [illegible]ကပ်ပစ်ကူးနေနိုင်ရင်တော့ ငါ့သား [illegible]ကျောပေါ်မှာရှိနေမယ်။ ဒါဆိုရင် [illegible] ရေမွန်းမှာမဟုတ်တော့ဘူး"

ကိုတင်အောင်မှာ မှောင်မှောင် [illegible]ည်းလှိုင်းလေထဲတွင် မျောပါရင်း [illegible]ယ်အသက်ရှင်နေနိုင်ရေးအတွက် [illegible]နေခဲ့သည်။ မှောင်မှောင်မည်း [illegible]လှိုင်းတောထဲမှာ ကြာရှည်လက် [illegible]နိုင်မည်မဟုတ်သော်လည်းလော [illegible]ယ် ဒီလိုမှမလုပ်လျှင် သားငယ် [illegible]သေဆုံးသွားနိုင်သဖြင့် လှိုင်းထဲလေထဲမှာဦးတည်ရာမဲ့ လက်ပစ်ကူးနေခဲ့တော့သည်။ ထို့ကြောင့် တဖြည်းဖြည်းနှင့် ကိုတင်အောင် လက်ပန်းကျလာခဲ့တော့သည်။

"ဒီအတိုင်းဆိုရင် ငါကြာကြာကူးနိုင်တော့မှာမဟုတ်ဘူး။ တွယ်စရာတစ်ခုခုရမှဖြစ်မယ်။ ဘုရား - ဘုရား - ငါဘယ်လိုလုပ်ရပါမလဲ"

ကိုတင်အောင်၏ စိုးရိမ်စိတ်များမှာ မိုးတိမ်ထိပ်မက မြင့်တက်လာခဲ့ပြီးဖြစ်သည်။ သောကဖြစ်နေရပြီဖြစ်သည်။ လှိုင်းလုံးကြီးများက မျက်နှာကို လာရောက်ရိုက်ပုတ်နေသဖြင့် ဆားငန်ရေများကြောင့် မျက်လုံးများ ကျိန်းစပ်နေပြီဖြစ်သည်။

တစ်ဖန် ကြီးမားသော လှိုင်းလုံးကြီးများ၏ ရိုက်ပုတ်မှုကြောင့် သားအဖနှစ်ယောက်စလုံး လှိုင်းလုံးကြီးများ၏ ဖုံးအုပ်ခြင်းကို ခံခဲ့ရလေသည်။ ကိုတင်အောင်မှာ ကျွမ်းကျင်သော ပင်လယ်ရေလုပ်သားတစ်ယောက်ဖြစ်နေ၍သာ ရေအောက်မှရေပေါ်သို့ပြန်လည်တက်လာနိုင်ခဲ့ခြင်းဖြစ်သည်။ ကျွမ်းကျင်သော ပင်လယ်ရေလုပ်သားတစ်ယောက် ဖြစ်သော်လည်း အတွယ်အတာလည်း မရှိ ကျောပေါ်တွင်လည်း သားငယ်ကိုကျော

www.burmeseclassic.com

www.burmeseclassic.com



ပိုးနေရပြန်သဖြင့် ကြာရှည်တောင့်ခံနိုင်စွမ်း ရှိမည်မဟုတ်။ ထို့ကြောင့် ကိုတင်အောင် စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်ကာ ဆုံးဖြတ်ချက်ချလိုက်သည်။

"ငါသေရင် သေပလေ့စေ၊ ငါ့သားလေး မသေဖို့ပဲ အရေးကြီးတယ်"

ကိုတင်အောင်မှာ မိမိအသက်ထက် သားငယ်အတွက်ကို ပိုမိုစိုးရိမ်နေခဲ့မိသည်။ အိမ်ထောင်သက် ကိုးနှစ်အတွင်း ဒီသားငယ်လေးတစ်ယောက်သာ သားသမီး ထွန်းကားခဲ့သဖြင့် ဤသားငယ်လေးကို မိသားစုက အသက်တမျှ ချစ်ခင်တွယ်တာနေခဲ့ကြသည်။ ထို့ကြောင့်ကိုတင်အောင်မှာနောက်ဆုံး ကြံရာမရဖြစ်ကာ ဒေသဆိုင်ရာပရလောကသားတွေကို တိုင်တည်ပြောဆိုလိုက်လေတော့သည်။

❑

" ဟာ–ဒီကိစ္စက ရိုးရိုးတန်းတန်းတော့ မဖြစ်နိုင်ဘူး။ ပရိတ်တန်ခိုးလား။ ဒါမှမဟုတ်၊ ရေငန်ပိုင်ရှင်ကြီး၊ အဘိုး၊ ရေကြောင်းဗိုလ်၊ ရွှေကရင်၊ တောပိုင်၊ ကွင်းပိုင်၊ ချောင်းပိုင်တွေက ကူညီကယ်မခဲ့တာလားမသိဘူး။ ဘာပဲဖြစ်ဖြစ်တို့သားအဖ ကံကောင်းတာပဲ။



ခေါက်မရောက် သက်မပျောက်

"ရေငန်ပိုင်ဦးရှင်ကြီးနှင့် ဒီပတ်ဝန်းကျင်မှာရှိနေကြတဲ့ တောပိုင်၊ ကွင်းပိုင်၊ ချောင်းပိုင်များခင်ဗျား။ ကျုပ် ပင်လယ်ငါးဖမ်းထွက်တိုင်း ခင်ဗျားတို့ကို ပူဇော်ပသနေခဲ့တာ ခင်ဗျားတို့ မသိကြဘူးလား။ ခင်ဗျားတို့ကို တလေးတစားပူဇော်ပသနေတဲ့ ကျုပ်ရဲ့အသက်ကိုတောင် ခင်ဗျားတို့ မကယ်နိုင်ကြတော့ဘူးလား။ ကျုပ် အသက်သေရင် သေပါစေဗျာ၊ ကျုပ်ကိုမကယ်နိုင်ရင်တောင် ကျုပ်တို့ သားလေးကို အသက်ကိုတော့ ကယ်ပေးကြပါဗျာ၊ ကျုပ် တောင်းပန်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုတင်အောင်က မှောင်မှောင်မည်းမည်း၊ လှိုင်းလေထဲမှာ သွေးရူး သွေးတန်းနှင့် အော်ဟစ်ပြောဆိုလိုက်သည်။ ထို့နောက် ပင်လယ်ထွက်တိုင်း ရွတ်ဆိုနေကျ ဓာရဏပရိတ်တော်ကို ရွတ်ဆိုရင်း တွယ်ရာမဲ့ လက်ပစ်ကူးနေခဲ့တော့သည်။ သားငယ်မှာလည်း ကြောက်အားလန့်အားနှင့်ဖခင်၏ကျော ပေါ်မှာ အားကုန်ဖက်တွယ်လိုက်ပါခဲ့တော့သည်။

ထိုစဉ် -

"ဟာ…"

နောက်ဖက်မှ တစ်စုံတစ်ခုက သူ့ကို ဒိကပ်တွန်းတိုက်နေသဖြင့်မှောင် မှောင်မည်းမည်းထဲမှာပင် လက်နှင့် စမ်းကြည့်လိုက်ရာ -

"ဟာ ဒိုက်တွေ - ဒိုက်တွေ"

ထုထပ်ကြီးမားသော ဒိုက်ပုံကြီး ဖြစ်နေကြောင်း သိရှိလိုက်ရသည်။ ထို့ကြောင့် ဝမ်းသာအားရ ဒိုက်ပုံကြီးပေါ် သားများထိုး တက်လိုက်သည်။ ဒိုက်ပုံကြီးမှာ သားအဖနှစ်ယောက်၏ အလေးချိန်ကို မခံနိုင်သဖြင့်နစ်မြုပ်သွားခဲ့သည်။ ထို့ကြောင့်သားအဖနှစ်ယောက်လည်း ရေမြုပ်သွားခဲ့ရပြန်သည်။ ထို့ကြောင့် ကိုတင်အောင်မှာ ဒိုက်ပုံပေါ်မှ အမြန်ပြန်ဆင်းလိုက်သည်။ ဒိုက်ပုံရောကိုတင်အောင်တို့ သားအဖပါရေပေါ်သို့ပြန်ပေါ် တက်လာခဲ့ပြန်သည်။ ကိုတင်အောင်မှာ အတွေ့အကြုံရှိပြီး ကျွမ်းကျင်သော ပင်လယ်ရေလုပ်သားတစ်ယောက် မဟုတ်ခဲ့လျှင် ရေနစ်သေဆုံးသွားခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သည်။ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိနေသော ဝါရင့် ပင်လယ်ရေလုပ်သားတစ်ယောက် ဖြစ်နေသောကြောင့်သာ၊ သားအဖနှစ်ယောက်စလုံး ယခုတိုင် အသက်ရှင်နေနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ကိုတင်အောင်မှာ မှောင်မှောင်မည်းမည်း၊ မိုးသက်မုန်တိုင်းထဲမှာပင် ဒိုက်ပုံ၏ အခြေအနေကိုလက်နှင့်စမ်းသပ်ကြည့်လိုက်သည်။

"သားလေးတစ်ယောက်တည်းဆိုရင်တော့ ဒီဒိုက်ပုံ ခံနိုင်မယ်ထင်တယ်"

သားငယ်ကိုဒိုက်ပုံတင်မျောလိုက်ရန် စိတ်ကူးလိုက်သည်။ သို့သော် သားလေး ဒိုက်ပုံပေါ်မှာ မစီးတတ်ရင် ရေထဲ လိမ့်ကျသွားနိုင်သဖြင့် စိတ်မချဘဲ ဖြစ်နေခဲ့ရပြန်သည်။ ထို့အပြင် သားလေးကို စွန့်ပစ်သလို ဖြစ်နေသဖြင့် ဆုံးဖြတ်ချက် မလုပ်နိုင်ဘဲ ဝေခွဲမရဖြစ်နေခဲ့သည်။ ထို့ကြောင့် ဒိုက်ပုံကြီးကို တွယ်ခိုရင်း ဒေသ

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရာ ယုံကြည်ကိုးကွယ်ခဲ့သူတွေကို ဘဝင်မကျစွာ တိုင်တည်ပြောဆိုနေတော့သည်။

"ဆိုင်ရာပိုင်ရာတွေ - ကျုပ်တို့သားအဖကို မကယ်နိုင်ကြတော့ဘူးလားဗျာ၊ ကျုပ်ခင်ဗျားတို့ကို တကယ်ယုံကြည်လို့ပူဇော်ပသခဲ့တာပါဗျာ။ ဒီလိုအချိန်မှ ခင်ဗျားတို့ကိုအားမကိုးရရင်ဘယ်အချိန်အားကိုးရမှာလဲ၊ ဒီလိုအချိန်မှ ခင်ဗျားတို့မကူညီရင် ဘယ်အချိန်ကျမှ ကူညီရမှာလဲဗျာ"

ကိုတင်အောင်မှာ အင်အားရှိသမျှအော်ဟစ်ပြောဆိုလိုက်သည်။ ထို့နောက်ဒိုက်ပုံကိုတွယ်ရင်း ဓာရဏပရိတ်ကိုရွတ်ဆိုနေခဲ့သည်။ ကိုတင်အောင်မှာလည်း ဓာရဏပရိတ်တစ်ခုတည်းကိုသာရသဖြင့် ရသည့်ပရိတ်ကိုသာ ရွတ်ဆိုနေခဲ့ခြင်းဖြစ်သည်။

ထိုစဉ် -

"ဒုတ် - အင့်"

"ရေစီးနှင့် မျောပါလာသော အရာဝတ္ထုတစ်ခုက ဝင်တိုက်လိုက်သဖြင့် ကိုတင်အောင်က အမိအရလှမ်းဆွဲကိုင်လိုက်သည်။

"ဟာ - လှေတစ်စင်းပဲ"

ကိုတင်အောင် ဝမ်းသာအားရဖြစ်သွားခဲ့ရတော့သည်။ မိုးသက်မုန်တိုင်းထဲတွင် လှိုင်းရိုက်ပုတ်သည့်အရှိန်နှင့်မျောနေသည့် လှေနှင့် ထိုးဆောင့်လိုက်လျှင် ကိုတင်အောင်တို့သားအဖမှာ လှေနှင့် ဆောင့်မိသည့်ဒဏ်ရာကြောင့် သေဆုံးကြရမည်သာ ဖြစ်သည်။ အခုတော့လှေက ကိုတင်အောင်တို့ သားအဖကိုလှိုင်းထဲလေထဲမှာ ညင်ညင်သာသာဝင်တိုက်ခဲ့ခြင်းဖြစ်သဖြင့် ကိုတင်အောင်တအံ့တသြ ဖြစ်နေခဲ့ရသည်။ ထို့အပြင်ဤမျှ ပြင်းထန်လွန်းလှသည့် မိုးသက်မုန်တိုင်းထဲတွင်မည်သည့်လှေ၊ သင်္ဘောမှ မခံနိုင်။ ကွဲအက်နစ်မြုပ်သွားမည်သာဖြစ်သည်။ အခုတော့လှေမှာပေါ်ပြီးမျောနေသဖြင့် ကိုတင်အောင် ထပ်မံ အံ့သြနေခဲ့ရပြန်သည်။ ထို့ကြောင့် ကိုတင်အောင်က တွေးထင်မိလိုက်သည်။

"ဟာ - ဒီကိစ္စက ရိုးရိုးတန်းတန်းတော့ မဖြစ်နိုင်ဘူး။ ပရိတ်တန်ခိုးလားဒါမှမဟုတ်၊ ရေငန်ပိုင်ရှင်ကြီး၊ အဘိုးရေကြောင်းဗိုလ်၊ ရွှေကာရင်၊ တောပိုင်ကွင်းပိုင်၊ ချောင်းပိုင်တွေက ကူညီကယ်ခဲ့တာလားမသိဘူး။ ဘာပဲဖြစ်ဖြစ် ငါ့သားအဖ ကံကောင်းတာပဲ၊ တို့သားအဖမသေနိုင်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကိုတင်အောင်မှာ အလိုလို အားအင်တွေ ပြန်ပြည့်လာခဲ့တော့သည်။ မှောင်မှောင်မည်းမည်းထဲမှာပင် သားငယ်ကို ခက်ခက်ခဲခဲ လှေပေါ်သို့ တင်ပေးလိုက်သည်။ ထို့နောက် ကိုတင်အောင်ကလည်း လှေပေါ်သို့ ဖက်တွယ်တက်လိုက်သည်။ လှေပေါ်သို့ရောက်သည်နှင့် ကိုတင်အောင်မှာ သားငယ်၏ အခြေအနေကိုပင် ပြန်မကြည့်နိုင်တော့ဘဲ သတိလစ် မေ့မြောသွားခဲ့လေတော့သည်။

ကိုတင်အောင် သတိရလာချိန်တွင် မွန်းတည့်နေပြီဖြစ်သည်။ မိုးသက်မုန်တိုင်းမှာလည်း ရပ်စဲသွားခဲ့ပြီးဖြစ်သည်။ ရာသီဥတုမှာ အုံ့မှိုင်းနေဆဲပင်ဖြစ်သော်လည်း ကိုတင်အောင်မှာ ဝါရင့်ပင်လယ်ရေလုပ်သားတစ်ယောက်ဖြစ်နေသဖြင့် မိမိတို့ မျောပါလာသည့်အချိန်နှင့် ရေတက်ရေကျကိုမှန်းကာ မွန်းတည့်ချိန်ရောက်နေပြီဖြစ်ကြောင်း သိရှိနေသည်။ ပင်ပန်းနွမ်းနယ်မှုကြောင့် ဝမ်းဗိုက်ကလည်း အလွန်အမင်း ဆာလောင်နေသည်။ သတိရနေပြီဖြစ်သော်လည်း လဲလျောင်းမှ မထနိုင်သေး။ အနီးရှိ သားငယ်ကလည်း သတိမရသေး။ ကိုတင်အောင်တို့သားအဖ အလွန်ကံကောင်းကြသည်ဟုပင် ဆိုရမည်ဖြစ်သည်။ ထိုစဉ်မှာပင် မုန်တိုင်းနှင့် မျောပါသူများကို လိုက်လံရှာဖွေနေသည့် ကယ်ဆယ်ရေးစက်လှေတစ်စင်းက ကိုတင်အောင်တို့သားအဖကို ရှာဖွေတွေ့ရှိသွားခဲ့သည်။ ထို့ကြောင့် ကျေးရွာသို့ ပြန်လည်သယ်ယူကာ ပြုစုကုသပေးခဲ့ကြသည်။ အကယ်၍သာ ကယ်ဆယ်ရေးစက်လှေမှ ကိုတင်အောင်တို့သားအဖကို ရှာမတွေ့ခဲ့လျှင် ရေနစ်၍ မသေသော်လည်း အာဟာရနှင့် အားပြတ်နေသည့်အပြင် ဖျားနေကြသဖြင့် လှေပေါ်မှာပင် သေဆုံးကြရမည်သာ ဖြစ်သည်။

ကိုတင်အောင်တို့ သားအဖနှစ်ယောက်မှာ သေကံမရောက် သက်မပျောက် ဖြစ်ခဲ့ကြရပြီး အန္တရာယ်မှ လွတ်မြောက်လာခဲ့ကြရသော်လည်း ယောက္ခမဖြစ်သူ ဦးလှမောင်နှင့် ဇနီးဖြစ်သူ မကျင်သန်းတို့၏ ကံကြမ္မာကို မသိရသေးသဖြင့် ပူပန်သောကဖြစ်နေခဲ့ကြရသည်။ ပူပင်သောက ဖြစ်နေခဲ့ကြရသော်လည်း ဆယ်ရက်ခန့်အကြာတွင် ကိုတင်အောင်တို့ သားအဖမှာ ဦးလှမောင်နှင့် မကျင်သန်းတို့နှင့် ပြန်လည်ဆုံတွေ့ခဲ့ကြရသဖြင့် မိသားစု အားရဝမ်းသာဖြစ်ကြရပြန်သည်။ (ဦးလှမောင်နှင့်

www.burmeseclassic.com



သမီးဖြစ်သူ မကျင်သန်းတို့၏ ကံကြမ္မာ ဆန်းကြယ်မှုတွေကို အလျဉ်းသင့်လျှင် တင်ပြပေးပါမည်)

ထို့ကြောင့် ကိုတင်အောင်တို့သား အဖ သေကံမရောက် သက်မပျောက် ဖြစ်ခဲ့ကြရသည်မှာ ဓာရဏပရိတ်တန်ခိုးတော်ကြောင့် ဟူ၍လည်းကောင်း၊ ကိုတင်အောင် အစဉ်အမြဲ ပူဇော်ပသနေသည့် ရေငန်ပိုင်ဦးရှင်ကြီးနှင့် ပရလောကသားများဖြစ်ကြသော ကွင်းပိုင်၊ တောပိုင်၊ ချောင်းပိုင်များ၏ ကူညီကယ်မခဲ့သောကြောင့် ဟူ၍လည်းကောင်း၊ ကိုတင်အောင်တို့ သားအဖ၏ကံကြမ္မာကြောင့်ဟူ၍လည်းကောင်း အမျိုးမျိုး တွေးထင်ပြောဆိုနေခဲ့ကြသော်လည်း မည်သူမှ တိတိကျကျ ပြောဆိုနိုင်မည် မဟုတ်။ မည်သို့ပင်ဖြစ်စေ၊ ကိုတင်အောင်တို့သားအဖ၏ဖြစ်စဉ်ဖြစ်ရပ်များမှာ မြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေဒေသများ၏ ရင်ဖိုလှိုက်မောဖွယ် ဇာတ်လမ်းများစွာထဲမှ ဇာတ်လမ်းတစ်ခုပင် ဖြစ်သည်။

➳ မင်းသစ္စာလှိုင်(ကန်ခုံကနီ)

## အနာပေါက်ကုထုံး

**အနာစက်**

ဦးခေါင်းနှင့် လက်ဖျံ၊ ခြေသလုံးတို့တွင် အပေါက်များသည်။ ယင်းအနာကို တမာရွက်ပြုတ်ရည်ကျဲကျဲဖြင့် ဖန်ရည်ဆေးပေးရမည်။

**ဆေးအမည်**

(၁) ဆီမီးတောက်ဥအမှုန့်
(၂) ကျပ်ခိုးမှုန့်
(၃) စပါးကြီးသည်းခြေ
(၄) ပျားတူ အုံ (၄)မျိုး ရောကာ ဆေးတောင့်ပြုလုပ်ပါ။ နှမ်းဆီ သို့မဟုတ် အုန်းဆီဖြင့် သွေးလိမ်းပါ။
(၅) ဥပသကာ ၁ သား
(၆) သစ်ကြမ်းပိုးခေါက် ၁ သား
(၇) ကံ့ကော်ဝတ်ဆံ ၁ သား
(၈) ပန်းရင်း ၁ သား
(၉) ပန်းလဲ ၁ သား
(၁၀)ပန်းန ၁ သား
(၁၁)ပန်းဥ ၁ သား
(၁၂)ကန့်ပလူဥ ၁ သား
(၁၃)နံ့သာဖြူ ၁ သား
(၁၄)နံ့သာနီ ၁ သား
(၁၅)စန္ဒကူးနီ ၁ သား

ဤဆေးများကို စုပေါင်းကာ ...ပင် ကျော်နှင့်ဖြစ်စေ၊ စက်ကလ...ခေါက်၊ လက်ပံဆူးခေါက်တို့နှင့်သွေး၍ လိမ်းရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ကာလရောဂါဆိုသည်မှာ
မည်သည့်ရောဂါမျိုးဖြစ်သနည်း
ဆိုသည်ကို သိရှိလိုပါက
စာရေးဆရာက ရှင်းပြပါလိမ့်မည် ..

**နိုင်ငံနှင့်** အဝှမ်း ကာလရောဂါ သတင်းသည်ကောက်ရိုးမီးနယ်လောင် ကျွမ်းနေ၏။ လူတိုင်းပါးစပ်ဖျားမှ ရေပန်းစားနေသည်မှာလည်း ကြာပြီ။

လူတိုင်းအသိ၌ ကာလရောဂါက ဆိုးဝါးသည်၊ ကာလရောဂါလောက် ဆိုးဝါးသည့်ရောဂါသည် မရှိဟု သိထား ကြသည်။

ကာလရောဂါက သွေးနယ် နီမြန်းသည်၊ ကြောက်ဖွယ်ကောင်းသည်၊ ကာလရောဂါသည် သွေး၏ နီမြန်းခြင်း သင်္ကေတလည်းဖြစ်၏။

ကာလရောဂါသည် ကြောက်မက်ဖွယ် ကောင်း၏။ ထိုရောဂါ၌ စူးရှနာကြည်းသည့် ဝေဒနာသည် စိတ်၏ ဦးခေါင်းခွံကို လည်ပတ်နေသည်ဟု ဆို၏။

ကာလရောဂါသည်အရေပြားမကွဲပြတ်ပဲ သွေးထွက်၏။ လျင်မြန်စွာ ပုပ်ဆွေးသည်ဟု ဆို၏။

ထိုရောဂါဖြင့် ကြက်သွေးရောင် အစက်အပြောက်များကရောဂါဖြစ်သူ၏ ခန္ဓာကိုယ်နှင့် အထူးသဖြင့် မျက်နှာပြင်သို့ပေါ်ပေါက်လာပြီး သူချစ်သော ရောင်းရင်းအပေါင်းများနှင့် လူ့သက်ပန် ခွဲပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ရောဂါဖြစ်ပြီဆိုလျှင်ဖြစ်စဉ်တစ်ရပ်
...းသည် နာရီဝက်ကြာသည်မရှိ။

❑

စည်သူထွန်းသိန်းသည် ကျန်းမာ
... ပြည့်စုံသူဖြစ်သည်။ သူက စိတ်၏
...န်းမာခြင်း၊ ဉာဏ်ပညာအမြော်အမြင်
... ပြည့်စုံသူဖြစ်သည်။

ထိုကပ်ရောဂါစိတ္တရမဟီ၌ဖြစ်ပွား
...တွင် နယ်မြေတွင်းရှိ လူဦးရေ ထက်
...ခန့် သေဆုံးခဲ့သည်။

ထိုအချိန်တွင် သူသည် သူ ချစ်ခင်
...သော မိတ်ဆွေများအား ခေါ်ယူ
... ဆီအရပ်နှင့် ဝေးကွာသည့် သူပိုင်
...နန္ဒာခြံကြီးဆီသို့ခေါ်ဆောင်သွားပြီး
...ိုင်ခစေခဲ့သည်။

...ဟာနန္ဒာခြံကြီးထဲမှ မဟာနန္ဒာ
...ကြီးသည်လည်း စနစ်တကျ
...က်လုပ်ထားသည့် စံအိမ်ကြီးဖြစ်
...။

...ခြင့်မားသည့် အုတ်တံတိုင်း
... ရှိသည်။ သံပန်းတံခါးများ တပ်
...သည်။ တံခါးဖွင့်လျှင် တံခါး
...များအား အပူပေးရ၏။ လျှို့ဝှက်
...အလုပ်များ ရှိ၏။

...နှင့်မှုမတူ။ စင်စစ် သူက လုံခြုံ
...တ် မည်သူနှင့်မျှ မတူစေရန်
...ခြင်းဖြစ်၏။

မဟာနန္ဒာခြံထဲ၌ စားနပ်ရိက္ခာ
လည်း အလုံအလောက်ရှိ၏။ အထဲသို့
ရောက်လျှင် ကာလရောဂါကို သတိမရ
နိုင်တော့။

ပြင်ပလောကအား သူ့ထိုက်နှင့်
သူ့ကံပေယျာလကန် ကံထားနိုင်သည်။

သည်ခြံထဲမှ လူများက ရောဂါ
အတွက် ပူဆွေးသောကဖြစ်ပြီး စိုးရွံ့နေ
ရလောက်အောင် မိုက်မဲနေသူများ
မဟုတ်။

စည်သူ ထွန်းသိန်းသည် သည်ခြံ
ပိုင်ရှင်ဖြစ်သလို လူတိုင်းအတွက် ပျော်
ရွှင်မှု လိုအပ်သမျှ ဖြည့်ဆည်းပေးသည်။

အရာအားလုံး ဝင်းထဲ၌ ရှိနေ၏။

ဟုတ်သည်။ ခြံဝင်းထဲ၌ဂီတ၊ အက၊
အလှအပနှင့် ဝိုင်အရက်ချိုတွေလည်း
ရှိသည်။ ခြံထဲ၌ ပျော်ရွှင်မှုရှိသည်။ လုံခြုံ
မှုရှိသည်။

အုတ်တံတိုင်းအပြင်၌ကား "ကာလ
ရောဂါ" ရှိသည်။

❑

အချိန်ကာလ ကြာမြင့်သည့်အချိန်
၌ခြံဝင်းထဲတွင်ညစံဝင်းတွင်မှမိတ်ဆွေ
အပေါင်းအသင်းတို့အား ပွဲတော်တစ်ခု
စီစဉ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖုံးစွပ်ပွဲတော်ဖြစ်သည်။

ထိုမျက်နှာဖုံးစွပ်ပွဲတော်အားမဟာနန္ဒာခြံ၏ ခန်းမဆောင်တစ်ခု၌ ကျင်းပ၏။

မဟာနန္ဒာခြံ၌ ခန်းဆောင်ခုနစ်ခုရှိသည်။ မျက်နှာဖုံးစွပ်ပွဲတော် ကျင်းပသည်၊ အဆောင်တံခါးဖွင့်လိုက်လျှင် အခြားအဆောင်ခန်းများကို မြင်၏။ အဆောင်ခန်းတိုင်း၏ ကိုက် နှစ်ဆယ်၊ သုံးဆယ်အကွာအဝေးရောက်တိုင်း အကွေ့တစ်ခုကိုမြင်ရမည်ဖြစ်၏။

နံရံတိုင်း၌ ရှည်၍ချွန်သော ပြတင်းပေါက်တစ်ခုစီရှိ၏။ ထိုပြတင်းပေါက်များအား အရောင်ရှိသောမှန်များ တပ်ထား၏။

မှန်ရောင်ကလည်း ခန်းမဆောင်အရောင်နှင့် ထပ်တူဖြစ်သည်။

အရှေ့ဘက်ဆောင်ခန်းဆီးများကမှ အပြာရောင်မှန်ကလည်းအပြာရောင်။

ဒုတိယအခန်းက လိုက်ကာရောင်၊ မှန်ရောင်က မရမ်းရောင်။

တတိယခန်းဆောင်က အစိမ်းရောင်။

စတုတ္ထခန်းဆောင်က အဝါရောင်။

ပဉ္စမခန်းဆောင်က အဖြူရောင်။

ဆဋ္ဌမခန်းဆောင်က ခရမ်းရောင်။

သတ္တမခန်းဆောင်ကအနက်ရောင်ခန်းဆီး၊ အနက်ရောင်ကြမ်းခင်းကော်ဇောများရှိသည်။

သို့သော် ထိုခန်းမဆောင်၏ ထူးခြားချက်မှာမှန်များကကြက်သွေးရောင်များ ဖြစ်နေခြင်းပင်။

ခန်းမဆောင်ပြင်ပ၌ မီးများ လင်းနေ၏။ ပြတင်းပေါက်တိုင်း၌ သံမီးအိမ်များနှင့် မီးများ တောက်လင်းနေ၏။

မီးရောင်တို့က ထူးခြားစွာ လှပနေ၏။ သို့သော် လူများကမူ -

"အနောက် ဘက် ခန်းဆောင်၊ အနက်ရောင်ခန်းဆောင်မှာရှိတဲ့ သွေးရောင်မှန်ပြတင်းကတစ်ဆင့် အနက်ရောင်ခန်းဆီးပေါ်သို့ကျရောက်နေသည့် အလင်းရောင်တွေ ကြောက်မက်ဖွယ်ကောင်းပြီး ဝင်လာသူတွေရဲ့မျက်နှာပေါ်မှာတော့ အရိုင်းသဘာဝဖြစ်စေတယ်"

ဟု ဆိုကြ၏။

ထိုကြောင့် မှောင်မိုက်သောနံရံများအတွင်း သွားလာသူ နည်းခဲ့၏။

❑

ခန်းမဆောင်ထဲ၌ ဧဗနီတိုင်ကပ်နာရီကြီးတစ်လုံး ရှိသည်။ တိုင်ကပ်နာရီအား သစ်ကနက်နှင့် ပြုလုပ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနာရီကြီးသည်စက္ကန့်လိုက်ကုန် လွန်သွားပုံအား ကြေကွဲဖွယ်အသံနှင့် ပြုလုပ်ထား၏။

"ဒေါင် - ဒင်"

နာရီထိုးမြည်သံသည်ကြည်လင်၍ ဘာယ်လောင်နက်ရှိုင်း၏။

"ဒေါင် - ဒင်"

ထူးခြားသည်ကထိုနာရီထိုးမြည်သံ ကြားရလျှင် နာရီထိုးသံသည် တေးဂီတ သံနှယ်သာယာဆန်းကြယ်သော်လည်း ကခုန်သူများက နာရီသံကြားလျှင် အကရပ်သွားကြ၏။

အသံကို နားစွင့်ကြည့်၏။

မှန်သည်၊ နာရီထိုးသံကြားလျှင် အပျော်ရွှင်ဆုံးပုဂ္ဂိုလ်များ၏ တစ်ကိုယ် လုံးတဖြုဖျော့သွားပြီး သက်ကြီးရွယ်အို များက အတွေး၌ နစ်မျောသွားပုံရ၏။

ထိုနောက် အခန်းတွင်းရှိ လူအား လုံးသည်တစ်ဦးမျက်နှာကိုတစ်ဦးကြည့် ပြီး-

"အားလုံးနားထောင်ကြ၊ နောက် တစ်ခါနာရီထိုးသံကို နားမထောင်ကြနဲ့" ဟု တီးတိုးပြောပြ၏။

ထိုနောက် တစ်ဖန် တစ်နာရီစေ့ သွင် နာရီကြီးက ထိုးမြည်လာပြန်၏။

ကခုန်သူများ ရပ်၍နားထောင်ပြန် ၏၊ မည်သို့ဆိုစေ၊ မျက်နှာဖုံးစွပ်ပွဲတော် ကြီးလည်း အလွန်လှပ၍ ပျော်စရာ ကောင်းနေ၏။

သို့သော် စည်သူထွန်းသိန်းကမူ ဘယ်သူနှင့်မျှ မတူပါ၊ အဘယ့်ကြောင့် ဆိုသော် သူက ဤမဟာနန္ဒာခြံကြီး အတွင်းရှိအခန်းများနှင့်အရောင်များ၏ အကြောင်းအရာလျှို့ဝှက်ချက်နှင့်အသုံး ဝင်ပုံများအား ကောင်းစွာသိနေသော ကြောင့်ဖြစ်သည်၊

❑

သူ၏ အစီအစဉ်များသည် ရဲရင့် တက်ကြွနေ၏၊ ထို့ကြောင့်လားမသိ၊ အချို့ကစည်သူထွန်းသိန်းအားလွတ်နေ သူဟု ဆို၏။

မည်သို့ဆိုစေ သူ့တပည့်များကမူ သူ့ကို ယုံကြည်၏၊ သူ့တပည့်များက သူ့ကိုယုံဖို့ သူတို့ကြားဖူး၊ မြင်ဖူး၊ တွေ့ဖူး ဖို့လိုတယ်ဟု ပြောကြ၏။

သူက စည်သူပင်၊ အရာရာပြီးတဲ့ ၏၊ မျက်နှာဖုံးစွပ်ပါတီပွဲသို့ လာရောက် သူများ၏ အဝတ်အစားနှင့်ပတ်သက်၍ သူ့အကြိုက် စီစဉ်၏၊ ညွှန်ကြားထား၏။

www.burmeseclassic.com

www.burmeseclassic.com

## ၄၆ ၂

သူ စိစဉ်သည့် အဝတ်အစားများသည် စိတ်ကူးယဉ်ဆန်၍ ထူးခြားနေသည်မှာ သေချာ၏။ အဝတ်အစားများသည် လှလည်း လှ၏၊ ကြော့ကဲ့စရာလည်းကောင်း၏

အခန်းများထဲ၌ စိတ်ကူးယဉ်အိပ်မက်များ ပျံ့လွင့်နေ၏။ ထိုအိပ်မက်စိတ်ကူးများက တစ်ခန်းဝင် တစ်ခန်းထွက်နှင့် အရောင်များအထိ ယူဆောင်သွားသည်နှင့်တူ၏။

သူတို့ ခြေလှမ်းများသည် ဂီတနောက်သို့လိုက်ပုံမရ၊ သူတို့ခြေလှမ်းတို့က ဂီတထွက်ပေါ်နေသည်ဟု ထင်ရ၏။

"ဒေါင် - ဒင်"

ထိုစဉ်တိုင်ကပ်နာရီအဆန်းကြီးဆီမှ နာရီထိုးသံ ကြားရသည်၊

နာရီထိုးသံမှတစ်ပါးအားလုံးတိတ်ဆိတ်နေကြ၏။ ထို့နောက် ဂီတသံ ပေါ်လာပြန်၏။



စိတ်ကူးယဉ်အိပ်မက်များက လှုပ်ရှားသက်ဝင်ပြီး ရယ်မောနေကြပြီး ပိုမိုတက်ကြွစွာ လှုပ်ရှားကြပြီး မီးရောင် ဝင်းနေသည်၊ ပြတင်းပေါက်အရောင် များကို ခံယူနေကြ၏။

❑

"လူစိမ်းသည် အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး ဖြစ်၏။ သူသည် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနက်ရောင်ကို ဝတ်ဆင်ထား၏။ မျက်နှာကို ဖုံးအုပ်ထား၏။ မျက်နှာဖုံးပုံသည် လူသေကောင်မျက်နှာနှင့်တူ၏။ မည်သို့မျှ ခွဲခြား၍မရ။

မျက်နှာဖုံးစွပ်တို့သည် အနောင် ဘက်အခန်းသို့ မသွားကြ၊ အခြား ကြောင့်မှုမဟုတ်၊ ပိုမိုနီရဲသည့် အလ ရောင်များ ပြတင်းပေါက်မှ ကျ ချ ပြီး ခန်းစီစအနက်ရောင်ကို မြင်၍ တ လှုပ်ကြောက်ရွံ့ကြသောကြောင့်ဖြ သည်၊

www.burmeseclassic.com

www.burmeseclassic.com



"ဒေါင် - ဒင်"

နာရီထိုးသံသည် ပို၍နက်ရှိုင်းလာ၏။ ထိုအချိန် အခြားအခန်းများ၌ လူတွေပြည့်ကြပ်နေ၏။ ကခုန်ပွဲကို သည်ည (၁၂)နာရီ စုနစ်စင်ကြယ်ပြောင် အမြီးဆောင်သည်အထိ ဆက်လက်ကျင်းပနေ၏။

ရော - ဂီတသံ ရပ်သွားပြီ။

ကခုန်သူများကလည်း အကရပ်ထိုတ်ပြီး နာရီထိုးသံ တဖြည်းဖြည်းမြည်သွား၏၊ နာရီထိုးသံ တိုးတိတ်မသွားမီ လူအုပ်ထဲမှ လူအတော်များများက ဤပွဲ၌ လူစိမ်းတစ်ဦးရှိကြောင်းတစ်ယောက်ကိုတစ်ယောက် တီးတိုးပြော၏။

ပထမ မဲ၍ပြ၏၊ နောက် ခြောက်သန့်လာကြ၏။

ဤသို့သော ပွဲစဉ်မျိုးတွင် မျက်နှာဖုံးဖြစ်သူဆိုလျှင် သတိထားမိလွယ်၏။ လူစိမ်း၏ ဝတ်ဆင်ပုံမျိုးကို ခွင့်မပြုသင့်ဟု တွေးတောမိ၊ ပြောဆိုမိ၏။

လူစိမ်းသည်အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး ဖြစ်၏၊ သူသည် ဝမ်းနည်းခြင်းအသိမ်းအမှတ်အနက်ရောင်ကို ဝတ်ဆင်ထား၏၊ မျက်နှာကို ဖုံးအုပ်ထား၏၊ မျက်နှာဖုံးပုံသည် လူသေကောင်မျက်နှာနှင့်တူ၏၊ မည်သို့မျှ ခွဲခြား၍မရ၊

ဤသို့ဆိုလျှင်တော်သေး၏၊ ယခုမှု မဟုတ်၊ လူစိမ်းက ကာလရောဂါမျက်နှာဖုံးအသွင်အပြင် ယူထား၏၊ အဝတ်အစားများ၌ သွေးစက်တို့နှင့် ပြည့်နှက်နေသည်။

မျက်နှာဖုံးမှာလည်း ကြက်သွေးရောင် ကြောက်စရာအသွင် ပေါ်နေ၏။

စည်သူထွန်းသိန်းသည် ထိုသူ၏ပုံသဏ္ဌာန်ကိုမြင်လျှင် ဒေါသထွက်သွား၏။

"ဟေ့ကောင် - မင်းက ဘာလဲ၊ ဘာစော်ကားတာလဲ၊ သူ့ကိုဖမ်းပြီး မျက်နှာဖုံးကို ချွတ်လိုက်စမ်း၊ ဒီမနက် ဘယ်သူ့ကို ကြိုးပေးရမယ်ဆိုတာ ပြရမယ်"

ထိုအချိန် စည်သူထွန်းသိန်းသည် အရှေ့ဘက်အပြာရောင်ခန်းမဆောင်၌ ရပ်နေ၏၊ သူ၏ အော်ဟစ်ပြောဆိုသံက အခန်းစုနစ်ခန်းတစ်လုံးမှ ပီပြင်စွာကြားရ၏။

လူတွေက လူစိမ်းအနားသို့ တိုးဝှေ့သွားခဲ့ကြသော်လည်း တစ်ဦးတစ်ယောက်မျှ သူ့နား မကပ်ရဲကြ၊

လူစိမ်းက စည်သူထွန်းသိန်းနားဖြတ်သန်းသွား၏၊ လူတိုင်းက ခန်းမဆောင်အသီးသီးသို့ ဖြတ်သန်းသွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် စည်သူထွန်းသိန်း ဒေါသတကြီးနှင့် ကပျာကယာ အခန်းခြောက်ခန်းကို ဖြတ်သန်းသွား၏။ အခြားသူများသည် ကြောက်လန့်လွန်းသဖြင့် မည်သူမှ လိုက်မသွားနိုင်ခဲ့။

သူသည် ဓားမြှောင်ကို ခေါင်းပေါ်တွင် မြှောက်၍ မျက်နှာဖုံးရှင် လူစိမ်းနှင့် မျက်နှာချင်းဆိုင်လိုက်၏။ မျက်နှာဖုံးရှင်က စည်သူထွန်းသိန်းနှင့် မျက်နှာချင်းဆိုင်လိုက်၏။

"ဟေ"

"ရှွင်"

စူးရှသည့် အော်သံနှင့် အတူ ဓားမြှောင်သည် အနက်ရောင်ကြမ်းပြင်ပေါ်သို့ ကျသွားပြီ။ ဓားရောင်သည် ပြောင်လက်နေ၏။

"ဝုန်း"

ထိုအချိန် လူတစ်ယောက် လဲကျသွား၏။ သူက အခြားသူမဟုတ်၊ စည်သူထွန်းသိန်းဖြစ်၏။ သို့နယ်ပင် တခန်းနေသူများသည် အနက်ရောင်ခန်းမတွင်းသို့ ရောက်လာခဲ့ကြ၏။

နာရီမည်းကြီးဘေး၌ ရပ်လိုက်၏။ ပိန်ပိန်ရှည်ရှည် မျက်နှာဖုံးလူစိမ်းအား ဝိုင်း၍ ဆွဲကြ၊ လွဲကြ၏။

သည်အခါ အနက်ရောင်ဝတ်စုံဝတ်အမျိုးသား၏ခန္ဓာကိုယ်၌ အဝတ်အစားများကို ဆွဲချွတ်လိုက်ကြ၏။

"အား"

သူတို့ အားလုံး ကြောက်လန့်တကြား အော်ဟစ်ကြ၏။ သို့နယ်ပင် အားလုံး စိတ်ထဲ၌ နောက်ကျသွားပြီဟု သိလိုက်၏။ မျက်နှာဖုံးစွပ်ကာလရောဂါသည် သူတို့ထံ ရောက်ခဲ့ပြီ။

မှန်သည်၊ တစ်ယောက်ပြီးတစ်ယောက် လဲကျသေဆုံးသွားပြီ။

"ဒေါင် – ဒင်"

တိုင်ကပ်နာရီအမည်းကြီး၏ အသံသည် ကျယ်လောင်ရာမှ ငြိမ်သက်သွား၏။ ကခုန်သူများနှင့်အတူ အချိန်တို့သည်လည်း ကုန်ဆုံးသွားခဲ့ပြီ။

မီးတွေ ငြိမ်းသွားပြီ။

မှန်သည်၊ ယခုတော့ သူတို့အားလုံး သေသွားကြပြီ။ လောက၌ ကပ်ရောဂါ (ခေါ်) မျက်နှာဖုံးစွပ် သေမင်းသည်သာ အရာအားလုံးအပေါ် ထာဝရအရှင်သခင်ဖြစ်ခဲ့သည်မဟုတ်လား။

စာဖတ်သူများနဲ့
→ အောင်မြတ်ဦး

www.burmeseclassic.com

www.burmeseclassic.com




ထားရီကိုဘယ်လိုပြောရပ်!

ဇော်ဝင်းထိုင်

www.burmeseclassic.com

www.burmeseclassic.com



သခင့်အပေါ် သစ္စာရှိ၊
အသက်ပေးကာကွယ်သွားသည့်
တိရစ္ဆာန်တစ်ကောင်အကြောင်း ..

**ယနေ့** တနင်္ဂနွေနေ့တွင်မထားရီ ကျောက်တံခါးသို့ သွားရမည်။ ဦးဇင်း ဦးဇောတိက၏ကြိုးပမ်းမှု၊ အလှူရှင်များ၏ လှူဒါန်းမှုတို့ဖြင့် တစ်နှစ်အတွင်း ဇမ္ဗူ မာန်အောင်ကျောင်းတွင် အခမဲ့ ဆေး ပေးခန်းလေး ဖွင့်နိုင်ခဲ့သည်။ ပဲခူးမြို့မှ ဆရာဝန်မလေးက တစ်ပတ်ကိုသုံးရက် လာထိုင်ပေးပြီး ကျောက်တံခါးမြို့မှ သူနာပြုဆရာမလေးက တစ်ပတ်လုံး ရှိနေပေးသည်။ ဆရာဝန်မလေး မထိုင် သောနေ့များတွင် သူနာပြုဆရာမလေး ကပဲ လူနာကြည့်ပေးပြီး ဆေးဝါးများ ပေးတန်ပေး၊ ရှောင်ရန် ဆောင်ရန် ပြော ပေးသည်။ တနင်္ဂနွေနေ့တိုင်း ဆေးခန်း ပိတ်ကာ သူနာပြုဆရာမလေး ကျောက် တံခါးသို့ ပြန်လေသည်။ ယနေ့တွင်မူ သူနာပြုဆရာမလေးက လိုအပ်သော ဆေးဝါးများ ဝယ်ယူပြီး မထားရီနှင့် ပြန် ထည့်လိုက်မည်ဖြစ်သဖြင့် ဦးဇင်း၏ညွှန် ကြားမှုဖြင့် မထားရီ ကျောက်တံခါးသို့ လိုက်သွားရမည်ဖြစ်လေသည်။

"ကိုညိုမောင် – ကျွန်မ စိတ်ချမယ် နော်"

"ဟာ့ – ဘာကိုတုံးဟ"

"သားကို ထမင်းအချိန်မှန်ကျွေး ရွာထဲကိုမသွားစေနဲ့၊ ထဲက ခွေးတွေ ကိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟ - ငါသိပါတယ်။ သတတည်းအဖြစ်သည်းလိုက်တာ"

"သား ကံကောင်း - မင်းအဖေ မင်းအချိန်မှန်မကျွေးရင် အမေပြန် လာရင်တိုင်နော်"

ညိုမောင်သည် တစ်နှစ်သား ကောင်းကို စကားပြောနေသော ကိုကြည့်ပြီးစိတ်အစဉ်သည်လွန် ခဲ့သောတစ်နှစ်ဆီသို့ ရောက်သွားလေ သည်၊ ထားရီမှာမူ သူနာပြုဆရာ လေးနှင့်အတူ ကျောင်းရှိ ဟိုင်းလတ် ကားလေးဖြင့် ထွက်သွားပြီဖြစ်လေ သည်။

❑

လွန်ခဲ့သောတစ်နှစ်ခန့်က...

ဥသျှစ်ကုန်းရွာနှင့် ကျောက်ခဲအင်း ရွာသည် ယခင်က တစ်ဆက်တည်းဖြစ် ခဲ့သော်လည်း ယခု ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး ဖြတ်ဖောက်လိုက် သဖြင့် သပ်သပ်စီ ဆိုသလို ဖြစ်သွား သည်။ ညိုမောင်သည် အမြန်လမ်းမကြီး ၏အနောက်ဘက်ရှိဥသျှစ်ကုန်းရွာတွင်မွေး ဖွားကြီးပြင်းခဲ့ပြီး ထိုရွာတွင်ပင် အခြေချ နေထိုင်သူဖြစ်သည်၊ ညိုမောင်၏အစ်ကို ကျဖြစ်သူကား ငယ်စဉ်ကတည်းက သာသနာ့ဘောင်ဝင်ခဲ့ရာ ဦးဇောတိက ဘွဲ့တော်ဖြင့် ကျော်ကြားပြီး ယခု အမြန် လမ်းမကြီး၏ အနောက်ဘက် ကျောက် ခဲအင်းရွာတွင် ဖမ္မမာန်အောင်အမည်ရှိ ပရဟိတ ကျောင်းကို ဖွင့်လှစ်က ကလေးများကို စာသင်ကြားပေးနေ သည်။

ယနေ့ နံနက်စောတွင် ညိုမောင် သည် နောင်တော် ဦးဇောတိက၏ ဓမ္မ မာန်အောင်ကျောင်းတွင်အလှူရှိသဖြင့် ဥသျှစ်ကုန်းမှ ကျောက်ခဲအင်းသို့ တရွေ့ ရွေ့ လမ်းလျှောက်လာခဲ့လေသည်၊ အမြန်လမ်းသို့ရောက်သောအခါအမြန် လမ်းကို ဖြတ်ကူးရန် သတိဖြင့် ကြည့် လိုက်လေသည်၊ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးသည် ယာဉ်တိမ်း မှောက်မှု မကြာခဏ ဖြစ်သဖြင့် နာမည် ဆိုးဖြင့်ကျော်ကြားသောလမ်းမကြီးဖြစ် ပေသည်၊ ယခုလည်း ကားလမ်းမပေါ် တွင် မည်းမည်းသဏ္ဌာန်တစ်ခုကို ခပ် လှမ်းလှမ်းမှ ညိုမောင် လှမ်းမြင်လိုက်ရ သည်၊ ဇင်အရာသည် မရွေ့လျားသော် လည်း လှုပ်လှုပ် လှုပ်လှုပ် ဖြစ်နေသည် ဟု ညိုမောင် ထင်မိသည်၊ ထို့ကြောင့် အရှိန်ပြင်းစွာ သွားလာနေကြသော ယာဉ်အပေါင်း အန္တရာယ်မဖြစ်စေရန် ဖယ်ရှားပေးရမည်ဟူသော အသိစိတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ညိုမောင်သည် ရင်းအရာနားသို့ ချဉ်းကပ်သွားလိုက်သည်။ အနားရောက်သော် ညိုမောင် တွေ့လိုက်ရသည်မှာ ကားတိုက်ခံထားရ၍ အသက်ပျောက်နေသောခွေးမကြီးနှင့် ရင်းခွေးမကြီး အနားတွင် လှုပ်လှုပ်ရွရွ လုပ်နေကြသော ခွေးပေါက်လေးသုံးကောင် ဖြစ်နေလေသည်။

ညိုမောင်သည်စိတ်ထိခိုက်သွားပြီး ခွေးပေါက်ကလေးများကို ကြည့်ကာ လွန်စွာ ကရုဏာသက်မိလေသည်။ ညိုမောင်သည် ခွေးပေါက်လေးများကို လမ်းဘေးချပြီး ခွေးမကြီးကို လမ်းဘေးတောစပ်တွင် မြေမြှုပ်ရန် ပြင်ရလေတော့သည်။ အလှူသွားရန် ထွက်လာသဖြင့်ညိုမောင်တွင်မည်သည့်ကိရိယာမှမပါလာသဖြင့်ခွေးပေါက်လေးများကို ပိုက်ကာ ဥသျှစ်ကုန်းသို့ တစ်ခေါက်ပြန်ရလေသည်။

"ထားရီရေ - ထားရီ"

"ဟောတော့ - ကို ညိုမောင် - အလှူသွားတာမြန်လှချည်လား"

"မဟုတ်ဘူးဟ - ဒီမှာကြည့်စမ်း"

"ဟယ် - ခွေးပေါက်လေးတွေပါလား။ ဘယ်ကရလာတာလဲ"

ညိုမောင်သည်မိန်းမဖြစ်သူထားရီကိုအကြောင်းစုံပြောပြလိုက်လေသည်။

"ကျွတ် - ကျွတ် - ကျွတ် - သနားပါတယ် ကိုညိုမောင်ရယ်၊ ဒီတော့ ဒီခွေးလေးတွေကို ဘယ်လိုလုပ်မှာတုံး"

"လောလောဆယ်တော့ နင်ခဏကြည့်ထား။ ငါ ခွေးမကြီးကို သွားမြှုပ်လိုက်ဦးမယ်"

ဤသို့ဖြင့် ခွေးပေါက်လေးသုံးကောင်သည် ဥသျှစ်ကုန်းရွာ ကိုညိုမောင်၊ မထားရီအိမ်တွင် သောင်တင်ရလေတော့သည်။

❑

"ညိုမောင် - ဟေ့ ညိုမောင်"

"ဟာ - ဦးဇင်းပါလား။ ဒီမှာ သတင်းသုံးပါ ဘုရား။ ကိုညိုမောင်ရေ - ဦးဇင်းကြွလာတယ်"

ထားရီသည်ဦးဇင်းဦးဇောတိကကို နေရာထိုင်ခင်းပေးပြီး ဝတ်ပြုလိုက်သည်။ ညိုမောင်သည် နွားစာစဉ်းနေရာမှ ခဏရပ်ပြီး ဦးဇင်းရှေ့လာကာ ဝတ်ပြုလိုက်သည်။

ဦးဇင်းက -

"ဟဲ့ညိုမောင် - မင်းမနေ့ကဘာဖြစ်လို့ အလှူမလာတာလဲကွ" ဟု မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ - ဦးဖင်းရေ - တပည့်တော်ဦးဖင်းကိုဖြစ်ရာရှိတယ် ဘုရား"

ညိုမောင်သည် ပြောပြောဆိုဆိုဖြင့် ခွေးပေါက်လေးများကို အိမ်အောက်မှ သွားထုတ်ယူလာလေသည်။

"ဟာ - ခွေးပေါက်လေးတွေပါ လား။ ဒါနဲ့မနေ့က အလှူမလာတာ ဒီခွေး ပေါက်လေးတွေနဲ့ ဘာဆိုင်လို့လဲ"

"အဲဒါ လျှောက်မလို့ ဘုရား"

ညိုမောင်လည်း ဖြစ်ကြောင်းကုန် စင် လျှောက်ထားလိုက်လေသည်။ ဦးဖင်းသည် သက်ပြင်းချကာ -

"အင်း - သတ္တဝါတစ်ခုကံတစ်ခုပေ ပဲကွဲ။ အတိတ်ဘဝက အကုသိုလ်ကံ ကြောင့် အပါယ် တိရစ္ဆာန်ဘဝကို ရောက်ရတယ်။ တိရစ္ဆာန်ဘဝရောက် တော့လည်း ဝဋ်ကြွေးက ပါလာတော့ ဆင်းဆပ်ရပြန်တယ်၊ တစ်ခါ ခွေးပေါက် လေးတွေကလည်း အမိမဲ့သားဖြစ်ဖို့ ကံ က ပါလာပြန်တယ်။ ကံတူသူတွေ စုပြီး အကျိုးပေးကြတာပေါ့ကွယ်။ ကံ၊ ကံ၏ အကျိုးကိုယုံကြည်ကြပေါ့။ ဘယ်တော့ အကုသိုလ်ကံကို မပြုမိစေနဲ့ - ကြား လား"

"တင်ပါ့ ဦးဖင်း"

"ဒါထက် ညိုမောင် - မင်း ဒီကောင် လေးတို့ ဘယ်လိုလုပ်မှာလဲ"

"တင်ပါ့ - တပည့်တော် မွေးမလို့ ဘုရား"

"အင်း - ကောင်းပါတယ်။ ဒါပေမဲ့ - မင်း သုံးကောင်လုံးမွေးရင် တာဝန်ကြီး လိမ့်မယ်။ ငါ့ကျောင်းမှာက ဆွမ်းကျန် ဟင်းကျန်လည်း ပေါတော့ ငါ့နှစ်ကောင် လှူလိုက်"

"တင်ပါ့ ဘုရား"

စင်စစ် ညိုမောင်သည် မပေးချင် ပေ။ အကုန်မွေးချင်သည်။ သို့သော် နောင်တော် ဦးဖင်းကို မလွန်ဆန်နိုင် သဖြင့် ခေါင်းညိတ်လိုက်ရသည်။ ဦးဖင်း သည် သူ့ရှေ့တွင် အစဉ်လိုက် ချထား သော သုံးကောင်မှ ပထမဆုံးကောင်ကို -

"မင်းက ကံကောင်းလို့ ကားတိုက် မခံရတာ။ မင်းနာမည်က ကံကောင်း"

နောက်တစ်ကောင်ကို -

"မင်းက ကံသီလို့ မသေတာ။ မင်း နာမည် ကံသီ"

နောက်ဆုံးတစ်ကောင်ကို -

"မင်းက ကံဖယ်လို့ မသေဘဲ ကျ တာ။ မင်းနာမည်က ကံဖယ်။ ကဲ - ညိုမောင် မင်းက ကံကောင်းကို ... ငါက ကံသီနဲ့ ကံဖယ်ကို မွေးမယ်၊ ဘယ် နယ်လဲ"

"ဟား - ဦးဖင်း နာမည်ပေးတာ ကောင်းလှချည်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ - ငါ သွားမယ်၊ ကုသိုလ်ဖြစ် ဆေးခန်းဖွင့်ဖို့ကိစ္စနဲ့ ရန်ကုန်က ဧည့်သည်တွေ နှစ်နာရီလောက် ရောက်မယ် ဆိုလို့ဟေ့"

ဦးဖင်းသည် ပြောပြောဆိုဆို ကံသီနှင့်ကံဖယ်ကို သက်န်းထဲ ထည့်ပိုက်ကာ ကြွသွားလေသည်၊ ထားရီသည် ဦးဖင်း ထွက်သွားသော် -

"ဦးဖင်းနယ် - သုံးကောင်လုံးယူ သွားအေးရော"

"ဟာ - နင်ကလည်း - ဘယ်လို ပြောလိုက်တာလဲ၊ ငါက တစ်ကောင်မှ တောင် မပေးချင်တာ"

"ရှင်ကလည်း ဘာသိလဲ၊ ခွေးမွေး တယ်ဆိုတာ အကောင်ကြီးကို မွေးရ တယ်ရှင့်၊ ဒါမှ အဖော်ရမပေါ့၊ ခုဟာက မနေ့တစ်နေ့ကမှ ပေါက်တဲ့အကောင်၊ ပိုးမွေးသလို မွေးရဦးမယ်၊ အလုပ်က ရှုပ်ပါဘိ"



ညိုမောင်သည် စကားပြောဆိုးသော်လည်း စိတ်ထားကောင်းသော ထားရီအကြောင်းသိသဖြင့် သူနှင့်ဘက် ပြိုင်ပြောမနေတော့ဘဲ စဉ်းလက်စ နွားစာကို ဆက်စဉ်းရန် ထလာလိုက်လေတော့သည်၊ စိတ်ထဲတွင်မူ နောင်တွင် မိမိထက်ပင် ကံကောင်းကို ပိုမိုဂရုစိုက်တော့မည့် ထားရီကို မြင်ယောင်ရင်း ညိုမောင်တစ်ယောက် ပြုံးနေမိလေသည်၊

❑

တစ်နှစ်ဆိုသောအချိန်သည်အကုန် မြန် လှ သည်၊ တကယ် တမ်းတော့ ထားရီသည် ကံကောင်းကို ညိုမောင် ထက်ပင် အချစ်ပိုခဲ့သည်၊ အိမ်ထောင် သက် သုံးနှစ်တွင် သားသမီးမထွန်းကား သေးသော ညိုမောင်တို့နှမောင်နှံတွင် ကံကောင်းသည် သည်းလည်းသဖွယ်

"ဖယ်စမ်းပါ ကံကောင်းရာ ဟု ဆိုကာ နွားကို ကြိုးမှဆွဲပြီး သူကိုယ်တိုင် စားခွက်ရှိရာသို့ ဆွဲခေါ်သွားသည်။ ထိုအခါ ကံကောင်းသည် ဝုန်းခနဲ နွားစာခွက်ထဲ ခုန်ဝင်ကာ မာန်ဖီပြန်လေသည်။ညိုမောင် သည် ဒီတစ်ကြိမ်တွင်တော့ သည်းမခံနိုင်တော့ဘဲ ထမ်းပိုးကို ပြန်ကောက်ကာ ...

www.burmeseclassic.com



ဖြစ်ခဲ့သည်။ ထားရီသည် နို့စားနွားမွေးသော မောင်သွင်တို့ခြံမှ နွားနို့ကို နေ့စဉ်ဝယ်ကာ ကံကောင်းကို နို့တိုက်မွေးခဲ့သည်။ ထို့ကြောင့်လားမသိ၊ ကံကောင်းသည် တစ်သွေးတစ်မွေးဖြစ်၍ လှသောခွေးချောတစ်ကောင်ဖြစ်ခဲ့သည်။ မေတ္တာသည် အလျားအနံ မရှိသော်လည်း အသွားအပြန်ရှိသည်ဆိုသော စကားအတိုင်းကံကောင်းသည်လည်းညိုမောင်တို့ ဇနီးမောင်နှံ အပေါ်တွင် အလွန်အလိုက်သိကာ လိမ္မာလေသည်။ ထားရီသည် ကံကောင်းကို ခွေးဟု ခေါ်လျှင်မကြိုက်၊ သားဟုခေါ်မှကြိုက်လေသည်။

"ဝုတ်-ဝုတ်"

ညနေစောင်း မှောင်ရီပျိုးစတွင် ညိုမောင်သည် ထင်းခွဲစရာများရှိသဖြင့် အိမ်ရှေ့ခြံဝိုင်းထဲတွင်ထင်းခွဲနေစဉ်အိမ်နောက်ဘက် နွားတင်းကုပ်ဆီမှ ကံကောင်း၏ဟောင်သံကိုကြားလိုက်ရခြင်းဖြစ်လေသည်။ ကံကောင်း၏ဟောင်သံသည် ထူးခြားနေသလို ထင်မိသည်။ စိတ်ထဲတွင် မသင်္ကာသဖြင့် ညိုမောင်သည် နွားတင်းကုပ်သို့ လာကြည့်လိုက်သည်။ ကံကောင်းသည် နွားစာခွက်နှင့် နွားကြားတွင် နေကာ နွားကို ဟောင်နေသည်။

"ကံကောင်း-ဘာဖြစ်နေတာလဲ"

ညိုမောင့်အသံ ကြားသောအခါ ကံကောင်းသည် အမြီးကုပ်သွားပြီး ခေါင်းငုံ့သွားသည်။ ထို့ကြောင့်ညိုမောင်သည် အိမ်ရှေ့ပြန်ထွက်ရန် ပြင်လိုက်သည်။

"ဝုတ်-ဝုတ်"

ကံကောင်း ထပ်ဟောင်ပြန်သည်။ ညိုမောင် ကြည့်လိုက်သောအခါ နွားကို နွားစာခွက်ရှိရာသို့ မလှမ်းနိုင်အောင် ကံကောင်းက ပိတ်ဟောင်နေခြင်းဖြစ်ကြောင်း တွေ့ရလေသည်။

"ကံကောင်း-မင်း ချိုကုပ်ကြီးကို မစပါနဲ့ကွာ-ဒီကိုလာ"

ညိုမောင်ခေါ်သောအခါကံကောင်းက အမြီးနှံ့ပြီး အနားရောက်လာသည်။ ထိုအခါနွားသည်နွားစာခွက်ရှိရာသို့ခြေလှမ်းလိုက်လေသည်။ ချက်ချင်းပင် ကံကောင်းသည် နွားစာခွက်ရှေ့သို့ အပြေးသွားပြီး ပိတ်ဟောင်ပြန်သည်။

"ဝေါင်း-ဂူးဂူး-ဂဲဂဲ"

ဒီတစ်ကြိမ်တွင် ကံကောင်းသည် မာန်ဖီသံများပါ ပါလာလေသည်။ ညိုမောင်လည်းဒေါသထွက်သွားသည်။ ထို့ကြောင့် အနားရှိ ထမ်းပိုးကို ဆွဲကောက်ကိုင်ကာ ရွယ်လိုက်သည်။

"အာ-ဒီကောင်ကွာ-ငါလုပ်လိုက်ရ"

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းသည် ခေါင်းလေးငုံ့၊ အမြီးလေးကုပ်ကာ တအီအီဖြင့် လုပ်ပြသည်။ ညိုမောင် သနားသွားသည်၊ ထို့ကြောင့် ထမ်းပိုးကို ချလိုက်ပြီး -

"ဖယ်စမ်းပါ ကံကောင်းရာ"ဟုဆိုကာ နွားကို ကြိုးမှဆွဲပြီး သူကိုယ်တိုင် စားခွက်ရှိရာသို့ ဆွဲခေါ်သွားသည်၊ ထိုအခါကံကောင်းသည်ဝုန်းခနဲနွားစာခွက်ထဲ ခုန်ဝင်ကာ မာန်ဖီပြန်လေသည်။

ညိုမောင်သည် ဒီတစ်ကြိမ်တွင်တော့ သည်းမခံနိုင်တော့ဘဲ ထမ်းပိုးကို ပြန်ကောက်ကာ ကံကောင်းကို ရိုက်ရန် ရွယ်လိုက်လေတော့သည်၊ ထိုစဉ် ကံကောင်းသည် -

"ကိန်း - ကိန် - ကိန် - ကိန်"ဟုစူးဝါးစွာအော်လိုက်ပြီး နွားစာခွက်ထဲတွင်ပင် ခွေလဲကျသွားလေသည်၊ ညိုမောင်သည် အံ့ဩမှင်တက်နေမိသည်၊ ကံကောင်းသည် အရိုက်မခံရဘဲ ဘာဖြစ်သွားတာလဲ၊ ညိုမောင် စဉ်းစားမရပေ၊ ကံကောင်းသည် မျက်စိရေမှာပင် တအီအီဖြင့်အကြောများဆွဲကာနောက်ဆုံးငြိမ်ကျသွားလေသည်၊ အဖြစ်အပျက်ကမြန်ဆန်လွန်းသဖြင့်ညိုမောင် တစ်ယောက်ဘာမှလုပ်ချိန်မရလိုက်ပေ၊ ညိုမောင်သည် မှင်တက်နေရာမှ သတိဝင်ကာ ကံကောင်းကို ဆွဲထူမလိုက်သည်၊

"ကံကောင်း - ကံကောင်း - သားကြီး ဘာဖြစ်တာလဲ"


ကံကောင်းသည် မလှုပ်တော့ပေ၊ ညိုမောင်သည်အသက်ကင်းမဲ့နေသော ကံကောင်းကိုမကာ ရင်ခွင်ထဲတွင် ပိုက်ထားရင်း ပါးစပ်မှ အသံမထွက်သော်လည်းမျက်ဝန်းမှမျက်ရည်များစီးကျရင်း ရင်ထဲမှ ကျယ်လောင်စွာ ဟစ်အော်မိလေသည်၊

"ကံကောင်းရာ - သားကြီးဘယ်လိုဖြစ်ရတာလဲကွာ၊ မင်း ကံမကောင်းနိုင်တော့ဘူးလား၊ မင်းအမေထားရီပြန်လာလို့ သားရောလို့ မေးရင် ငါ ဘယ်လိုဖြေရမှာလဲ ကံကောင်းရာ"

ထိုအချိန်တွင် နွားစာခွက်ထဲရှိ နမ်းဖတ်နှင့်ကောက်ရိုးများကြားမှလျှောခနဲ တိုးထွက်ကာ မြေကြီးပေါ်သို့ ဆင်းသွားသောမြွေတစ်ကောင်ကို ဤ်ပုစ္ဆာ၏ အဖြေအဖြစ် တွေ့လိုက်ရလေတော့သည်၊

➳ မောင်ဝင်းထိန် (အင်းစိန်)

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လူကုန်ကူးရောင်းချခံရလုဆဲဆဲ
အမျိုးသမီးငယ်တစ်ယောက်၏
ပရိယာယ်ဆင်ကာ
လွတ်မြောက်ထွက်ပြေးလာပုံကို
ရင်တထိတ်ထိတ် ဖတ်ရမည် ..

**ဆိုင်ကယ်ကို . . .** မြွေလိမ်မြွေကောက် အမြန်မောင်းနေသော ဂျက်၏ ကျောပြင်ကိုမဝံ့မရဲကိုင်ထားရင်းလိုက်လာမိတာ မှားပြီလားဟု ဖူးဖူး တွေးမိသည်။ ဖုန်းထဲမှ လိုင်းပေါ်တွင် သိကျွမ်းခင်မင်ရာမှ ဂျက်က တွေ့ချင်သည်ဟု ချိန်းခဲ့သည်။ ခေတ်၏ သမီးပျိုပီပီ ပွင့်လင်းမြင်သာသော ခေတ်တွင် မိတ်ဆွေတစ်ဦးတိုးခြင်းဟု ဖူးဖူး လက်ခံကာ လာတွေ့ခဲ့သည်။

မိဘမဲ့၊ အဆောင်တွင်နေသော ဖူးဖူးကိုအဆောင်ပိုင်ရှင်အဒေါ်ကြီးမှလွဲ၍ ချုပ်ချယ်မည့်သူမရှိ။ ရန်ကုန်အထွက်မှ ဆိုင်လေးတစ်ဆိုင်တွင် ဂျက်နှင့်ဖူးဖူး ထိုင်ဖြစ်သည်။ ဂျက်ပုံစံက ဖူးဖူးအပေါ် မရိုးသားသော ဟန်မရှိ။ ဖူးဖူးကလည်း ယောကျ်ားတစ်ယောက်ကို ဆွဲဆောင်နိုင်သော အလှအပများ မရှိ။ ကျန်းမာရေး ကောင်းမွန်ပြီး စိုပြေအောင် တောင့်တင်းကာ အသားညိုညို ရွက်ကြမ်းရည်ကျို မိန်းကလေး ဖူးဖူးအဖို့ သဘာဝအတိုင်း ဆန့်ကျင်ဖက် ချစ်သူတစ်ယောက်ကို မျှော်လင့်မိသည်ကော့ အမှန်။

ဆိုင်တွင် အဒေါ်တစ်ယောက် တစ်ပုလင်းနှင့်ထိုင်ရင်းရောက်တတ်ရာ

www.burmeseclassic.com

www.burmeseclassic.com



...စကားပြောဖြစ်သည်၊ ဂျက်၏ မျက်...တွေက ရိုးသားမှု မရှိဟု ဖူးဖူး ထင်မိ...သည်၊ ဂျက်က ဖူးဖူး၏ အသက်နှင့်...သူအမျိုးအစားကိုမေးသည်၊ ပြီးတော့...လှမ်းလှမ်းတွင် တစ်နေရာသို့ ဖုန်း...ဆက်နေသည်၊ ဖုန်းဆက်ပြီး ပြန်လာမှ...ကို ပဲခူးဘက်မှာ စကားပြောချင်...သည်ဟု ပြောသည်၊

ယောက်ျားပျိုတစ်ယောက်နှင့် နဖူး...တွေ့ချိန်းတွေ့တာကိုဖူးဖူးကြုံချင်...သည်၊ ညီညက်ညက် ပါးပြင်ကို ဆိတ်...ရာမှာ သူ နမ်းမလား၊ ပြာစိုစို နှုတ်...ကိုပဲ သူ စုပ်နမ်းမလား၊ မိန်းမတစ်...ယောက်၏လျှို့ဝှက်အပ်သောအလှအပ...တွေကို လှစ်ပြဖို့ တောင်းဆိုပြီး နမ်းရှုံ့...ပြီးတော့ အပျိုစင် အပျိုပန်းလေး...ခူးစံရမလား၊ မိန်းကလေးတိုင်း...ကို ယောက်ျားတစ်ယောက်က...နီးစုံမက်စွာ ယုယမှုကို ခံချင်ကြ...သည်၊ အသက် (၁၈)နှစ်အရွယ် ဖူးဖူး...ဆန့်ကျင်ဘက်လိင်ကိုသွေးသား...တောင်းဆိုနေပြီ၊ ဂျက်ဆိုသော...တစ်ခုမှလွဲ၍ သူနှင့်ပတ်သက်ပြီး...ဘာမှ မသိ၊ စက်ရုံအလုပ်သမ...ဘဝတွင် စားဝတ်နေရေး ကြပ်...စွာ ရှန်းကန်ရင်း မိသားစုမရှိဘဲ တစ်ယောက်တည်း အဆောင်မှာနေရသော ဖူးဖူးအတွက် ဖုန်းပေါ်သာ ပျော်စရာ ရှာဖွေနေခဲ့သည်၊ မမျှော်လင့်ဘဲ လိုင်းပေါ်မှာ ခင်ခဲ့ရသော ဂျက်က ချစ်သူများနေ့မှာ ဆုံချင်ပါသည်ဟု တောင်းဆိုခဲ့သည်၊ ဖူးဖူးဝမ်းသာအားရလိုက်လျောခဲ့သည်၊

ပန်းခြံထဲမှာ ဟိုနေရာ ဒီနေရာမှာ ထိုးလေးကွယ်ပြီး ပွေ့ဖက်နေကာ လက်ချင်းချိတ်ထား၊ ပခုံးဖက်ထားသော ချစ်သူစုံတွဲတွေ တွေ့လျှင် ဖူးဖူး အားကျမိသည်၊ ဗွီဒီယိုထဲမှာ အပြာဇာတ်ဝင်ခန်းတွေ တွေ့လျှင် ခေါင်းအုံးပြီး ဖက်ရင်း ဖူးဖူး တံတွေးဖူးချ မျိုချစိတ်ကူးယဉ်ရသည်၊ ဖူးဖူးအပေါ်မှာ ကြင်နာတွေ ပေးမည့်သူ တစ်နေ့နေ့ ရှိလာဖို့ မျှော်နေခဲ့ရာ ဒီနေ့တော့ ပြည့်ဝပြီထင်သည်၊

ပဲခူးမြို့စွန်မှ ခြံကျယ်ကြီးတစ်ခုထဲသို့ ဂျက်က ခေါ်သွားသည်၊ ခြံဝတွင် ခြံစောင့်ကြီးက တံခါးဖွင့်ပေးသည်၊ တိုက်ကြီးထဲတွင် အသက် ငါးဆယ်အရွယ်လူကြီးတစ်ယောက်က ဖူးဖူးကို စူးစိုက်ကြည့်သည်၊

တိုက်ထဲသို့ဝင်ဝင်ချင်း ဖူးဖူးကိုခြေဆုံးခေါင်းဆုံးကြည့်ပြီး ဂျက်ဘက်လှည့်၍ သူလားဟု မေးသည်၊ ဂျက်က ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ညီတ်ပြသည်။ ဖူးဖူးရင်ထဲ ထိုလူကြီး၏ အကြည့်တွေက သတ်ခါနီးနွားတစ်ကောင်ကိုကြည့်သော အကြည့်နှင့်တူသည်ဟု ထင်မိသည်။

ထိုလူကြီးက -

"ပုံပဲ့ကြီးပါကွာ" ဟုဆိုသည်။ ဂျက်က -

"ခင်ဗျားပုံက အသုံးမဝင်ပါဘူး၊ မြေစာဖြစ်မှာပဲ၊ ကလီစာက အပီအပြင်ကောင်းတယ်နော်"

"အသက်က ..."

"အသက် (၁၈) နှစ်၊ အေဝသွေး၊ ဖုန်းထဲမှာ ပြောပြီးသား၊ ဘာလို့ ထပ်မေးနေတာလဲ"

သူတို့ အချီအချပြောနေသော စကားတွေက ဖူးဖူးကို ရည်ရွယ်သည်၊ လူကြီးက ရုတ်တရက် အော်ရယ်သည်။



"ဟုတ်ပြီ - မင်းက အတိအကျပဲ"

"ငါးဆယ်"

"များတာပေါ့"

"နှစ်ခုလေဗျာ၊ ခင်ဗျားက နှစ်ခ
တောင်မကဘူး၊ အများကြီး ရောင်းလို့
ရမှာ၊ မတွက်ကတတ်နဲ့၊ ကျုပ်က နောက်
ထပ် အငြိမ့်ဖယားတွေ ပေးဦးမှာ"

"ဟုတ်ပြီ၊ အိမ်ထဲသွားစို့"

လူကြီးကအိမ်ထဲသို့ဝင်သွားသည်၊ ဂျက်က ဖူးဖူးလက်ကို ဆွဲခေါ်သည်။

"လာ - အချစ်လေး - အိမ်ထဲသွားစို့"

အသိစိတ်က ငြင်းဆန်နေမိသော
လည်း တောင့်တနေသော ဆ
အတွက် ဖူးဖူးလိုက်ခဲ့သည်၊ လူကြီးက
ကျန်ကျောင်းအိတ် လုံး ဂျက်လက်
ထဲ ပေးသည်။

ဒီလိုပါအစ်ကိုကြီးရယ်။ ဖူးဖူး အသက် (၁၈)နှစ်ရှိပါပြီ။ ဒီအရွယ်ထိ ဖူးဖူးကို ဘယ်သူမှ ချစ်တယ်ကြိုက်တယ် မပြောဖူးသေးပါဘူး။ ဖူးဖူးလေ ရှက်လည်း ရှက်ပါတယ်။ ဒါပေမဲ့ - ရှက်လည်း မရှက်နိုင်ပါဘူး။ သေရမယ့်ဖူးဖူးအတွက် အစ်ကိုကြီးနဲ့ လင်လိုမယားလို တစ်ပတ်လောက် နေခွင့်ပေးပါ။ နော် - အစ်ကိုကြီး။

www.burmeseclassic.com

www.burmeseclassic.com

# ၂၆

ဂျက်က အိတ်ကိုဆွဲရင်း အိမ်ထဲမှ ထွက်ရန် ပြင်သည်မို့ ဖူးဖူး အလန့်တကြား မေးမိသည်။

"ဘယ်သွားမလို့လဲ ဂျက်"

ဂျက်က မချိုမချဉ်ပြုံးသည်။

"ဒီည ချစ်လေးနဲ့ကိုယ် ကဲဖို့ဆွဲဖို့ ကိုယ်စားစရာသွားဝယ်ဦးမယ်။ ချစ်လေးက အနားယူထား - ဟဲဟဲဟဲ"

ဂျက်အပြောနှင့်ပင်ဖူးဖူး၏သံသယများ ကွယ်ပျောက်သွားသည်။ ဂျက်ထွက်သွားပြီးနောက် လူကြီးက ဖူးဖူးကို အခန်းတစ်ခုသို့ ခေါ်သွားသည်။

"လာ - ကလေးမ မင်းရဲ့လူကို အခန်းထဲက မျှော်နေ"

အခန်းထဲသို့ ဖူးရောက်သည်နှင့် အပြင်ဘက်မှ သော့ခတ်သံကို ကြားလိုက်ရသည်။

"အို - ကျွန်မကို ဘာလို့ သော့ခတ်တာလဲ။ ဖွင့်ပါ - ဦးလေး ဖွင့်ပါ"

"ဖွင့်ပါ - ကျွန်မပြန်မယ်၊ အခု ဖွင့်ပေး"

"ဟား - ဟား - အော်စမ်း၊ ကြိုက်သလိုအော်၊ ဘယ်သူမှ မကြားဘူး၊ နင့်မန်းသည်း ငါ့ဆီမှာ၊ နင့်ကောင် ခါးပိုက်နှိုက်တာ နင့်ဆီက နှိုက်ယူထားတာ"

"ရှင်တို့ လူယုတ်မာတွေ၊ ကျွန်မပြန်မယ်။ ကျွန်မကို တံခါးဖွင့်"

"ဘာလို့ဖွင့်ရမှာလဲ။ နင့်ကောင်က ငါ့ဆီ ရောင်းစားသွားတာ"

ခဏအကြာ အခန်းအပြင်ဘက်မှ အသံ တိတ်ဆိတ်သွားသည်။ ဖူးဖူး အခန်းပတ်ဝန်းကျင်ကိုအကဲခတ်သည်။ ညှီစို့စို့အနံ့တစ်မျိုးက အခန်းထဲမှာရနေသည်။ တန်းပေါ်တွင် ခွဲစိတ်ခန်းသုံး အကျႌတစ်ထည် တပ်ထားသည်။ အတန်းပညာ ဆယ်တန်းအထိ သင်ခဲ့ဖူးသော ဖူးဖူးစိတ်ကို အတတ်နိုင်ဆုံး ငြိမ်အောင်ထားပြီး အခန်းပတ်ဝန်းကျင်ကို အကဲခတ်သည်။ အခန်းတစ်ခုလုံး သော့ခတ်ထားသော ဝင်ပေါက်တစ်ခုသာ ရှိသည်။ ခုတင်အောက်တွင်နီရဲစေးထန်းသောအကွက်များက သွေးနှင့် တူလှသည်။

ဒီလူကြီးလက်မှ လွတ်မြောက်ရန် အချိုသပ်မှဖြစ်မည်။

ညနေစောင်းတွင်လူကြီးကထမင်းပေါ်ဟင်းတွေပုံထားသောပန်းကန်တစ်ချပ်၊ ရေတစ်ဘူးနှင့် ဝင်လာသည်။ ဖူးဖူးက သနားစရာကောင်းသောအသံနှင့် မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး၊ ကျွန်မကို ဘာလုပ်မှာလဲဟင်၊ ရောင်းစားမှာလား"

"ဟား-ဟား-သနားစရာကလေး မလေး၊ အေး-နင့်ကို ရောင်းစားမှာ၊ ပုံမလာ၊ ပန်းမလာ ပုံပဲ့နေတဲ့ လူကို မဟုတ်ဘူး၊ နင့်ရဲ့ခန္ဓာကို ယ်ထဲက ကျောက်ကပ်၊ နလုံးနဲ့ အသည်းကို"

"ရှင်-အဲဒါဆို ဖူးဖူး သေသွားမှာပေါ့"

"ဟား-ဟား-ကျားကိုက်ပါတယ် ဆိုမှ အပေါက်လေးနဲ့လား မေးချင်သေးရဲ့၊ ဒါကမင်းကိုမနာအောင် မေ့ဆေးပေးပြီး အရှင်လတ်လတ် ကျောက်ကပ်၊ နလုံးနဲ့ အသည်းယူမှာ၊ ငါက ဒေါက်တာဘွဲ့မရခဲ့ပေမယ့် ခွဲစိတ်ဝါသနာပါတယ်၊ ငါနေခဲ့တဲ့ ကင်မွန်းချုံရွာမှာ ငါ့ကို ဒေါက်တာတင်ဖေလိုပဲ လူတွေသိကြတယ်၊ မီးမဖွားနိုင်တဲ့မိန်းမကို ငါ ဗိုက်ခွဲတာ ကလေးရော မအေပါ သေတယ်၊ အဲဒီ ကိစ္စအတွက် ငါ့ကို ရဲဖမ်းမှာကြောက်လို့ ငါဒီကိုပြေးခဲ့တာ၊

မမျှော်လင့်ဘဲလူ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေဝယ်တဲ့ နိုင်ငံခြားက ပွဲစားနဲ့ ဆက်မိတော့ငါအခုအရမ်းချမ်းသာသွားပြီ၊ အခု သူတို့က သွေးအမျိုးအစား A၊ အသက်နှစ်ဆယ် မိန်းမတစ်ယောက်ရဲ့ ကျောက်ကပ်လိုချင်တယ်တဲ့၊ နိုင်ငံခြားက သူဌေးမကြီးတစ်ဦးရဲ့သမီးအတွက် မင်းကမင်းရဲ့ကျောက်ကပ်တွေပေးရမှာ၊ ကုသိုလ်ရပါတယ်"

ဦးတင်ဖေဆိုသောလူကိုကြည့်ရင်း ဖူးဖူး ကျောထဲမှစိမ့်အောင် ကြောက်မိသည်၊ သို့သော် မိမိလွတ်မြောက်ရေး အတွက် သူ့ကို အချိုသပ်ရမည်၊ စိတ်ကို ငြိမ်အောင်ထားပြီး ဖူးဖူး ပြောသည်၊

"အစ်ကိုကြီးရယ်-ဖူးဖူးတစ်ခုပြောပါရစေ"

"ပြော-ဘာပြောမှာလဲမသတ်ပါနဲ့လို့ တောင်းပန်မလို့လား၊ မရဘူး၊ ကျန်းမာရေးကောင်းတဲ့ နင့်ရဲ့ကလီစာတွေ ငါ့ရေးကွက်မှာ ရှယ်ပဲ"

"မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ အကျဉ်းထောင်တွေမှာတောင်သေဒဏ်ကျတဲ့အကျဉ်းသားကို မသတ်ခင် သူ တို့စားချင်တာကျွေး၊ ဖြစ်ချင်တဲ့ဆန္ဒကို ဖြည့်ဆည်းပေးပါတယ်၊ ဖူးဖူးသေရမှာ သိပါပြီ၊ ဖူးဖူးရဲ့တောင့်တနေတဲ့ဆန္ဒကို တော့ ဖြည့်ပေးပါနော်"

ဦးတင်ဖေက ဖူးဖူး၏ တောင်း တောင်းပန်ပန်စကားကြောင့် ဇဝေဇဝါ ဖြစ်သွားသည်၊

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ-နင့်ဆန္ဒကိုငါကဘာဖြည့်ဆည်းပေးရမှာလဲ"

ဖူးဖူးက ရှက်သလိုအမူအရာနှင့်ပြောသည်။

"ဒီလိုပါအစ်ကိုကြီးရယ်၊ ဖူးဖူးအသက် (၁၈)နှစ်ရှိပါပြီ၊ ဒီအရွယ်ထိဖူးကိုဘယ်သူမှချစ်တယ်ကြိုက်တယ်မပြောဖူးသေးပါဘူး၊ ဖူးဖူးလေ ရှက်လည်းရှက်ပါတယ်၊ ဒါပေမဲ့-ရှက်လည်းနေနိုင်ပါဘူး၊ သေရမယ့်ဖူးဖူးအတွက်အစ်ကိုကြီးနဲ့ လင်လိုမယားလိုတစ်ပတ်လောက်နေခွင့်ပေးပါ၊ နော်-အစ်ကိုကြီး"

ဖူးဖူးစကားကြောင့် ဦးတင်ဖေမျက်လုံးပြူးသွားသည်၊

"ဟေ-နင်က သေရမှာမကြောက်ဘူးလား"

"အစ်ကိုကြီးရယ်-သေရမှာတော့သိပ်ကြောက်တာပေါ့၊ ဒါပေမဲ့-သေလို့ မရဘူးဆိုတော့လည်း ဖူးဖူးသေရဲပါတယ်၊ ဒါပေမဲ့-အစ်ကိုကြီးရယ်နှမ်းဆိုးမလေးဖူးဖူးအတွက် ယောက်ျားဆိုတာတော့ ခံချင်ပါသေးတယ်၊ ဂျက်နဲ့တိုက်လာမိတာကလည်း အဲဒီလို နေရအောင်ဆိုတဲ့မျှော်လင့်ချက်နဲ့ပါ"

ဖူးဖူးအပြောကောင်း၍ထင်သည်၊ ဦးတင်ဖေက သနားသွားပုံရသည်၊

"ကောင်းပြီလေ၊ နင့်ကိုငါတစ်ပတ်မသတ်သေးဘူး၊ ငါနဲ့ နင် လင်မယားလိုနေကြတာပေါ့"

"ဝမ်းသာလိုက်တာ အစ်ကိုကြီးရယ်"

ဖူးဖူးကဝမ်းသာအားရဖြစ်ဟန်ဖြင့်ပြောသည်၊ ပထမတစ်ဆင့် အောင်မြင်သွားပြီ၊ အသက်ရှင်ခွင့်ရမည့်ရက်သတ္တတစ်ပတ်အတွင်း လွတ်မြောက်မှုအတွက် ဖူးဖူးကြိုးစားရမည်၊

❑

ဦးတင်ဖေ၏ရင်ဘတ်ပေါ်ခေါင်းမှီရင်းဖြုတ်ထားသောအင်္ကျီကြယ်သီးများကို ဖူးဖူး ပြန်တပ်ပေးသည်၊

"အစ်ကိုကြီး-သိပ်ပြီး ယောက်ျားပီသတာပဲ သိလား၊ အသက်သာ ကြီးတယ်၊ မပျက်စီးသေးဘူး၊ ဖူးအတွက်နိဗ္ဗာန်ဘုံပေါ်ရောက်ရသလိုပဲ"

ဖူးဖူး၏ အပြောကြောင့် ဦးတင်ဖေမျက်နှာ ပြုံးပြုံးကြီး ဖြစ်သွားသည်၊

"တကယ်လား"

"တကယ်ပေါ့ အစ်ကိုကြီးရယ်၊ ကိုကြီးလို လူတစ်ယောက်ရဲ့အချစ်ကိုခံရပြီး သေရမှာ ဖူးဖူး သေပျော်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းလေးက ရုပ်ဆိုးသလောက် စကားတတ်တယ်ကွာ"

"ကိုကြီး - ဖူးလေး တစ်ပတ်ဆိုတဲ့ အချိန်လေးမှာ ဒီအခန်းထဲ မနေပါရစေနဲ့၊ ဖူးကြောက်တယ်၊ ကိုကြီးနဲ့အတူတူ အိပ်ချင်တယ်"

ဦးတင်ဖေက စဉ်းစားနေသည်၊ ဖူးဖူးက ဦးတင်ဖေ၏ ရင်ဘတ်ပေါ်သို့ ဦးခေါင်းတင်ပြီး မှီနွဲ့လိုက်သည်၊ ရုပ်ဆိုးမလေးဖူးဖူး၏ အမူအရာတွေက ဦးတင်ဖေ၏ နှလုံးသားကို ထိရှပုံမပေါ်၊

"အစ်ကိုကြီးရယ် - နော် - ဖူးဖူး ထွက်မပြေးပါဘူး၊ ဖူးကို ဒီအခန်းထဲမှာ မထားပါနဲ့နော်"

ဖူးဖူးကမျက်လုံးတွင်မျက်ရည်တွေ ကြည့်ရင်း ဦးတင်ဖေ၏ရင်ဘတ်ကို ကြောင်မလေးတစ်ကောင် ပွတ်သပ်သလို ပွတ်သည်၊ ဦးတင်ဖေမျက်နှာက ဖဝေဖဝါ၊

"နော် - ကိုကြီးရယ်၊ ဖူးဖူးမသေခင် ရက်ပိုင်းလေးတော့ စိတ်ချမ်းချမ်းသာသာလေး နေပါရစေ"

"ငါစဉ်းစားဦးမယ်"

ဦးတင်ဖေကဖူးဖူးကိုယုံကြည်ဟန် မရှိ၊ ဖူးဖူး မိန်းမမာယာရှိသမျှ ထုတ်သုံးရန် ဆုံးဖြတ်သည်၊

❑

ဒီနေ့ ခုနစ်ရက်မြောက်နေ့…၊

ဒီညတွင် ဖူးဖူးကို ခွဲစိတ်မည်ဟု ဦးတင်ဖေက ပြောသည်၊

"စိတ်မကောင်းပါဘူး မိမဲတုတ် ရယ်၊ အသားမည်းမည်း၊ ဝတုတ်တုတ် မင်းဟာ ငါ့ကို အစွမ်းကုန် မြူဆွယ်ခဲ့ပေ မယ့် ငါ့စိတ်က မင်းကို မခွဲခဲ့ဘူး၊ ငါ့ရဲ့ ယောကျ်ားပီသတဲ့ အပြုအမူတွေ အတွက် မင်း ကျေနပ်မှာပါ"

ဖူးဖူးငိုချင်နေသော်လည်း မျက်နှာ ပျက်မသွားအောင် ကြိုးစားသည်၊

"ဘယ်လိုလဲ မိမဲတုတ်၊ ကြောက် နေပြီလား"

"မကြောက်ပါဘူး ကိုကြီးရယ်၊ အ လေ - ဖူးဖူးက အသားဖြူချင်လို့ နွားနို့ သောက်နေကျ၊ ဖူးမသေခင် နွားနို့လေး တစ်ခွက်လောက် သောက်ပါရစေ"

"သေရမယ့်လူက အသားဖြူချင် လို့၊ ဟုတ်လား၊ ရယ်ရတယ်၊ ဒါပေမဲ့ - အိုကေ၊ ဖြစ်ရမှာပေါ့၊ ဟိုကောင်မြဲစောင့် ဝင်းလှကို သွားဝယ်ခိုင်းလိုက်မယ်"

ဦးတင်ဖေ အပြင်ခဏထွက်သွား သည်၊ မြဲစောင့်ကို အပြင်လွှတ်တ ဖူးဖူး လှုပ်ရှားမှုဖြစ်မည်၊ လက်နက်တ ယာအဖြစ် အသုံးပြုရာရှာသည်၊ ဘာ မတွေ့၊ လက်နက်အဖြစ် အသုံးပြု

www.burmeseclassic.com



ဘုရာဇီယာကို တွေးမိသည်၊ အင်္ကျီ အောက်မှ ဘရာဇီယာကို ဖယ်သည်၊ အင်္ကျီကို ချွတ်ထားလိုက်သည်၊

စိတ်ကို တင်းထား ဖူးဖူး၊ နင်လုပ်နိုင်ရမည်၊ ဒီအချိန်မှ လွတ်မြောက်အောင်မကြိုးစားနိုင်လျှင်မလွယ်တော့၊ နင်အသက်ပေးသွားရလိမ့်မည်၊ ဖူးဖူး ကိုယ့်စိတ်ကို ကိုယ်တင်းသည်၊

အခန်းအပြင်မှခြေသံကြားရသည်၊ ဘိုလုပြန်လာပြီ၊ သော့ဖွင့်သံကိုကြားရသည်၊ ဦးတင်ဖေ အခန်းထဲ ဝင်လာလာချင်း အပေါ်အင်္ကျီမရှိသော ဖူးဖူးကိုကြည့်ပြီး အံ့သြသွားသည်၊ ပြီးနောက် အမ်းမှာယ်တစ်မျိုး ပေါက်သွားပြီး ရယ်သည်၊

"မိမဲတုတ်၊ မင်းဟာ တော်တော် အကျရာဂကြီးတဲ့ မိန်းကလေးပဲ၊ သေ ခါနီးတောင် မြူဆွယ်ချင်သေးတယ်၊ ကောင်းမှာပေါ့၊ လုပ်ပေးရမှာပေါ့"

ဦးတင်ဖေက ဖူးဖူးကို ကျုံးဖက် သည်၊ ဖူးဖူး လက်နောက်ပစ် ဖွက်ထား သော ဘရာစီယာကို ဦးတင်ဖေ လည် ချောင်းခင်ပြီး အစွမ်းကုန်ညှစ်ပစ်လိုက် သည်၊ မြန်လိုက်သည့်ဖြစ်ခြင်း။

"အစ်-အစ်-အူး-ကောင်မ-အစ် အစ်"

သွေးရူးသွေးတန်း ရုန်းကန်နေသော ဦးတင်ဖေ တစ်ပတ်လုံး ဖူးဖူး မြူဆွယ်ခဲ့သဖြင့် ခွန်အား ဆုတ်ယုတ်နေပြီဖြစ်သဖြင့် ရုန်းကန်အားလျော့သွားပြီး၊ ကြမ်းပြင်ပေါ်သို့ ပြိုလဲကျသွားသော ဦးထင်ဖေ၏ ခါးကြားမှ သော့တွဲကို နှိုက်ယူသည်၊ လုံချည်ကို ရင်လျားဝတ်ပြီး ဖူးဖူး သော့ဖွင့်သည်၊ ပြီးနောက် ပြေးထွက်ခဲ့သည်၊

မြို့ထဲရောက်သည်အထိ အနှောင့်အယှက်မရှိ၊ မြို့တံခါးသော့ကိုမပိတ်ထားသဖြင့် ဖူးဖူး အခက်အခဲမရှိ ပြေးထွက်နိုင်ခဲ့သည်၊ လမ်းတွင် နွားနို့ထုပ်လေး တစ်ထုပ်ကိုင်၍ပြန်လာသော မြို့စောင့်ကြီးကို တွေ့လိုက်ရသဖြင့် ဖူးဖူး လမ်းဘေးချုံထဲ ဝင်ပုန်းနေလိုက်သည်၊ မြို့စောင့်ကြီးကျော်သွားမှ ဖူးဖူး ဆက်ပြေးခဲ့သည်၊ အိမ်ခြေတွေ အဆက်ပြတ်နေသည်မို့ လူသွားလူလာ မတွေ့ရသေး၊

မောလိုက်သည်မှာ ရင်ဘတ်ကြီး တစ်ခုလုံး ပေါက်ထွက်မတတ်၊ ပြေး-ပြေး-ဖူးဖူး-ပြေးထား၊ လမ်းပေါ်မှ ခဲလုံး အချွန်အတက်များက ဖိနပ်မဲ့သော ခြေဖဝါးကို ထိုးခွဲနေသော်လည်း ဖူးဖူး ဂရုမစိုက်နိုင်၊ ခပ်လှမ်းလှမ်းဆီမှ ကားသံကို ကြားသည်၊ ဖူးဖူးကို လိုက်ဖမ်းခြင်း များလား။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်တစ်စီး ဘွားခနဲ ပေါ်လာသည်၊ တစ်ခါမှ မမြင်မတွေ့ဘူးသောလူတစ်ယောက်ကို တွေ့လိုက်မှ ဖူးဖူး စိတ်လျှော့လိုက်သည်၊ ဖူးဖူး နှုတ်ဖျားမှ မပီမသ စကားသံက -

"ကျွန်မကိုကယ်ပါ"

➳ သန္တာမြတ်သောင်း

**⇨ အနာပေါက်ကုထုံး ⇦**

**ဒူနာ**

(၁) မဲဇလီရွက်ကို ကြိတ်၍ ဒုတ္တာထည့်ပြီး သံပုရာရည်ဆွတ်၍ လိမ်းပေးပါ၊

(၂) ညောင်ခေါက်ကို ရေနှင့်ကြိတ်၍ အနာကို အုံပေးပါ၊

(၃) ဘူးရွက်ကို ထုံးဖြူနှင့် ရောကြိတ်ကာ အနာကို အုံပေးပါ၊

www.burmeseclassic.com

www.burmeseclassic.com

# ဂျိမ်းကျော်

ရေး ၊ ဂျိမ်းကျော် ၏ ၊

ရွှေဆယ်ယာသိန်း ကျောက်စာချပ်
ရှစ်သန့်မှတ်တမ်း



www.burmeseclassic.com

www.burmeseclassic.com



ငွေမျက်နှာကို ကြည့်ခဲ့သည့်
အရပ်လက်သည်
သားဖွားအမျိုးသမီးကြီး၏ ဘဝ ..

"**အဘွား** အပုပ်နံ့ရတယ်"

"အေးဟဲ့ - အဖွားလည်းရတယ်
အိမ်နောက်ဖေးဘက် သွားကြည့်စမ်း"

ဘုရား - ဘုရားပြဿနာတော့ ဇ
ထင်ပါရဲ့။

"ဟုတ်တယ် - ဆာလာအိတ်ကြီး
က အနံ့ပဲ။ ယင်တလောင်းလောင်းနဲ့
အိမ်တိုင်နဲ့ငြိနေတယ်"

"ဟဲ့ - ဒါဆို ဝါးလုံးရှည်နဲ့ ထိုးထု
လိုက်စမ်း"

"ဟာ - သား ကြောက်တယ်၊ ဒ
သည်အစ်မကြီးအလောင်းလား မသိ
ဘူး"

အမလေးတော် - ပတ်ဝန်းကျင်
ကြားကုန်တော့မှာပဲ၊ တိုးတိုးတိတ်တိ
လုပ်တာမဟုတ်ဘူး၊ ကျုပ်ဖြင့် လူမြင်
အလိုလိုစိုးရိမ်ထိတ်လန့်နေရပါတယ်
မှ သင်းက တစ်မျောင့်။

ခုရက်ထဲ မျက်နှာစိမ်းတွေရော
မျက်နှာသိတွေရော ကျုပ်အိမ်ရှေ့မလာ
စဖူး အလာထူးတာတွေ၊ မသင်္ကာတဲ့
မျက်လုံးနဲ့စူးစမ်းသလိုကြည့်နေတာတွေ
ဒီမြေးလေး သိသိကြီးနဲ့ ဘွားကေ
ထောင်ကျအောင် လုပ်နေတာပါလား။

"ဗျို့ - ဒေါ်နီ"

"အမလေး - ဒါနဲ့လိုက်တာဟယ်"

"ကျွန်တော်ပါ - ရာအိမ်မှူး စိုးမိုးပါ"

www.burmeseclassic.com

www.burmeseclassic.com

"သိပါတယ် - ရုတ်တရက်ကြီးဆို တော့ လန့်သွားတာပေါ့ဟဲ့၊ ဘာကိစ္စလဲ ပြော၊ ဖဲရိုက်စရာမရှိလို့ ပိုက်ဆံချေးပါ ပြောမှာမဟုတ်လား"

"မဟုတ်ရပါဘူးဗျာ၊ ညွှန့်သည် ထောင်မလေး မတွေ့လို့ မေးကြည့်ချင် လို့ပါ"

"မရှိဘူး - ပြန်သွားပြီ"

"အရေးတကြီး ပြန်သွားရတယ် ဆိုတယ်၊ မှတ်ပုံတင်တောင် ပြန်ယူ သွားဘူး"

သွားပြီ၊ ကျုပ် ခေါင်းဆင်နင်းပြီ၊ အဲဒီမှတ်ပုံတင်တစ်ခုကနေ မီးစိုးကြွက် လျှောက်လိုက်တော့မှာ မဖြစ်ဘူး၊ တောင်းသလောက်ပေးပြီး ပြန်ယူထား မှ-

"ဟဲ့ - စိုးမိုး - ပေဟာတော့ မရှိတော့ ဘူး လစ်သွားပြီ"

အင်း - အပျက်အပျက်နဲ့ နာခေါင်း သွေးထွက်တော့မယ်ထင်ပါရဲ့၊ ဒုတိယ မြောက်ဖြစ်တဲ့ ဒီနေ့တစ်နေ့ထဲတင်ကျုပ် အိမ်ကို အကြောင်းမရှိပဲ စိုးမိုးလို အကြောင်းရှာလာတာ လေးငါးယောက် ရှိပြီ၊ ကျုပ်မှင်နဲ့မောင်းနဲ့အပြောကောင်း လို့ ဘာပြဿနာမှမဖြစ်ပေမဲ့ ကျုပ်မြေး လေးကို ခေါ်၊ ချော့မေး၊ မြှောက်မေး၊ မြှောက်မေးရင် ပေါ်ကုန်တော့မှာ၊ အဓွန့် အပေါ် ကျုပ်မပြည့်သူဆိုတော့ ကျုပ် စိုးရိမ်တာ အမှန်ပဲ၊

အံ့ပါရဲ့တော်၊ အစပေါ်ရင် ပြဿနာ ဖြစ်မယ်မှန်းသိလို့ ကျုပ်ကိုယ်တိုင်မိန်းမ သားဖြစ်ပါလျက်နဲ့ မကြောက်မရွံ့ ခုတ် ပိုင်း ဆာလာအိတ်ထဲ ထိုးသိပ်ထည့်၊ အုတ်ခဲငါးလုံးပါ ထပ်ထည့်ပြီး ညအချိန် မတော် လူခြေတိတ်ချိန် လှေတစ်စီးနဲ့ လှိုင်မြစ်အလယ်ထိလှော်၊ ရေပြန်အတူ နဲ့မျှောချအစဖျောက်လိုက်တာပါ၊ ဘယ် နယ်ကြောင့် ရေတက်နဲ့ ပြန်ပါပြီး ကျုပ် အိမ်အောက် လာတင်နေရတာပါလိမ့်၊ ကျုပ်ကိုယ်က ကံဆိုးမိုးမှောင်ကျတော့ မယ်ထင်ပါရဲ့၊

"ဟဲ့ - ဖိုးကျော်"

"ဗျာ - အဘွား"

"နင့်အဖေနဲ့ အမေ လိုက်ရှာစမ်း၊ တွေ့ရင်ခေါ်ခဲ့၊ အဘွား စိတ်တိုနေတယ် ပြော၊ ဘယ့်နယ်တော် - မိုးလင်းပါပြီဆို ထဲကလင်မယားနှစ်ယောက်လုံးပျောက် ချက်သား ကောင်းနေလိုက်ကြတာ"

"စိတ်လည်း တိုမနေနဲ့၊ သွားလည်း တွေ့မှာမဟုတ်ဘူး"

"ဘာ..."

"ဟုတ်တယ် - သူတို့ ထွက်ပြေး သွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"သေချာလို့လား၊ သူတို့သွားတာ အဘွားမြင်လိုက်တယ်။ ဘာပစ္စည်းမှ ပါမသွားဘူး"

"အဖေ့ခါးပုံစ အမေ့ရင်ဘတ်ထဲ ထည့်သွားတာကော မဖြစ်နိုင်ဘူးလား၊ အဘွား အထုပ်ပြန်စစ်ကြည့်ဦး"

ကျုပ်မြေး ဝမ်းတွင်းရှုးပြောမှပဲ ကျုပ်ခေါင်းက ဖြူဖွေးနေတဲ့ ဆံပင်တွေ ထောင်တက်သွားသလို စိုးရိမ်စိတ်နဲ့ ကျုပ်သေတ္တာကိုပြေးဖွင့်ကြည့်တယ်ဆိုရင် မျက်စိတွေ ပြာဝေပြီး မိုက်ခနဲ ခံစားလိုက်ရတယ်။

လက်စွပ်၊လက်ကောက်၊ဟန်းချိန်း၊ ဆွဲကြိုး၊ နားကပ်နဲ့ ငွေဆယ်သိန်းရော ထုပ်ထားတဲ့ အထုပ်ကလေး မရှိတော့လို့ပါ။



ရက်စက်လိုက်ကြတာ၊ ကျုပ်တို့ မြေးအဘွား ဘဝပျက်အောင် လုပ်လိုက်ကြပြီပေါ့။ ကျုပ်မှာတော့ မိသားတစ်စုလုံးအတွက် အရှည်တွေးပြီး ဖွတ်မိုတ်လုပ်ထားရတဲ့ပစ္စည်းတွေ၊ ခုတော့ - တစ်ကိုယ်ကောင်းဆန်သွားကြပြီပေါ့။ ခုတော့ ဘယ်လိုမှ ရှေ့ဆက်လို့မရတော့ဘူးဟဲ့"

"ဗိုးကျော်"

"ဗျာ - အဘွား"

"ဘယ်မှမသွားနဲ့ - အိမ်မှာပဲနေ"

"ဘာဖြစ်လို့လဲ အဘွားရဲ့"

"အမလေးဟဲ့နော် - အမေ့မြန်းကလည်း ထူလိုက်တာ၊ ဒီနေ့ည တို့မြေးအဘွား တစ်နေရာသွားကြမယ်"

"ဒေါ်နီ"

"ခင်ဗျား သဘောမပေါက်ဘူးဟုတ်လား။ မပေါက်ရင် ပေါက်အောင်ပြောမယ်။ ခင်ဗျားသတိ၊ ခင်ဗျားကိုယ်တိုင် သုံးပိုင်းပိုင်းပြီး ဆာလာအိတ်ထဲ ထိုးသိပ်ထည့်၊ လိုင်မြစ်အလယ် ရေကျနဲ့ မျှောပြီး အစမျောက်လိုက်တဲ့အလောင်းအိတ်ကြီး ငါးသလောက်ပိုက်လှေမှ ပါလာလို့။ အခု ဆေးရုံပို့ ဆေးစစ်ချက် ယူနေပြီ။

www.burmeseclassic.com



"ဗျို့-ဒေါ်နီ-တံခါးဖွင့်ပါဦးဗျ၊ ဘွန်တော် ဥက္ကဋ္ဌ စိုးသိန်းပါ"

သွားပါပြီတော်-ကျုပ်ခေါင်း ဆင်နင်းပါပြီ၊ အင်း-ညနေက ရေအကျန့် ကျုပ် အိမ်အောက်လာတင်နေတဲ့ ဆာလာအိတ်ကြီးကိစ္စပဲ ဖြစ်မယ်ထင်ပါ ရဲ့ အပုပ်နံ့ရတဲ့အိမ်နီးချင်းတွေကအတို့ အထောင်လုပ်လိုက်ပြီထင်ပါရဲ့၊ ကျုပ်တို့ ရပ်ကွက် ကျုပ်တို့လမ်းသားတွေက ကြည့်မြင်တိုင်၊ အလုံအနောက်ဘက် မြမ်း၊ လှိုင်မြစ်ကမ်းနဖူးမှာ လှိုင်မြစ် ဘေးပေးပြီး အမြင့်ဆုံး ရေအတက် မှတ်အောင် ခြေတံရှည် ဆောက်ထား တဲ့ အိမ်တွေပါ၊ အိမ်ခေါင်းချင်းတိုက် စော်မြိတ်ချင်းထိစပ်နေလို့မီးမီးဆိုရင် တစ်ရပ်ကွက်လုံး ပြာဖြစ်မှာ အမြဲစိုးရိမ် နေရတာပါ၊

ခုတော့အပြင်မီးမလောင်ဘဲ ကျုပ် အိမ်က အတွင်းမီးကြီးက တဟုန်းဟုန်း တောင်မြိုက်တော့မယ်ထင်ပါရဲ့တော်၊

"ဒေါ်နီ-ခင်ဗျားကို တံခါးဖွင့်ပါလို့ ပြောနေတာကြာပြီ၊ ခင်ဗျားဘာလုပ်နေ တာလဲ"

"အေးပါဟယ်-အေးပါ-ဖွင့်ပါပြီ"

တောတော့-ဥက္ကဋ္ဌတစ်ယောက် တည်းမဟုတ်ဘဲ ကြည့်မြင်တိုင်က ရဲတွေ ရော၊ ရပ်ကွက်ထဲက ဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေရောပါလား၊ ဟယ်-မတတ်နိုင်ဘူး၊ ဘူးတစ်လုံး ဆောင်ရ တော့မှာပဲ၊ ဟန်ကိုယ့်ဖို့ဆိုစကားလည်း ရှိတာပဲဟာ၊ ကျုပ် ဏှာခေါင်းမပျက်အောင် ထိန်းပြီးပြောရဆိုရတော့မှာပေါ့၊

"ဒေါ်နီ - ဒီမှတ်ပုံတင်ထဲက မိန်းကလေးရော"

ဝင်ဝင်ချင်း ဆောက်နဲ့ ထွင်းဆို သလိုပါလား၊ သေချင်းဆိုး ရာအိမ်မှူး စိုးမိုးလက်ချက်ပဲ၊ ဘူးတစ်လုံးဆောင် မယ်၊ ဟန်ကိုယ့်ဖို့ဆိုတဲ့ ကျုပ် တောင်မ လေးမှတ်ပုံတင် မြင်ရုံနဲ့တင် အသံတွေ တုန်၊ လက်တွေ တုန်ပြီး ဘယ်လိုမှ ဟန် ဆောင်လို့မရပါလား၊

"မေးနေတယ်လေ"

"အမလေး"

"ခင်ဗျား-သိပ်ကြောက်နေပြီပေါ့၊ ပြော-အဲဒီကောင်မလေး ဘယ်မှာလဲ"

"ပြန်-ပြန်-ပြန်သွားပါပြီ"

"ဟင်း-ဟင်း-ဒေါ်နီ ဝေ့မနေနဲ့ ဆင်တစ်ကောင်လုံး မိထားပြီးပြီ၊ ဘယ် ကလာလဲ၊ ဆင်ခြေရာသိချင်လို့ မေးနေ တာ"

"ရှင်..."

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သဘောမပေါက်ဘူး၊ ဟုတ်လား။ မပေါက်ရင် ပေါက်အောင်ပြောမယ်။ ခင်ဗျားသတ်၊ ခင်ဗျားကိုယ်တိုင် သုံးပိုင်းပိုင်းပြီး ဆာလာအိတ်ထဲ ထိုးသိပ်ထည့်၊ လှိုင်မြစ်အလယ်ရေကျနဲ့ မျှောပြီးအစဖျောက်လိုက်တဲ့အလောင်းအိတ်ကြီး ငါးသလောက်ပိုက်လှေမှ ပါလာလို့။ အခု ဆေးရုံပို့ ဆေးစစ်ချက်ယူနေပြီ"

ကျုပ် ဘယ်လိုငြင်းရမှာလဲ။ ခေါင်းထဲထူပူနေပါပြီ။

"ကောင်မလေးရဲ့လက်ဝတ်လက်စားရွှေတွေရော"

"ဘာမှယူမထားပါဘူး။ အလောင်းမှာပဲရှိမှာပါ"

"ခင်ဗျား လိမ်တုန်းပဲကိုး၊ အလောင်းမှာ ရွှေတစ်ရွေးသားတောင် ပါမလာဘူး"

"ငါးသလောက်ပိုက်လှေသမားတွေ ဖြုတ်ယူလိုက်သလားမှ မသိတာ"

ကျုပ်အဖြေကို ကြည့်မြင်တိုင်ရဲ့စခန်းက အမှုစစ်ရဲအုပ်က ခေါင်းတဆတ်ဆတ်နဲ့ညိတ်ရင်း ပြုံးနေပါတယ်။ ကျုပ်အမြင်ကတော့ တာနော့ယကွဘီလူးကြီးအစွယ်ကြီးဖွေးဖွေးရဲ့ မျက်နှာကို ကြည့်ရသလို ထိတ်လန့်နေပါတယ်။

"ကဲ - ငါ့ရဲဘော်တွေအိမ်ထဲဝင်ရှာ၊ နှံ့နှံ့စပ်စပ်ရှာ၊ ဥက္ကဋ္ဌကြီးနဲ့အဖွဲ့လည်းဝိုင်းကူရှာပေးကြပါ"

အင်း - နှစ်လောင်းပြိုင်သတ်မှု၊ အလောင်းဖျောက်မှုအပြင် တစ်ပဲတစ်မူးတောင်မခံစားရတဲ့ခိုးမှုပါခံရဦးတော့မှာပါလား။

"သေတ္တာ၊ ဆန်ပုံး၊ ဘုရားပန်းအိုးပါအနှံ့ရှာတယ်။ မတွေ့ဘူး"

"အေး - ဒါဆို လည်း - စခန်းရောက်မှ စစ်တာပေါ့"

"ကဲ - ဒေါ်နီ - ပြင်စရာရှိတာပြင်၊ ယူစရာရှိတာယူ။ ကျွန်တော်တို့ဒေါ်နီကို ဖမ်းလိုက်ပြီ"

❑

ကျုပ်နာမည်က ဒေါ်နီပါ။ ကျုပ်တို့တစ်ရပ်ကွက်လုံးက ကြီးကြီးနီ၊ အမေနီ၊ ဒေါ်လေးနီလို့ခေါ်ကြပါတယ်။ အင်းလေ ကျုပ်အသက်အရွယ် ခြောက်ဆယ်နားကပ်ပြီး တစ်ခေါင်းလုံး ဖြူဖွေးနေတော့ အဘွားကြီးပုံပေါက်လို့ခေါ်ကြတာပဲဖြစ်မှာပေါ့။

ကျုပ်ကွယ်ရာဆို ဒေါ်ခင်နီတဲ့လေး သက်သက် ကျုပ်ကို နာမည်ဖျက်တာ သရော်တာ၊ စော်ကားတာပေါ့ရှင်။ ခရိုနီ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ လူတိုင်းပါးစပ်ဖျားမှာပြောနေတဲ့စကား ဘယ်လိုအဓိပ္ပာယ်ပေါက်တယ်ဆိုတာ ကျုပ်မသိဘဲ ရှိပါ့မလား။

ကျုပ်မိသားစု စားဝတ်နေရေးအတွက်အပေါင်ခံတယ်၊ ငွေချေးတယ်၊ အပြန်တိုးပေးတယ်၊ နှစ်ဖက်ကျေကျေနပ်နပ်နဲ့ လုပ်ကြတာပါတော်။

ကျုပ် ဘယ်ဝန်ကြီးနဲ့မှ မပေါင်းပါဘူး သိလည်း မသိပါဘူး၊ ရင်းနှီးကျွမ်းဝင်အောင် မကြိုးစားပါဘူး၊ ဒါကြောင့်အောင်ခေါင်းတုံးဖြစ်အောင် သစ်ထုတ်တဲ့ခရိုနီ၊ လယ်ယာမြေတွေမတရားသိမ်းပြီး အခြားကုမ္ပဏီသူဌေးတွေကို ခေါင်းပုံဖြတ်အောင် ချေးတင်ရောင်းတဲ့ခရိုနီ၊ ကျောက်သန္တာရားကြီးတွေနဲ့ တောင်တွေဖြိုအမွေဆားကျောက်ရှာတဲ့ ဆင်းရဲသားအကျွမ်းတွေကို ရာနဲ့ချီ မြေစာပုံပိသေအောင်လုပ်တဲ့ခရိုနီ၊ လယ်၊ ယာ၊ မြေတွေသိမ်းပြီး ကြေးနီတူးတဲ့ခရိုနီ၊ တစ်တိုင်းပြည်လုံး ရေဘေးဒုက္ခရောက်အောင်ဆည်တဲ့ခရိုနီ၊ လာနီညို၊ လာနီညာ ရာသီဥတုဖောက်ပြန်အောင်လုပ်တဲ့ခရိုနီတွေနဲ့ ကျုပ်ကို တန်းညှိတာတော့ ကျုပ်မခံနိုင်တာ အမှန်ပဲ၊

ဘုတ်တယ်လေ၊ ကျုပ် ဘယ်သူ့ကိုမှ ပျက်စီးသွားမှ ပျက်စီးအောင်လုပ်တာရှိဖူးလို့လဲ၊ ကျုပ်ရပ်ရေး ရွာရေးကိစ္စလက်မတွန့်ဘူး၊ သာရေးနာရေးကိစ္စဆိုလာထားပဲ၊ သူများတစ်ထောင်ဆိုကျုပ်ငါးထောင်တစ်သောင်းပဲ၊ ဒါတွေကျုပ်တော့ဒေါ်နီကောင်းတယ်လို့ဘယ်ပါးစပ်ပေါက်မှ မဟာကြဘူးလေ၊

ကျုပ် စေတနာမပါပဲ ပေးရ ကမ်းရတာကတော့ ရပ်ကွက်ဆယ်အိမ်မှူး ရာအိမ်မှူး၊ ဥက္ကဋ္ဌတွေ မြို့ဆိုဆို့ အနိုင်ကျင့်၊ ဗိုလ်ကျ၊ မိုက်ကြေးခွဲတာ ခံရတဲ့ကိစ္စပဲ၊ အေးလေ - ကျုပ်ကလည်း သူတို့နဲ့ လွတ်ကင်းလို့မှမရတာ၊

မလွတ်ကင်းဘူးဆိုတာကတစ်လုံးနှစ်လုံး၊ သုံးလုံးဂဏန်း နှိုက်လောင်းကစားတဲ့ကိစ္စ၊ မူးယစ်ဆေးဝါးရောင်းဝယ်တဲ့ကိစ္စမိန်းမပျက်တွေမွေးထောင်တဲ့ကိစ္စ အဲဒါတွေ တစ်ခုမှမဟုတ်ဘူးနော်၊ ယုန်ထင်ကြောင်ထင် မခံချင်လို့ကြို့ပြောတာပါ၊

ပစ္စည်းပေါင်၊ ငွေတိုးချေးကိစ္စလားဒါလည်း မဟုတ်ပါဘူး၊ ရပ်ကွက်ထဲမှာအဲလိုလူတွေလက်ချိုးရေလို့တောင်မကုန်ဘူး၊ ဒါဖြင့် ဘာလဲ၊ ကျုပ် နောက်မှတော့ပြောပါ့မယ်၊ ဆန္ဒမစောကြပါနဲ့၊

❑

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် – မျိုးဆက်သုံးဆက်လုံး လင်ရကံဆိုးလွန်းလှပါတယ်။

မျိုးဆက်သုံးဆက်ဆိုတာ ကျုပ်အမေရယ်၊ ကျုပ်ရယ်၊ ကျုပ်သမီးရယ်ကို ပြောတာပါ။ ကျုပ် မရှက်တော့ပါဘူး။ ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေတော့။

ကျုပ်အမေ အိမ်ထောင်သုံးဆက်။ ကျုပ် အမေ့ကို အပြစ်မဆိုဘူး။ ကျုပ်အဖေ အရက်သမား အန်ဖတ်ဆို့သေတော့ ကျုပ်အမေ အသက်လေးဆယ် မပြည့်သေးဘူး။ အရွယ်ရှိတယ်။ အလှရှိတယ်။ လွတ်လပ်တဲ့မုဆိုးမဆိုတော့ လက်တည့်စမ်းချင်ကြတာပေါ့ရှင်။ အတည်ယူချင်သူက နည်းနည်း။ အပျော်ကြံ၊ အချောင်နှိုက်ချင်တဲ့လူက များများဆိုတော့ တစ်ပင်လဲလို့ တစ်ပင်ထူလိုက်တဲ့သဘောပါ။ ကျုပ်ပထွေးလည်း ပါမှာပါ။ သူလည်း အရက်သမားပဲ။ တခြားရွာမှာ သွားအာကျယ်တော့ ရိုက်သတ်လိုက်တာ သေပါရော။ လက်သည်တောင် မပေါ်ဘူး။ နောက်တစ်ယောက် အမေ့လိုပဲ ကလေးတစ်ယောက် မုဆိုးဖိုလူအေး။ ဒါပေမဲ့ – အမေ့လက်ထဲရောက်တော့ မအေးတော့ဘူး။ သူလည်းအရက်သမားပဲ။ အမေ့ကိုနိုင်မှနိုင်။ သူသောက်ဖို့ အရက် အမေကိုယ်တိုင် ဝယ်ပေးရတာ။ သူက တစ်လုံးဆို အမေက နှစ်လုံးဝယ်ပေးတာ။ မြန်မြန်သေ အေးရောဆိုတဲ့ သဘောလားတော့ မသိဘူး။ အဲဒါ ဆေးရုံတက် အရက်ဖြတ်ထားတာနော်။ ပြန်သောက်ရင် သေမယ်ဆိုတာ သိသိကြီး။ ကျုပ်ထင်တဲ့အတိုင်းပါပဲ။ အမေ – သူ့လင် ကျုပ်ပထွေးနဲ့ တစ်နှစ်တောင် မပေါင်းလိုက်ရဘူး။ အရက်နာကျပြီး သေပါရော။

သုံးကျောင်းပြောင်းသောရှင် သုံးလင်ပြောင်းသောမယား မကောင်းဘူးဆိုတဲ့သဘောပေါ့။ ကျုပ်က သမီးအရင်းလေ။ ဘယ်သူကောင်းကောင်း မကောင်းကောင်း ကျုပ်ကတော့ အမေ ဘာလုပ်လုပ် အကောင်းပဲမြင်တယ်။ ကျေးဇူးရှင်လေ၊ ဒီနေ့ ကျုပ်ဘဝ ရပ်တည်လို့ရအောင် ပညာအမွေပေးခဲ့တဲ့ အမေပဲဟာ။ ဘာပညာဆိုတာ နောက် ကျုပ်ပြောပြပါမယ်။

ကျုပ်ဆိုတဲ့ မနီက အမေ့လိုပဲ လူ… လူအေးဆိုပြီး ကျုပ်ယူလိုက်တာ။ ကျုပ်… ကပဲ ကံဆိုးချင်လို့လားတော့ မသိ… ကျုပ်လက်ထဲရောက်မှ သောက်… တဲ့အရက်၊ အဲဒီအရက်နဲ့ပဲ သေ… ကျုပ်သမီးအခါတောင် …ည်သေး… ဒါကြောင့် ကျုပ်ရဲ့နောက်အိမ်ထောင်…

www.burmeseclassic.com



သူ့အဖေရင်းလို ထင်ထားတာ၊ တော်တော်လေးကြီးမှ သေးက ပြောတာရော သွေးက ပြောတာရောကြောင့် ပထွေး မှန်းသိသွားတာ၊ အဲဒီအချိန်မှာ သမီးက အပျိုဖြစ်နေပြီ၊ ကျုပ် စိတ်မချနိုင်တော့ ဘူး၊ ဒါကြောင့် သွားလေရာ ကောက်ကောက်ပါအောင် ခေါ်သွားရတာ၊ ကျုပ် (၁၄၊၁၅)နှစ်မှာကျုပ်ကိုအမေခေါ်သလို ပေါ့၊ ပညာလည်း ရအောင် နောက် ကြောင်းလည်း အေးအောင်ဆိုတဲ့ ရည် ရွယ်ချက်နဲ့ပါ၊

ဆယ်နစ်ကျော်ပဲ ပေါင်းလိုက်ရပါ တယ်၊ ဒုတိယအိမ်ထောင်လည်းအရက် ကြောင့်ပဲ အသည်းကျွတ်နာကျပြီး သေ သွားတာအေးရော၊ ကျုပ်လည်းအသက် [illegible]ဆယ်ကျော်ပြီဆိုတော့ ဘယ်သူမှ [illegible]တော့ဘူး၊

တတိယမျိုးဆက်တဲ့ ကျုပ်သမီး အကြောင်း ဆက်ပြောပါရစေ၊

ကျုပ်ကိုယ်တိုင် ရိုးသားတယ်၊ ကြိုး [illegible]တယ်၊ အသောက်အစား လောင်း [illegible] ကင်းတယ်ဆိုပြီး ပေးစားလိုက် [illegible] ဝထမပိုင်းတော့ ဟုတ်သလိုလို [illegible]လေးတစ်ယောက်ရပြီး ဖွဲဖောက် [illegible]တာပဲ၊ ပွေတယ်၊ ရှုပ်တယ်၊ အရက် [illegible]သင်းအောင် သောက်တယ်၊ ဘာ အလုပ်မှ မလုပ်ပဲ ယောက်ျားမဖြစ်တဲ့ ကျုပ် ရှာကျွေးတာပဲ' အပြိုမ့် သား ထိုင်စား တယ်၊

“ဒီလိုကောင်မျိုးနဲ့ ဆက်ပေါင်းရင် ကျုပ်သမီးပဲ ဒုက္ခရောက်မှာ၊ ဒါကြောင့် မပေါင်းဖို့ကွာရှင်းဖို့ပြောတော့ အသွားနဲ့ အမေ့ကိုကြည့်ပြီး သင်ခန်းစာရနေပြီတဲ့၊ ကိုယ်လင် ကိုယ်မယားပဲ ကောင်းတယ် တဲ့၊ ကလေးမျက်နှာကြည့်ရသေးတယ် တဲ့လေ၊ ဒီတော့ ကျုပ်က –

“အေး – မိသားစုစားဖို့တော့ ငါ ရှာ ပေးနိုင်တယ်၊ နင့်လင်အရက်ဖိုးတော့ ငါ မပေးနိုင်ဘူး”

လို့ အပြတ်ပြောလိုက်တယ်ဆိုရင် ပဲ၊ မအေမောမောနဲ့ အိမ်ပြန်ရောက်လို့ ရေတစ်ခွက် ခပ်တိုက်ရကောင်းမှန်း မသိတတ်တဲ့ဟာမက သူ့လင်အရက်ဖိုး ရအောင်ပန်းရန်လိုက်လုပ်လေရဲ့၊ ဘယ် လောက်ဝမ်းရေစပ်လဲလို့၊

“ဒေါ်နီပဲ နွားကျခံတယ်၊ မောင်း ထုတ်လိုက်ပါလား”

အိမ်နီးချင်းတွေက အမြင်မတော် အကြားမတော်လို့ စေတနာနဲ့ ပြောကြ တာပါ၊ ကျုပ်မပြောရက်ပါဘူး၊ သူ့ဟာသူ မနေချင်လို့ ဆင်းသွားရင်တောင် ကျုပ် က မဆင်းကြပါနဲ့လို့ ခြေသလုံးဖက်

www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ရမှာပါ။ ဘာဖြစ်လို့လည်းဆိုတော့ ကျုပ်မြေးလေးနဲ့ မခွဲနိုင်လို့ပဲ တော်ရေ့။

တကယ်ကို အနစ်ပါ။ အချစ်တွေ၊ မေတ္တာတွေရောထက် ကျုပ်က ပိုပါတယ်၊ သနားတာပါ။ ဝမ်းတွင်းရှူးလေး အခန်းပျက်လေး၊ ကျုပ်မပြည့်တာလေးတွေကြောင့် ကျုပ်ကလွဲလို့ ဘယ်သူ့မှ စိတ်မချနိုင်လို့ပါပဲ။

တဲ – ကျုပ်တို့ မျိုးဆက်လင် ကံမကောင်းတဲ့ရှင်းလင်းချက်၊ ဒါလောက်နဲ့ တော်ပါပြီ။ ကံကောင်းတာလည်း ရှိပါတယ်၊ နောက်အိမ်ထောင်တွေနဲ့ အမေရော၊ ကျုပ်ရော သားသမီးထပ်မရကြတော့လို့ပဲ ဖြစ်ပါတယ်။

❑

ကျုပ်အမေ အမွေပေးလို့ ကျုပ်ချောင်ချောင်လည်လည်ဖြစ်တယ်လို့ စကားအခံရှိတာလေး ဆက်ပါတော့မယ်။

အမေပေးတဲ့ပညာအမွေဆိုတာ ကိုယ်ဝန်ဆောင်တွေကိုကလေးမွေးဖွားအောင် လုပ်ပေးရတဲ့ အရပ်လက်သည် အလုပ်ကို ပြောတာပါ။

ကျုပ် (၁၄၊ ၁၅) နှစ် အပျိုဖော်ဝင်ပြီဆိုထဲက မွေးလူနာအိမ်တွေကို အမေကခေါ်သွားပါတယ်။ ကလေးမွေးဖွားတာလက်တွေ့သင်ပေးပါတယ်။ မီးတွင်းထဲမှာ ဘယ်လိုဆေးဝါးတွေ သုံးဖို့ ကြိုတင်စုဆောင်းရတယ်၊ လက်သည်ဆီမှာလည်း အသင့်ဆောင်ထားရတယ်၊ မီးထွက်ရင်သွေးသန့်သွားအောင်ဘယ်လိုချွေးထုတ်ရတယ်။ အသေးစိတ် သွန်သင်ပေးလို့ (၁၆၊ ၁၇) နှစ် အပျိုဖားဖားဖြစ်ချိန်မှာ အမေမပါဘဲ ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်နေပါပြီ။ ဒါပေမဲ့ – အမေမပါပဲ ကျုပ်ချည်းသက်သက် မလုပ်ရဲတာ အမှန်ပါ။

မွေးလူနာနှစ်အိမ်သုံးအိမ်တိုက်နေပြီဆိုရင်တော့ ကျုပ်ငြင်းလို့မရတော့ဘဲ အရဲစွန့်လုပ်ရာက အောင်မြင်သွားတာပါ။ (၄၊ ၅) ကြိမ်မြောက်မှာတော့ ကျုပ်ကိုယ်ကျုပ် ယုံကြည်မှု ရသွားပါတယ်။

ဒါပေမဲ့ပေါ့ရှင် – အမေတို့ခေတ်နဲ့ ကျုပ်တို့ခေတ်က မတူတော့ဘူးလေ၊ အမေတို့ခေတ်က ဆိပ်ကြီးဦးမြ ငါးစုသုံးရပ်ကွက် တစ်ရွာပေါင်းအိမ်ခြေတစ်ထောင်ကျော်မှာမှ လက်သည်ဆိုလို့ အမေတစ်ယောက်တည်း။ ပတ်ဝန်းကျင်ကရင်စု၊ ချောင်ပိုင်းကြီး၊ ချောင်ပိုင်းလေး

www.burmeseclassic.com

www.burmeseclassic.com



ခါအဝင် လေးငါးရွာကလည်း အမေ့ဆီလာကိုးနေရတာဆိုတော့ခေတ်စကားနဲ့ပြောရရင် အမေ့စီးပွားရေးဈေးကွက်တွေပဲပေါ့ရှင်။ ဒါကြောင့်လည်း ကျုပ်တို့မိသားစုဘဝကို အမေ ထိန်းထားနိုင်တာပေါ့။

ကျုပ် ဒီဘက်ခေတ်မှာတော့ အရာရာ ပြောင်းလဲသွားပြီ။ အစိုးရခန့် ရပ်ကျေးရွာသားဖွားဆရာမတွေ၊ ဆင့်ပွားသင်တန်း သားဖွားအကူတွေ၊ ဆေးရုံဆေးခန်းတွေ၊သားဖွားနဲ့မီးယပ်ဆရာဝန်အထူးကုပါရဂူ၊ ပါမောက္ခတွေမှ ခေါ်လိုက်လို့ ပေါ်မှပေါ်။ ဆိုရရင် ဈေးကွက်ကျတဲ့အဆင့် ဖြစ်ရောဆိုပါတော့။

ကျုပ်ကလည်းအမေအမွေပေးတာ ထောက်ပဲ တတ်တာဆိုတော့ လိုလျှင်ကြံဆ နည်းလမ်းရဆိုစကားလိုပေါ့။ အရပ်လက်သည်ကို အခြေခံပြီး နည်းလမ်းပြောင်း၊ လမ်းသစ်ရှာရတော့တာပေါ့ရှင်။

❑

ကျုပ် ကနဦး (၃၊၄)ယောက်ကို ကြည့်တယ်။ ဆေးဝါးနဲ့တင် အဆင်ပြေသွားတယ်။ သုံးလကျော်ရင်တော့ ဆေးဝါးနဲ့ မတိုး၊ အပြင်ဘက်ကို လက်အကူနဲ့တွန်းတာ၊ ဖိတာ၊ ဖျစ်တာ လုပ်ကြည့်တယ်။ ဒါလည်းအောင်မြင်တာပဲ။ လေးလကျော်ရင်တော့ ဆေးဝါးနဲ့ မရတော့ဘူး။ အပြင်ကုထုံးနဲ့လည်း မရတော့ဘူး။ အတွင်းဘက် နှိုက်ထုတ်ရတယ်။ အဲလိုတွေနဲ့ တစ်စတစ်စ နာမည်ကြီးလာတာ။ လာလိုက်ကြတာ တစ်လ (၄၊၅)ယောက်မကဘူး။

ကျုပ် သတင်းစာ၊ ဂျာနယ်၊ တီဗွီမှာ မကြော်ငြာဘူး။ အိမ်ရှေ့ဆိုင်းဘုတ် မထောင်ဘူး။ သမွန်ဆိပ်မှာ လမ်းညွှန်ဆိုင်းဘုတ်မထားဘူး။ လက်ကမ်းကြော်ငြာမပေးပဲကို၊ သူ့နည်းသူ့ဟန်နဲ့ စုံစမ်းပြီး ရောက်လာကြတာ။ သိတယ်ဟုတ်လား။ ပန်းသတင်းလေညင်းဆောင်၊ လူ့သတင်း လူချင်းဆောင်တဲ့၊ ဘုရားတစ်ရာ အပေါက်ပိတ်လို့ရတယ်။ လူတစ်ယောက်ပါးစပ်ပေါက် ပိတ်လို့မရဘူးဆိုစကားလိုပေါ့။

နှစ်တစ်ပတ်လည်တယ်ဆိုရင်ပဲ ကျုပ်လက်ထဲငွေသီးနေပြီ။ ကျုပ်–ကျုပ် သမီး–ကျုပ်မြေး ရွှေတိုရွှေစလေးတွေ ဆင်ပေးနိုင်ပြီ။ အရပ်ထဲ ငွေတိုးချေး၊ ပစ္စည်းအပေါင်ခံနိုင်တဲ့အဆင့် ရောက်သွားပြီဆိုပါတော့ရှင်။

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးစိုင်သင် ဆိုသလိုပေါ့။ အလုပ်တ သင်သွားတာပဲလေ။ ရက် သားလသားလောက်ဆိုရင် တစ်သိန်း၊ နှစ်လနှစ်သိန်း။ သုံးလမပြည့်ရင် သုံးသိန်းသုံးလကျော်ပြီဆိုရင်တော့ ရှစ်သိန်း၊ ဆယ်သိန်းပဲ။ ဈေးများလို့ မပေးဘဲနေမယ်ထင်သလား။ ကျုပ်ကသာ ဖြစ်ရပါစေမယ်လို့တစ်ခွန်းတည်းအာမခံစကားပြောလိုက်ရင်-ရော့-အင့်-ယူပါပဲ။

ဆေးရုံဆေးခန်း ဒီလောက်မကုန်ဘူး။ တစ်သိန်း၊ တစ်သိန်းခွဲပဲ။ ဒါပေမဲ့-မသွားဘူး။ လုပ်ပေးမှာလည်း မဟုတ်ဘူး။ တစ်ရက်ကနေ နှစ်ရက် အကွဲမခံချင်ကြဘူး။ ဒါကြောင့် ဈေးများမှန်းသိပေမဲ့ ကျုပ်ဆီပဲ တန်းတန်းမတ်မတ်သိုသိုသိပ်သိပ်နဲ့ရောက်လာကြတာပေါ့ရှင်။

ကြုံတုန်း ပြောပြပါဦးမယ်။ ကျုပ်ပထမဦးဆုံး ဆယ်သိန်းနဲ့ လက်ခံတဲ့အကြောင်း၊ ကောင်မလေးက ပညာတတ်ဘွဲ့ရ၊ အချောလေးဆိုတော့ ကြေးတက်လူချမ်းသာတွေက ချွေးမတော်ချင်ကြတယ်။ လာစပ်တယ်၊ ကြောင်းလမ်းတယ်၊ နည်းမျိုးစုံနဲ့ ရွှေလမ်းငွေလမ်းဖောက်ပြီး ချဉ်းကပ်တယ်။ ကောင်မလေးအဖေက ညွှန်ချုပ်အဆင့်အရာရှိကြီး၊ အမေက ရွှေဆိုင်ပိုင်ရှင်။ ဒါကြောင့်ရွှေရုပ်ထပ် မြတ်တယ်ဆိုပြီး ချဉ်းကပ်တာ၊ တန်းမညီတော့ အဖေရော အမေရောက ခါထုတ်တယ်။

နောက်ဆုံးတော့ မိဘတွေကိုယ်တိုင် သမက်ရှာတယ်၊ တွေ့တယ်၊ ကုမ္ပဏီသူဌေး စက်ရုံပိုင်ရှင် စက်ရုံမိန်းမ သမီးသားအမည်ခံစက်ရုံသုံးရုံပိုင်ရှင်၊ ဒီအဆင့်ရောက်အောင် ကောင်မလေးအဖေက သူကောင်းပြုထားတဲ့ကျေးဇူးရှိတော့ငြင်းမရဘူး၊ကောင်လေးမိဘတွေက အာမဘာခံလိုက်ရတယ်။

ကာယကံရှင် သမီးကို နားချတော့ပြဿနာတက်ရော၊တော်လိုက်တဲ့သမီး "ငါ့သမီး တော်လှ၊ တော်လှနဲ့ ယောက်မြင်းစီး" ထားပြီး၊ ဘယ်သူနဲ့လဲဆိုတော့မောင်အငယ်ဆုံးလောက်ရှိတဲ့အိမ်အလုပ်ကောင်လေးနဲ့၊ သေရော၊ ဆရာဝန်နဲ့စစ်ကြည့်တော့ ခုနစ်လတောင် ရှိပြီ။ ဒီပြဿနာ နားမရှုပ်တဲ့ပြဿနာ၊ ကောင်လေးဘက်က ဘယ်လိုမှ လက်မခံနိုင်တဲ့ကိစ္စဆိုတော့နောက်ဆုံး ကျုပ်ဆီ ရောက်လာရောဆိုပါတော့။

ပြောရင်ယုံနိုင်စရာတောင်မရှိဘူး ပုံစံမပျက်ဘူး။ အဆီအစိမ့်စားလို့ ဗိုက်ရှိသလိုပုံစံပဲရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှလလဲ"

"ခုနစ်လ"

"ဟုတ်ရဲ့လားဟယ်"

"ဆရာဝန်နဲ့ စစ်ထားတာပါ"

ဆရာဝန်ကိုယ်တိုင်က ခုနစ်လပါ ဆိုမှတော့ ကျုပ် ယုံရတော့မှာပေါ့။ ဒီလောက်ရင့်ထော်နေတာကြီး ကျုပ် ဘာဝန်မယူရဲကြောင်း ကောင်မလေး အမေကို ပြောရပါတယ်။

"ရှေ့ဆက်ပြီး ဘာလုပ်မယ်ဆိုတာ အစ်မကြီးကို စကားမရှန် ပြောထားပြီးပြီ ရှင်း။ ဖြစ်နိုင်တဲ့နည်း အကြံပေးပါဦး"

"ဘယ် တော့ လောက် မဂ်လာ ဆောင်ကြမှာလဲ"

"ရှေ့လထဲမှာ ဆီဒိုးနားမှာ ဒိတ်ယူ ထားပြီးပြီ"

ကျုပ် အဖြေပေးရခက်နေပြီ။ ကျုပ် ကောင်းသလောက် ပေးမယ်ဆိုတာ ကည်း ခန့်မှန်းလို့ရနေပြီ။ အမြင့်ဈေးရ ဖြစ်လို့ ဈေးဦးမလန်ချင်ဘူး။

"မင်္ဂလာကိစ္စနှစ်လ၊ သုံးလလောက် ဆုတ်ဆုတ်လိုက်ပါ"

"အင်း - မျက်နှာတော့ ပျက်ကုန် တော့မှာပဲ"

"လုပ်ပေးလို့က ရတယ်။ အခန့် ဆောင့်ရင် ကောင်မလေး အသက်ပါ ဆုံးနိုင်လို့ ပြောနေရတာပါ"

"အစ်မကြီးက ဘယ်လိုလုပ်ချင်လဲ ပြောပါဦး"

ကျုပ်လုပ်မယ့်အစီအစဉ်ကို ပြောပြ တော့ ကောင်မလေးရော သူ့အမေကပါ လက်ခံတယ်။

"ကောင်းပါတယ်။ ဒီလိုပဲ လုပ်ရ တော့မှာပေါ့။ ကဲ - ဘယ်လောက်ပေးရ မယ်ဆိုတာ ပြောပါ။ တစ်ခါတည်း ချေခဲ့ ချင်လို့"

"ဆယ်သိန်း - များတယ်မထင်နဲ့ နော်။ နေ၊ စား၊ ငြိမ်းပါ တာဝန်ယူရမှာဖြစ် လို့ပါ"

ကျုပ် တောင်းတာ နည်းသွား သလားမသိဘူး။ ဘာတစ်ခွန်းမှမပြောပဲ အလွယ်တကူပဲ ငွေအကျေချေခဲ့တယ်။ ကောင်မလေးကိုလည်း သူ့အမေရှေ့မှာ တင်မှာစရာရှိတာ မှာရတယ်။

"ဒီနေ့ကစပြီး ကြီးကြီးလို့ခေါ်။ ဘာ တော်လဲလို့မေးရင် ကြီးကြီးရဲ့တူမတော် တယ်။ အဖေ့အစ်ကိုနဲ့ ကြီးကြီးနဲ့ မောင် နှမလို့ပြော။ မိဘသဘောမတူတဲ့လူနဲ့ ခိုးရာလိုက်ပြေးလို့ အမေ့ပြတ်ထား ကြောင်းပြော၊ လင်မယားချင်းစကားများ ရန်ဖြစ်လို့ အိမ်ကဆင်းလာခဲ့လို့ပြော။ ကြီးကြီးဆီမှာ မွေးမှာဖြစ်ကြောင်း ပြော။ မမေ့နဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ခုနစ်လ၊ နောက်နှစ်လကျော်ကျုပ်ကနေစားပြီးတာဝန်ယူထားတာဆိုတော့ ပတ်ဝန်းကျင်အမြင်ရှင်းအောင် ယုတ္တိရှိအောင်လည်းလုပ်ရသေးတာ။

ကျုပ် တိုတိုပဲ ပြောပါတော့မယ်။

လစေ့လို့ မွေးရောဆိုပါတော့၊ ရှောရှောရှူရှူ လွယ်လွယ်ကူပါပဲ။

"အဲ-အဲ-အုဝဲ"

"ဘာလေးလဲ-ကျွန်မကြည့်ပါရစေ ကြီးကြီး"

အရေးထဲ ကလေးက မွေးမွေးချင်း တအဲ့အဲ့လုပ်နေလေရဲ့။ ကောင်မလေးက မွေးလာပြီဆိုတော့ မိခင်စိတ် ရုတ်ခြည်းပေါ်လာတယ်ထင်ပါရဲ့၊ ကလေးကိုကြည့်ချင်လို့တဲ့။ သူ၊ သူ့အမေနဲ့ ကျုပ်သုံးဦး ဇလုယ်ကတိခံထားတာ ရှိတယ်။ ကျုပ် ကောင်မလေးအလိုလိုက်လျောလို့မဖြစ်ဘူး။

"အု-ဝဲ-အဲ့"

"ဝှတ်"

"မကြည့်ချင်ပါနဲ့ဟယ်။ မီးတွင်းထဲ သွေးတက်နေပါဦးမယ်။ အသေလေး မွေးတာဟဲ့"

❑

ကျုပ် ငွေမရှိလို့ ငွေရှာစဉ်က စိတ်မော၊ လူမော ဒုက္ခမျိုးစုံ ခါးစည်းခံခဲ့ရတာပါ။ ခုတော့ ကံတရားက ကျုပ်ဘက် အလေးသာလာပြီလို့ပဲ ဆိုရတော့မယ်ထင်ပါရဲ့၊ ငွေက ကျုပ်ရှိရာ ဝင်လာမစဲ တသဲသဲပေါ့ရှင်။

အခု - ကျုပ် ကြေးခေါ်လို့ရမယ့် လူနှစ်ယောက်ရောက်လာပြီ၊ ကာယကံရှင် မိန်းကလေးတစ်ယောက်၊ သူနဲ့ ဘာတော် လဲ တော့ မသိ ဘူး။ အသက်ငါးဆယ်ကျော် လူကြီးတစ်ယောက်။

ရွှေဆိုင်ပိုင်ရှင်လို့ပဲ ပြောရမလား၊ ရွှေမက်သူလို့ ပြောရမလားတော့ မသိ၊ ကောင်မလေးကိုယ်ပေါ်မှာဆို လက်စွပ်၊ လက်ကောက်၊ ဟန်းချိန်း၊ ဆွဲကြိုး၊ စိန်နားကပ် ဆင်မြန်းထားတာ ညွှတ်လို့၊ သူနဲ့ပါတဲ့အဘိုးကြီးလက်ထဲက ပိုက်ဆံအိတ်၊ သိန်းအစိတ်သုံးဆယ်တန် ဟန်းဖုန်း။ ဒါတွေက တော်ရုံချမ်းသာလို့ ကိုင်နိုင်တာမဟုတ်ဘူး။ ဒါကြောင့် ကျုပ် ကြေးခေါ်လို့ရပြီပြောတာပါ။

"ဘယ်နလရှိပြီလဲ"

"လေးလကျော်လောက်ပြီထင်တာပဲ"

"ထင်တာပဲမလုပ်နဲ့ညည်းမွေ့တာ ရက် မမှတ်ထားဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မှတ်ထားပါတယ်၊ လေးလကျော် ရှိပြီ"

"ငါးလထဲ ရောက်နေပြီပဲ၊ လုပ်လို့ မရတော့ဘူး၊ ဆေးရုံမှာ သွားလုပ်ပါ"

ကျုပ်နဲ့ ကောင်မလေး စကားစ ပြတ်ခင်မှာပဲ သူနဲ့ပါလာတဲ့ လူကြီးက ကြားဝင်ပြီး -

"ဆေးရုံသွားလို့ မဖြစ်လို့ပါ၊ သွား ခင်လည်း လုပ်ပေးမှာမဟုတ်ဘူး၊ ဖြစ် အောင်သာ လုပ်ပေးပါ၊ တောင်း သလောက် ပေးပါ့မယ်"

"ဒီလိုရှိတယ်၊ ကျွန်မလုပ်ရမယ့် အခက်အခဲကို ..."

"အဲဒါတွေ ပြောမနေနဲ့၊ ဘယ် လောက်ပေးရမယ်ဆိုတာပဲပြော"

အင်း - ခက်တော့ နေပြီ၊ ငွေကြေး အတ်နိုင်သူကျတော့လည်း ပိုက်ဆံ တောားပဲ ပြောနေပါလား၊ ကျုပ် ရှင်းပြ သည်းလက်ခံမှာမဟုတ်ဘူး၊ ဒါကြောင့် ကျုပ်တလည်းပြတ်ပြတ်ပဲ၊

"ဆယ့်ငါးသိန်း"

"ဖြစ်တယ်၊ လောလောဆယ် ဆယ်သိန်းပဲ ပါတယ်၊ ကျန်တာ နောက် နေ့လာပေးမယ်"

လွယ်လိုက်တာ၊ ရှေ့အင့်ပဲ၊ ကြည့် တောငွေနဲ့ရှင်းရင် ဘာမဆိုဖြစ်ရမယ်ဆို တဲ့အသိပဲ ရှိပုံရပါတယ်၊ လောကကြီးမှာ ငွေနဲ့ ဖြေရှင်းလို့မရတာတွေ မကြုံဖူး သေးလို့ထင်ပါရဲ့၊

ကျုပ် သဘောပေါက်လိုက်ပြီ၊ ဒီကောင်မလေးပြဿနာ ဒီလူကြီး ပြဿနာပဲဖြစ်ရမယ်ဆိုတာပါ၊ အံ့ပါ့ တော်၊ ဖအေနဲ့ သမီးအရွယ် သားသမီး ချင်းမှ ကိုယ်ချင်းမစာ၊ ကျုပ်ကောင်မ လေးကိုတည့်ပဲ မေးလိုက်တယ်၊

"ကြီးကြီးကို မရှက်မကြောက် ပွင့် ပွင့်လင်းလင်းပြောစမ်းပါ"

ဆိုတော့ ကောင်မလေးကလည်း ဇာတ်စုံခင်း ရင်ဖွင့်တော့တာပါပဲ၊

❑

သမီးနဲ့ အဲဒီလူကြီးက ဆွေမျိုး အဖေ့ရဲ့အစ်ကိုဝမ်းကွဲဆိုတော့ ဘကြီး ဝမ်းကွဲတော်တယ်၊ သမီးတို့က ရောဝတီ တိုင်း၊ ရွာကြီးတစ်ရွာမှာနေတယ်၊ မိဘ တွေက လယ်လုပ်တယ်၊ စားနိုင်တယ် ဆိုရုံပါ၊ ချောင်လည်တဲ့အဆင့် မဟုတ် ပါဘူး၊ ဒါကြောင့် ဆယ်တန်းအမှတ် ကောင်းကောင်းနဲ့ အောင်ပေးသို့လို့ တက္ကသိုလ် ဆက်တက်ရပါလျက်နဲ့ မတက်နိုင်ဖြစ်နေချိန်မှာ ဦးကြီး ရောက် လာတယ်၊ မိန်းမသေတဲ့ မုဆိုးဖိုပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ သမီးသုံးယောက်ရှိတယ်၊ သုံးယောက်လုံး တက္ကသိုလ်ကျောင်းသူတွေ၊ သူ့သမီးတွေလည်း အဖော်ရအောင် သမီးရဲ့ပညာရေးကိုလည်း ဆုံးခန်းတိုင်အောင် တာဝန်ယူချင်လို့ဆိုပြီး သမီးရဲ့မိဘတွေကို ပြောတယ်၊ ခွင့်ပြုတယ်၊ သမီးကလည်း ဝမ်းမြောက်ဝမ်းသာနဲ့ လိုက်ပါခဲ့တယ်၊

အဲဒီတုန်းက အဖေနဲ့ အမေကို သနားလို့ဆိုပြီး ငွေဆယ်သိန်းပေးခဲ့တယ်၊ အမှန်ကတော့ သမီးကို တစ်ဖက်လှည့်နဲ့ ဝယ်လိုက်တယ်ဆိုတာ နောက်မှသိရတယ်၊ သိတဲ့အချိန်ဟာနောက်ကျသွားပြီ၊ ဦးကြီးဆန္ဒပြည့်သွားပြီ၊

တစ်ရက်မှာတော့ သမီးနဲ့ ဘကြီးနဲ့ နှစ်ယောက်တည်းရှိစဉ်မှာ အိမ်ရှေ့ဧည့်ခန်းမှာ စကားပြောဖြစ်ကြတယ်၊ စာကြိုးစားဖို့၊ ဘွဲ့ရရင်အလုပ်အကိုင်ဖန်တီးပေးဖို့အကြောင်းတွေပဲ ပြောဖြစ်တယ်၊ မသင်္ကာစရာ စကားတစ်ခွန်းမှ မပြောဘူး၊ အင်း-ဒါပေမဲ့-အအေးသောက်ဖြစ်ကြတယ်၊ ခါတိုင်းလည်း သောက်နေကျဆိုတော့ သတိမထားမိဘူး၊ နောက်မူးဝေပြီး သတိလစ်သွားတယ်၊

သမီး သတိပြန်ရတဲ့အခါ ဧည့်ခန်းမှာမဟုတ်ပဲ ဘကြီးအိပ်ခန်းထဲ ရောက်နေတယ်၊ မဖော်ပြသင့်တဲ့နေရာတွေမှာ စပ်ဖျဉ်းဖျဉ်းနဲ့ နာကျင်တဲ့ဝေဒနာတွေ ခံစားရတာကြောင့်အခြေအနေသိလိုက်ပေမဲ့ ဣန္ဒြေနဲ့ပဲ ဖုံးဖိထားတယ်၊

နောက်တစ်နေ့မှာ တစ်ကျပ်သားစီရှိမယ့် လက်စွပ်လေးကွင်း ဝယ်လာတယ်၊ သမီးအပါအဝင်တစ်ယောက်တစ်ကွင်းစီ လက်ဆောင်ပေးတယ်၊ သမီးကို မက်လုံးပေး နှုတ်ပိတ်တာ၊ သူ့သမီးတွေကိုတော့ ကြိုကာတဲ့သဘောပေါ့၊

ရွှေဝယ်ဖို့မပြောနဲ့၊ တက္ကသိုလ်မတက်နိုင်တဲ့သမီး ကိုယ်နဲ့ရင်းလိုက်ရတဲ့ အမြတ်အစွန်းလို့ပဲ သဘောထားလိုက်တယ်၊

သမီးအခြေအနေကို ရိပ်စားမိတဲ့ ဘကြီးဟာ သူ ဆန္ဒရှိပြီဆိုရင် ရွှေငွေ ရက်ရက်ရောရောပေးပြီး တောင်းဆိုလို့ သမီးလည်း လိုက်လျောခဲ့တယ်၊ အဲလိုလိုက်လျောရင်း ထိုးဆေးတားဆေး ကာကွယ်ဆေးတွေ သုံးပေမယ့် မထိရောက်ဘူး၊ သုံးလကျော်တော့ ဖွင့်ပြောလိုက်တယ်၊

"မင်း-ဘာဖြစ်ချင်လဲ"

သမီး ဘာဖြစ်ချင်ရမလဲ၊ ရှုံးတက်လက်မှတ်ထိုး၊ လက်ထပ်ဖို့ပဲရှိတော့တာပဲဟာလို့ပဲ ပြောလိုက်တာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူးကွာ"

လို့ဆိုတဲ့ ပြီး သူ့အကြောင်းပြချက်ဆွေတာ သူဟာ အစိုးရဝန်ထမ်း ညွှန်ချုပ်အဆင့်ပုဂ္ဂိုလ်ဖြစ်နေတာ၊ ရပ်ကွက်ထဲမှာလည်း လူရှိသေ၊ ရှင်ရှိသေ ရပ်မိရပ်ဖထိုနေရတာကြောင့် သိက္ခာကျမယ်၊ ဂုဏ်သရေညှိုးမယ်၊ သမီးသုံးယောက်အလည်း ဘယ်လိုမှလက်ခံမှာမဟုတ်ဘူးလို့ သူ့ဘက်သူ ယက်တဲ့စကားတွေပြောလာလို့ သမီးကလည်း အမျိုးသမီးရေးရာနဲ့ တိုင်မယ်၊ တရားရုံး ဦးတိုက်လျှောက်မယ်အရေးဆိုရတာပေါ့ရှင်၊

ဟုတ်တယ်လေ၊ ပါးကိုက်ရင် နားတိုက်ရတော့မှာပေါ့၊ အဲလိုကျတော့လည်းသေမှာထက်ကြောက်တယ်ထင်ပါရဲ့ သမီးနဲ့ အပေးအယူလုပ်တယ်၊

"ပေးထားတဲ့ပစ္စည်းတွေ အပိုင်ယူပါ"

ကိုယ်နဲ့ရင်းထားတာပဲ၊ သူတောင်းလည်း သမီး ပြန်မပေးပါဘူး၊

"ကိစ္စပိစ္စပြီးရင် သိန်းတစ်ရာပေးပါမယ်"

ကိစ္စပိစ္စ ဆိုတာ သိတယ် ဟုတ်လား၊ သမီးဗိုက်ထဲက သူ့ပစ္စည်းကို ရှင်းထုတ်ဖို့လေ၊

"အဲဒီကိစ္စအတွက် ကုန်ချင်သလောက်ကုန်ပါစေ"တဲ့၊

ဒီလိုမှမလုပ်လည်းတခြားရွေးစရာလမ်းမှ မရှိတော့တာရှင်၊

□

ကျုပ် သားသမီးချင်း ကိုယ်ချင်းစာပြီး ကောင်မလေးကို သနားတဲ့စိတ်၊ သေခါနီးကြီးကို ဒေါသစိတ်တွေ ဘယ်ရောက်ကုန်မှန်းတောင် မသိဘူး၊ ဟုတ်တယ်လေ၊ လူတင်ပါလို့ နွားကျားကိုက်တဲ့ပြဿနာ၊ လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှ မြည်တဲ့ပြဿနာပဲဟာ၊ ခေါင်းမူးမခံတော့ဘူး၊ ကျုပ်အလုပ်ပဲ ကျုပ်ဆက်လုပ်တာပဲကောင်းတယ်၊

ကျုပ်လုပ်သက်အရ သုံးရက်နဲ့ လျော့ကျတဲ့ဆေးတစ်ဆ တိုးပြီးတိုက်တယ်၊ အပူဆေးဆိုတော့ ပူတယ်၊ လောင်တယ်နဲ့ အော်ဟစ်မနေဖို့လည်း သတိပေးရသေးတယ်၊ ခေါင်းချင်းတိုက်တဲ့စက်မြိတ်ချင်းထိနေတဲ့ အေးချင်းကပ်အိမ်တွေမသိစေချင်တာကြောင့်ပါ၊

လေးရက် ငါးရက်ထိ မဆင်းဘူး၊ စိုးရိမ်မှတ်ရောက်လာပြီး ကျုပ်ကိုက်ပတ်လည်နှိပ်တယ်၊ တွန်းသယ်၊ အော်လိုက်တာမှ ငယ်သံပါလို့ ကျုပ် သမီးကိုခေါ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ပိတ်နိုင်းတော့ ခြေထောက်က တဒုန်းဒုန်းနဲ့ ဆောင့်လို့၊ သမက်ကိုပါ အတုခေါ်ရတယ်။

ခြောက်ရက်မြောက်တော့ စိုးရိမ်မှုတ်တော့်လာပြီ။ ကျုပ်မျက်ဖြူဆိုက်နေပြီ၊ ဝမ်းထဲက အပုပ်က မျက်နှာတက်ဆောင့်ပြီး ယောင်ကိုင်းနေပြီ။ ပါးစပ်၊ နှာခေါင်းအောက်ပိုင်းက ထွက်တဲ့အပုပ်နံ့ကျုပ်တောင်မခံနိုင်တော့ဘူး။ ခြေရင်းခေါင်းရင်းတွေကလည်း အသံတိတ်နေတယ်။ ဘာသံမှ မထွက်လေ၊ ကျုပ် ရင်ထဲတိတ်ထိတ် ဖြစ်လေပဲ။

ခြောက်ရက်မြောက်ညပိုင်း လူခြေတိတ်ချိန်စောင့်ပြီးလက်နဲ့ပဲအတွင်းပိုင်းနှိုက်ထုတ်တယ်။ မခံမရပ်နိုင်အောင် နာကျင်မှုဝေဒနာ ခံစားရပြီး အော်ဟစ်သံမကြားမို့ ကြည့်လိုက်တော့ ကောင်မလေး သတိမေ့မြောနေပြီ၊ တော်သေးတယ်။

အန့်ကလည်း ဆိုးလိုက်တာ။

"ဟော-တော့်"

"အမေ-ဘာဖြစ်လို့လဲ"

"သမီးလာစမ်း-အမေ့ကိုကူစမ်း"

အထဲကပစ္စည်းကိုင်လို့တောင်မရတော့ဘူး။ ပုပ်ပွရိုရွဲနေလို့ အပြင်ထုတ်မရတာကြောင့်ကျုပ်လန့်ပြီးအော်လိုက်မိတာပါ။

"အမေ-မဖြစ်တော့ဘူးနော်၊ ဆေးရုံပို့မှဖြစ်တော့မယ်"

"ဟဲ့-အဲဒါမှငါထောင်ထဲတန်းဝင်ရမှာ"

"အဘွား ထောင်ကျတာ အရေးမကြီးဘူး၊ အသက်နှစ်ချောင်းကယ်ရဖို့ အရေးကြီးတာနော်"

"တော်စမ်း-ဖိုးကျော်-သောက်ရူးနင်ဝင်မပါနဲ့"

"လုပ်ပါ အမေရယ်၊ ဆေးရုံပို့ရအောင်ပါ"

"တော်-တော်-နင်တို့ ငါ့နားတစ်ယောက်မှ မနေကြနဲ့"

ကျုပ် အကုန်လုံး မောင်းထုတ်ပြီး လုပ်ငန်းဆက်လုပ်ရင်း အထဲက ပစ္စည်းတွေလည်းကုန်ရော၊ ကျုပ်ခေါင်းမိုးကြီးပစ်ကိန်းဆိုက်တော့တာပါပဲတော်။ ကောင်မလေးပါ အသက်ပျောက်သွားပြီလေ။

မိနီ ကြဲစမ်း၊ ညည်း ဘာလုပ်မှာလဲ၊ ဘာလုပ်မှာလဲ။

အင်း-လုပ်သလို ဖြစ်မလာတော့လည်း ဖြစ်သလို လုပ်ရတော့မှာပေါ့ရှင်။

www.burmeseclassic.com

www.burmeseclassic.com



ခုံးပိုင်းခုတ်ပိုင်း၊ ဆာလာအိတ်ထဲထည့် ချိုင်မြစ်ရေကျချောင့်ပြီး မျှော၊ အစ ရှောက်ရုံရှိတာပဲပေါ့ရှင်။

"ဟဲ့ - သမီး"

"မရှိဘူး အဘွား"

"နင့်အဖေရော"

"နစ်ယောက်လုံးအပြင်ထွက်သွား ကြတယ်။ သားတစ်ယောက်ပဲ အဘွား ကိုစိတ်မချလို့ စောင့်ပေးနေတာ"

ကျုပ်မြေး အရှုးအပေါလောက်မှ အသုံးမကျပါလား။

"ဗိုးကျော် - ခြေရင်းခေါင်းရင်းအိမ် တွေ အိပ်ကုန်ပြီလား။ ထွက်ကြည့်စမ်း"

"ညမိုးချုပ်ထဲက မရှိကြတော့ဘူး။ ဘယ်သွားကြလဲမသိဘူး"

ကောင်းလည်း ကောင်းတယ်၊ မကောင်းလည်းမကောင်းဘူး။

ကောင်းတာက ခုတ်၊ ထစ်၊ ပိုင်း၊ ဖြတ်၊ တဒုန်းဒုန်းအသံတွေ မကြားရလို့ ကောင်းတာ။ မကောင်းတာက အပုပ်နံ့ ခံနိုင်လို့ ရှောင်သွားကြတာပဲဖြစ်မှာ။ အာဖြစ်လို့ ညာဖြစ်လို့ဆိုတာ ပါးစပ် ပေါက်တွေက ပိတ်ထားကြမှာမဟုတ် ဘူး။

ခုတော့ လမ်းထဲမှာ အလောင်းစင် ပြင်ရင်၊ အဲဒီလမ်းက မသွားရဲတဲ့ ကျုပ် နာရေးအိမ်မှာ အလောင်းရှိနေသေးရင် မသွားရဲတဲ့ ကျုပ်ဆိုတဲ့ ဒေါ်နီကိုယ်တိုင် အရဲစွန့်ပြီး မလုပ်ရင် မဖြစ်တော့တာ ကြောင့် ...။

❑

"ဒေါ်နီ အဖေနာမည် ဦးသန်းဌေး"

"ရှိပါတယ်ရှင့်"

"ထောင်ဝင်စာ"

ထောင်ဝင်စာအခန်းထဲရောက် တော့ ကျုပ် ဝမ်းနည်းလိုက်တာ။ ကျုပ် သမီးနဲ့ သမက်မဟုတ်တဲ့ ကျုပ်မြေး ဗိုးကျော် အရှုးအပေါလေး ကြွပ်ကြွပ် အိတ်မည်းကြီးနဲ့ ပစ္စည်းတွေ ပါလာလို့ လေ။

"အဘွား - အားမငယ်နဲ့။ ငိုမနေနဲ့။ သား လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုး အလုပ်ဝင်နေတယ်။ လခထုတ်တိုင်း အဘွားကို လာတွေ့မယ်"

ကျုပ် ဘယ်လိုဖြေနိုင်မှာလဲ တော်။

➳ ရှစ်ခွင်ကျော်(ဇော်ဇော်သီ)

www.burmeseclassic.com

www.burmeseclassic.com

ပုဒ်မ တပ်မရသည့်

# လူသတ်တရားခံ

ညိုကျောင်



ကျာပလေး အေးမြသူသည် နွေကျောင်းပိတ်ရက် ရောက်ပြီဖြစ်၍
ာဝန်ကျရာ ဝမ်ဖီးရွာမှ ကားလမ်းဘက်သို့ ကသုတ်ကယက် လျှောက်လာခဲ့သည်။
ှလက်ထဲမှာတော့ ပစ္စည်းဆိုလို့ များများစားစားပါမလာ။
ာတ်အညှိသည့် သားရေအိတ်တစ်လုံးသာ လွယ်ပြီး
နေ့ဘက်သို့ သွားမည့် ကားတစ်စီးတလေ
တွေ့လိုတွေ့ငြား ထွက်လာခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ကျိုင်းတောင်းဘက်မှထွက်ခွာလာသည့် သစ်တင်ကားတစ်စီးကို တွေ့သည်နှင့် ဝမ်းသာအားရ လှမ်းတားလိုက်သည်။

"ဒီမှာ ကားဆရာရှင့် - နမ့်စန်ဘက်သွားချင်လို့ကားကြုံလိုက်ခွင့်ရှိရင်လိုက်ပါရစေရှင်"

ဆရာမလေး၏ ယဉ်ကျေးချိုသာဖွယ်စကားကြောင့် ရှေ့ကျားပျံဆေးပေါ့လိပ်ကိုပါးစပ်ထဲခဲပြီး သတိကြီးစွာထိန်းမောင်းလာသည့် ကားဒရိုင်ဘာသည် ဆရာမလေးရှေ့အရောက်တွင် ကားကို ဘီးခနဲ ဘရိတ်အုပ်ထိုးရပ်လိုက်ရသည်။

"ကားပေါ်မှာတော့ သစ်လုံးတွေချည်းမို့ ဆရာမလေး ဒုက္ခခံပြီး စီးတတ်မယ်ဆိုရင် လိုက်ခဲ့ပေါ့။ ရှေ့ခေါင်းခန်းမှာတော့ နေရာမရှိတော့ဘူး။ စပယ်ယာနဲ့ ကျုပ်တို့နှစ်ယောက်ဆိုတော့ မဆန့်လောက်ဘူး"

မိန်းမသားပင်ဖြစ်လင့်ကစားစပယ်ယာသည်ကားကြုံလိုက်လာသူတိုင်းကို နေရာဖယ်ပေးရပေါင်း များပြီဖြစ်၍ နေရာဖယ်မပေးချင်တော့ကြောင်း သိနေသည့်ဒရိုင်ဘာသည် စကားကို ပိတ်ပြောလိုက်ခြင်းဖြစ်သည်။

"ရပါတယ်ရှင် - ဘယ်နေရာက လိုက်ရလိုက်ရ မြို့ရောက်ရင် ပြီးတာပဲ။ လိုက်ခွင့်ပေးတာကိုပဲ ကျေးဇူးကြီးလှပါပြီရှင်"

ဆရာမလေး အေးမြသူသည် ကားဆရာအားကျေးဇူးတင်စကားပြောအပြီးမှာ သစ်လုံးတင်ကားပေါ်သို့ လှမ်းတက်ရန် ခြေလှမ်းပြင်လိုက်သည်။

ကားမှာ ဆရာမလေးအရပ်နှင့် နှိုင်းယှဉ်လျှင် မြင့်လွန်းရကား ဒရိုင်ဘာနှင့် စပယ်ယာတို့မှာ ဆရာမလေး အေးမြသူအား ကားပေါ်အရောက် တွန်းတင်ပေးလိုက်ရသည်။

အချိန်မှာ နေဝင်ရီတရောပင်ဖြစ်လင့်ကစားရှမ်းပြည်၏ဆောင်းနှင်းလက်ကျန်ပေမို့ အမှောင်ထုက သိပ်သည်းစွာ စိုးမိုးဝင်ရောက်လာသည်။

ကားဒရိုင်ဘာနှင့် စပယ်ယာတို့သည် နိုလန်ထမင်းဆိုင်တွင် ထမင်းဝင်စားကြစဉ်က အကြောင်းများကိုစမြုံ့ပြန်ကြရင်း တဟီးဟီး တဟားဟားနှင့် ကားမောင်းရင်း စကားကောင်းလာကြသည်။

"ဟော့ကောင် - သီကား၊ ထမင်းဆိုင်က ရှမ်းတရုတ်မရဲ့ အပြုအစုကတော့

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပေါ့ကွာ၊ အရက်ကို ပါးစပ်ထဲ လောင်းမထည့်ရုံတစ်မယ်-ငှဲ့ပေးလိုက်တာရော၊ အမြည်းကို ခွံ့ကျွေးတာရော မှုစလိုက်ပုံများ အိမ်ကမိန်းမကိုတောင် ခေါ်ထားလောက်တယ်ကွ"

"ဆရာကလည်း-ဒါကတော့ဆရာ့လို ဒရိုင်ဘာတွေ ဝက်ထော(ငွေပေါ်) မှန်းသိလို့ဒီကောင်မတွေအတွက်ငွေရှုံးသည်းတစ်ခုပေါ့ဗျာ"

"ဘာပဲဖြစ်ဖြစ်ကွာ-တို့ရှမ်းတရုတ်အရက်တွေလည်း သောက်ထားကြတော့ ဒီည လွိုင်လင် မတက်တော့ဘူး နော်၊ နမ့်စန်သစ်ဆိပ်မှာပဲ အိပ်တန်းတက်လိုက်ကြတာပေါ့ကွာ"

"ဒါတော့-ဆရာ့သဘော-ဆရာ့သဘော"

ဤသို့ဖြင့် ဒရိုင်ဘာဖြစ်သူသည် လက်ပြစလတွက်ကလေးကို ကားပေါ်တင်ရင်း အရက်ကလေးတမြမြ၊ ဆေးလိပ်တဖွာဖွာဖြင့် ကားစတီယာရင်ကို ခိုင်ခိုင်ထိန်းပြီး မြွေလိမ်မြွေကောက်လမ်းတစ်လျှောက်စီးမျောမောင်းနှင်နေလေသည်။

ခိုလန်အထွက် ဝမ်ဖွီးရွာနှင့် နမ့်စန်မြို့မှ မိုင်(၃၀)ကျော်ခန့်သာရှိ၍ မောင်းနှင်ရုံ့တစ်နာရီကျော်အတွင်း သစ်တင်သည့်ကားမှာ နမ့်စန်မြို့တွင်းသို့ ဆိုက်ရောက်လေတော့၏။

တစ်ရသော ကားရပ်နားနေကျ "မြပုဏ္ဏမီ" စားသောက်ဆိုင်ရှေ့တွင် ကားထိုးရပ်အပြီးမှာတော့ ကားဆရာနှင့် စပယ်ယာတို့သည် ရှေ့ခေါင်းခန်းမှ ဒယီးဒယိုင်နှင့် ဆင်းလိုက်ကြသည်။

"ကဲ-ကဲ-စပယ်ယာရေ့-နမ့်စန်တော့ ရောက်ပြီ၊ ဆရာမလေးကို ကားပေါ်က ကူချပေးလိုက်ကြရအောင်"

ဒရိုင်ဘာပြောအပြီးမှာ ကားသမားနှစ်ဦးတို့သည် ကားနောက်ဘက် သစ်လုံးပုံရှိရာ နောက်ခန်းဘက်သို့လျှောက်လာလိုက်ကြ၏။

"ဟိုက်-ဆ-ဆ-ဆရာမမရှိတော့ဘူး-ဆရာ၊ ဟော-ဟိုမှာ-သူ့သားရေအိတ်ကလေးတော့ တွေ့တယ်၊ ဘယ်နယ်ဗျာ-ချက်ချင်းကြီးကားပေါ်ကဆင်းရင်တောင်-ကျွန်-ကျွန်တော်တို့မြင်မှာပဲ၊ ခုတော့-ပျောက်ခြင်းမလှ ပျောက်နေပြီကော-ဆရာ"

စပယ်ယာစကားကြောင့် ဒရိုင်ဘာသည်ငယ်ထိပ်မြွေပေါက်ခံလိုက်ရသည့်အလား၊ ချက်ချင်းခေါင်းနားပန်းကြီးသွားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကောင်ရ - သေချာလည်း ရှာစမ်းပါဦး၊ သစ်တုံးတွေကြား ပိမိနေသလားလည်း ကြည့်ဦးကွ၊ အလကား မတ်တင်းနဲ့ တင်လာပြီးခါမှ အမှုတက်၊ ကျိုင်တက်တော့မှာပဲ - ဟာကွာ - ဒုက္ခပါပဲ"

ဒရိုင်ဘာ၏စိုးရိမ်တကြီး ညည်းညူစကားကြောင့်စပယ်ယာသည်မနေသာတော့ဘဲ သစ်လုံးတင်ကားပေါ်သို့ ကုပ်တပ်တက်ပြီးလျှင်သစ်လုံးတစ်လျှောက်ပြူးတူးပြဲတဲ ရှာလေတော့၏။

အမှောင်ထုကလည်း ကြီးစိုးလာပြီဖြစ်၍ မဆိုစလောက်အလင်းရောင်အောက်မှာ စပယ်ယာသည် သဲသဲကွဲကွဲမြင်နိုင်စွမ်းမရှိရှာပေ။

"မတွေ့ဘူး - ဆရာ၊ ဒီဆရာမလေးတော့ "သူယောင်မယ်" လိုကိုယ်ယောင်ဖျောက်ပဲ သွားသလား၊ အင်း - "ကျတ်" တွေလို ဖန်ဆင်းပြီး မြေလျှိုးမိုးပျံသွားသလား၊ ကားထဲက ဓာတ်ဆီလိုအငွေ့ပဲ ပျံသွားသလားမသိနိုင်တော့ဘူး - ဆရာရေ"

"သောက်ရေးထဲ ကွာ - မင်းက မတုတ်က၊ ဟုတ်က စိတ်ကူးယဉ်နေရသေးတယ်၊ ရှာမှာဖြင့် သေသေချာချာ ရှာစမ်းပါဦးကွ"

ဒရိုင်ဘာနှင့် စပယ်ယာတို့၏ အထိတ်တလန့်ပြောနေကြသည့်စကားသံ၊ ဒေါင်ချာစိုင်း၊ အရှုးမီးဝိုင်းနေသည့်ဟန်ပန်တို့ကြောင့်စားသောက်ဆိုင်ထဲမှလူအချို့တို့သည် သူတို့ရှိရာသို့ ဝိုင်းအုံလာကြတော့၏။

ထိုလူတို့သည်ကားသမားနှစ်ဦးတို့အားတစ်ယောက်တစ်ပေါက်စပ်စပ်စုစုမေးကြ၊ မြန်းကြ၊ စုံစမ်းကြနှင့် ထိုအခိုက်အတန့်အချိန်အတွင်း စားသောက်ဆိုင်ဝန်းကျင်တစ်ခွင်လုံး အုန်းအုန်းကျက်ကျက် ညံလေတော့၏။

ဤသို့ဖြင့် ဆန်းကြယ်စွာ ပျောက်ဆုံးသွားသည့် ဆရာမလေး၏ သတင်းသည် ဆောင်းနှောင်းရက်ကျန်တစ်ခုသော ညဦးယံအတွင်း ဘာသဲလွန်စမှ မရချေပဲ စုန်းစုန်းမြုပ်ကာ ဟိုးလေးတကြော်အဖြစ်သာ အဖတ်တင်လေတော့သတည်း။

❑

အချစ်နှင့် စစ်ဆိုတာ

ငယ်ပေါင်းကြီးဖော်များ ဖြစ်ကြသည့် "စိုင်းလိတ်" နှင့် "စိုင်းဆိုင်ဖ" တို့သည် "ကာလေ" မှဆိုးရွာတွင် ပခုံးချင်း

www.burmeseclassic.com

www.burmeseclassic.com



တော်ခါးချင်းဖက်ကာ အတူကြီးပြင်းလာကြသည့် သူငယ်ချင်းနှစ်ဦးတို့ ဖြစ်ကြသည်။ စိုင်းလိတ်သည် ရွာသူကြီးသားဖြစ်ပြီး စိုင်းဆိုင်ဖမှာ "ပလောင်"မုဆိုးကြီးတစ်ဦး၏သား ဖြစ်လေသည်။ ရှမ်းပြည်တောင်ပိုင်းတစ်နေရာရှိ ကာလေရွာမှာ တောတောင်မြိုင်ကန္တာတို့ ပတ်သည်ဝန်းရံလျက်ရှိပြီး အမဲကောင်တို့ပေါ်ချင်းသောချင်း ပေါ်ချင်တိုင်း ပေါ်များလှရကား အရွယ်ရောက်ပြီဖြစ်သည့် သူငယ်ချင်းနှစ်ဦးတို့သည်တူမီးသေနတ်နှင့် ဒူးလေးကိုယ်စီထမ်းကာ တောနင့်တောင်စွယ်အနှံ့အလျှိုးသင့်သလိုအမဲလိုက်ထွက်တတ်ကြချေ၏။

အခါအားလျော်စွာ သူငယ်ချင်းနှစ်ဦးတို့သည် မတ်စောက်မြင့်မားလှသည့် ကာလေတောင်ကြီးပေါ်သို့တက်ဖြစ်ကြသည်။ ထူးဆန်းသည်မှာ အနီ - ကာလေတောင်ကြီးပေါ်တွင် အလေ့ကျ ကြံရိုင်းပင်တို့ ပေါက်ရောက်နေခြင်း၊ ကျောက်ဆောင်ကမ်းပါးယံကြားမှ "ကျောက်သွေး"တို့ ယိုစိမ့်ထွက်နေကြခြင်းတို့ကြောင့် သူတို့နှစ်ယောက်သည် ကြံပင်များကို ခုတ်ရန် တောင်ကမ်းပါးယံမှ ကျောက်သွေးတို့ကို ဖဲ့ယူ၊ နိုက်ယူရန်နှစ်ဦးသဘောတူ ထွက်ဖြစ်ကြသည်။

ရွာရှိ ကုန်စုံဆိုင်မှ "ကျောက်သွေးစစ်စစ်ရမည်" ဆိုသည့် ဆိုင်းဘုတ်ကလည်း သူတို့နှစ်ဦးအပေါ် မက်မက်စက်စက် မျက်စိပစ်ပြနေသည်မဟုတ်ပါလား။

ကြံရိုင်းနှင့် ကျောက်သွေးတို့နှင့်ပတ်သက်၍ရှေးရှမ်းပလောင်တို့ပြောဖြူးသည့် စကားကလည်း သူတို့နှစ်ဦးအတွက် စိတ်ဝင်တစား မှတ်သားလောက်ပါပေသည်။

"ဟေး - လူလေးတို့ - ကာလေတောင်ကြီးပေါ်က ကြံရိုင်းဟာ ဘယ်ကြံနဲ့မှ မတူဘူးပ။ စုပ်ကြည့် - စုပ်ကြည့် - အရမ်းချိုလေ - အဲ - တောင်အောက်တိုယူလာပြီး စုပ်ကြည့်၊ အား - ရေသောက်နေရတဲ့အတိုင်း ဘာအရသာမှမရှိဘူးဟ။ အင်း - လူလေးတို့ ကျောက်သွေးအစွာသွားကြမယ်ဆိုလည်း သတိထားသွားကြ။ ဝက်ဝံရန်က ကြောက်ရတယ်၊ ဒီကောင်တွေဟာ များရည်နဲ့ကျောက်သွေးဆိုရင် လွှတ်ကြိုက်ကြတော့၊ အဲဒီကျောက်သွေးတွေ တစက်ကျတဲ့နေရာမှာဝက်ဝံတွေအကြီးအလုအယက်စွာစားနေကြတာလူလေးတို့ တွေ့ပါလိမ့်မယ်၊ အဲ - ကျောက်သွေးဟာ ဆေးသကြားလို ချိုမြမြအရသာ

www.burmeseclassic.com



တော့ ဝက်ဝံတွေ အကြိုက်တွေ့နေကြတာပေါ့ကွာ” သူတို့ သဘာဝအားဆေးအဖြစ်နဲ့လည်း မှီဝဲကြပါရဲ့၊ အင်း–တို့လူအတွက်ကတော့ အမောလုံအားဆေးတစ်ခုပေပဲပေါ့”

“ခက်ခက်ကိုမှ လိုချင်တယ်” ဆိုသည့်စကားအတိုင်းပါပေ။

စိုင်းဆိုင်ဖနှင့်စိုင်းလိတ်တို့သူငယ်ချင်းနှစ်ဦးသည် နာမည်တစ်လုံးနှင့် သတင်းမွှေးပေသည်။ ထိုကာလေတောင်(သို့မဟုတ်)မဲနယ်တောင်ပေါ်သို့ တစ်နေ့တွင် တက်ဖြစ်ကြသည်။ သူတို့သည် ရှေးလူကြီးသူမတို့ စကားအတိုင်း ဝင် ကျောက်သွေးတချို့ရသည့်အခါရှိသလို၊ ဝက်ဝံနှင့်တွေ့၍ တောင်ဆင်ခြေလျှောအတိုင်းလမ်းမရှိပန်းမရှိဖင်ဒရွတ်တိုက်ဆွဲကာ ခွေးပြေးဝက်ပြေး ပြေးခဲ့ရသည့်အခါများနှင့်လည်း ကြုံခဲ့ရဖူးပေသေးသည်။ ဝက်ဝံများနှင့် တော့တော့ဆိုင်ဆိုင် မကြုံဖြစ်သည့်နေ့များမှာတော့ အဆိုပါကြံရိုင်းများကိုခုတ်ပြီးနှစ်ဦးသားရသော့စိတ်ဖြေကြံစုပ်ခဲ့ကြသည်။

“အပါးပါး–ဟုတ်တယ်ဟေ့–ဒီကြံရိုင်းက ချိုမှ ချိုပဲ”

ရှေးလူကြီးတို့စကားက မှန်ပေစွ။ ထိုကြံရိုင်းတို့မှာ ထူးကဲစွာ ချိုမြိန်သည့်အရသာကို ပေးစွမ်းနိုင်သည့်အတွက် နှစ်ဦးသား ထူးထူးခြားခြား ထိုချိုသောကြံဆစ်အား စုပ်ခဲ့ရပါသေးသည်။ ရှေးလူကြီး မှဆိုးတို့စကားအပေါ် မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့်မို့ ကြံချောင်းတစ်ချောင်းတလေအား တောင်ခြေထိ ယူဆောင်ပြီး စုပ်ကြည့်သည့်အခါ ထူးခြားဆန်းကြယ်စွာပင် ထိုကြံချောင်းတို့မှာ ရေဓါတ်အလား အရသာကင်းမဲ့နေသည်အား ခံစားလိုက်ရလေသည်။

ကာလေရွာနှင့်အတူ ဝမ်ဟင်ရွာ၊ အရှေ့ဝမ်ပုံရွာ၊ ခဲလုံရွာနှင့်အရှေ့မီးသွေးကုန်းရွာတို့တွင် ထိုအချိန်က “ကျောက်သွေးပွဲစား” များ ခြေချင်းလိမ်နေကြ၍လည်း သူငယ်ချင်းနှစ်ဦးသည် ပင်ပန်းတကြီး ရလာသည့် ကျောက်သွေးတို့ကိုရောင်းဝယ်ဖောက်ကားကာ အညီအမျှ ခွဲဝေယူကြရင်းဖြင့် သူတို့၏ ကမ္ဘာငယ်လေးမှာ မှဆိုးစိုင်သင်အဖြစ် ပီတိ–ငြိမ်းချမ်းရေးအသွင် ဆောင်ထားခဲ့ကြသည်။

တစ်နေ့တွင် ထိုငြိမ်းချမ်းတိတ်ဆိတ်သည့် ကမ္ဘာငယ်လေးထဲသို့ ဒီန်းဒလိန်းနတ်ပူးဝင်သည့် မုန်တိုင်းငယ်တစ်ခုသည် လေအလွှမှာ မွှေ့သရမ်းလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အရွယ်ကလည်းရောက်လာ၊ လူပျို ပေါက် ကလည်း ဖြစ်လာကြသည့် စိုင်းဆိုင်ဖ နှင့် စိုင်းလိတ်တို့သည် ရွာ ဘွမ်းတောင်ကိုင် ရှမ်းသမီးပျိုလေး နန်းခမ်းအောင်နှင့် ပတ်သက်၍ အချစ် စစ်ပွဲလေးတစ်ခု ၎င်းတို့ရင်တွင်းမှာ ဖြစ် ပွားကြလေတော့၏။

အလှသွေး ဆူဝေကာ ပြစ်မျိုးမဲ့ ဆောင်ပေသည့် နန်းခမ်းအောင်အပေါ် သူငယ်ချင်းနှစ်ဦးတို့သည် ပြိုင်တူပင် သတိပြုမိလာကြ၏။

"အချစ်နှင့်စစ်မှာ မတရားတာမရှိ" ဟုတိုင်စွဲထားသူနှစ်ဦးအဖို့ ငယ်ငယ်က သည်ပင်းဖက် ကြီးပြင်းလာခဲ့သည့် သူငယ်ချင်းချစ်အပေါ် ဥပေက္ခာပြုမိကြ ပြီတကား။

"ဟေ့ကောင် - ဆိုင်ဖ - မင်းလို ဆေးမသားကများ - ဘုရင့်စားတော် ချက်တို့နှိုက်ရဲတယ်လို့ကွာ၊ အမဲရိုးနယ် ဘင်အိုးမှ အားမနာ"

"အို့ဟိုး - အိုက်လိတ်ရာ - မင်းကပဲ ပြောရတယ်ရှိသေး၊ မင်းလို မျောက် ခေါင်းအငှားတပ်ထားတဲ့ မျက်ခွက်နဲ့ များ နန်းခမ်းအောင်လို ရွှေမင်းသမီး လေးတို့မှမှန်းရတယ်လို့ကွာ၊ သူတောင်း စားတများ - ကိုယ့်ရုပ်ကိုယ့်ရည်နဲ့ တန် အောင်ရှာပဲ စဉ်းစားစမ်းပါကွာ"

ဤမည်သောအချစ်စစ်ပွဲလေး ကြောင့် တစ်ချိန်က သိပ်ချစ်ကြသည့် သူငယ်ချင်းနှစ်ဦးတို့သည် "မ" အတွက် နှင့် စကားနှုတ်လုံ့ထိုးကြပြီးသကာလ တစ်ယောက်နှင့်တစ်ယောက်မှာ မျက် နှာချင်းမဆိုင်ချင်လောက်အောင်အမုန်း မီးပွားများ တောက်လောင်နေကြတော့ ၏။

လက်ရှိအခြေအနေတွင်ယောက်ျား ပီပီ ချောမောခန့်ညားသည့် စိုင်းဆိုင်ဖ သည် နန်းခမ်းအောင်၏အချစ် ဆိုသည့် ပန်းတစ်ပွင့်ကိုပိုင်ဆိုင်ထားပြီးဖြစ်ရကား သူကြီးသားဆိုသည့် အရှိန်အဝါဖြင့် လူမိုက်အားကိုးလာမှာကိုတော့ ချစ်သူ နှစ်ဦးမှာ စိုးနောင့်ဗျာပွေနေကြရသည်။

စိုင်းလိတ်၏အခြေအနေမှာလည်း တစ်နေ့တခြားပို၍ဆိုးရွားလာချေသည်။ ဖခင်ဖြစ်သူသူကြီးအရှိန်အဝါဖြင့်တပည့် တပန်းလူမိုက်များနှင့်အတူရေဆိပ်တွင် ရေခပ်ဆင်းသည့် နန်းခမ်းအောင်အား နည်းမျိုးစုံဖြင့် အနှောင့်အယှက်ပေးလာ ကြသည်။

တစ်နေ့ စိုင်းလိတ်သည် နန်းခမ်း အောင် ရေခပ်ဆင်းလာသည့်လမ်းတွင် အလစ်ချောင်းနေရာမှ ပိတ်ရပ်လိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခမ်းအောင် - နင့်ကို ငါ သိပ်ချစ်လွန်းလို့ ခုလို အရဲစွန့်ပြီး ချစ်ခွင့်တောင်းရတာပါဟာ။ ငါလေ - နင့်ကို တစ်သက်လုံး ရွှေပေါ်မြတင်ပြီး စောင့်ရှောက်သွားမှာပါ။ ဘယ်လိုလဲ - ငါ့ကိုပြန်ချစ်နိုင်မယ် မဟုတ်လား"

နန်းခမ်းအောင်သည် မိမိနှင့် စိုင်းဆိုင်ဇ ချစ်နေမှန်း သိပါလျက်နှင့် ပြောရက်လေခြင်းဆိုသည့် ယူကျုံးမရ အကြည့်ဖြင့် စိုင်းလိတ်အား ရွံရှာစက်ဆုပ်စွာ ကြည့်လိုက်သည်။

"ဒီမယ် - အိုက်လိတ် - နင့်မို့လို့ ဒီစကားပြောထွက်ပလေတယ်။ "ဆိုင်ဇ" ဟာနင့်သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးပဲမဟုတ်လား။ နင်ကတော့ကွာ - အကြံပက်စက် ဆန်ကောလောက်မှ စောက်မနက်ဆိုသလိုပါပဲလားဟယ်။ ထွီ - ရွံဖို့ကောင်းတယ်"

နန်းခမ်းအောင်သည် အိုက်လိတ် (အိုက် = အကောင်) အားသာသာနှင့် နာနာနက်သည့်စကားကိုဆိုအပြီး "ထွီ" ခနဲ တံတွေးတစ်ချက်ထွေးကာ ဆောင့်ကြီးအောင့်ကြီးနှင့်တင်ပါးနှစ်ဖက်ကိုယမ်းခါတာ လှည့်ပြန်လာခဲ့သည်။

နန်းခမ်းအောင်၏ အကြင်နာမဲ့စွာနှင့်သီးသည့်စကားကြောင့် စိုင်းလိတ်သည် တောက်တစ်ချက်ခေါက်ကာ - "နေနှင့်ဦးပေါ့ကွာ - ပျံလေတဲ့ငှက်ခါးနားခါမှသိမယ်" ဟု စိတ်ထဲတွင် တေးမှတ်ထားလိုက်သည်။

ဆိုးရွားလာတော့မည့်အခြေအနေ အပေါ်မှန်းဆမိကြသည့် ချစ်သူနှစ်ဦးတို့သည် တစ်ခုသောလမိုက်ညတွင် တိတ်တခိုး ချိန်းတွေ့ကြလေ၏။

"စူရယ် - (မြန်မာတို့ ချစ်စနီးဖြင့် "မောင်" ဟု ခေါ်သလို ရှမ်းတို့က "စူ" ဟု ခေါ်ကြ၏) စိုင်းလိတ်အခြေအနေ ကြည့်ရတာ သိပ်မဟန်ဘူး။ ဆင်ကြံ့ကြံ့တော့မယ့်ပုံပဲ။ နန်းလေ - စိုင်းနဲ့ ခွဲရမှာ အရမ်းကို စိုးရိမ်နေပြီသိလား။ "မယ့်" (အမေ) ကလည်း စိုင်းလိတ်နဲ့ရျည်း ပေးစားချင်နေတယ်။ တို့ဘုရားက မယားဘက် ခပ်ပါပါဆိုသလို အမေက စိုင်းလိတ်ကိုပဲ ယူရမယ်လို့ရျည်း ပြောနေတယ်။ ဘယ်လိုလုပ်ရမလဲ - စူရယ်။ အကြံလေး၊ ဘာလေး ထုတ်ပါဦး။ နန်းတော့ စိတ်ညစ်လှပြီ"

"အို - ဒီအတွက်နဲ့တော့ နန်းလေး ဘာမှစိတ်ညစ်မနေနဲ့။ အင်း - ...တ်သာတဲ့အဆုံးစိုင်းက နန်းအတွက်ဆိုရင် အသက်သေသေရင်...မယ်။ ဒီကောင့်လက်ထဲတော့ နန်းကို အပါမခံနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



င်းလေ – နန်းကို ခိုးပြေးမှာပေါ့။ ဟောဒီ သစ်ဆိမ့်ပင်ကြီးကို တိုင်တည်ပြီး သစ္စာဆိုမယ်လေ”

နန်းခမ်းအောင်သည်မိမိအားကျစ်ကျစ်ပါအောင်ဖက်ထားသည့်စိုင်းဆိုင်ဖ၏ရင်ခွင်ကျယ်ကြီးထဲတွင် ခိုမှီရင်း စိုင်းဆိုင်ဖ၏ မျက်နှာအား လွဲ့ရွှန်းသည့် မျက်ဝန်းဖြင့် မော့ကြည့်လိုက်လေ၏။

သည်သို့ဖြင့် စိုင်းဆိုင်ဖနှင့် နန်းခမ်းအောင်တို့သည် သူတို့ ချိန်းတွေ့နေကျ ထိပ်က သစ်ဆိမ့်ပင်အား တိုင်တည်ကာ သစ္စာဆိုလိုက်ကြသည်။

“ကျွန်တော် – ကျွန်မတို့ သည် အသင်သစ်ဆိမ့်ပင်ကြီးအား သက်သေထား၍တစ်ဦးနှင့်တစ်ဦးသက်ဆုံးတိုင် ပေါင်းဖက်ကြပါမည်ဟု သစ္စာဆိုပါသည်”

ထိုစဉ်က ချစ်သူနှစ်ဦး၏ သစ္စာဆိုစကားမှာ သဲထဲရေသွန်သကဲ့သို့ အရာထင်ခဲ့ပါချေ၊ အကြောင်းကိုဆိုရသော် သမီးဖြစ်သူ ကောင်းစားရေးအတွက် တစ်ခုသော ညတစ်ညတွင် မိခင် နန်းအိမ်သည် ပိပိရိရိ တိုင်ပင်ထားသည့်အတိုင်း စိုင်းလိတ်နှင့် သမီးဖြစ်သူ နန်းခမ်းအောင်အား တံခါးပိတ်ဝါဒ ကျင့်သုံးလိုက်ချေတော့၏။ မိခင်ကြီး၏အခန်းတံခါးပိတ်၊ အဓမ္မပေးစားလိုက်မှုကြောင့် နန်းခမ်းအိမ်၏အပျိုစင်ဘဝ ရေတိမ်နစ်ရရှာတော့၏။

ထိုအချိန်မှစ၍ နန်းခမ်းအောင်သည် မသန့်စင်တော့သည့် မိမိရုပ်ခန္ဓာအား ချစ်သူစိုင်းဆိုင်ဖလက်သို့ ဝတွက်မအပ်ရက်လေ၍ မိခင် ဒေါ်နန်းအိမ်၏ဆန္ဒအတိုင်းပင်၊ အိမ်ထောင်ရေးဝဲဩဃထဲ မျက်စိမှိတ်ကာ ရေစုန်မျှောလိုက်ရရှာတော့၏။

“ဝေးပြီပေါ့ – နန်းရယ်၊ ဒီသစ်ဆိမ့်ပင်ကြီးအောက်မှာ သစ္စာဆိုထားကြပေမယ့် တို့သစ္စာစကားဆိုတာ နွေလာနှင်းပျောက်သလို ပြယ်လွင့်သွားပါပကောလား – နန်းရယ်”

စိုင်းဆိုင်ဖသည် နန်းခမ်းအောင်နှင့် ဝေးရလေပြီမို့ သစ်ဆိမ့်ပင်အား တိုင်တည်ရင်း နေ့ရှိသရွေ့ပါးပြင်ထက်မှ မျက်ရည်ဖြိုင်ဖြိုင် ကျနေမိတော့သည်။

❑

ကျောင်းတော်ကရန်စ

“ဟော့ကောင် အိုက်လိတ် – ငါ့ကို ဂါ သတ်မယ်၊ ငါတို့နှစ်ယောက်အပေါ် ယုတ်မာခဲ့တဲ့မင်းကို အရှင်မထားဘူး တွေ့ရာသင်္ချိုင်း ဓားမဆိုင်းပဲဟော့”

www.burmeseclassic.com

www.burmeseclassic.com



စိုင်းဆိုင်ဖသည် စိုင်းလိတ်နှင့် ရွာလယ်လမ်းကွေ့တွင် မျက်နှာချင်းဆိုင်တွေ့တိုင်းစိတ်အင်ရာနာကြည်းချက်ဖြင့် ဤသို့လျှင် မြိမ်းခြောက်စကားဆိုတတ်ချေသည်။

"မသေခင်ထမင်းဝအောင်စားထားဦးပေါ့ကွာ"

"နောက်တစ်နေ့ မျက်နှာသစ်စရာမရှိတော့တဲ့ မင်းအလောင်းကို နန်းခမ်းအောင်မကြာခင်မြင်ရတော့မှာပါ–ထွီ"

သည်စကားများဖြင့် စိုင်းဆိုင်ဖသည် စိုင်းလိတ်၏ မနက်ဖြန်ပေါင်းများစွာသော အနာဂတ်ကို တမြည့်မြည့်ခံစားစေဖို့ ခြောက်လှန့်နေတတ်သည်။

အခါအားလျော်စွာစိုင်းဆိုင်ဖသည် သူငယ်ချင်း နောက်တစ်ဦးဖြစ်သည့် အိုက်ဩနှင့် ကာလေတောသို့ အမဲပစ်ထွက်တိုင်း စိုင်းလိတ်တို့ ဆရာတပည့်များနှင့် တောတွင်းတစ်နေရာတွင် ဆုံရတတ်ပါသေးသည်။ ထိုစဉ်က စိုင်းဆိုင်ဖသည် ဒူးလေးတစ်လက်ဖြင့် အမဲလိုက်ထွက်ပြီး စိုင်းလိတ်တို့က သူကြီးသားပီပီ တူမီးသေနတ်ကို ဆောင့်ကြွားကြွားဖြင့် ကိုင်ဆောင်ခွင့်ရလေသည်။

တစ်နေ့တွင်ဖြစ်၏။ စိုင်းလိတ်တို့မှာ တောတိုးရင်းကျောက်စမ်းအိုင်တစ်အိုင် ရေ့ရေသောက်ဆင်းနေသည့် ဂျီ(ချေ) တစ်ကောင်အားချောင်းနေစဉ်စိုင်းလိတ်ဘေးရှိ ယမနေပင်၏ ပင်စည်ထဲသို့ မြားတစ်စင်းက ဒုတ်ခနဲ စိုက်ဝင်လေတော့၏။

ဝိုးခနဲ၊ ဒေါက်ခနဲ မြားစိုက်ဝင်သည့် လေခွင်းသံကြောင့် နဂိုကပင် တထိတ်ထိတ်နှင့် အလန့်လန့် အဖျပ်ဖျပ်၊ ပျာယီပျာယာ ရေသောက်ဆင်းနေသည့် ချေကောင်မှာ အမြီးညောင့် ကဆုန်ပေါက်ကာ စမ်းအိုင်၏ တစ်ဖက်ကမ်းပေါ်သို့ သုတ်ခြေတင်ပြေးလေတော့၏။

သည်ဖြစ်ရပ်အပေါ်တဒင်္ဂမျှအံ့အားသင့်သွားကြသည့် စိုင်းလိတ်တို့ ဆရာတပည့်နှစ်ယောက်သည် အံ့ဩတကြီးအသံလာရာဘက်သို့ပြိုင်တူလှည့်ကြည့်လိုက်ကြတော့၏။

"ဟာ–ဟော့ကောင်ဆိုင်ဖ–ခွေးမသား–ဒါ–ဘာလုပ်တာလဲကွ။ ငါတို့ပစ်မယ့်အမဲကောင်ကို မင်းက ကပ်ဖျက်ယဖျက် လုပ်လိုက်တာပေါ့လေ"

"ဟတ်–ဟား–ဒီ(ရယ်)ရတယ်ကွ။ မင်းတို့မရှေ့က်ခင်ကတည်းက

www.burmeseclassic.com



...ကို ဒီနေရာမှာ ကြိုပြီးရောက်နေတာ ...ဒါ ပစ်ချင်သပဆိုရင် မင်းတို့ထက် ...ဦးအောင် ပစ်ပြီးကရောပေါ့ကွာ၊ ...ပမယ့် တောစည်း၊ တောင်စည်း ...စောင့်ရတယ်ကွ၊ မင်း မမြင်ဘူး ...ချေမလေးမှာမပေါ့မပါး "ဗီး" နဲ့ကွ၊ ...ပေါ့လေ - မင်းလိုကောင်မျိုးက ...တောစည်းမပြောနဲ့၊ အချစ်စည်း ...မှမစောင့်နိုင်တဲ့ကောင်ဆိုတော့ ...တဲ့ ဒီချေမလေးကို ဒီလိုနည်းနဲ့ပဲ ...လိုက်ရတာပေါ့ကွာ"

"တောက် - မင်းတော့ကွာ - ဇဂရိုး ...ယ် (စကားကြီး စကားကျယ်) နဲ့ ...င်(ခွင်)ကို နောင့်ယှက်ပေါင်းများ ...တော့ လွန်ထားတာရှိနေလို့ပေါ့ ...ည်းခံရပေါင်းများပြီမှတ်၊ အေး - ...တစ်ခါဆို ငါ့အဆိုးမဆိုနဲ့"

"ကြည့် ကြသေးတာပေါ့ ကွာ၊ ...တဲ့ - ဗမာတွေ ပြောပြောနေတဲ့ ...နဲ့ ဆင်လယ်ပြင်မှာ တွေ့ကြတဲ့ ...- သတ္တိမကြောင်ကြေး - ဟား - ...- ဟား - ဟား"

...သို့ဖြင့် ကျောင်းတော်က ရန်စ ...သည် အကြောက်အကန် ရိသဲ့ ...တို့ဖြင့် ခွန်းကြီးခွန်းငယ် ပြော ...င် စိုင်းဆိုင်ဖသည် သားကောင်ချောင်းနေသည့် ဆူးရစ်ချုံမှ ထလာကာ ထိမထင်သည့်ဟန်ဖြင့် စိုင်းလိတ်ရှေ့ ဖြတ်လျှောက်လာကာ ယမနေပင်တွင် စိုက်ဝင်နေသည့်မြားတံကိုဟန်ပါပါဖြင့် နှုတ်ယူလိုက်သည်။

"ဟဲဟဲ - ဝမ်းနည်းပါတယ်၊ အချစ်ဆုံး မုန်းလိုက်ရတဲ့သူငယ်ချင်းရယ် - ကဲ - လမ်းခွဲလိုက်ကြစို့ရဲ့၊ ဩော် - ဒါနဲ့ - မှာထားခဲ့ရဦးမယ်၊ သားသည်မိခင် - ဒါမှမဟုတ် - ဗီးနဲ့ အကောင်ပလောင်ဖြစ်ဖြစ် တွေ့ရင် သနားစိတ်နဲ့ လွှတ်ပေးလိုက်ဖို့တော့ မမေ့နဲ့ဦးကွ - ဟား - ဟား - ဟား - ဟား"

❑

အိပ်မက်ညှို့ချက်

မြေခလေသက် ရော်ဝါရွက်တို့ တလွင့်လွင့်ဖြင့် ရုပ်တိုက်ပြေးသည့် နွေတစ်ရက်သို့ပင် ရောက်လာပြန်ပါပကော၊ သည်သို့ဖြင့် စိုင်းလိတ်မှာ သားဦးရင်သွေးငယ်လေးတစ်ယောက်ပင် ပိုင်ဆိုင်ရရှိလာခဲ့ပေပြီ၊

"မချစ်သော်လည်းအောင့်ကာနမ်း မနမ်းသော်လည်းပင့်သက်ရှူ" ဆိုသည့် စကားအတိုင်း နန်းခမ်းအောင်သည် ချစ်ဦးသူ စိုင်းဆိုင်ဖအပေါ် သံယောဇဉ်

www.burmeseclassic.com



မကုန်သော်လည်း သားဦးလေး "စိုင်းနော်ခမ်း" မျက်နှာကို တောက်ချင့်လာရပြီဖြစ်၍ "အဖမဲ့သား ရေနည်းငါး" အဖြစ်လည်း သားအပေါ် မခံစားစေလို။ သို့ကြောင့်ပင် သား၏ဖခင်ဖြစ်သူ စိုင်းလိတ်အပေါ် မိန်းမမြတ်တို့၏ မွန်မြတ်သည့်စိတ်ထားဖြင့် မယားကောင်းပီသအောင် တော့နေခဲ့ပေသည်။

နန်းခမ်းအောင်သည် ညတုန်းက မက်သည့် ချောက်အိပ်မက်ကြောင့် ဖျော့ချွေးဒီးဒီးကျကာ အိပ်မောကျနေရာမှ အထိတ်တလန့် နိုးလာခဲ့သည်။

"ဟင် - အိပ်မက်က တကယ့်ကို ချောက်ချားစရာကောင်းလိုက်တာ၊ တောကြီးတစ်တောထဲမှာ စိုင်းလိတ်ကို အသူတရာနက်တဲ့ ချောက်ကမ်းပါးကြီးက တဟီးဟီး တဟဲဟဲ အသံပေးပြီး ပါးစပ်ပြဲကြီးနဲ့ စုပ်မျိုသွားတာကို ငါမြင်လိုက်ရတယ်၊ အမျိုးခံလိုက်ရတဲ့ စိုင်းလိတ်ဟာဆိုရင် လေထဲကနေ ဟိုးမည်းမှောင်တဲ့ ဂူကြီးထဲကို ဦးစိုက်ဖောက် ထိုးကျသွားလိုက်တာများ၊ အို - ကြောက်စရာကြီးပါလား"

တစ်ကိုယ်လုံးအနှံ့ ထွက်ကျလာသည့် ချွေးသီးချွေးပေါက်တို့ကို အင်္ကျီလက်မောင်းစဖြင့် သုတ်ရင်း အတိတ်နိမိတ်မကောင်းသည့် အိပ်မက်ကြောင့် နန်းခမ်းအောင်သည် အနီးတွင် မောမော နှင့် တခေါခေါ အိပ်မောကျနေသည့် စိုင်းလိတ်အား လှုပ်နှိုးလိုက်သည်။

"စိုင်းလိတ် - စိုင်းလိတ် - ထ - ထ - ညက ငါ အိပ်မက်မက်တယ်၊ ငါ့အိပ်မက် က မကောင်းဘူး - ချောက်ချားစရာကြီး၊ နင် ဒီနေ့ တောလိုက်မသွားရင် ကောင်းမယ်"

စိုင်းလိတ် နန်းခမ်းအောင် လှုပ်နှိုး၍ ဘုမသိ ဘမသိ အိပ်မှုန်စုံမွှားဖြင့် ထထိုင်သည်။

"ဟာ - ဘာဖြစ်ရတာတုံး - ခမ်းအောင်ရယ်၊ ငါ့နယ် - အထိတ် တလန့်"

စိုင်းလိတ်၏ ဇဝေဇဝါအမေး ကြောင့် နန်းခမ်းအောင်သည် ညကမက် သည့် ထူးဆန်းသော အိပ်မက် အကြောင်းကို စီကာပတ်ကုံး ပြောပြ လိုက်သည်။

နန်းခမ်းအောင်စကားကို အဆုံး တိုင်နားထောင်ပြီးသည့် စိုင်းလိတ်သည် စိတ်ပျက်လက်ပျက် ခေါင်းကို ခါယမ်းပြီး ပြန်ပြောလိုက်သည်။

"ဟာ - နင့်အိပ်မက်က တောင်စဉ် ရေမရနဲ့ အဓိပ္ပာယ်မရှိပါဘူးကွာ၊ နင်နှိုး

www.burmeseclassic.com

www.burmeseclassic.com



ိုက်လို့ ငါမက်တဲ့အိပ်မက်ကလေး ောင်ဘယ်ပြေးသွားလဲမသိတော့ဘူး။ -ဒါနဲ့ပြောရဦးမယ်။ငါလည်းနင့်လို အိပ်မက်မက်တယ်ဟ၊ ငါ့အိပ်မက်က င်မျိုး၊ ဟိုကွာ - အင်မတန်သာယာ တဲ့မဟာမြို့တော်ကြီးတစ်တော်ကို ါရောက်သွားတယ် သိလား။ အဲဒီမှာ ကောင်တွေကလည်း ပေါ်သလား နဲ့၊ သမင်တွေ၊ ဒရယ်တွေ၊ ချေတွေ၊ တွေ ဆိုတာ တစ်တောလုံး တစ် ောင်လုံး အပြည့်၊ ငါ့တူမီးသေနတ်နဲ့ မ်းသမ်းပစ်တာတောင် မလွဲနိုင်ဘူး ။အဲဒီအထဲမှာ ရွှေသားလိုဝင်းဝါနေ ဲ့ရွှေသမင်တစ်ကောင်ကို ငါမြင်တော့ မ်းပဲ လိုချင်တပ်မက်စိတ် ဖြစ်လာ ယ်လေ၊ အိပ်မက်ထဲမှာ ငါဟာ ရွှေသမင်လေးကို လိုချင်တာနဲ့ ငါလေ ာ့ကွင်းထောင်ဖမ်းဖို့ နွယ်ကြိုးတွေ ွင်းရှော(ကွင်းရှော)လုပ်ပြီး လိုက် ်တယ်သိလား။ အဲသလို - ရွှေသမင် လေးဟာ ငါ့မျက်စိရှေ့မှာတင် ပျောက် ွားပါရော၊အဲသည်တုန်းကငါ့စိတ်တွေ ာ တစ်ခုခုအညှို့ခံနေရသလို ပဲ၊ ရွှေသမင်လေးပဲညှို့တာလား၊တောကြီး ယာကပဲ ညှို့ခေါ်နေတာလား မသိပါ ူးကွာ၊ အဲသလိုအညှို့ခံနေရတုန်း နင်

နိုးလို့အိပ်မက်ကလန့်နိုးနေသွားတယ်၊ နင်တော့လေ - အရေးကောင်းဒိန်းဒေါ်င်း ဖျက်တဲ့မိန်းမပဲ၊ ကဲ - ဒီလောက်လှတဲ့ ငါ့အိပ်မက်ကိုပြန်လျှော်ပေး”

စိုင်းလိတ်သည်တောမုဆိုးအတွက် လှလှပပ မက်ပေးသည့် ရွှေသမင်အိပ်မက်အတွက် နမြော်တသလုစွာဖြင့် နန်းခမ်းအောင်အား စိတ်ဆိုးတစ်ဝက် ပုံစံချိုးကာ မြည်တွန်တောက်တီးလိုက်သည်၊

“ဘာပဲဖြစ်ဖြစ်ဟာ - ငါ့အိပ်မက်ကို လည်းအလေးထားတဲ့အနေနဲ့ဒီတစ်နေ့ တော့ နင် တောထဲ မသွားရင် ကောင်းမယ်ဟာ”

“ဟာ - ဒါတော့ ငါ လုံး၀ - လုံး၀ လက်မခံနိုင်ဘူး၊ ဘယ့်နယ်ကွာ - အိပ်မက်က ဒါလောက်လာဘ်ကောင်းနေမှ တော့မသွားရမနေနိုင်အောင်ငါ့စိတ်က အညှို့ခံထားရသလို ဖြစ်နေတယ်၊ စိတ်ချစမ်းပါ - မိန်းမရာ၊ အိပ်မက်ထဲက အတိုင်း တောကောင်တွေ ပေါ်မှာ သေချာတယ်၊ နင်တို့သားအမိအတွက်ဆတ် ဖားကြီးတစ်ကောင်လောက်တော့သိမ်း ပြန်လာခဲ့ပါ့မယ်ကွာ”

ဘူးဆိုဖရုံမသီး၊ မြေမိမှ ရေဆုံးရေ ဖျား လိုက်တတ်သည် လင်ဖြစ်သူ

www.burmeseclassic.com



"ကိုတစ်ဖောက်ကန်း" စိုင်းလိတ်၏တစ်ယူသန်စိတ်ကို အတွင်းသိ အစင်းသိမို့ နန်းခမ်းအောင်မှာ မပြောသာတော့ပဲ ရေငုံနှုတ်ပိတ် ဆိတ်ဆိတ်နေကာ လက်လျှော့ထားလိုက်ရတော့၏။

ထိုနေ့က တစ်ယူသန် တစ်ဖွတ်ထိုး သမားစိုင်းလိတ်သည်တပည့်လက်သားတို့ကိုပင် ခေါ်မနေတော့ပဲ တောထဲသို့ အမြန်သွားလိုစိတ်သာ ထက်သန်နေပေရကား လက်စွဲတော် တူမီးသေနတ်ကို ဆွဲကာ ရွာအရှေ့ဘက်ရှိ ကာလေတောထဲသို့ တစ်ကိုယ်တည်း ထွက်ချလာခဲ့သည်။ သူ့စိတ်အစဉ်မှာ ခါတိုင်း တောလည်နေကျလမ်းကြောသို့ မလိုက်မှုပဲ အိပ်မက်စရာလူသူ့အရောက်အပေါက် နည်းပြီး အန္တရာယ်ရောပြွန်းသည့် မြောက်ဘက်လျှိုထဲသို့ ဦးတည်လျက် စိတ်အညီ့ချခံထားရသူနယ်။ တရွေ့ရွေ့ သွားနေပေတော့၏။ တောင်ယာလုပ်ရန် သစ်ခွေးသစ်ခက် အမှိုက်သရိုက်တို့ကို မီးမြှိုက်နေကြသည့် ကာလေရွာသား အချို့တို့သည် အရှူးတစ်ယောက်လို ပါးစပ်မှ တတွတ်တွတ် ရွတ်ရင်း ရှေ့သို့ တစိုက်မတ်မတ်သွားနေသည့်စိုင်းလိတ်ကို အမှတ်မထင် မြင်လိုက်ကြသည်။

"ခါတိုင်း - ဒီကောင် - တပည့်လက်သားတွေနဲ့ သွားနေကျကွ။ ဒီနေ့တော့ တစ်ယောက်တည်းပါလား။ အင်း - ဆန်းတော့ အဆန်းသား"

အမှိုက်ပုံအား ဝါးချွန်ခက်ရင်းခွဖြင့် ဆွရင်း မီးရှို့နေကြသည့် လားဟူအုပ်စုထဲမှ တစ်ဦးတစ်ယောက်က မှတ်ချက်ပင် ပေးလိုက်ချေသေး။

ထိုနေ့က လားဟူတို့သည် တိုက်တိုက် ဆိုင်ဆိုင်ပင်၊ စိုင်းဆိုင်ဖ တစ်ယောက် ဒူးလေးကိုထမ်းကာ စိုင်းလိတ်နှင့် ရှေ့ဆင့်နောက်ဆင့် အရှေ့ကာလေတောထဲသို့ တစ်ယောက်ထဲ တောတိုးသွားသည်ကို မြင်လိုက်ကြပြန်သည်။

အရှေ့ဘက် တောတစ်တောထဲ ဆန့်ကျင်ဘက် တစ်လမ်းစီ သွားလိုက်ကြသည့် တောမုဆိုးနှစ်ဦးကို မြင်လိုက်ရသော လားဟူတို့မှာ "အို - ထူးပေစွ - ဆန်းပေစွ" ဟုသာ တွေးနေမိကြသည်။ တစ်ခုပဲပြောစရာအဖြစ် ကျန်ခဲ့သည်။

စိုင်းလိတ်ကမြောက်ဘက်တောသို့ ရှေ့ရှုသလို၊ စိုင်းဆိုင်ဖကတော့ တောင်ဘက်တောသို့ဦးတည်ခြင်းသာ ကွာခြားသွားပေသည်။

ထိုညမှာ လဆုတ်ပက္ခ လမိုက်ည ဖြစ်ရေချ၍ မှောင်နိုက်တဝါး မိုးစုပ်စုပ်ချုပ်

www.burmeseclassic.com



ဒွင်ထိုရွာကလေးမှာဆန့်ကျင်ဘက်
အဖြစ်အပျက်ကလေးတစ်ရသည်
ဟောင်ဆန်ဆန် ဖြစ်ပျက်သွားချေ၏။
တစ်ခုသောအဖြစ်အပျက်မှာ လူခြေ
တိတ်ဆိတ် သူငယ်အိပ်ချိန်ကျမှ ဆတ်
ပေါက်တစ်ကောင်ကိုထမ်းပြန်လာသည့်
စိုင်းဆိုင်ဖနှင့် ခြေရာလည်းပျောက်၊ ရေ
သည်း နောက်သည့်နယ်၊ အစအန
ပျောက်ကာ အိမ်ပြန်မလာနိုင်ရှာသည့်
စိုင်းလိတ်၏မသက်ာစရာအဖြစ်အပျက်
ပင်တည်း။

ထိုညက ကာလေတစ်ရွာလုံး
သောက်ယက်ခတ်နေကြသလိုမျောက်
ခဲတိုင်သည့်ပမာ ခြေမကိုင်မိ၊ လက်
ကိုင်မိ ဖြစ်နေသည့် သူကြီး၊ နေမထိ
ိုင်မသာဗျာပွေနေသည့်သူ၏မိသားစု
တို့သည်စိုင်းဆိုင်ဖရောက်လာမှရင်းထဲ
သို့ မဟားတရားသွားကာ တရားခံစစ်
စ်လေတော့၏။

"ဟဲ့ကောင် - ငါ့သား - ခုထိအိမ်ပြန်
ရောက်သေးဘူး။ တောထဲမှာ ငါ့သား
ကိုမင်း ဘာလုပ်လိုက်လဲ။ မင်း - ငါ့သား
ကို စားကြိမ်း ကြိမ်းပြီး သတ်ဖို့ အကွက်
ချောင်းနေတယ်ဆိုတာ တစ်ရွာလုံး သိ
တယ်"

သူကြီး၏ ရောက်ရောက်ချင်း
ဆောက်နှင့် ထွင်းသည့်အမေးကြောင့်
စိုင်းဆိုင်ဖသည် ဆတ်ကောင်အား
အသားဖျက်နေရာမှ တအံ့တဩ မော့
ကြည့်လိုက်သည်။

"အာ - ဂျွန်ဒေါ်(ကျွန်တော်) သူကြီး
ရဲ့သားကို ဘာလုပ်မိလို့လဲ၊ ဂျွန်ဒေါ့သာ
သာ ဂျွန်ဒေါ် တစ်ယောက်ထဲ အမဲပစ်
ထွက်တာ၊ ဒီကောင့် (စိုင်းလိတ်)ကို
တောင်မတွေ့ဘူး။ဒီဆတ်ပေါက်ကလေး
တစ်ကောင်ကို လိုက်ရင်း လိုက်ရင်း
တောနက်ကြီးထဲမှာ မျက်စိလည် လမ်း
မှားနေလို့ ခုမှပြန်ရောက်တာဗျ၊ သူကြီး
အမြင်ပဲ"

သူကြီးဖြစ်သူသည် သားဇောဖြင့်
စိုင်းဆိုင်ဖ၏ပခုံးကိုခပ်ဆတ်ဆတ်လှုပ်
ယမ်းပြီးပုလိပ်စစ်စစ်သကဲ့သို့ပါးစပ်စစ်
စစ်ဆေးခြင်းပင်မကချေတော့ပဲ ရိုက်
မောင်းပုတ်မောင်းဖြင့်ပါ စစ်ဆေးစေ
သော်လည်းကျေနပ်သည့်အဖြေကိုမရ
သဖြင့် သူကြီးမျက်နှာသည် မီးတောင်
အလုံးပေါင်းထောင်သောင်းမကပေါက်
ကွဲရာမှ ထွက်ကျလာသည့် ချော်ရည်မှ
နယ်ရဲခနဲ ရဲခနဲ ဖြစ်လာသည့် တရှုးရှုး
တရှဲရှဲသော အသံစုံတို့ ပြည့်ဟည်းလာ
တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ - ကဲ - မေးလို့မရတော့မယ့် အတူတူ ဒီကောင့်ကို ခြောက်ပေါက် (ထိတ်တုံး)ထဲသာ ခတ်ထားလိုက်ကြပေတော့"

သည်သို့ဖြင့် စိုင်းဆိုင်ဖသည် အမှုမပေါ်မချင်း သူကြီးအိမ်အောက်ရှိထိတ်တုံးခတ်ခံရခြင်းဖြင့်သာ အဆုံးသတ်လိုက်ရသည်။

❑

**ကျွန်ုပ်မုဆိုးကြီးစိုင်းနန္ဒ**

အထက်ပါအဖြစ်အပျက်တို့ဖြစ်ပွားပြီး (၅)ရက်ခန့်အကြာတွင် ကာလေသူကြီးဖြစ်သူ လုံးစန္ဒမာသည် ကျွန်ုပ်ထင်သည့်အတိုင်းပင် ကျွန်ုပ်၏မုဆိုးတဲအိမ်လေးသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာတော့၏။ ကျွန်ုပ်သည် အဆိုပါ ကာလေရွာနှင့် တစ်မိုင်ပျပျခန့်သာဝေးသည့် "ဝမ်ဟင်ရွာ"တွင် အခြေချနေထိုင်ရကား "တောသတင်း တောချင်းဆောင်၊ လူ့သတင်းလူချင်းဆောင်" ဆိုသည့် မုဆိုးတို့၏ လက်သုံးစကားအတိုင်း သူကြီးသားနှင့် စိုင်းဆိုင်ဖတို့၏သတင်းသည်ကျွန်ုပ်မုဆိုးကျော်စိုင်းနန္ဒထံသို့ တောင်ယာရှို့သည့် မီးခိုးငွေ့လိုတလွင့်လွင့်ဖြင့် တစ်မုဟုတ်ချင်း လွင့်ပြန့်လာခဲ့လေတော့၏။

ကျွန်ုပ်သည် တောတစ်ခွင် တော အနံ့၊ အစိုးရပေးသည့်နာမည်တစ်လုံးနှ ဂုဏ်သတင်းမွှေးပေးသည့် မုဆိုးကျေ ပေမို့လည်းသေရေးရှင်ရေးအဖြစ်တော တွင်းမှာ သဲလွန်စရှာစရာ လိုအပ်ပါက အနီ - သကောင့်သားတို့မှာ မျက်ဖြ ဆိုက်ကိန်း ကြုံလာတိုင်း ကျွန်ုပ်ထံသို့ အားကိုးတကြီး ပြေးလာတတ်ကြ ကြောင်းအတွေ့အကြုံအရကျွန်ုပ်သိနှ ပြီဖြစ်သည်။

"ကဲ - ဆို စမ်းပါဦး - သူကြီး - လာရင်းကိစ္စ"

ကျွန်ုပ်သည် မည်သို့မျှ သိမထား လေဟန်ဖြင့် ကျွန်ုပ်၏ မုဆိုးတဲစုတ်ပေါ် ကုတ်ကုတ်ကလေး တက်လာသည့် သူကြီးအား မေးကလေးဆတ်၊ မျက်မှုံ ကလေးပင့်ပြီး မေးလိုက်ရသည်။

သူကြီးသည် ကျွန်ုပ် တဲထရံတွင် တို့လို့တွဲလောင်းဖြစ်ကာတတ်ဆန်း ချိတ် ဆွဲထားသည့် ကျားခေါင်း၊ ဆတ်ချိုး သမင်ချို၊ တောကြီးမြွေပေါက်နှင့် စ ကြီးအရေခွံတို့နှင့် အခြားအ ောင် ပလောင်တို့၏ ချို၊ သ ရေတို့ကို ပြူးကျယ်သည့် မျက် ုံးတို့ဖြင့် စိတ်ဝင် တစားကြည့်ရင်း-

www.burmeseclassic.com

www.burmeseclassic.com



"ဒီ–ဒီလိုပါ–မုဆိုးကြီး လုံးနန္ဒရယ်၊ ကျုပ်–ကျုပ်သား တောနက်ထဲမှာ ပျောက်နေလို့၊ လုံးနန္ဒများ ကူညီနိုင်မလားလို့"

"ဘာ–တောထဲမှာ ပျောက်သွားတယ်–ဟုတ်စ၊ ဟာဗျာ–ကျုပ်က လူပျောက်ရှာတဲ့ စုံတုပ်–အဲ–အဲ–စုံထောက်ပုလိပ်မှ မဟုတ်တာ၊ ကျုပ်အလုပ်လည်း ခင်ဗျားအသိသားပဲ၊ ကျုပ်ဟာ အမဲပစ်တဲ့မုဆိုးအလုပ်ပဲ လုပ်တတ်တာ"

ကျွန်ုပ်က အမြင်ကတ်ကတ်ရှိသည်နှင့် သူကြီးစကားကို ဘာမှမသိ၊ နားမလည်သည့်ပုံဖြင့် ဝေ့လည်ကြောင်ပတ်ဆင်ဝေ့ရန်ရှောင် ပြောချလိုက်သည်၊

အမှန်တော့ သူကြီး၏ အာဏာစက်ကိုအလွဲသုံးစားလုပ်ပြီး စိုင်းဆိုင်ဖအပေါ် လူလည်ကျ ကလိမ်စေ့ငြမ်းဆင်လိုက်သည့်ကိစ္စအပေါ် ကျွန်ုပ် သိရှိပြီးဖြစ်၍ အမှန်အတိုင်းဆိုရသော် ကျွန်ုပ်သည် ထိုသားအဖအပေါ် မြင်ပြင်းကတ်နေခဲ့ချေသည်၊

သူကြီး လုံးစန္တီမာသည် ကျွန်ုပ် ရွဲ့ပြောနေမှန်းသိသော်လည်း ကျွန်ုပ်အပေါ် မသိကျိုးကျွံပြုကာ အနာဂတ်မယူနိုင်ချေပဲ တောင်းတောင်းပန်ပန်ဖြင့်ပင် သူ့စကားကို ဆက်သည်၊

"ဟုတ်ပါတယ်–မုဆိုးကြီးရယ်–ဒီအချိန်မှာ မုဆိုးကြီးကို အားကိုးရမှာမို့ အားကိုးပါရစေဗျာ၊ ကျုပ်သား ပျောက်သွားတာ လေး၊ ငါးရက်လောက်ရှိပြီ၊ ကျုပ်တို့လည်းပျောက်ပျောက်ချင်းညတစပြီး တစ်တောလုံး၊ တစ်တောင်လုံး တောနင်းရှာကြပေမယ့် ဘယ်လိုမှတစ်စွန်းတစ်စတောင် မတွေ့မိပါဘူးဗျာ၊ ဒီတော့မှ–မုဆိုးကြီးကို သတိရလိုက်တယ်၊ မုဆိုးကြီးဟာ တောကျွမ်းတယ်၊ တောမှောက်၊ တောခြောက်တဲ့အတွေ့အကြုံတွေလည်းရှိတယ်၊ မာယာများတဲ့ တောအထာလည်းကျွမ်းတယ်၊ ကျုပ်တို့ ဘယ်လိုမှ မစွမ်းဆောင်နိုင်တာကို မုဆိုးကြီးရဲ့အတွေ့အကြုံနဲ့ ပေါင်းစပ်ပြီး ရှာနိုင်လိမ့်မယ်လို့ တစ်ထစ်ချ ယုံကြည်တာနဲ့ ခုလို လာပင့်တာပါ"

ကျွန်ုပ်မှာ ငိုသံစွက်ဖြင့် ခပ်သဲ့သဲ့ပြောလာသည့်သူကြီးအပေါ် သနားစိတ်၊ အားနာစိတ်ကလည်း မဆိုစလောက် ဖြစ်မိပြန်၊ တစ်တန်တစ်က အားကိုးတကြီး လာသူအား ပစ်ပစ်ခါခါ မငြင်းလိုက်သည်နှင့် သူကြီးလုံးစန္တီမာအား အာမခံပေးလိုက်ရတော့၏၊

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ - သူကြီးတို့ ကျုပ်ကို လိုအပ်နေမှတော့လိုက်ရတာပ။ဒါထက် ကျုပ်က "ဥံဖွ"သမားမဟုတ်တော့တွေ့ မယ်၊ မတွေ့ဘူးဆိုတာ ကံသေကံမ ကတိတော့ မပေးနိုင်ဘူးနော်။ တွေ့၊ မတွေ့မသေချာပေမယ့် ကျုပ်ရဲ့မုဆိုး အတွေ့အကြုံကိုပဲ အားကိုးရတော့မှာပ"

"သင့်မြတ်ပါပေတယ် - မုဆိုးကြီး ရယ်။ ကျုပ်နဲ့အတူ ကိုယ်တိုင်ကိုယ်ကျ လိုက်ရှာပေးဖော်ရတာနဲ့တင် ကျေးဇူး ကြီးလှပါပြီဗျာ။ မုဆိုးကြီးရဲ့ကျေးဇူးကို ကျုပ် မမေ့ပါဘူး။ ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါ့မယ်"

"ကဲပါဗျာ - ကျေးဇူးတွေ အသာ ထား။ မနက်ဖြန်ကစပြီး ခင်ပျားသားကို အရှာထွက်ကြတာပေါ့"

❑

သဲလွန်စကြိုးတစ်မျှင် ဆွဲငင်ကြခြင်း

ချိန်းဆိုထားသည့် နောက်တစ်နေ့ မနက်တွင် ကျွန်ပ်နှင့်အတူ ကာလေရွာ သူကြီးနှင့် တပည့်လက်သားတို့သည် စိုင်းလိတ် ထွက်ခွာသွားသည်ဟု ယူဆ ရသည့် မြောက်ဘက်တောထဲသို့ ဝင် လိုက်ကြတော့၏။ လမ်းခရီးတွင် ကျွန်ပ် သိချင်သည့်အချက်တို့ကို သူကြီးဖြစ်သူ အားမေးရင်းမြန်းရင်း တောနင်းရှာလိုက် ကြသည်။

"ဒါထက် - သူကြီး - ခင်ဗျားသား ပျောက်ဆုံးတဲ့အချိန်ကစပြီး ရွာနဲ့ တော ထဲမှာ ဘာထူးခြားတာ သတိထားမိသေး လဲ"

"တခြားထူးခြားတာတော့ အတွေ့ အထူး မရှိပါဘူး။ အဲ - ရွာထဲမှာ ခွေးတွေ တော့ တအီအီနဲ့ သရဲတစ္ဆေတွေ့သလို ညတိုင်း ရှောက်ရှားဖို့ကောင်းလောက် အောင် အူနေတာပဲ။ အင်း - ကျုပ်အိမ်က မီးဖိုချောင်ထဲမှာလည်း တချွန်းချွန်း တဂွမ်းဂွမ်းနဲ့ အိုးလှန်ခွက်လှန်သံတွေ တော့ကြားတယ်။ စိုင်းလိတ်ရဲ့သားကျုပ် မြေးလေးလည်းညည ဆိုအလန့်တကြား အာခေါင်ခြစ် ခြစ်ပြီး ထထငိုတယ်"

"အင်း - ဟုတ်ပြီ"

ကျွန်ပ်သည် ဤမျှသာ မှတ်ချက် ပေးပြီး ကြောင်းကျိုးဆက်စပ် ရှင်းပြမနေ တော့ဘဲ ရှေ့တူရူရှိ တောကြီးမျက်မည်း ထဲသို့သာ တစ်စိုက်မတ်မတ် ခြေလှမ်း လျှောက်နေလိုက်ပါသည်။

"ကဲ - ရွာအခြေအနေ၊ အိမ့်အခြေ အနေတော့ သိလိုက်ရပြီ။ ကျုပ် သိချင်

www.burmeseclassic.com



သေးတာက တောထဲမှာတော့ ဘာများ ရှုစေးတုံး–သူကြီးရဲ့"

"တော–တောကတော့ အန္တရာယ် အစ်ရုရုကိုဖိတ်ခေါ်နေသလိုတိတ်ဆိတ် ငြိမ်သက်လွန်းပါတယ်–မုဆိုးကြီးရယ်၊ ညညအိပ်တန်းတက်တဲ့တောကျီးကန်း တွေရဲ့ကျီးပြိုသံတွေတော့ ကြားနေရ တယ်၊ ညရောက်တိုင်း ကျီးပြိုတဲ့အသံ တာတော့ တောခြောက်သံလို တဝေါဝေါ နဲ့ဆိုတော့ ချောက်ချားစရာကောင်း လောက်အောင်ရွာထဲအထိအတိုင်းသား ကြားရတတ်ပါတယ်"

သူကြီးစကားကြောင့် ကျွန်ုပ် စဉ်း စားရပြီ၊ အင်း–ဒီပုံ အတိုင်းဆိုရင် မကောင်းဆိုးဝါး နာနာဘာဝများက အတိတ်နိမိတ်ပြပြီဖြစ်ကြောင်း ကျွန်ုပ် နားလည်လိုက်ပါပြီ၊ သို့သော် ကျွန်ုပ် သိလိုသည့်အချက်နှစ်ချက်က ကျန်နေ သေး၍ သူကြီးအား မေးလိုက်ရပြန် သည်၊

"ဒါနဲ့ သူကြီး–ကျီးပြိုတာ၊ တော ခြောက်တာ ကြားနေရတာတော့ ဟုတ် ပြီ၊ တောထဲမှာ လင်းတတွေ ဘာတွေ အုပ်ဖွဲ့ပြီးဝဲနေကြတာကော တွေ့မိသေး လား၊ဟိုဗျာ–အလောင်းကောင်၊အသေ ကောင်တွေ့ရင် လင်းတ ဝဲတတ်တယ် မဟုတ်လား"

ကျွန်ုပ်စကားကြောင့် သူကြီးသည် သူ့လုမ်းလက်စ ခြေလှမ်းတို့ ရပ်တန့်ပြီး မျက်နှာတစ်ချက်ပျက်ကာ ကျွန်ုပ်အား ညှိုးနွမ်းသည့်မျက်နှာသေနင့် ကြည့် လိုက်သည်၊

"မုဆိုးကြီးရယ်–လင်းတတွေ ဝဲတာတော့မတွေ့ပါဘူး၊ကျွန်တော့်သား ကိုသတ်ပြီး ဒီကောင်က တွင်းနက်နက် တူးပြီး မြေမြှုပ်ပစ်လိုက်သလားမှ မသိ တာ"

သူကြီးစကားကြောင့် ကျွန်ုပ်သည် ပင်လျှင် ဇဝေဇဝါဖြစ်မိသေးသည်၊ ကျွန်ုပ်သိလိုသည့်အချက်တစ်ချက်ကို သိလိုက်ရပြီဖြစ်၍နောက်တစ်ချက်အား ကညင်ပင်ကြီးတစ်ပင်အောက် အရောက်တွင် ထပ်မေးလိုက်သည်၊

"အင်း–နောက်တစ်ခုက တောထဲ မှာ "စိုင်းလိတ်"ရေ–ဟေး–စိုင်းလိတ် လို့ဆိုပြီး ဟစ်ခေါ်နေတဲ့အသံတွေတော့ ကြားမိသေးလား"

"ဟင့်အင်း–အဲလိုတော့မကြားမိ ဘူး၊ဘာပြုလို့မေးတာတုံး–မုဆိုးကြီး ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲလေ - သူကြီးတို့လည်းကြားဖူးမှာပေါ့။ တောထဲမှာ သင်းခွေချပ်ဆိုတဲ့ အကောင်ဟာ လူသံကိုတုပြီး တကြော်ကြော်နဲ့ အယောင်ဆောင် ခေါ်တဲ့နေရာမှာ နှစ်ယောက်မရှိ - အဲလေ - ယောင်လို့ - နှစ်ကောင်မရှိဘူး။ တကယ်လို့ - တိုယ့်နာမည်ခေါ်သံ ကြားလို့ ယောင်ပြီး ထူးမိရင် သေပြီဆရာပဲ။ ထူးတဲ့သူကို လိပ်ပြာနတ်လိုက်တာပဲ။ အင်း - ပြောရရင်တော့ ထူးတဲ့သူ အသေပဲ"

ကျွန်ုပ်စကားကြောင့် သူကြီးမျက်နှာမှာဆီးရွက်ကိုမဆိုထားနှင့်၊မန်ကျည်းရွက် ပိန်ခြောက်လောက်ပင် လောက်လောက်လားလားရှိတော့မည်ဟုကျွန်ုပ် ခန့်မှန်းမိတော့သည်။ ကျွန်ုပ် နိမိတ်ပြစကား ထိုးနက်ချက်သည်ပင် သူကြီး၏ ရင်စိတ်နလုံးကိုတမျှင်းမျှင်းနှင့် နိပ်စက်သလို ရှိနေသည်။ သူကြီးပြောသည့် အတိုင်းဆိုလျှင် ကျွန်ုပ်ရင်ထဲ လိပ်ခဲတည်းလည်း ဖြစ်နေသည့် ပဟေဠိတစ်ပုဒ်အားအဖြေထုတ်နိုင်တော့မည့်အခြေအနေတစ်ရပ်နှင့် နီးစပ်ပေရော့မည်တကား။

သည်သို့ဖြင့် ကျွန်ုပ်တို့သည် နက်သထက်နက်လာသည့်တောမြိုင်ရဂုံထဲသို့ တရွေ့ရွေ့ ချဉ်းနင်းဝင်ရောက်လာကြတော့၏။ ပင်ခြေရှုပ်ရှပ် တောအုပ်အုပ်ပေမို့ မာယာတောကြီးမှာ လေတိုးသံတို့ကြောင့် တောခြောက်သည့်အလား တရှဲရှဲ တဟဲဟဲ မြည်သံပေးရှေပြီ။ လူသံသူသံကြောင့် ကျေးငှက်အပေါင်းနှင့်သားရဲတောကောင်တို့သည် တကျီကျီ တကျာကျာ၊ တရှူးရှူး တရှဲရှဲဖြင့် ဝရုန်းသုန်းကားဖြစ်ကာ ပျံတက်ပြေးလွှားနေကြသံများကိုအတိုင်းသားကြားနေရပေသည်။

"ရှောရှော - ဗျရောဗျရော" စသည့်တောမှောက်သံများကတော့ တောကြီးမာယာဝက်ပါ၏ ဖြစ်ရိုးဖြစ်စဉ်အတိုင်း တာဝန်ကျေကျေ ချောက်ချားတုန်ရီစွာ အသံပြုနေကြချေ၏။

တရွေ့ရွေ့သာအချိန်နာရီတို့ ရင့်အိုရင့်ညောင်းလာသည်နှင့်အမျှ ကျွန်ုပ်ရောက်လိုသည့်နေရာသို့မဆိုင်းမတွပ်ဆိုက်ရောက်၍လာပါတော့သည်။

"ကဲ - ဒါ - နောက်ဆုံးကျည်ဆန်ပဲတစ်လမ်းလုံး ကျုပ်တို့ စိုင်းလိတ်တဲ့ ရှာလာတာ ဘာသဲလွန်စမှမရဘူး ဟုတ်။ ခုတော့ - ကျုပ်စိတ်ထဲ ဘာတဲ့ - ဆွေမြောက် အာရုံဝင်နေတဲ့ နေရာတော့

www.burmeseclassic.com



ရောက်ပြီး ဟိုရွေ့မှာတွေ့လား။ ဂန္ဓိရတွင်းနတ်ကြီးလိုလို၊ ဗိုင်းဗိုင်းစက်စက် တွင်းကြီးတစ်တွင်းလေ။ ကဲ - ကြာပါတယ်။ သူကြီးတို့အထဲက ဒီတွင်းနက်ထဲကို ဆင်းရဲတဲ့လူ ကျုပ်နဲ့လိုက်ခဲ့။ အဖြေတစ်ခုတော့ ရတန်ကောင်းရဲ့"

ကျွန်ုပ်စကား ဆိုပြီးသည်နှင့် သားအောကပ်နေသည့် သူကြီးသည် ကျွန်ုပ်နှင့်အတူ လိုက်ဆင်းမည်ဖြစ်ကြောင်း ကြောက်ဆုတ် ကြောက်ဆုတ်နှင့် ပြောလာပါသည်။ အဖော်အဖြစ် သူကြီးသြဇာကိုမလွန်ဆန်နိုင်သည့် ကာလေရွာသားနှစ်ဦးကလည်း ဆီးရွက်ခန့်မျက်နှာမျိုးဖြင့် ကပ်လိုက်လာကြသည်။ ကျွန်ုပ်တို့ရပ်နေသည့်မြေဖဝါး၏အောက်ဘက်မှာတော့ အချင်းပေ (၂၀) ခန့်ရှိသော တွင်းဝမှာ အသူတစ်ရာမျှ စောက်နက်သည့် တောရာအဆင်ကို ဆောင်လျက် မည်းမှောင်စွာ ရှိနေလေသည်။

အနီ - တွင်းထိပ်မှာတော့ အလွန်အရာကြီးမားသည့် အမျိုးအမည် မသိ သစ်ပင်ကြီးနှစ်ပင်က လေးကိုင်းသဏ္ဍာန် ကိုင်းချင်းဆက် အုပ်မိုးထားလေသည်။

ပင်ခြေရှုပ်ရှုပ် ရွက်အုပ်အုပ်နှင့်မို့ နေပြောက်ပင် မထိုးနိုင်ပဲ ကျွန်ုပ်တို့အောက်ဘက်ရှိ မရဏတွင်းကြီးမှာ အောက်ခြေမြေသားကိုမျှ မမြင်စွမ်းနိုင်အောင် သိပ်သည်းနက်မှောင်နေဆဲ။ ကျွန်ုပ်တို့ လူစုသည် တွင်းနှုတ်ခမ်းတွင် ပေါက်ရောက်နေသည်။ သစ်ရိုင်းပင်ပေါ်မှ တွဲလောင်းကျနေသည့် နွယ်ကြိုးတို့ကို ဆွဲ၍ကာ လူသွားလမ်းသာသာမျှ ရှိသည့် ကျောက်လမ်းကလေးအတိုင်း ခဲရာခဲဆစ် ဆင်းလာလိုက်ကြသည်။

"သတိထားဆင်းကြ - ခြေတစ်ချက်ချော်လိုက်တာနဲ့ တွင်းထဲကို ကားခနဲ ကျသွားမယ်"

ကျွန်ုပ် သတိပေးလိုက်ရသည်။

ကျွန်ုပ်နောက်ကျောဘက်မှာတော့ သူကြီး ဦးစန္ဒိမာနှင့် ရွာသားနှစ်ဦးတို့သည် အစီအစဉ်အတိုင်း နေရာယူထားနှင့်ကြသည်။ သူကြီးတို့အုပ်စုသည် ရှေ့တူရူရှိ တွင်းနက်ကြီး၏ အောက်သို့ ငုံ့ကြည့်ရင်း သည်းတုန်အူတုန်မျှ ထိတ်လန့်နေကြသည်။ စက်ဝိုင်းသဏ္ဍာန် အန္တရာယ်ကွေ့၏ ရှေ့(၁၀)ကိုက်ခန့် အကွာမှာတော့ အန္တရာယ်စက်ကွင်းသည် အဆင်သင့် ဆီးကြိုနေမှာကို ကျွန်ုပ်အနေနှင့် မြင်ယောင်မိပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ထင်သည့်အတိုင်းပါပေ။ အနန္တရာယ်ကောင်ကြီးသည် (၆)ပေ အမြင့်ခန့် တစ်ဖက်ပိတ်ဂူကြီးရှေ့တွင် အခန့်သား ခန့်ညားကြီးထည်သည့် အတ္တဘောခန္ဓာကိုယ်ကြီးကို ပတ်ခွေကာ ဣန္ဒြေမပျက် လျောင်းစက်နေပေသည်။

ကြောက်မက်ဖွယ် အကွက်၊ အကွင်း၊ အနက်အစင်းတို့ဖြင့် တန်ဆာဆင်အပ်သည့် ထိုသတ္တဝါကြီးသည် လှုသံသှုသံ ကြား၍ထင့်၊ ကြီးမားတုတ်ခိုင်သည့် သူ၏ ခေါင်းကို ဆတ်ခနဲ မတ်ထောင်လာပြီးလျှင် ညိုဝင်းအားအပြည့် မျက်လုံးသေကြီးဖြင့် ကျွန်ုပ်တို့အား စိမ်းစိမ်းကြီး စိုက်ကြည့်လိုက်ပါသည်။

"ဟင် - ဟာ - အလိုဗျာ - စပါးကြီးကောင်ကြီးပါလား။ အမလေး - ဘုရားရေ - နည်းတဲ့ကောင်ကြီးမှတ်ဖူး"



သူကြီးနှင့်အတူ ရွာသားတို့ထံမှ ကြောက်ကြီးတငင်အသံတို့မှာ တိုင်ပင်ထားသည့်အလား ချောက်ချားတုန်ယင်စွာ ထွက်လာကြတော့၏။

ကျွန်ုပ်သည် ဤတဒင်္ဂမျှ တုန်လှုပ်ချောက်ချားဖွယ်မြင်ကွင်းအပေါ် အရှိန်ဆိုင်းမနေတော့ပဲ -

"ပစ် - ပစ် - ကြ - ဦးခေါင်းပိုင်းကိုတည့်တည့်ချိန်ပြီး သူကြီးက တူမီးနဲ့ပစ်၊ ကျန်တဲ့နစ်ယောက်က ဒူးလေးတွေနဲ့ လည်ပင်းနဲ့ ဗိုက်တည့်တည့်ကိုပစ်"

လွှတ်ခနဲ ထွက်လိုက်သည့် ကျွန်ုပ်၏ အမိန့်ပေးလိုက်သံနှင့် ပစ်တူထိပ်မှ အုံ့ဩထိတ်လန့်စွာ မြင်ကွင်းအပေါ် မှင်တက်မိနေသည့် သူကြီးနှင့် ရွာသား

---

"စပါးကြီးတို့မည်သည် သေသွားပေမယ့် သူ့အသားက အရှင်အတိုင်း ပြန်ပြန်ဆက်သွားတတ်တယ်ဆိုတာ မင်းတို့ မသေမချင်းမှတ်။ ဒီတော့ - ပြန်မဆက်ရအောင် ခွဲပြီးတဲ့ သူ့အသားကို မတို့မရှည် သစ်ကိုင်းထောက်နဲ့ ထောက်ပြီး ဖြည်းဖြည်းချင်း ခွဲကြပေါ့ကွာ။"

www.burmeseclassic.com



နှစ်ဦးမှာ ကျွန်ုပ်နှင့်အတူ ထိုသတ္တဝါ ကောင်ကြီးအားလက်ယှက်ထိုးပစ်ခတ် လိုက်ကြပါတော့သတည်း။

"ဒိုင်း-ဒိုင်း-ဒိုင်း-ဖောက်-ခုတ်-ဒုတ်-ဒုတ်-ဒုတ်"

ကျွန်ုပ် ဆောင်ယူလာခဲ့သည့် နှစ်လုံးပြူးသေနတ်နှင့် သူကြီးကိုင်သည့် တူမီးသေနတ်တို့မှ ရှန်းကန်ထွက်လာသည့် ကျည်ဆန်ထိပ်ဖူးတို့ကြောင့် ထိုကြီးမားသည့် သေနတ်တို့မှ ရှန်းကန်ထွက်လာသည့် ကျည်ဆန်ထိပ်ဖူးတို့ကြောင့် ထိုကြီးမားသည့် စပါးကြီးမြွေကောင်သည် ပတ္တမြားခဲကဲ့သို့ နီရဲသည့် အရောင်အလျှံမျက်လုံးတို့ဖြင့် တစ်ချက်မျှ အံ့ဩကြောင်စွာကြည့်လိုက်ပါသေးသည်။ အမှန်တို့ဝန်ခံရလျှင် ကျွန်ုပ်လို မုဆိုးရင့် ကြီးပင်လျှင် ထိုညို့ချက်ဒဏ်ကြောင့် အတန်ကြာထဲ စိမ့်နေအောင် အေးသွားမိပေသေးသည်။

အဆိပ်လူးမြားဒဏ်ချက်၊ နှစ်လုံးပြူးနှင့် တူမီးသေနတ်တို့မှ တရစပ် ပစ်ခတ်လိုက်သည့်ခဲသီးတို့၏စိုက်ဝင်ထိုးဖောက်မှုတို့ကြောင့် စပါးကြီးကောင်သည်နောက်ဆုံးတွင်ခေါင်းပင်မထောင်နိုင်တော့ပဲ သွေးချင်းချင်းနီလျက် ပြားပြားဝပ် ငြိမ်ကျသွားလေတော့၏။

အသက်ပြင်းလှသည့် အဆိုပါ စပါးကြီးကောင်သည်နာကျင်လွန်းသည့်ဝေဒနာတစ်ရပ်ကြောင့် အတန်ကြာ မြေကြီးနှင့်အမြီး တဖျတ်ဖျတ်ရိုက်ပြီးသကာလ ဖုတ်လိုက် ဖုတ်လိုက် ဆန့်ငင်ရင်းဖြင့် "ရှူးခနဲ" သက်ပြင်းရှည်နှင့်အတူနောက်ဆုံး ထွက်သက်ကို ချလိုက်ပါတော့၏။

အနီ-သတ္တဝါကြီး ခန္ဓာစဲ၍ သေဆွဲဝင်မှန်း သေချာလေမှ ကျွန်ုပ်သည် သူကြီးဘေးတွင် ကတုန်ကယင် ရပ်ကြည့်နေသည့်ရွာသားနှစ်ဦးကိုခေါ်ပြောလိုက်သည်၊

"ကဲ-မောင်ရင်တို့မြင်တဲ့အတိုင်းပဲ၊ ဒီစပါးကြီးခံကောင်ရဲ့ဝမ်းဗိုက်ဟာ အစာမျိုထားလို့အိုးစရည်းလောက်နီးနီး အဆမတန် ဖောင်းကားနေတာ မင်းတို့မြင်တယ်နော်၊ ဒီတော့မင်းတို့မှာပါလာတဲ့ဓားနဲ့ ဒီကောင်ရဲ့ဗိုက်ကို ခွဲသာ ခွဲပေတော့၊ ဒါနဲ့-ပြောရဦးမယ်၊ စပါးကြီးမှာ သည်းခြေနဲ့ညှို့ထောက် (ညှို့ကွင်း)ဟာ သိပ်အဖိုးတန်တာကလား၊ အဲ-ဒီဟာတွေကိုတော့တို့မုဆိုးတို့ထုံးစံအရပိုင်ပိုင်တယ်၊ ရောင်းရတဲ့ငွေအရမှတည်ပြီး မင်းတို့ကို အညီအမျှတော့ ဝေ ခွဲပေးပါ့မယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်စကားအဆုံးတွင်ရှာသားနစ်ယောက်မှာ ဇဝေဇဝါစိတ်ဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ခွဲရဖို့အရေး ချီတုံချတုံဖြစ်နေလိုက်သေးသည်။

"ခွဲပါဟ - ဒီကောင် - မင်းတို့ကို ရန်သတ္တုမပြုတော့ပါဘူး၊ အဲ - မျိုလည်း မမျိုနိုင်တော့ပါဘူး။ သူ့ဝမ်းဗိုက်ထဲမှာ ဒီကောင်ဘာမျိုထားသလဲဆိုတာ သိရမှ မင်းတို့ရှာနေတဲ့သဲလွန်စကို ဖော်ထုတ်လို့ရမှာ"

"ဟုတ်တယ် - မုဆိုးကြီးပြောတဲ့အတိုင်း ခွဲမှာဖြင့် ခွဲကြလေကွာ၊ ဘာငိုင်နေတာလဲ"

ရှာသားနစ်ဦးတို့သည်သူကြီးအမိန့်ပေးလေမှ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် စပါးကြီး၏ ဝမ်းပျဉ်းသားအား ပါလာသည့်ဓားထက်ထက်ဖြင့် ဗျိစနဲ မြည်အောင် ခွဲချလိုက်ကြသည်။

"အလိုလေး - ဗိုက်သားက လှုပ်နေတယ် - မုဆိုးကြီးရဲ့၊ ဟော - ဗိုက်သားတွေပြန်ဆက်သွားပြီ"

ရှာသားနစ်ဦးတို့သည် ခွဲနေရင်းမှာ ပင်ပြန်ဆက်သွားသည့် စပါးကြီး၏ ဝမ်းဗိုက်သားကိုကြည့်ပြီး အံ့ဩထိတ်လန့်နေကြသည်။

"ဟား - ဟား - ဟား - မင်းတို့က ဒီစပါးကြီးရဲ့အထာကိုမှ မသိပဲ၊ မင်းတို့ ဘယ်လိုခွဲကြမလဲလို့ ငါစောင့်ကြည့်နေတာ၊ စပါးကြီးတို့မည်သည် သေသာသွားပေမယ့်သူ့အသားကအရင်အတိုင်း ပြန်ပြန်ဆက်သွားတတ်တယ်ဆိုတာ မင်းတို့ မသေမချင်းမှတ်၊ ဒီတော့ - ပြန်မဆက်ရအောင် ခွဲပြီးတဲ့ သူ့အသားကို မတိုမရှည်သစ်ကိုင်းထောက်နဲ့ထောက်ပြီး ဖြည်းဖြည်းချင်း ခွဲကြပေါ့ကွာ"

သို့နှင့် ရှာသားနစ်ဦးသည် မုဆိုးကြီးအကြံအတိုင်းတုတ်ချောင်းထောက်ကာ နောက်တစ်ဖန် ခွဲကြပြန်၏၊ ဓားအရာပေးပြီး ခွဲချလိုက်သည်နှင့်စပါးကြီး၏ ဝမ်းဗိုက်မှ ချွဲပျစ်ပျစ် အရည်တို့မှာ တောင်ကျရေပမာ တားမနိုင်၊ ဆီးမရဒလဟော ထွက်ကျလာသလို၊ ညှီစို့စို့ ပုပ်အဲ့အဲ့အနံ့ဆိုးတို့သည်လည်း တစ်တောလုံး တစ်တောင်လုံးအနံ့ ထောင်းခနဲ ထလာပါတော့သည်။

ရွံ့ရှာစက်ဆုပ်ဖွယ် အရိအချွဲနှင့် နံဟောင်သည့်အပုပ်နံ့တို့ကြောင့်ကျွန်ုပ်တို့ လူတစ်သိုက်မှာ တိုင်ပင်ထားသ... အလား "ဝေါ့ခနဲ" အန်လိုက်ကြ...

ထပ်တူထပ်မျှ မျက်နှာ... ရှုံ့မဲ့ကြပြီးလျှင် နှာခေါင်းများ...လိုလို ပိတ်...လျက်သားဖြစ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ - ခုမှတော့ ရှုံ့နေလို့မပြီးသေးဘူး။ ဒီကောင်ကြီးဗိုက်ထဲမှာ ဘာကောင်ကို မျိုထားလဲဆိုသိရအောင် သူ့ဗိုက်ကို ခွဲပြီး နှိုက်သာ ထုတ်လိုက်ကြပေတော့"

ကျွန်ုပ်မှာ "မပြောမပြီး၊ မတီးမမြည်" ဆိုတော့သည့်အခြေမို့ စိတ်မသက်သာစွာ နှင့်ဒိတုပ်ပြီး အမိန့်ပေးလိုက်ရတော့၏။

သည်တော့မှ ရွာသားနှစ်ဦးသည် ဓားအတက်ခင်းကာ မျက်နှာရှုံ့မဲ့မဲ့ဖြင့် အသက်အောင့်ပြီးလျှင် အနီ - စပါးကြီး ကောင်၏ဝမ်းကြာတိုက်ထဲမှ တစ်စုံတစ်ခုအား အားစိုက်၍ ပြိုင်တူ နှိုက်ထုတ်လိုက်ကြ၏။

"ဟာ - ဟင် - အံ့မယ်လေးဗျ - လူ - လူသေကြီး"

ရွာသားနှစ်ဦးသည် နှိုက်မိလျက်သား ဖြစ်နေသည့် ပြားချပ်ချပ် ပျစ်ချွဲချွဲ အလောင်းကောင်ကြီးအား ကြောက်အားလန့်အကြား ယောင်ယောင်မှားမှားဖြင့် အောက်သို့ လွှတ်ချလိုက်ကြသည်။

"ဟင် - လူသေအလောင်းကြီးပါလား ဒါ - ဒါ - ကျုပ်သားစိုင်းလိတ်လား ဗျ"

သူကြီးဖြစ်သူသည် ချွဲပျစ်ပျစ် ပြားချပ်ချပ်ဖြင့် လူရုပ်ပင် မပေါ်နိုင်ရှာသည့် အလောင်းကောင်အားကြည့်လျက်ဝမ်းနည်းပက်လက် ငိုသံပါကြီးဖြင့် ကျွန်ုပ်မှဆိုးထံသို့ မော့ကြည့်ရင်း မေးလိုက်၏။

"ဟုတ်ပါလိမ့်မယ်ဗျာ၊ ခင်ဗျားသား ဟုတ်၊ မဟုတ် သေချာစစ်ကြည့်ပါဦး၊ ဟောဒီမှာတွေ့လား၊ ဒီကောင့်လက်ထဲမှာတူမီးသေနတ်က ဆုပ်လျက်သားကြီးနဲ့မို့လား၊ ဟော - ဟိုမှာ ဘာကြီးပါလိမ့်၊ ဟင် - သူ့လည်ပင်းမှာလည်း ရွှေဆွဲကြိုးက တန်းလန်းနဲ့တောင် ပါနေသေးပါလား"

"အဟီးဟီး - အဖြစ်ဆိုးလှချည်လား "လုအန်" (သား) ရယ် - ဒီသက်သေခံပစ္စည်းတွေ တွေ့နေမှတော့ အရာအားလုံးကို အဖေ ယုံပါပြီကွယ်"

"ကဲ - သူကြီးမင်း - ခုလိုဖြစ်သွားတာ ကျုပ်လည်း စိတ်မကောင်းပါဘူး၊ ခုတော့ - သူကြီးရဲ့သားကိုဘယ်သူသတ်သွားလဲဆိုတာ လူသတ်တရားခံအစစ်ကို သိပြီမှတ်လား၊ အင်း - တစ်လမ်းလုံး ကျုပ် တွေးထားတာနဲ့ ကွက်တိကျသွားလို့၊ ကျုပ်လည်း ခုမှပဲ "ဟင်း" ချနိုင်တော့တယ်"

"ကဲ - သူကြီး - ဒီအလောင်းကောင်ကို ကြိုးနဲ့ တုပ်၊ ပုတ်နဲ့ လျှိုပြီး ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



တပည့်နှစ်ယောက်ကို ထမ်းပြန်ခိုင်းပေတော့၊ အကြောင်းစုံကို သူကြီးအိမ်ရောက်မှပဲ ကျုပ် ရှင်းပြတော့မယ်"

ဤသို့ဖြင့် ကျွန်ုပ်တို့လူတစ်စုသည် စိုင်းလိတ်အလောင်းအားကာလေရွာသို့ တောတောင်အထပ်ထပ်ကိုဖြတ်ကျော်ပြီးသကာလ ခက်ခဲပင်ပန်းစွာ သယ်ဆောင်လာကြတော့၏၊ သူကြီးအိမ်ရောက်ချိန်မှာတော့ အမှောင်ထုက အလုအယက် မင်းမူနေချေပြီ၊ သတင်းပလင်းလာမေးသူ၊ စပ်စုသူ၊ မိသားစုတို့၏ လူးလိမ့်ငိုယိုသူတို့ဖြင့် အတိပြီးသည့် သူကြီးအိမ်တွင်အခိုက်အတန့်မျှရေစေနွး

“ဟုတ်ပြီ–ကျုပ်စကားကို ဆက်ရရင် စပါးကြီးဟာ အချွဲရည် ပြည့်လာတဲ့ သူ့ပါးစောင်းထဲက အဲဒီအရည်ပျစ်ချွဲချွဲနဲ့ ဖြန်းပြီးတဲ့အချိန်နဲ့ မရှေးမနှောင်းမှာပဲ သူ့ကိုယ်လုံးကြီးနဲ့ ခွေပတ်ပြီး လိမ်ကျစ်လိုက်တယ်။ ကြိတ်ချေလိုက်တယ်။ အားပါးပါး–အဲသည်တုန်းကများ မြွေကြီး ကြိတ်ချေလိုက်တဲ့ ကျွဲကြီးရဲ့ အရိုးကျိုးသံဟာဆိုရင် ဂျွတ်ခနဲ ဂွပ်ခနဲကို မြည်သွားတော့တာပဲ။ ကျုပ်ဟာ ထိတ်လန့်စရာမြင်ကွင်းကိုကြည့်ပြီး ကတုန်ကယင်တောင် ဖြစ်လာတယ်။



ကြမ်းသောက်ရင်း အမောအပန်းဖြေအပြီးကျွန်ုပ်သည် သူကြီးအားရှေ့မှထား လျက် လွန်လေပြီးသောကာလတစ်ခုမှ ကျွန်ုပ်ကြုံတွေ့ခဲ့ရသည့် ရှောက်ရှားဖွယ် အဖြစ်အပျက်တစ်ခုအား အောက်ပါ အတိုင်း ဇာတ်စုံခင်းပြလိုက်လေတော့သတည်း။

❑

ညို့ချက်ပြင်းသည့် အသြရာယ် ကောင်

ကျုပ်က ဝါရင့်သမ္ဘာရင့်တောမုဆိုးကြီးဆိုတော့ သူကြီးသား စိုင်းလတ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်ကို နားထောင်ပြီး ကျုပ် ဘယ်လိုတွေးမိသလဲ - သိလား။

စိုင်းလီတ်သေတာ အလောင်း ကောင်မှ ရှာမရပုံထောက်တော့ ကျုပ် စိတ်ထဲမှာ နည်းနည်းဆန်းနေတယ်။ ကျားကိုက်တယ်လို့ဆိုရအောင်လည်း အလောင်းအစအနအနေနဲ့ အရိုးအရင်း တော့ ကျန်ကို ကျန်ရမှာ။ ပြီးတော့ အသေကောင်ပုပ်နံ့ရရင် လင်းတတွေ ဝဲမယ်ပေါ့။ ဒါတင်ပဲလား - သင်းခွေချပ်ရဲ့ အရွှေအော်သံလည်း မကြားဆိုတော့ ဒါ တစ်ခုခုကြောင့်ဖြစ်မယ်လို့ ကျုပ် ခန့်မှန်း မိတယ်လေ။ ဒို့မတိုင်ခင်က ကျုပ် အမဲ လိုက်သွားရင်း အခုအလောင်းတွေ့တဲ့ နေရာနား ရောက်သွားဖူးလေတော့ လား - လား - ကျုပ်တစ်သက်မှာတစ်ခါမှ မတွေ့ဖူးသေးတဲ့ မြင့်မားတဲ့ စပါးကြီးကောင်ကို မြင်ဖူးတော့၊ ကျုပ်ဟာဆိုရင် အံ့သြ တကြီး မှင်တက်မိသွားတယ်။ အဲဒီတုန်း က ဆတ်တစ်ကောင်နောက်လိုက်ရင်း တောထဲလျှောက်စွာ ကျုပ် မြင်လိုက်ရတာ က အဲဒီစပါးကြီးကောင်ဟာ သူ့ရှေ့မှာရှိ တဲ့ ကျွဲရိုင်းတစ်ကောင်ကို ညို့ဖမ်းနေတာများ ဆိုတော့ နည်းတုန်၊ အူတုန်လောက်တယ်။ ငါ့ဘုရားများ - ကျွဲရိုင်းခများ ဘယ်ပြေး လိုက်၊ ညာပြေးလိုက်နဲ့ ပြေးလေသမျှ အဲဒီ့စပါးကြီးကောင်ရှေ့မှာပဲ တဝဲလည် လည်နဲ့ ညို့ချက်မိနေရှာတာပေါ့များ။ ဒီစပါးကြီးကောင်ဟာ သူ့ချက်အောက် မှာရှိတဲ့ ညို့ဖထောက်နစ်ခွနဲ့ ကျွဲရိုင်းရဲ့ခြေ ရာကိုထောက်ပြီး မျက်လုံးသေကြီးနဲ့ ညို့ဖနေတယ်။ အဲသလို - စိမ်ပြေနပြေ ညို့ဖနေပုံများ ခပ်လှမ်းလှမ်းကကြည့်နေ တဲ့ ကျုပ်တောင် ကြက်သီးတွေ တဖြန်း ဖြန်းထမိပါရဲ့။ ကျုပ်လည်း ဒီလိုမြင်ရခဲ့တဲ့ မြင်ကွင်းအပေါ်ကြည့်ကောင်းကောင်းနဲ့ ကြက်သေသေပြီးပါးစပ်ဟောင်းလောင်း နဲ့ပဲကြည့်နေမိတယ်လေ။ ကျုပ်ကြားဖူး တာက စပါးကြီးတို့မည်သည် သူ့ညို့ ထောက်နဲ့သတ္တဝါရဲ့ခြေရာကိုထွာကြည့် ပြီးမှ မျိုနိုင်၊ မမျိုနိုင် ခန့်မှန်းကြတယ်ဆို ပဲ။

ဒီကောင်ကြီးက ကျုပ်တို့ပစ်သတ် ခဲ့တဲ့အတိုင်းဆိုရင် ပေ(၃၀) မအောက် ဘူးဗျ။ ဒီတော့ - ကျွဲကြီးကို သူ့ဗိုက်နဲ့ ဆန့်တယ်ဆိုပြီးညို့တော့တာပဲ။ သူ့ချက် အောက်မှာ ညို့ဖထောက်နစ်ခွရှိတယ်။ ညို့ထောက်နဲ့မိထားရင် ကျော့တဲ့သားရဲ တိရစ္ဆာန်တွေကိုမဆိုထားနဲ့ အသိဉာဏ် ကြီးလှပါတယ်ဆိုတဲ့ လူတွေတောင်

www.burmeseclassic.com

www.burmeseclassic.com



နဝေတိမ်တောင် ကယောင်ချောက်ချား ဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ဖြစ်မှန်းမသိတော့ဘူး။

အဲ-သိပ်မကြာပါဘူး။ ကျွဲကြီးဟာ စပါးကြီးကောင်ရှေ့မှာတင် ကြက်လည်လိမ်ထားသလို ဝပ်စင်းပေးလိုက်ရတော့တယ်ဗျာ။ အံ့ရော-အံ့ရော။

အဲ-သည်တော့မှ စပါးကြီးကောင်ဟာ အေးအေးဆေးဆေးတည်ငြိမ်စွာနဲ့ပဲ ကျွဲရိုင်းကြီးဆီကို အိပ့်အိပ့်နဲ့ သူ့ခန္ဓာအတွဲဘောကြီးကို သယ်ဆောင်ပြီး ချဉ်းကပ်လိုက်တယ်။

ကျုပ်ဗျာ-စပါးကြီးကောင်ရဲ့လှုပ်ရှားမှုကို ကြည့်ပြီး အသည်းယားလိုက်တာဗျာ။ ကျွဲကြီးဆီလည်းရောက်၊ သူ့ပါးစပ်က အချွဲရည်တွေနဲ့ မှုတ်ထုတ်ပြီး ဆေးဖြန်းသလို ဖြန်းလိုက်ပါရော။ ကျုပ်ကြားဖူးတာက စပါးကြီးဟာ သားကောင်ကို ညို့နေတဲ့အချိန်-အင်း-ကရာတေးသမားတွေစကားနဲ့ပြောရရင် "ကီ" သွင်းနေချိန်မှာ သူ့ခံတွင်းဝဟာ အချွဲရည်တွေပြည့်လာသတဲ့။ အဲ-ဘယ်ရောက်သွားပါလိမ့်။ ဟုတ်ပြီ-ကျုပ်စကားကို ဆက်ရရင် စပါးကြီးဟာ အချွဲရည်ပြည့်လာတဲ့ သူ့ပါးစောင်းထဲက အဲဒီအရည်ပျစ်ချွဲချွဲနဲ့ ဖြန်းပြီးတဲ့အချိန်နဲ့ မရှေးမနှောင်းမှာပဲ သူ့ကိုယ်လုံးကြီးနဲ့ ခွေပတ်ပြီး လိမ်ကျစ်လိုက်တယ်၊ ကြိတ်ချေလိုက်တယ်။

အားပါးပါး-အဲ သည် တုန်းက များ မြွေကြီး ကြိတ်ချေလိုက်တဲ့ ကျွဲကြီးရဲ့ အရိုးကျိုးသံဟာဆိုရင် ဂွတ်ခနဲ ဂွပ်ခနဲကို မြည်သွားတော့တာပဲ။ ကျုပ်ဟာ ထိတ်လန့်စရာမြင်ကွင်းကိုကြည့်ပြီး ကတုန်ကယင်တောင် ဖြစ်လာတယ်။ မြင်ကွင်းက အရမ်းကို အသည်းယားစရာ၊ ကြောက်စရာကောင်းတာကလား။

သန်သန်မြန်မြန် တုတ်တုတ်ခိုင်ခိုင် ကျွဲကြီးဟာ တစ်ခဏချင်းမှာပဲ စပါးကြီး ခွေပတ် ကြိတ်ချေလိုက်တော့လည်း တကယ့် ရှမ်းစက္ကူချပ်ပိန်းကြီးလို ပြားကပ်ကပ်ကိုဖြစ်လို့။ ဒီတော့မှ ဒီကောင်ကြီးဟာ ပုံမှန်ထက် အဆပေါင်းများစွာကြီးလာတဲ့ စပရိန်လို ပါးစပ်ပြဲကြီးနဲ့ စိမ်ပြေနပြေအရသာခံပြီး မျိုနေပါလေရော။ အမှန်ပြောရရင် ကျုပ်လည်း ဒီလောက်ကြီးတဲ့ကောင်ကြီးကိုကြည့်ပြီး ကြောက်ဒူးတုန်လာလို့ လေသင်တုန်းမိသလိုဖြစ်ပြီး ကတုန်ကယင်နဲ့ပဲ လှည့်ပြန်ခဲ့ရတယ်။ အင်း-နောက်လေးငါးရက်လည်း ရောက်ရော၊ တောလည်ရင်းတွင်း ပေါက်နားကို မယောင်မလည်နဲ့ ကျုပ် ရောက်သွားတယ်။ ဟဲ အားလျော်စွာပဲ

www.burmeseclassic.com



ဒီကောင်ကြီးကို ကျုပ် ထပ်တွေ့လိုက်ရတယ်လေ။

အဲဒီမှာမြွေကြီးဟာတွင်းဝကြီးထိပ်က ခေါင်းလေးကိုင်းလို ကွေးကွေးကြီး ယှက်နေတဲ့ သစ်ပင်နစ်ပင်ရဲ့ အကိုင်းပေါ်မှာ ခေါင်းနဲ့ အမြီးကို တစ်ဖက်တစ်ချက်ဆီ ချိတ်ပြီး သူ မျိုထားတဲ့အရိုးတွေကို ပြန်အန်ထုတ်နေတာ ထူးထူးဆန်းဆန်းကို မြင်လိုက်ရပြန်ရောဗျာ။ အဲ - ဒီစပါးကြီးမြွေကောင်ကြီးဟာပါးစပ်ကလည်းအန်၊ အဆိုက်ကလည်းအရိုးတွေဖောက်ထုတ်ပြီးနေတာ၊ တကတဲမှပဲ၊ တွင်းနက်ကြီးထဲကိုပလုံစီပြီးကျသွားတယ်လေ။ ကျုပ်မြင်း ထူးဆန်းလွန်းလို့ ကိုယ်တွေ့သာ မကြုံရရင် ယုံတောင် မယုံချင်ဘူး။ အဲ - အမြီးဖောက်ထွက်သွားတဲ့ သူ့ဝမ်းပျဉ်းသားတွေဟာ တခြားဘယ်သတ္တဝါနဲ့မှ မတူဘူး။ ကျုံ့လိုက်ဆန့်လိုက်နဲ့ တကယ့်အရှိန်အတိုင်းပါပဲဗျာ၊ ဖောက်ထွက်သွားတဲ့ သူ့အသားတွေဟာ တစ်ခဏချင်း ပြန်ပြန်ဆက်သွားတယ် - အံ့ရော - အံ့ရော။

ဒါကြောင့်ပဲ ဒီလို ဆန်းကြယ်တဲ့ အဖြစ်အပျက်နဲ့ ကြုံလိုက်ရတော့ ကျုပ်တွေးမိတယ်၊ ကေန္တ - သူကြီးသားလည်း ဒီကောင်ကြီး အညို့ခံပြီး မြွေမျိုခံလိုက်ရတာပဲဖြစ်မယ်။ ဒီကောင်ရှိတဲ့ မြောက်အရပ်ဘက် ထွက်သွားတယ်ဆိုတာလည်း သိရရော ကျုပ်တွက်ကိန်းမှန်နေပြီဆိုတာ တစ်ထစ်ချ ပြောနိုင်တော့တယ်လေ။ စပါးကြီးမြွေတွေဟာဒီကမ္ဘာလောကကြီးမှာ ဂမ္ဘီရအဆန်းဆုံးသတ္တဝါတစ်မျိုးလို့ ဆိုလောက်တယ်၊ သူကြီးပြောတဲ့အတိုင်းဆိုရင်တော့ အိပ်မက်အရ စိုင်းလိတ်ဟာ စောစောကတည်းက အညို့ခံနေရသလိုဖြစ်နေတော့ သူ့အဖို့ သေနေ့စေ့သလို ဖြစ်သွားတာပေါ့ဗျာ။ အင်း - အဖြစ်အပျက်က ဆန်းကြယ်သလို စိုင်းလိတ်လေးခမျာတော့ သနားစရာပါဗျာ။

ကျွန်ုပ်စကားအဆုံးတွင် ကျွန်ုပ်ပြောပြသည့်အဖြစ်အပျက်အပေါ် စိတ်ဝင်တစား နားထောင်နေကြသည့် ရွာသားများမှာ ပါးစပ်အဟောင်းသားဖြင့် အံ့သြထိတ်လန့်နေကြချေတော့၏။

"ကဲ - သူကြီး - ခုလောက်ဆိုရင် လူသတ်တရားခံ ဘယ်သူဆိုတာ သူကြီးလည်း မျက်မြင်ဒိဋ္ဌ တွေ့ပြီးပြီမို့ သိလောက်ပါပြီ၊ စိုင်းဆိုင်ဖတ်သော ဖြန်လွှတ်ပေးပြီး တောင်းပန်လိုက်ပေတော့ဗျို့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်စကားလည်း ဆုံးပါလေရော သူကြီးစန္ဒိမာသည်စိုင်းဆိုင်ဖအားထိတ်တုံးခတ်ထားရာမှ တရားသေ လွှတ်ပေးလိုက်သည့်အပြင် ရှိခိုးမတတ် ဝန်ချတောင်းပန်လိုက်လေတော့၏။ စိုင်းဆိုင်ဖသည်လည်း ကျွန်ုပ်ပေးသည့်အသက်သာ ရှိတော့သည်ဟုဆိုကာ ကျွန်ုပ်ခြေအစုံအားဦးခိုက်ပြီးသကာလ၊ တေးဖူးတင်စကားကို မျက်ရည်လည်ရွဲဖြင့် အခါခါ ဆိုနေပါတော့သတည်း။

❑

စာတြွင်း

ကျွန်ုပ် ဤသို့ပြုဖွယ်ကိစ္စအဝဝကို ဆောင်ရွက်အပြီး တစ်နေ့သ၌ ထိုတာလေရွာမှ ဆွတ်ပျံ့ဖွယ်ဇာတ်လမ်းတစ်ပုဒ်အားပီတိနှင့်ယှဉ်လျက်ဝမ်းပန်းတသာကြားလိုက်ရပေသည်။

ကျွန်ုပ် ကြားလိုက်ရသည်မှာ စိုင်းဆိုင်ဖနှင့် နန်းခမ်းအောင်တို့နှစ်ဦးသည် ငယ်ချစ်များဖြစ်ကြသည့်အတိုင်း တစ်ဦးနှင့်တစ်ဦး နားလည်ခွင့်လွှတ်စွာ ပြန်ပေါင်းထုပ်လိုက်ကြသည့် မင်္ဂလာသတင်းပင်ဖြစ်ပါကြောင်း ...။

❑

နိဂုံး

ဇာတ်လမ်းအစတွင် ကျွန်ုပ်တို့ ဓေ သားတင်ပြခဲ့သည့်အတိုင်း သစ်လုံးတင် ကား ဒရိုင်ဘာနှင့် စပယ်ယာတို့သည် တာဝန်အရ သစ်လုံးများကို ချစရာ ကျ နေသေး၍ ညတွင်ချင်းမှာပင် နမ့်စန် သစ်ဆိပ်သို့ ခရီးဆက်လိုက်ကြသည်။

ဆရာမလေးပျောက်ဆုံးသွားသည့် အမှုကလည်း ကပ်ပါလာချေ၍ ရဲစခန်း ထောက်ခံချက်ဖြင့် နမ့်စန်သစ်ဆိပ်တွင် တစ်ထောက်နားညအိပ်ရန် ရောက်လာ ကြခြင်းဖြစ်၏။

ထိုညက သစ်ဆိပ်တွင် ဂိတ်ထိုး အပြီး ကားဆရာနှင့် စပယ်ယာတို့သည် ခြေချုပ်အဖြစ် ရုံးခန်းထဲမှာပင် အစောင့် ရဲသားများ ခြံရံလျက် အိပ်ဖြစ်ကြသည်။

နောက်တစ်နေ့ ကားပေါ်မှ သစ်လုံး များကို ဝိုင်းဝန်းကူချအပြီးတွင် ကား ဆရာနှင့်တကွ သစ်အဖွဲ့သားများသည် အံ့ဩတုန်လှုပ်ဖွယ်မြင်ကွင်းတစ်ခုနှင့် ပက်ပင်းတိုးလေတော့သည်။ ဖြစ်ပုံမှာ သစ်လုံးကြီးတစ်လုံးတွင် အလွန်အ ကျယ်သည့်သစ်ခေါင်းပေါက်တစ်ပေါက် ပါလာပြီး ထိုအခေါင်းပေါက်ထဲတွင် ခွေ အိပ်နေသည့် စပါးကြီးတစ်ကောင်အား တွေ့လိုက်ရခြင်းပင်ဖြစ်သည်။

www.burmeseclassic.com



သင်းစပါးကြီးမြွေ၏ ဗိုက်မှာ အဆ...န် ဖောင်းကားနေရကား သစ်အဖွဲ့...တို့သည် အထိတ်တလန့်ဖြင့် ဝိုင်း...သတ်ဖြတ်ပစ်လိုက်ကြ၏။

သေဆုံးပြီဖြစ်သည့် ထိုစပါးကြီး...အား ဗိုက်ခွဲကြည့်သည့်အခါတွင် ၎င်း...ဗိုက်ထဲတွင် ပြားချပ်ချပ် သေဆုံးနေ...သည့် မိန်းကလေးအလောင်းတစ်...လောင်းအား တုန်လှုပ်ချောက်ချားစွာ...တွေ့လိုက်ရလေတော့သတည်း။

ညီဂျောင်

## အနာပေါက်ကုထုံး

**သက်တံ့နာ**

| | |
|---|---|
| (၁)သဘော်အဖိုအမြစ် | ၅သား |
| (၂) ဒန့်သလွန်မြစ်အစို | ၅သား |
| (၃) ခံတက်ခေါက်အစို | ၅သား |
| (၄) သက်ငယ်ပင်စ | ၁သား |

အားလုံးရော၍ ညက်အောင်ပြုပြီး အနာပေါ်အုံပေးပါ။


**အနာ့ပဆုပ်**

| | |
|---|---|
| ကျပ်ခိုး | ၁သား |
| ကင်မလင်းမြစ် | ၁သား |
| ကင်းမြီးကောက်အခြောက် | |
| ကင်းခြေများအခြောက် | ၁သားစီ |
| ပျားတွဲအုံ | ၁သား |
| နမ်းဆီ | ၁သား |
| ဆီမီးတောက်ဥအမှုန့် | ၁သား |

အားလုံး အမှုန့်ပြု အတောင့်လုပ်ထားပါ။ ကျောက်ပြင်တွင် ဆီးဆီး နမ်းဆီနှင့် ခပ်ကြဲကြဲသွေး၍ ဂွမ်းတွင်ဆွတ်ကာ ထည့်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

နွားကို ကိုက်သတ်သွားသော
ဘောကောင်ကို အမျိုးသမီးမုဆိုးနှင့်
ပူးပေါင်းကာ ရှာဖွေပစ်ခတ်ပုံကို
အသည်းတထိတ်ထိတ် ဖတ်ရှုရမည် ..

**လမ်းအတိုင်း** မောင်းနှင်နေသောကားကို လှည်းကူးလမ်းဆုံကိုရောက်တော့ ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်ရှိရာဘက်ဆီသို့ ချိုးကွေ့လိုက်ပြီးထန်းပင်ကုန်းကျေးရွာ၊ မဆယ်ကုန်းကျေးရွာ၊ ကာလီထော်ကျေးရွာတို့ကိုကျော်ပြီးစာဘူးတောင်းကိုရောက်လျှင် ရန်ကုန်–မန္တလေး အမှတ်(၃)အမြန်လမ်းဆီကို ရောက်တော့ "ဟိုင်းဝေဗီလင်" စားသောက်ဆိုင်ရှေ့ကားကိုထိုးရပ်လိုက်စဉ် ဆိုင်အတွင်းမှ ကျွန်တော့်မုဆိုး "ကီး ကီး" ပြေးထွက်လာသည်။

"မနေ့က ဖုန်းဆက်ရင်း မပြောလိုက်တာက စကားကြောရှည်နေမှာစိုးလို့တဲ့ မပြောလိုက်ဘဲ အမြန်ဆုံးလာခဲ့ပါလို့ ပြောလိုက်ရတာက ခုရက်ပိုင်းမှာ ဒီသစ်ဆင်ကောင်ဟာ ပိုပြီးအတင့်ရဲနေတယ်။ ပြီးတော့–ပါးနပ်တာဟာလည်း ကမ်းကုန်ပဲ၊ အတင့်လဲ ရဲလွန်းတယ်၊ မြဲထဲက နွားသုံးကောင်အပြင် ဝက်ကသုံးကောင်နဲ့မြဲထဲကကြက်ဆိုတာတော့ အတော်များနေပြီ၊ ကျွန်တဲ့ရွာသားတွေဆီက မပါသေးဘူး၊ အဲဒီ့ဒုက္ခကိုကူညီပေးသွားပါဦး–ဘိုလေး"

ကီး ကီး ဆိုသည်က ကျွန်တော့်လက်ရင်း ကရင်မုဆိုးတစ်ဦးပင်၊ ယခင်

www.burmeseclassic.com

မှုနေထိုင်သည်က "လေးအိမ်စု"ဆို သည့်ရွာကလေးတွင်လုပ်ကိုင်သည်က ဆိုးလုပ်ငန်းအပြင် တောထွက်ပစ္စည်း နေရှာဖွေရောင်းချစားသောက်ကြရင်း အတန်အသင့် အဆင်ပြေလာကြသည့် အတွက် ကျွဲ၊ နွား၊ ဝက်၊ လှည်းတို့အပြင် အိုးတိုပါ မွေးရန်အတွက် ငါးကန်ပါသည့် နေရာ၊ မူလနေထိုင်သည့်နေရာထက် အတွင်းကျသည့် စုနစ်ကြိုက်ဆိုသည့် ရွာရိုးရာဆီသို့ပြောင်းရွှေ့ပြီးနေထိုင်လုပ် ကိုင်နေရာမှ ယခု သူ့ပြောသည့် အန္တရာယ်တွေနှင့် ကြုံတွေ့ပြီး ကျွန်တော်တို့ထံ ဖုန်းဆက်အကူအညီ တောင်းသဖြင့် ထွက်လာခဲ့ခြင်း ဖြစ်ပေသည်၊ သူတို့လင်မယားက ယခုသမီးလေး "ဘုတ်ဆုံမ"ကို မွေးဖွားပြီးမှ ယခုလို စီးပွားတက်လာခြင်းဖြစ်သည်ဟု လည်းပြောပြသည်။

နှစ်ဦးသား ဆိုင်အတွင်း ထန်းရည်နှင့် ကြွက်ကြော်၊ အမဲကြော်တို့ကို စားသောက်နေကြရင်း ကျွန်တော့်ကို သူက -

"ဘိုလေးတစ်ယောက်တည်းလား၊ အဖွဲ့သားတွေ လိုက်မလာကြဘူးလား"

"အေးကွ - တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ မင်းကလည်း အကျိုးအကြောင်း ဘာမှ မပြောတော့ လာစေချင်လို့ ခေါ်တယ်ပဲ အောက်မေ့နေကြတယ်၊ ဟိုအချိန်ငါသွားခဲ့တဲ့ခရီးတိုင်းကောင်လေးတွေ မလိုက်နိုင်တောင် အသာကောင်းနဲ့ အစ်ကိုကြီးနဲ့လိုက်နေကျ၊ ခုတော့သူတို့လဲ မအားကြလို့ ငါတစ်ယောက်တည်း ထွက်လာခဲ့တာ"

"ကျွန်တော်လည်း ထင်ပါတယ်၊ ဘယ်သူမှ မလိုက်တောင် ဘိုလေးတစ်ယောက် လာကိုလာမှာလို့တွက်ပြီး ဒီဆိုင်လာထိုင်စောင့်နေတာ"

ကျွန်တော်က ထန်းရည်သောက်လိုက် အမြည်းစားလိုက်လုပ်နေရင်း -

"တော်သေးရဲ့ - မင်းဒီကလာစောင့်နေလို့ပေါ့၊ ငါ့ဟာငါသာ လာရရင်မင်းတို့ ခုနေတဲ့ရွာဆီ ဘယ်လိုလာရမှန်းတောင် မသိဘူး၊ ဒါနဲ့ ကလီထော်မှာနေတဲ့ ကိုလှမြင့်ကိုရော အကူအညီမတောင်းဘူးလားကွ"

"ဘယ်နေပါ့မလဲ - ဘိုလေးရာ၊ သူ့ကို အရင်ဆုံးသတိရတာပေါ့၊ သူရောက်လာပြီး နည်းမျိုးစုံနဲ့ ဝင်လမ်းထွက်လမ်းတွေကြည့်ပြီး ထောင်ချောက်တွေဆင်၊ ပစ်ဖို့လည်း ကြိုးစားခဲ့ပေမယ့် ဒီအကောင်က ပါးနပ်လွန်းလို့ဘယ်လို

www.burmeseclassic.com



မတတ်နိုင်တော့လို့ ဘိုလေးတို့အဖွဲ့ဆီ လှမ်းအကြောင်းကြားရတာပေါ့"

အထိုက်အလျောက် စားသောက်ပြီးမှ နှစ်ဦးသား ကျသင့်ငွေကို ရှင်းပြီး အမြန်လမ်းမကြီးအတိုင်း မောင်းဝင်ခဲ့ကြရင်း မင်းကုန်းရဲဘက်စခန်းဘက်ဆီ ချိုးတွေ့တာ "ဥတို၊ မရမ်းချောင်း၊ ရေနက်ကြီး၊ လေးအိမ်စု၊ ထိလေပိုး" ဆိုသည့်ရွာငယ်တွေကိုဖြတ်ပြီး သူတို့ ယခုနေထိုင်ရာ "ခုနစ်ကြိုက်" ရွာဆီရောက်ပြီးတဲရှေ့တားကို ထိုးရပ်လိုက်ပေသည်။

တဲရှေ့တား ရပ်လိုက်တော့ သူ၏ဇနီး "နော်ဆေးနှင့် သမီးဘုတ်ဆုံမ" တို့တ အားရဝမ်းသာပြေးထွက် ခရီးဦးကြိုရင်းပြေးထွက်လာကြသည်။ ပစ္စည်းတွေကို သယ်ချပေးသည်ကိုကြည့်ရင်း ပြန်လည်စဉ်းစားနေလိုက်မိသည်က သူတို့နှစ်ဦးတွင် သားသမီးတစ်ယောက်ထွန်းကားခဲ့သည်။ မိန်းကလေးဖြစ်ပြီး ဖြူဖြူလုံးလုံးလေးနှင့်မို့ ချစ်စရာလေးပင်။ ကျွန်တော်တို့အဖွဲ့သားတွေကလည်းထိုကလေးကိုချစ်သည်။ ထိုကလေးမွေးပြီးမှ သူတို့တွင်လည်း စီးပွားတက်သည်။ ကျွန်တော်တို့အဖွဲ့သားတွေက ထိုကလေးကို ချစ်စနိုးနှင့် "ဘုတ်ဆုံမ" ဟု ခေါ်ကြရင်း ထိုအမည်တွင်သွားရခြင်းပင်။

တွတ်တီးတွတ်တာပြောဖြီး ချစ်စရာအလွန်ကောင်းသည့်ကလေးနဲ့ ကျွန်တော်အဖွဲ့သားတွေ အချစ်ဆုံးကလေးပင်။ ယခု ထိုကလေးမလေးကို ကျွန်တော် ပြန်မြင်တွေ့လိုက်ရတော့ တအံ့တဩပင် ဖြစ်ရသည်။ အဘယ့်ကြောင့်ဆိုသော်ပုံစံကယခင်ကျွန်တော်တို့ အချစ်ပိုခဲ့ရသည့်ကလေးအသွင်မဟုတ်ဘဲ အသက်အရွယ်က (၁၆)နှစ်သမီးအရွယ်ခန့်၊ ဆံပင်အုံကလည်း ခပ်ကောင်းကောင်း၊ အသားအရည်က ခပ်ညိုညို၊ ရုပ်ရည်ကလည်း ကပြားရုပ်မို့ သနားကမား၊ ကျနသေသပ်သည့်ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားသူဖြစ်ပြီး သူမလိုမိန်းကလေးအတွက် ဝိုင်းဝိုင်းလည်နေမည့်အသွင်မို့ပင်။

ကျွန်တော်တို့ ရောက်သည့်အချိန်သည် ညနေစောင်းနေပြီမို့ ယူဆောင်လာသည့် သေနတ်(၂)လက်ကိုထုတ်ကာ အသင့်ပြင်ဆင်ထားပြီး ညစာကို စားပြီး စကားစမြည်ပြောနေလိုက်ကြပေသည်။

"ဒါနဲ့ ကီးကီး - ဖိုလှမြင့်တစ်ယောက်ကော့ကွ"

www.burmeseclassic.com



"ဒီနေ့ ပန်းတောကုန်းက သူ့အမေ နေမကောင်းတဲ့ဆီသွားတယ်၊ နောက် နေ့မှ ပြန်လာခဲ့မယ်တဲ့၊ သေနတ်တော့ အိမ်မှာ ထားသွားတယ်လေ"

"ဒါနဲ့ မေးရဦးမယ် - မင်းတို့သမီး နာမည်က ဘုတ်ဆုံမပဲလားဟ"

"ကျွန်တော်တို့ကတော့ အဲဒီ နာမည်ပဲ ခေါ်ကြတယ်၊ နာမည်ပြောင်း ထားတယ်လို့ သူ့အဘွားက ပြောသွား တယ်၊ ဘာပြုလို့လဲ - ဘိုလေး"

"ငယ်ငယ်တုန်းကငါတို့က ချစ်စရာ လေးမို့ ဒီနာမည်ခေါ်တာကွ၊ ခုမင်းသမီး က ကြီးလာသလို လှလဲ လှလာတော့ ဒီနာမည်နဲ့ မလိုက်တော့ဘူးလေ၊ နောက်ထပ်နာမည်သစ်ကဘာတဲ့လဲကွ လုပ်စမ်းပါဦး၊ သူ့အဘွားပေးသွားတော့ လှူနဲ့လိုက်ဖက်ညီမှာပေါ့"

ကျွန်တော့်အမေးကြောင့် ဇနီးဖြစ် သူ နော်ဆေးက -

"သူ့ဘွားအေက ဝါဆိုလမှာ သူ့ကို မွေးလို့ မေမြတ်ဝါဆိုလို့ ပေးသွားတယ် လေ"

"ဟုတ်လား - လှလိုက်တဲ့နာမည် ကွာ၊ ငါ့သမီးက အဲဒီနာမည်နဲ့မှ လိုက် တာကွ၊ ဒါပေမဲ့ - ငါတို့အဖွဲ့ကို တစ်ခုခု ကျွေးပြီးမှ အဲဒီနာမည်ခေါ်မယ်၊ ခုတော့ ဘုတ်ဆုံမဆိုတဲ့နာမည်ခေါ်ရတာ နှုတ် ကျိုးနေလို့ အဲဒီနာမည်ပဲ ခေါ်မယ်နော် သမီး"

ကျွန်တော်ပြောလိုက်သည့်စကား ကြောင့် အားလုံး ဝိုင်းရယ်မောနေစဉ် ဖခင်ဖြစ်သူ ကီးကီးက -

"ဒါနဲ့ - ကျွန်တော် မနက်ကို ဥနဲ့ပင် ဘက်ကို ခဏသွားစရာရှိတယ်၊ ဒါကြောင့် - အရေးအကြောင်းရှိရင် ဘိုလေးတူမ အကူအညီပေးလိမ့်မယ်၊ ငါးပေါက်ကလေးတွေ မှာထားတာ လာ ယူပါဆိုပြီးအကြောင်းကြားလို့၊ ကိုလှမြင့် သေနတ်တော့ ကျွန်တော်ယူသွားမယ်၊ ဘိုလေးမှာပိုတဲ့သေနတ်တစ်လက်ကို သမီးကိုင်လိမ့်မယ်နော်"

"ဟ - သမီးက သေနတ်ကိုင်မယ် ဆိုတော့ ပစ်ကော ပစ်တတ်ရဲ့လားဟ"

"တတ်တယ် - ဘိုလေးရဲ့ ဦးလှမြင့် က တောအကြောင်း၊ သားကောင် အကြောင်း၊ သေနတ်အကြောင်း၊ ထောင် ချောက်အကြောင်းတွေကို လက်ထပ် သင်ပေးထားတာလေ၊ လွန်ခဲ့တဲ့ နှစ် လောက်က သစ်ဆင်နော တူအမီး လိုက်ကြရင်းစိုင်ကြီးတကောင်တောင် ပစ်လို့ရလာခဲ့သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကီးကီးစကားကြောင့် တအံ့တဩ ဖြစ်သွားသူက ကျွန်တော်ရယ်သာမို့ နှုတ်က -

"ဘာ - စိုင်ကိုတောင် ပစ်လို့ရခဲ့တယ် - ဟုတ်လား၊ ဘယ်သူပစ်တာလဲ ဟ - ပြောကြစမ်းပါဦး"

ကျွန်တော့်အမေးကိုကြားဖြတ်ဝင်ပြောလိုက်သူက ဘုတ်ဆုံမရယ်သာပင်၊

"သမီးပစ်လိုက်တာ - အဘရဲ့ပြောရရင် ဦးလေးလှမြင့်အသက်ကို ကယ်လိုက်တယ်ပဲ ဆိုပါတော့၊ ညဥ့်နက်ပြီဆိုတော့ အိပ်လိုက်ပြီး အနားယူလိုက်ပါ အဘ၊ နောက်နေ့တွေမှ ပြောပြပါ့မယ်နော်"

သူမပြောလိုက်သည့်စကားတို့က လဲ ဟုတ်နေသည်မို့ သေနတ်တွေကို ဘေးတွင် အသာချထားလိုက်ပြီး အိပ်လိုက်ကြပေတော့သည်၊

နောက်တစ်နေ့မနက်ကျေးငှက်သံတို့ ကြားရစပြုတော့ ကျွန်တော် နိုးလာသည်၊ မျက်နှာသစ်တော့မည်လုပ်တော့ ရွာတွင်မှ လူများ၏ ခြောက်လှန့်မောင်းထုတ်သံ၊ အော်ဟစ်သံ၊ အိုးခွက်များနှင့် ဝါးလုံးကို ခေါက်သံ၊ ဆူဆူညံညံအသံတွေကို ကြားလိုက်ရသည့်အပြင် နွားတစ်ကောင်၏ ကြောက်လန့်တကြား သေငယ်ဇောနှင့် အော်သံနှင့်အတူ နွားပိုင်ရှင်၏ ဒေါသတကြီး ဆဲဆိုသံအပြင် သားကောင်ကြီး၏ မာန်ဖီဟိန်းဟောက်သံကိုပါ ကြားလိုက်ရပေသည်၊

သူတို့မိသားစုကို နိုးမနေတော့ဘဲ အိမ်ရာဘေးတွင် အသင့်ထားသည့် သေနတ်ကို ကောက်ယူမောင်းတင်လိုက်ပြီး အသံကြားရာဘက်ဆီသို့ ပြေးလိုက်သွားသော်လည်း ထိုနေရာဆီကို ရောက်တော့ကျွန်တော်နောက်ကျသွားခဲ့ပေပြီ၊ အရိပ်အယောင်ပင် မမြင်ရတော့၊

နွားခြံအတွင်း နွားတစ်ကောင်မှ မတွေ့ရသော်လည်း ခြံကို နွားတွေကိုတိုးဖောက်ကာ ထွက်ပေါက်ကို ရှာထွက်ကြသဖြင့် ပျက်စီးနေသည်ကို ခြံပိုင်ရှင် "ဆဝါး" ဆိုသူအနီး ရောက်လာပြီး ပြောပြသည်က ခြံအတွင်းရှိ နွားပေါက်တစ်ကောင်ကို လည်တိုင်ကိုမိမိရရကိုက်ဆွဲလျက် တောနက်ရာဆီသို့ ဆွဲသွားကြောင်းနှင့် ပါသွားခဲ့ပြီဖြစ်ကြောင်းကိုပင်၊ သစ်ဆင်လိုအကောင်က နွားပေါက်တစ်ကောင်ကို လည်တိုင်ကိုကိုက်ပြီး လိုရာဆီသို့ဆွဲယူခေါ်ဆောင်သွားသည်က အဆန်းတော့ ဟုတ်ပေ၊

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် နောက်ကျောဘက်ဆီမှ အုန့်နေသည့် သေနတ်တစ်လက်ကိုဆွဲ အာပြေးလိုက်လာသည့် "ဘုတ်ဆုံမ" ကို တွေ့လိုက်ရသည့်အတွက် ကျွန်တော် အအုံတသြဖြစ်ကာ သူမကို မေးလိုက်မိသည်က -

"သမီး - နှင့်အဖေက လိုက်မလာပဲ သေနတ်ယူပြီးညည်းက လိုက်လာတော့ ဖြစ်ကောဖြစ်ပါ့မလားဟ"

"အဘ ဦးလှမြင့်သင်ပေးထားလို့ တောင်းကောင်းပစ်တတ်လို့သူ့အသက် တို့တောင် ကျွန်မ ကယ်ထားတယ်လို့ ညတ ပြောထားတယ်လေ - အဘရဲ့"

သူမပြောသည့် ကိုလှမြင့်ဆိုသူက "တလီထော်" ရွာသား၊ စီအိုဒီတပ်မှ အငြိမ်းစားယူထားသည့် တပ်ကြပ်ကြီး တစ်ဦးပင်၊ ဝါသနာအရ အမဲလိုက်နေသူတစ်ဦးဖြစ်ပေသည်၊

"ဒါနဲ့ - သမီးအဖေက ဘာလို့မလာတာလဲ - အိပ်နေတုန်းလားဟဲ့"

"အစောကြီးကတည်းက ငါးသား ပေါက်သွားယူဖို့ ထွက်သွားတယ်လေ အဘရဲ့၊ အကြောင်းပေါ်လာခဲ့ရင် အဘ တို့ကူဖို့လဲ မှာသွားတယ်"

ကျွန်တော်နှင့် ဘုတ်ဆုံမတို့နှစ်ဦး နွားပေါက်ကို ဆွဲသွားသည့် ကျားသစ်၏ နောက်ကို လိုက်ခဲ့ကြပေသည်၊ လိုက်ခဲ့ကြသည်ဆိုသော်လည်း လောလော လတ်လတ် နွားလည်ကုပ်ကိုကိုက်ပြီး လိုရာဆီဆွဲခေါ်သွားသည့်အတွက်သွေး စက်စဲလိုက်လို့က မရ၊ လွတ်ရာပြေး ထွက်သွားကြသည့် နွားတွေထဲမှ မသက်ာစရာဖြစ်သောနွားပေါက်ခြေရာ ကို လိုက်ကြရခြင်း ဖြစ်သည့်အတွက် အဖြေရှာမရဘဲနှစ်ဦးသား တောထဲတွင် သာ တလည်လည်ဖြစ်နေကြပေသည်၊

ထိုသို့နှစ်ဦးသား ရှာဖွေကြရင်း ညနေစောင်းခါနီးတော့ တောနက်ရာ လျှိုကြီးတစ်လျှိုအနီး သွေးစသွေးနတွေ ကို တွေ့လိုက်ရသည်၊ အနီးကို တိုးကာ ကြည့်လိုက်တော့ နွားတစ်ကောင်လုံး အရိုးချည်းသာ ကျန်တော့သည်ကို မြင် တွေ့လိုက်ကြရသည်၊

နှစ်ဦးသား ရွာဆီပြန်ရောက်တော့ "ကီးကီး" ပြန်ရောက်နေပေပြီ၊ သနေ့ ငါးမရ၊ မနက်ဖြန်မှ ရမည်ဆိုသည့် အတွက် ထပ်သွားရမည့်အကြောင်း ပြောပြသည်၊ နောက်တစ်နေ့ မိုးလင်း တော့ ကီးကီးသွားပြီး အဆာပြေ ဗိုက် ဖြည့်စားသောက်နေစဉ်ရွာဖျားဘက်ဆီ မှ လူတစ်ယောက် (နွားကျောင်းသား) ပြေးရှလာပြီး ပြောသည်က ရွာနောက် တောစပ်တွင်အစာစားရန်လွှတ်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ထားသောနွားတွေအား တောကောင်ကြီးဝင်ပြီး ချောင်းမြောင်းနေသည့်အတွက် ဂနာမငြိမ်ဖြစ်နေသည့်အတွက် လိုက်ခဲ့ပါရန် လာခေါ်နေသဖြင့် နစ်ဦးသားသေနတ်ကိုယ်စီ ဆွဲလျက် လိုက်ပါသွားခဲ့ကြပေသည်။

နစ်ဦးသား ရွာနောက်တောစပ်ဆီသို့ရောက်တော့ နွားအုပ်ဆီ လှမ်းကြည့်လိုက်ရာ နွားကျောင်းသား ပြောသည့်အတိုင်း နွားတွေမှာ နားရွက်တွေကို စွင့်ထားပြီး ခြေလက်များ ခပ်ကားကားထား၍ ဒိုက်အောက်တွင် သားငယ်တွေကို ထားရင်း မျက်စိကိုဖွင့်၊ နားကိုစွင့်၍ဦးချို တယမ်းယမ်းဖြစ်နေကြသည့်အသွင်ကို တွေ့မြင်လိုက်ရသည်။

သစ်ဆင်ကောင်းသည့် နွားသေ၏ လည်တိုင်မှသွေးကို စုပ်ယူသွားသည့်အပြင် ဝမ်းဗိုက်အတွင်း ကလီစာတို့ကိုသာ စားထားသေးသည့်အတွက် ကျန် အသားတွေကို လာရောက်ပြီး ကောန်စားသောက်မည်ဆိုသည်ကို တွက်ပြီးသား။ သံသယရှိစရာလည်းမလို။ ကျွန်တော်တို့နှစ်ဦးကလည်း ညနေပိုင်းလောက်ကမှ မနက်စာကို စားသောက်ထားကြသည်မို့လည်း ညနေစာအတွက် ပူစရာ မလို။



အနီးရှိ ဘုတ်ဆုံမကို ချိန်ရွယ်တော ဘက်ဆီ မေးငေါ့ပြလိုက်ရင်း နှစ်ဦးသား လူခွဲပြီးရှိနိုင်မည့်နေရာတွေကိုကျစ်ကျစ်လစ်လစ် ရှာဖွေလိုက်ကြသည်။ မထူးခြား၊ တစ်နာရီသာသာခန့်အကြာ နှစ်ဦးသား တောတွင်းတစ်နေရာတွင် ပြန်ဆုံမိကြစဉ် ကိုက်တစ်ရာခန့်အကွာ ချုံပုတ်ထူထူဘက်ဆီသို့ဘုတ်ဆုံမက လျှပ်တစ်ပြက်လှည့်လိုက်ပြီး မတ်တတ်အနေအထားနှင့် တန်းထိုးပစ်ချလိုက်သည်။

“ဒိုင်း”

နစ်လုံးပြူးသေနတ်ကျည်ဆန်မှ ပေါက်ကွဲသံကြီးကဝန်းကျင်တစ်ခုကို ဖုံးလွှမ်းတုန်ခါသွားစေသည်နှင့်အတူ ကျွန်တော့်အမြင်တွင် သားကောင်သည် ချုံတောအတွင်းမှ ဟိုးထွက်လာရာကျွန်

www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ဦးကိုမြင်တွေ့သွားပုံရသည်၊
တော့မည်ကို သိလိုက်၍လားတော့
သိ၊ ကိုယ်ကိုယ့်လိုက်ပြီး တောထူ
တ်ကိုလွှားခနဲ ခုန်ကျော်ပြီး ချုံတွင်း
ာ ပျောက်ကွယ်သွားသည်၊

❑

သားကောင်က ချုံတန်းကို ခုန်လွှား
ျာ်ဖြတ်လိုက်သဖြင့် အနက်အစက်
ပြောက်များ ရောပြွန်းနေသည့် သစ်
င်ကောင်ကိုကောင်လုံးပေါ်တွေ့လိုက်
ည်၊ သို့အတွက် သူ ဦးတည်ရာ
ရှေ့ဘက်ကို လျှပ်တစ်ပြက် ပြေးလွှား
ာ ဖြတ်ပိုင်းလိုက်ပြီး ထွက်လာမည့်
ာဆီရောက်တော့ ရပ်တန့်ချိန်ရွယ်
ာ နောက်ချုံတောတစ်ခုကို ခုန်လွှား
ျာ်ဖြတ်လိုက်စဉ် တန်းထိုးပင် ပစ်ချ
တ်ပေသည်၊ သို့သော် နောက်ပိုင်းကျ
ျ သေကွင်းမဟုတ်သော တင်ပါးကို
ည်ဆန်က ဖြတ်မှန်သွားဟန်ထင့်၊
မြင်ပြန်အကျ ချုံတောအတွင်း တိုး
င်ပျောက်ကွယ်သွားပြန်သည်၊

ကျွန်တော် လှမ်းပစ်လိုက်ခြင်း
ကြောင့် ဘုတ်ဆုံမ အပြေးအလွှား အနီး
ကိုရောက်ရှိလာသည်၊ နှစ်ဦးသား သွေး
တ်ခံသော်လည်း မတွေ့ရသည့်

အတွက် ခြေရာခံကြပြန်သော်လည်း
အစအနပင် ရှာမတွေ့သဖြင့် စိုးရိမ်စိတ်
ဝင်ကာ ဆက်မလိုက်တော့ဘဲ နှစ်ဦးသား
ပြန်လာခဲ့ကြပေသည်၊

တဲဆီပြန်ရောက်တော့ သတင်းဆိုး
တစ်ခုကို ကြားလိုက်ရပြန်သည်၊ စော
စောပိုင်းက အနောက်ဘက်တောစပ်
တွင် အစာစားနေသည့် နွားအုပ်အတွင်း
မှ နွားတစ်ကောင် သစ်ဆင်ကြီးနောက်
ပါသွားပြန်ပြီဆိုသည့်သတင်းပင် ဖြစ်ပေ
သည်၊

နှစ်ဦးသား နံနက်စာကို ကမန်း
ကတန်း ဗိုက်ဖြည့်စားသောက်လိုက်ကြ
ပြီး လိုအပ်မည့် မုဆိုးအသုံးအဆောင်
များယူကာ ပြန်ပြီးလိုက်ကြရာ နွားသေ
ကို တွေ့ရသည့်အချိန်သည် ညနေပင်
စောင်းတော့ပေမည်၊

ပြန်တွေ့လိုက်ရသည့် နွားသေကြီး
ကား သစ်ပင်ကြီးတစ်ပင်အောက်မှာ
ဖြစ်သည်၊ ဝမ်းတွင်းသားများကုန်ကာ
ဗိုက်ပေါင်းလောင်းပွင့်နေပြီး သစ်ဆင်
ကောင်၏ လက်စလက်နဖြစ်သော
အစွယ်ရာကြီးတွေကို နွားသေ၏ လည်
တိုင်တွင်တွေ့ရသည်၊ သေနတ်ချည်ရုပ်
အမှန်ခံလိုက်ရပြီးမှ နောက်ကြောင်းကို
ပြန်ဝင်ပြီးကိုက်ဆွဲသောက်ထားဟန်

www.burmeseclassic.com



ထင့်၊ နှစ်ဦးသား အိမ်ပြန်ချိန်ကလည်း မရတော့သည့်အတွက် နှစ်ဦးသား တိုင်ပင်ကာ သစ်ပင်ထက် တွင်တက်ပြီး စောင့်ဆိုင်းပစ်ခတ်ရန် ဆုံးဖြတ်လိုက်ကြသည်။

သစ်ဆင်ကောင်သည် နွားသေ၏ လည်တိုင်မှသွေးကို စုပ်ယူသွားသည့် အပြင် ဝမ်းဗိုက်အတွင်း ကလီစာတို့ကိုသာ စားထားသေးသည့်အတွက် ကျန်အသားတွေကိုလာရောက်ပြီးစောင်စား သောက်မည်ဆိုသည်ကို တွက်ပြီးသား။ သံသယရှိစရာလည်းမလို၊ ကျွန်တော်တို့နှစ်ဦးကလည်း ညနေပိုင်းလောက် တမှ မနက်စာကို စားသောက်ထားကြသည်မို့လည်း ညနေစာအတွက် ပူစရာမလို။

သစ်ပင်ထက်လင့်ဆောက်နေဖို့က လည်းအချိန်မရ၊ သို့အတွက်နှစ်ဦးသား ပေ (၂၀)ခန့်အမြင့်ရှိ သစ်ပင်ခွဆုံကိုင်းထက်သို့ တက်ရောက်လိုက်ကြပြီး ခွဆုံကိုင်းတွင် သူမက နေရာယူကာ ဘေးထွက်ကိုင်းတွင် ယူဆောင်လာသည့် ချင်းစောင်(စောင်ပါး)ကိုပုခက်ဆင်ကာ ကျွန်တော်က ခွထိုင်ရင်း သတ်ကွင်း အနေအထားကိုကြည့်လျက်၊ ပြီးနောက် ဆုံးရှုံးသွားကြရသော ရွာသူရွာသားတွေ

မွေးထားသည့် အိမ်မွေးတိရစ္ဆာန်ဧ... အတွက် လှလှပပကြီး လက်စားပြန်ချေ... လိုစိတ်ဖြင့်ဘုတ်ဆုံမအားသေနတ်တွင်... ကျည်ဖြည့်ရိုင်း၊ လက်နိပ်ဓာတ်မီး... အသင့်ပြင်ထားရန် မှာကြားလိုက်သ... ကျွန်တော်ကလည်း ကိုင်ဆောင်ထ... သည့် သေနတ်အတွင်း ကျည်အသ... ထည့်ကာမောင်းတစ်ဝက်တင်ထား... စောင့်စားနေလိုက်ကြပေသည်။

၁၉၂၄ – ခုနှစ်၊ မြန်မာနိုင်ငံလ... နက်ဥပဒေအရတောတွင်းရှိသားကော... တွေကိုကာလသတ်မှတ်ချက်အရပါ... လျှောက်ပြီးမှ ပစ်ခတ်သတ်မှတ်ခွင့်... သည်၊ထိုအကောင်တွေကသစ်တော... မင့်ကပ်မှုစပြီး အခြားသောသားကော... များ ပါဝင်သည်၊ ခွင့်ပြုချက်မရှိပဲ အ... မရွေး ပစ်ခတ်လို့ရသည့်အကောင်... "ကျား၊ ကျားသစ် (သစ်ဆင်နှင့်ဝံ)တို့... ဖြစ်ပေသည်၊ တားမြစ်ကန့်သတ်ထ... သည့်အထဲတွင်ကျားသစ်(သစ်ဆင်)... အကောင်မပါ၊ အချိန်တိုင်းလိုလို ... တိုက်တိုးပါကအန္တရာယ်ပြုကိုက်ခဲ... ဖြတ်တတ်ခြင်းကြောင့် ဖြစ်ပေသ...

အမှန်တော့ – ကျွန်တော်တို့... သားတဲကိုပြန်ရောက်ချင်း... လိုက်ရသည့်သတ... ကြောင့် ဗိုက်...

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

တားသောက်လို့အပြီးထွက်လာခဲ့ကြရင်း ရွားသေကိုတွေ့ပြီးယာစုလိုသစ်ပင်ထက် သို့ တက်ရောက်စောင့်စားနေလိုက်ကြ မ်ဆုံးဖြတ်လိုက်သည့်လုပ်ရပ်က မှန် သည်ဟုပြောရမည်ပင်။ အဘယ့်ကြောင့် ဆိုသော်ထိုထက်နောက်ကျပြီးမှသစ်ပင် ဘတ်ဆီ ရောက်ခဲ့ပါလျှင် မမျှော်လင့်ဘဲ ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်က တွေး ၍ မတွေးရဲလောက်စရာပင်။

ကျေးငှက်တို့ အိပ်တန်းဝင်သံ၊ တာကြွက်ဖတွန်သံ၊ မျောက်အုပ်တို့ အော်သံတို့နှင့်အတူ အလင်းရောင်က အားပျော့မှေးမှိန်လာသည်။ အမှောင် ဘတ်ဆီ လုလာသည်နှင့်အတူ အနည်း ငယ်လည်းအေးမြလာသည်။ ချမ်းစိမ့်စိမ့် ဖြစ်လာသည့်အတွက် ကျောပိုးအိတ် အတွင်းမှ စစ်ဆွယ်တာကို ထုတ်ဝတ် လိုက်သလို ဘုတ်ဆုံမကလည်း ဖလန် နယ်လက်ရှည်ကိုဝတ်ကာ ဦးထုပ်ကို ဆောင်းလိုက်သလိုကျွန်တော့်ကိုလည်း ဆောင်းပြားလေးနှင့်ချောင်းငါးကြော်ထုပ် လေးကိုထုတ်ပေးလာသည်။ကျေးဇူး တင်လိုက်သည့်ဖြစ်ခြင်း၊ အငမ်းမရ စား သောက်နေစဉ်တောခြင်ရိုင်းတို့နှိပ်စက် မှုကို ခံရပြန်သည်။ သို့အတွက် ရှမ်း

ဖက်လိပ်ကို မီးတို့ဖွာရှိုက်ပြီး မီးခိုးငွေ့ လွှတ်ကာ မောင်းနှင်နေရပြန်သည်။

အမှောင်ထုကစိုးမိုးမင်းမူလာသည် နှင့်အတူ ပိုင်းဝန်းကိုက်ခဲသွေးစုပ်ဖို့ကြိုး စားနေကြသည့် တောခြင်ရိုင်းတို့က လည်း မီးခိုးငွေ့ကို ကြောက်လန့်၍လား တော့ဖြင့်မသိ၊ ပြေးကုန်ကြပေပြီ။ သည် တော့မှ ကျွန်တော်တို့နှစ်ဦး ခြင်ကိုက် ဒဏ်ဝေးပြီဖြစ်သော်လည်း သူတို့ကိုက် ခဲထားခြင်း ခံရသည့်နေရာတို့မှ ယားယံ လာခြင်း ဒုက္ခကို ခံစားနေကြရပြန်ပေ သည်။ ထိုစဉ် ဘုတ်ဆုံမက -

"အဘ - နွားသေကြီးကိုမြင်ရသေး လားဟင်"

အခြေအနေက သူ မမေးလျှင် လည်း မေးလောက်စရာပင်။ ဝန်းကျင် တွင် စောစောက ကြားနေရသည့် မျောက်အော်သံ၊ ကျေးငှက်နှင့် တော ကြွက်ဖသံတို့ကိုမကြားရတော့ဘဲ ပုစဉ်း ရင်ကွဲအော်သံတို့ကို ကြားနေရသည်။ ကျွန်တော်ပုခက်လင့်ကိုခွထိုင်ထားရင်း နွားသေကြီးကို လှမ်းကြည့်လိုက်ရာ ထွက်ပြူစ လတစ်ခြမ်းရောင်အလင်း ရောင်က ရိုးတွဲ့သော်လည်း မြေပြင်တွင် နွားသေကို ခပ်ဝါးဝါးသာ မြင်ရပြီး ယင်မ

www.burmeseclassic.com



မည်းရှိင်းအုပ်ကြီးက ပွဲတော်တည်ရင်း ဝုန်းခနဲ ထပျံလိုက်၊ ပြန်နားလိုက်ကြဖြစ် နေသည့်အသံကိုတော့ကြားနေရသည်။

"လရောင်နဲ့ ယဉ်မမည်းရှိင်းတွေ အသံကြောင့်မြင်နေရသေးတယ် - သမီး မပူနဲ့"

"ကျွန်မကြားဖူးတာက ခုလိုသား ကောင်သေကိုလင့်ထိုင်ပစ်ရင် နွားသေ ကောင်ကိုပန်းသန့်ပေးရတယ်၊ သနပ်ခါး လိမ်းပေးရတယ်၊ နွားသေရဲ့အမြီးကို ပါးစပ်ထဲ ပြောင်းပြန်ထိုးပြီး စားတဲ့ပြန်ပြီး နင်အစာရှိရာဆီကို ပြန်လာခဲ့ရမယ်လို့ ပြောရတယ်လို့ ကြားဖူးတယ်၊ ခု - အဲဒီ လိုမျိုးမလုပ်တော့ လာပါ့မလား"

"သမီးပြောတဲ့အလုပ်မျိုးတွေလုပ် ပြီး စားတဲ့ပြန်ရတယ်လို့ ရှေးမှဆိုးကြီး တွေ အဆိုအမိန့်ရှိကြတယ်၊ အဘတို့ အဲ့လည်းလုပ်ခဲ့ဖူးပါတယ်၊ ခု - အဘတို့ ဘာမှမလုပ်တာက နွားသေကို ကိုက် သတ်ပြီး ဖိုက်ဖောက်စားသွားတာပဲ ရှိ သေးတယ်၊ အသားတွေကို လုံးဝမစား သွားသေးတော့ဒီကောင်ကျန်တဲ့အသား တွေကိုလာပြီးစားမှာကျိန်းသေလို့စော စောက သမီးပြောတာတွေကို မလုပ်ဘဲ ဒီအတိုင်းစောင့်တာပါ - သမီး"

"ဗြော် - ဗြော်"

ကျွန်တော် ပြန်ဖြေလိုက်သည့် စကားကြောင့် သူမ ဘာမှပြန်မပြောဘဲ ငြိမ်သွားသည်။ အောက်ခြေရှုပ်ထွေးပြီး ပင်စည်လုံးကြီးမားသည့် တောင်ဘိန်း ပင်ကြီးအထက် ခွဆုံပေါ်နှင့် ဘေးထွက် ကိုင်းတွင် နှစ်ဦးသား နေရာယူထားကြ သလို နွားသေကြီးကိုလည်း ရှေ့တည့် တည့်မြက်ရှိင်းပင်တို့ထက်တွင် ခပ်ပါးပါး မြင်နေရသလို ယဉ်မမည်းရှိင်း(ဆက် တီ) ဆက်တီကောင်ကြီးတွေကလည်း နွားသေ၏ကိုယ်မှ ထွက်ကျသည့်သွေး များကို အုပ်စုလိုက် စားသောက်နေကြ ရင်း ထပျံလိုက်၊ ပြန်နားကာ စကားလိုက် လုပ်နေကြသည်ကိုအထိုက်အလျောက် မြင်တွေ့နေရသေးသည်။

ကျွန်တော်တို့ တက်ရောက်နေရာ ယူထားသည့် နေရာနှင့် နွားသေမှာ ပေနှစ်ဆယ်ထက် ပိုဝေးဟန်မတူ၊ အမှောင်ထုက အနည်းငယ် မင်းမူလာ သည်နှင့်အတူ ပင်စည်လုံးအောက်ခြေ မှ ရှုပ်ရှုပ်ထွေးထွေး ထိုးထိုးထောင် ထောင်အပင်တွေက ဖာတီပြီးဟာပြန် သည်၊ တောဆူးပုပ်ရှိင်းပင်၊ တောကင် ပွန်းချုံရှိင်းနှင့်နဘူးပင်တို့ထူထူထပ်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ချားကပေါက်လျက်ရှိနေသည်ကို သတိ
ထားလိုက်မိကြ၊

တော်နေသေးသည်က တက်ရောက်နေရာယူထားကြသည့်အပင်သည် အတန်ငယ်ကြီးမားသောအပင်ကြီးဖြစ်သလို ဘေးနှစ်ဖက် ကားထွက်နေသည့် ကိုင်းဆုံသည်လည်း အတန်ငယ်ကြီးမား ကျယ်ပြန့်သည့်အတွက်ဖြစ်ပြီး ဘေးထွက်ကိုင်းတွင် ပုခက်လင့်အဖြစ် ဖန်တီးကာ ကျွန်တော်က နေရာယူထားသည်မို့ သက်သောင့်သက်သာထိုင်ရှုလို့ရနေသေးသည်က တော်နေသေးသည်၊ နှစ်ဦးသားကိုယ့်နေရာတွင် သက်သောင့် သက်သာထိုင်ကြရင်း သတိကို မပြတ်ထား၊ ညာဏ်ကို စေစားပြီး အန္တရာယ်ကောင်ဝင်အလာကိုသိပ်သည်းကျစ်လျစ်စွာ စောင့်စားကြရပေသည်ဟု တွေးနေစဉ် ဘုတ်ဆုံမကကောင်နှင့် တို့ထိသတိပေးကာ တစ်နေရာဆီ လက်ညှိုးထိုးပြနေသဖြင့် ကြည့်လိုက်ရာ အနောက်ဘက်ယွန်းယွန်း နေ့ခင်းပိုင်းက လာခဲ့ကြသည့် လူသွားလမ်း လက်ဝဲဘက်တွင် ထွက်ပြူစအကွေးလေး၏အလင်းရောင်နှင့် ရောင်ပြန်ဟပ်ကာ တလဲ့လဲ့ပြန်ဟပ်နေသည့် ရေအိုင်ကလေးတစ်အိုင်ကို တွေ့လိုက်ရသည်၊ ရေခန်းစပြုနေသည်မို့ ရေက စပ်နည်းနည်းသာရှိသည်၊ ထိုရေအိုင်လေးကားတောသတ္တဝါတွေ ကျက်စားရေသောက်ကြသည့်အိုင်ကလေးဖြစ်ပေမည်၊ သိရှိကြောင်းကိုလည်း ခေါင်းညိတ်ပြလိုက်သည်၊

တဖြည်းဖြည်းနှင့် အမှောင်ထုက တိုး၍မင်းမှုလာသည်၊ အတန်ကြာတော့ ဟိုအဝေးဆီက သဲ့သဲ့မျှလွင့်ပျံ့ထွက်ပေါ်လာသည့် အစာရှာခွေးအအုပ်၏အူသံတို့ကို ကြားလာရသည်၊ ပြီးတော့-ငြိမ်သွားစဉ် ပုစဉ်းရင်ကွဲကောင်တို့၏အော်သံက လွှမ်းမိုးလာပြန်သည်၊ ပြီးတော့ ရေအိုင်ငယ်ဆီမှ ဖားအော်သံတို့ကိုကြားလာရပြန်သည်၊ နှစ်ဦးသားကိုယ့်နေရာနှင့်ကိုယ် သက်သောင့်သက်သာ သေနတ်ကိုအသင့်ကိုင်ဆောင်ထားကြရင်း ပါးနပ်ကောက်ကျစ်၍ သံသယများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော သစ်ဆင်လို အန္တရာယ်ကောင်ကို မျှော်လင့်တကြီးပင်စောင့်စားနေလိုက်ကြပေသည်၊

နာရီပေါင်းများစွာ အချိန်ကုန်သွားသည်၊ ထိုအတောအတွင်း သဘာဝအသက်အသံတစ်စုံတစ်ရာမှ ထူးခြားမှုရှိမလာ၊ ကျိန်ဆဲရင်စရာ အလိုက်တန်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုးမသိသော အမှောင်ထုနှင့် နှင်းရည်စက်တို့ကသာ တစ်စထက်တစ်စ မင်းမူလာခဲ့သည်။

❑

ထိုအချိန် ကျွန်တော် နွားသေဆီ လှမ်းကြည့်လိုက်သည်။ လတစ်ခြမ်းတွေးကလေးကနေရာပြောင်းသွားသည်မို့ ထိုနေရာဆီ အမှောင်ဖုံးသွားသည့်အတွက် မမြင်ရတော့။ အနီးရှိ သစ်ပင်ခွဆုံပိုင်းတွင်နေရာယူထားသည့် ဘုတ်ဆုံမျောက်နှာကိုပင် မမြင်၊ အနီးတိုးကပ်ကြည့်တော့မှ ပိုးတိုးဝါးတားရယ်သာ။

ပြီးတော့-တောကြီးတစ်ခွင်လုံးကလဲ ထူးထူးခြားခြား ဆိတ်ငြိမ်နေသည်။ စောစောက ကြားနေရသည့် တောပိုးတောမွှားအသံတို့ကိုပင် မကြားရတော့။ ဝန်းကျင်ကမသတိဖွယ်ရာကောင်းလွန်းနေသည်။

ဝန်းကျင်သည်ပက်ဖြန်းထားသည့်နှင်းရည်စက်တို့ကြောင့် မြေပြင်သည် စုန်မှုန့်သိပ်ကာ ထိုင်းမှိုင်းသလို ရှိနေသည့်အတွက် သစ်ဆင်ကောင်သည် ညင်ညင်သာသာ ခြေကို ဖွပြီး လှမ်းလာခဲ့လျှင် ကျွန်တော်တို့ ကြားနိုင်မည် မဟုတ်။

နှစ်ဦးသား ကိုယ့်နေရာနှင့်ကိုယ် ထိုင်ရင်းငြိမ်လျက်သားကောင်အဝင်ကို ဖွဲ့ခပ်ကာ စောင့်စားကြမည်ဟူသော ဆုံးဖြတ်ချက်နှင့် စောင့်နေလိုက်ကြသည်။ နောက်ထပ် နာရီဝက်သာသာ စောင့်လိုက်တော့ နောက်ကျောဘက်ဆီမှ-

"ရှပ်-ဖျော"

ချုံတိုးသံသဲ့သဲ့ကို နှစ်ဦးစလုံးကြားလိုက်ရသည်။ ချုံပင်ကို ကိုယ်လုံးနှင့် ပွတ်တိုက်လိုက်သဖြင့် ထွက်ပေါ်လာသည့်အသံမျိုးပင်။ အသံက အတွေ့အကြုံရင့်သည့် ကျွန်တော်လိုလူကို မပြောနှင့်အတူရှိနေသည့်ဘုတ်ဆုံမင်ခေါင်းထောင်ကာ အောက်ကို ငုံ့ကြည့်ရင်း ကျွန်တော့်ကို တံတောင်နှင့် တို့ထိသတိပေးနေသည်။ ကြည့်ရသည်မှာ သားကောင်သည်အစာရှိရာဆီသို့တန်း မဝင်ပဲ ချုံပင်တွေအနီးတိုးကပ်ပြီးလှည့်ပတ်ချောင်းမြောင်းနေပုံရသည်။ သန်းခေါင်ယံချိန်မို့ ဘာကိုမှ မမြင်ရ၊ အသံကိုသာ ကြားနေရသည်။

အတန်ကြာတော့ သားကောင်သည်ငြိမ်နေရာမှအစာရှိရာသွားသောကြီးဆီ စုန်ဝင်လိုက်သံနှင့်အတူ အသားကိုကိုက်ဆွဲသံကို ကြားလိုက်ရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြတော့ - ချုပ်ပင်အောက်ဆီ ခုန်ဝင်သွားသာ စားသောက်နေသံကို ကြားနေရသည်။ အမှောင်ထုက မင်းမူနေသည်မို့ အပေါ်မှကျွန်တော်တို့နှစ်ဦးလုံးအောက်ကို ငုံ့လျက်လိုက်လံရှာဖွေ ကြည့်ရှုပါသော်လည်း လုံးဝမမြင်တွေ့ရသဖြင့် အခက်တွေ့နေကြရသည်။

ထိုအချိန် ကျွန်တော့်တွင် အတွေးတစ်ခုက ဝင်လာသည်။ ကျွန်တော်ကိုင်ဆောင်ထားသည့် သေနတ်က .၃၇၅ ဟော့နာမ်ရိုင်ဖယ်၊ ကျည်ချွန်နှင့် တစ်တောင့်ချင်းပစ်ခတ်ရသည့်သေနတ်မျိုးဖြစ်သလို ဘုတ်ဆုံမကိုင်သည့်သေနတ်က ၁၂လက်မ(စီဖုံး) ပြောင်းရှည်နှစ်လုံးပြူးသေနတ်ဖြစ်ပြီး ထိုသေနတ်နှင့် ပစ်ခတ်လို့ရသည့်ကျည်ဆန်က အမျိုး(၂၀)လောက်ရှိပြီး နံပြည်စုတ်ငှက်သေးသေးလေးလိုအကောင်မှ စပြီး ကြီးမားသည့်အကောင်ကြီးများဖြစ်သော တောဆင်၊ မြင်း၊ ကျား၊ ကျားသစ်၊ ဝံလိုအကောင်မျိုးထိလိုက်ဖက်သည့်ကျည်နှင့်ပစ်ခတ်လို့ရသည့် သေနတ်မျိုးပင်။

ယခု ကျွန်တော်တို့နှစ်ဦး အပင်အောက်က ပစ်ခတ်ရန် စောင့်စားနေသည့် အကောင်က အရည်ပျော့သည့်သစ်ဆင်ကောင်ဖြစ်သည်မို့ သူကိုင်ဆောင်ကာ ပြောင်းအတွင်း ထည့်ထားသည့်ကျည်ဆန်ကလည်း (၉၊ ၆)လုံးကျည်ဖြစ်ဖြစ်သည့်အတွက် အသံကြားရာဆီ စမ်းတဝါးဝါးနှင့် လှမ်းပစ်ခတ်ဖို့ဆိုသည်က တစ်ချက်ပစ်လျှင် ကျည်ခဲလုံးတစ်တောင့်သာထွက်သော ကျွန်တော်ကိုင်ဆောင်ထားသည့်သေနတ်ဖြင့်မည်သို့မှ ထိမှန်မည်လည်း မဟုတ်။ တစ်ချက်ပစ်လိုက်လျှင် ကျည်ခဲလုံး (၆၊ ၉)လုံးထွက်သော သူမကိုင်ဆောင်ထားသည့် နှစ်လုံးပြူးသေနတ်နှင့် ပစ်ခိုင်းဖို့ဆိုသည့် အတွေးပင်ဖြစ်သည်။ သို့အတွက်အနီးရှိ သူမကို ပစ်ခတ်ရန်နှင့် ကျွန်တော်က မီးထိုးပြပေးမည်ကို အထာပြလိုက်ပြီး ဓာတ်မီးကိုကိုင်ဆောင်လိုက်သလို သူမကလည်း သေနတ်ကို ပစ်ခတ်ရန် တိုင်လိုက်ပေသည်။

ဘုတ်ဆုံမက သေနတ်နှင့် နွားသေရှိရာဆီ မှန်းဆကာ သေနတ်နှင့် ချိန်ရွယ်လိုက်သလိုလုပ်ပေမယ့်သစ်ဆင်ကောင်ပြန်အဝင်ကို စောင့်နေသလို ကျွန်တော်မီးထိုးဖို့ကလည်း သစ်ဆင်ရှိနေရာ ... ကျွန်တော်တို့အကြား ချိန်ရွယ်...တို့က ကြားခံနေသည့်အတွက် ...သေချာဘဲ မီးနှင့် လှမ်းထိုးလိုက်ပါလျှင် လစ်ပြေးမည်က အမှန်။ ယခုပင်လျှင် နွားသေ

www.burmeseclassic.com



အနီးတွင်အသားတွေကိုစားသောက်ရန် အခြေအနေ မကောင်းကြောင်း ဘယ်နည်း ဘယ်ပုံ ရိပ်မိသွားသနည်းမသိ၊

သည်တစ်ကြိမ် ငြိမ်နေရာမှ သားကောင် နွားသေဆီ ခုန်ဝင်သည့်အခါ ကျွန်တော်ထိုးလိုက်ချိန် သူမပစ်ခတ်ရန် လတ်တုတ်သတိပေးရင်းစိတ်ရှည်လက်ရှည် စောင့်စားနေသော်လည်း သားကောင်လှုပ်ရှားမှုကလည်း ငြိမ်နေပြန်သည်၊

နာရီဝက်နီးပါးခန့် ၎င်း၏လှုပ်ရှားမှုကိုမြင်မသား၊နှင့်ဦးသားသစ်ပင်ကြီးထက် ခွဲစောင်းစောင်းနှင့် အသက်ပင်ပြင်းပြင်းမရှူဘဲဆက်လက်စောင့်စားနေစဉ် ဆယ်မိနစ်သာသာလောက်အရောက် နွားသေရှိရာဆီသို့ သားကောင်ခုန်ဝင်လာသည်ကိုကြားလိုက်ရသည့်အသံနှင့်အတူ နွားသေကိုကိုက်ပြီး လိုရာဆီကို ဆွဲယူသည်၊ "ဝေါခနဲ၊ ပြောခနဲ" ဆွဲနေသည့်အသံ ကြားလိုက်ရာဆီသို့ ကိုင်ဆောင်ထားသည့်လက်နှိပ်ဓာတ်မီးဖြင့် လှမ်းထိုးလိုက်ပေတော့သည်၊

မှောင်မိုက်သောညဥ့်ရင်ခွင်အတွင်း မီးအလင်းတန်းက အထက်မှ အောက်ဆီသို့ စူးစူးစိုက်စိုက် ထိုးဆင်းသွားရာဆီ လှမ်းကြည့်လိုက်ရာ မြင်တွေ့လိုက်ရသည်က ကျွန်တော့်နှလုံးသားကို ပြုတ်ထွက်သွားမည့်နယ်ပင်၊ သွေးခုန်နှုန်းတို့လည်း ရုတ်ခြည်းမြန်သွားသည်၊ ခေါင်းမှ ဆံပင်မွေးတို့ပင် ထိုးထိုးထောင်ထောင်ဖြစ်သွားသည်၊ မြင်ကွင်းတွင် ကြီးမားသော သစ်ဆင်ကောင်ကြီးကို တွေ့မြင်လိုက်ရခြင်းကြောင့်ပင်၊

အောက်ခံရောင်က အဝါရောင်ဖြစ်သော်လည်းစပ်မွဲမွဲနှင့်အပြာရောင်ဘက် သမ်းနေသည်၊ အနက်ရောင် အစက်အပြောက်တို့မှာ နှင်းဆီပွင့်ချပ်သဖွယ် အကွက်ရိုက်ထားသလို အကောင်က ကြီးပြီး အလွန်လှသည်၊

ဦးခေါင်းကြီးက ဝိုင်းဝိုင်းဖြစ်ပြီး နားရွက်အစုံကလည်း ဝိုင်းဝိုင်း၊ ပါးနှစ်ဖက်တွင် အမွေးရှည်များ ထွက်နေပြီး ကိုယ်ထည်ကသေးသေးသွယ်သွယ်ရှည်ရှည် အမြီးက ရှည်ပြီး အမြီးပါ ပေါင်းလျှင် ကိုးပေနီးပါးခန့်ရှိသည်၊ သစ်ပင်ထက်မှ သူ့ကို စိုက်ထိုးထားသည့် မီးအလင်းတန်းကို မသက်သာသောစိတ်တို့နှင့် မော့ကြည့်ရင်း သူ၏သန်မာသောလည်တိုင်ကို ကွေ့ကာ ပတ်ကာ မီးရောင်အနောက်ဘက်ရှိ ကျွန်တော်တို့ကို ရှာဖွေနေသည်၊ တဖြည်းဖြည်းချင်း စူးရှသည့် မီးအလင်းတန်းကို သူ၏မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



အစုံဖြင့် ရင်ဆိုင်လိုက်သည့်အခါ မျက်လုံးအစုံက ရဲရဲနီနေသော မီးလုံးအသွင်ပြောင်းလဲသွားပြန်သည်။

မြင်ကွင်းအရ ကျွန်တော်ပင် တထိတ်တလန့်အသွင် ဖြစ်နေသည့်အတွက် အတွေ့အကြုံ သိပ်မရှိသည့် ဘုတ်ဆုံမတစ်ယောက် မြင်ကွင်းအရ အကြောက်လွန်ကာ ပစ်မှပစ်ပါ့မလားဆိုသည့်အတွေးဝင်နေစဉ်ဘုတ်ဆုံမက သူ့လှုပ်ရှားမှုကိုစတင်အကောင်အထည်ဖော်လိုက်သည်။

"ဒိုင်း"

အောင်မြင်စွာ မြည်ဟိန်းပေါက်ကွဲသံကြီးက မြေပြင်ကိုစိုက်ကာ ပစ်ခတ်လိုက်ရသည့်အတွက် တိုးတိမ်စွာ ထွက်ပေါ်လာသော်လည်း ကျည်ဆံလုံးများ ရိုက်ခတ်ခံလိုက်ခြင်းခံရသော သစ်ဆင်ကောင်ကြီးမှာ -

"ဝေါင်း - ဟဲ - ဂရား"

နာနာကြည်းကြည်း မာန်သွင်းသံကြီးပြုလိုက်ရင်းလျှပ်တစ်ပြက်အပေါ်ကိုမြောက်တက်ကာ ကျွန်တော်တို့ဘက်ရောက်နေသည့်သစ်ပင်ကြီးအောက်ဆုံးဘေးထွက်ကိုင်းကိုရှေ့လက်နှစ်ဖက်ဖြင့် ကုတ်ခြစ်ထားသည်။ တွဲလောင်းအနေအထားဖြင့် ခြေထောက်နှစ်ဖက်က ပင်စည်လုံး အခေါက်များကို ကုတ်ခြစ်ကာ အထက်က ကျွန်တော်တို့ကို ပြန်လည်ကလဲ့စား ပြန်ချေဖို့ အာခေါင်ကိုခြစ်ကာ မာန်သွင်း အော်ဟစ်ရင်း တက်ရောက်ဖို့ ကြိုးစားနေသည်ကို မီးရောင်တွင် အတိုင်းသား မြင်နေရချိန် နောက်ဆက်တွဲလှုပ်ရှားလိုက်သံကြီးက -

"ဒိုင်း"

"ဂရား - ဗုန်း"

သေနတ်သံနှင့် မရှေးမနှောင်းပင် သားကောင်ကြီး၏ နာနာကြည်းကြည်း အော်ဟစ်သံ၊ မြေပြင်ကိုခြေလွတ်လက်လွတ်ပြုတ်ကျသည့်အတွက် မြေပြင်ပေါ် ဖွဲ့အိတ်ကြီး ပစ်ချလိုက်သည့်အခါ ထွက်ပေါ်လာသည့်အသံကို ကြားလိုက်ရပြီး သစ်ဆင်ကောင်ကြီးမှာ မြေပြင်ထက် ဘေးတိုင်လဲကျကာ လျှာကြီးကို တစောင်းကိုက်လျက် အသက်ပျောက်နေသည်ကိုမီးရောင်ဖြင့်နှစ်ဦးသား တွေ့မြင်လိုက်ကြရပေသည်။

နှစ်ဦးသား သစ်ပင်ထက် ကိုယ့်နေရာကိုယ်ထိုင်ကာ အခြေအနေကိုစောင့်ကြည့်လိုက်ကြပြီး အတန်ကြာတော့ လင်းကြက်တွန်သံများကိုကြားလိုက်ရသည့်အတွက် အပင်ထက်မှ နှစ်ဦးသား ဆင်းကာ သစ်ဆင်ကောင်ကိုယ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ရရှိသည့်ဒဏ်ရာများကို ကြည့်လိုက်ရာ ပထမပစ်လိုက်သည့် (၆)လုံးကျည်က ကျည်ခဲတစ်လုံး လည်တိုင်ရင်းကို ဝင်သွားသည်ကို တွေ့လိုက်ရပြီး အပင်ဖေါ် မှန်ထက်ပြီး တိုက်ခိုက်ဖို့ ကြိုးစားသည့် အချိန်အကိုင်းတွင်တွဲလောင်းဖြစ်နေစဉ် ဒုတိယပစ်လိုက်သည့် (၉)လုံးကျည်မှ ကျည်ခဲတစ်လုံးသည် သစ်ဆင်ကောင်ကြီး၏ ရှေ့လက်ပြင်နောက် နလုံးသားရှိရာဆီသို့ ဖောက်ဝင်သွားခြင်း ခံလိုက်ရသည့်အတွက်သေတွင်းကိုထိပြီးအရုပ်ကြိုးပြတ်အကိုင်းထက်မှ ပြုတ်ကျကာ ထုပ်ထုပ်မျှမလှုပ်နိုင်တော့ပဲ အသက်ပျောက်သွားခြင်းဖြစ်သည်ကိုတွေ့လိုက်ရပေသည်။

သို့ဖြစ်လျှင် ဦးစွာ ကျွန်တော်ပစ်လိုက်သည့်ကျည်ဆန်ရာကိုကြည့်လိုက်တော့သစ်ဆင်ညာဘက်တင်ပါးဆုံတွင် အမွေးများပြုတ်ကာ မီးလောင်ခံထားရသည့်ဒဏ်ရာကို အံ့ဩဖွယ် တွေ့မြင်လိုက်ရပေတော့သည်။

ဘုတ်ဆုံမတစ်ယောက် သစ်ဆင်ကောင်ကို (၉၊ ၆)လုံးကျည်နှစ်တောင့် ကျည်ခဲလုံး (၁၅)လုံးဖြင့် ပစ်ခတ်လိုက်ရာ တစ်တောင့်လျှင် ကျည်ခဲတစ်လုံးစီကသာ သေကွင်းကို ထိမှန်ပြီး ဇိဝိန်ချုပ်ငြိမ်းသွားရသည့်အဖြစ်ကို ဖခင်ဖြစ်သူကြီးကြီးနှင့်မုဆိုးလှမြင့်တို့ကိုပြောပြလျှင် ဘယ်လိုများ ပြောကြမည်ဆိုသည်ကို တွေးရင်း လမ်းတွင် တွေ့သည့် သားကောင်ကို ပစ်ခတ်ရင်း ပြန်ကြရန် သေနတ်ကို အသင့်ကိုင်ရင်း လှမ်းခဲ့ကြပေတော့သည်။

➳ လေးမောင်

## ⇘ အနာပေါက်ကုထုံး ⇙

**ကြက်သမာနာ**

မျက်ကွင်းတွင် ပေါက်တတ်သည်၊ သနပ်ခြစ်၊ ကြေးမြစ်အမျှစိသွေး၍လူးပေးပါ၊ သောက်ဆေးအဖြစ်လက်ထုပ်ကြီး၊ ကြေးမြစ်ကိုအမျှစိသွေး၍ သောက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ငွေကို မြင်လိုက်သည်နှင့်
လောဘရမ္မက်တက်မိရာမှ
ဖြစ်ပေါ်လာသောဇာတ်လမ်းတစ်ပုဒ် ..

"**နိုင်း**—ဖောင်း-ဖောင်း-ဒိုင်း"

မြူနှင်းများလွှမ်းခြုံ၍ အေးစိမ့်သော ညဦးယံကာလ၊ ရှိုးမတောင်စပ် တော် နေရာတွင် ထိတ်လန့်ဖွယ်သေနတ်သံ များ ထွက်ပေါ်လာပါ၏။ ချောက်ချားဖွယ် ရာ ထိုသေနတ်သံများကြောင့် အေးချမ်း ငြိမ်သက်နေသော ရှိုးမတောင်တန်းတော ဝိုက်လှုပ်လှုပ်ရှားရှားဖြစ်ပေါ်ခဲ့ရပါသည်။ အိပ်တန်းတက်နေသော ကျေးငှက် တိရစ္ဆာန်များသာမက ညအချိန် ဝမ်းစာ ရှာထွက်ကြသော တောနေတိရစ္ဆာန်များ မှာလည်း ဝရုန်းသုန်းကား ဖြစ်ခဲ့ကြ၏။

ကျယ်လောင်လှသော သေနတ်သံ များကြောင့်ပင် တောင်ယာတဲလေးပေါ် ၌ အိပ်ပျော်စပြုနေသော စောထူးဝါ သည် ထိတ်လန့်မှုများဖြင့် မျက်စိကျယ် သွားရပြီး အိပ်ရာဘေး၌ ရှိနေသော ဂေါ်ရခါးဓားကောက်အား ကောက်ကိုင် လိုက်သည်။ ယင်းနောက် ကြယ်ရောင် မလင်းတလင်းအောက်မှ မည်းမှောင်နေ သော တောတောင်ဝန်းကျင်တစ်ခွင် အား လှည့်ပတ်ကြည့်လိုက်ပြီး ဖိုး တောင့်ထိုးလက်နှိပ်ဓာတ်မီးအို ကိုင် ဆောင်ကာ တဲအောက်သို့ လျင်မြန်စွာ ဆင်းလိုက်၏။ တုန့်ပြူပ်စရာသေနတ် သံများမှာ တောင်ယာတဲ၏တောင်ဘက်

www.burmeseclassic.com



ဒူးရှုးမှ ထွက်ပေါ်လာခြင်းဖြစ်သည့် အတွက် သူသည် တောင်ဘက်တော အုပ်ဆီသို့မမှိတ်မသုန် အကဲခတ်ကြည့် နေခဲ့၏။

"သည်နေရာ၊ သည်တစ်ဝိုက်မှာ တောင်ယာစိုက်ပျိုးနေတာ ကြာခဲ့ပြီ။ သည်လိုသေနတ်သံများတစ်ခါမှမကြား ဖူးပါဘူး။ တပ်မတော်သားတွေ ရဲတပ်ဖွဲ့ ဝင်တွေဆိုရင် ပြဿနာမဟုတ်ပေမယ့် သေမှာသူတွေဆိုရင်တော့စိုးရိမ်စရာပဲ။ လူဆိုးပဲဖြစ်ဖြစ်၊ လူကောင်းပဲဖြစ်ဖြစ် အခုလိုအချိန်မှာဆိုရင်တော့ငါတို့တဲကို ခြေစ်မနေ ရောက်လာကြတော့မယ်။ လူကောင်းဆိုရင် ဘာမှမဖြစ်နိုင်ပေမယ့် လူဆိုးတွေဆိုရင်တော့ ငါ့ကို ပြဿနာ ရှာပြီး ရန်ရှာကြမှာပဲ"

စိုးရိမ်ထိတ်လန့်ခြင်းဖြင့်ယှဉ်သော ထိုးစားမှုတို့ဖြင့်စောထူးဝါးသည်ဒူးလေး နှင့် မြားထည့်သည့်ဘူးကို လွယ်လိုက် ပြီး ဓားကောက်ကို ကိုင်လျက် ဓာတ်မီး တစ်လက်ဖြင့်တဲ၏မြောက်ဘက်လျှိုထဲ သို့လျင်မြန်စွာဆင်းလိုက်ပါ၏။ သူသည် လျှိုထဲမှပင် သူ၏တဲရှိရာသို့ အကဲခတ် စောင့်ကြည့်နေလိုက်ပါသည်။

ဆောင်းဦးရာသီမှစ၍ တောင်ယာ သီးနှံများစိုက်ပျိုးခဲ့၍ယခုအခါတွင်စိုက် ပျိုးရာသီကုန်ဆုံး၍တောင်ယာလုပ်ကိုင် သူများမှာလည်းပစ္စည်းများသိမ်းဆည်း ၍ မိမိတို့ နေထိုင်ရာ ရွာရှောင်သို့ ပြန် လည်ပြောင်းရွှေ့နေကြပြီဖြစ်သည်။ ဖထီး စောကျော်သာ ဦးစီး၍ စောလယ် မူး၊ စောထူးဝါးတို့ညီအစ်ကိုသည်လည်း တောင်ယာသီးနှံများဖြစ်သည့် ငရုတ် များကို နောက်ဆုံး ခူးဆွတ်ပြီး၍ မိမိတို့ နေထိုင်ရာအရပ်သို့ ပြန်ရန် ပြင်ဆင်နေ ကြချိန်ဖြစ်သည်။

❑

ယင်းကာလအတောအတွင်း၌ ဖထီး စောကျော်သာတစ်ယောက် ငှက် ဖျားပြန်ဖြစ်လာသည်။ ထို့ကြောင့် စောလယ်မူးမှာ ဖထီးစောကျော်သာ အား ရွာရှောင်သို့ ပြန်ပို့ရန် မဖြစ်မနေ စီစဉ်ရတော့၏။ အစီအစဉ်အရ တောင် ယာတဲတွင် စောထူးဝါးတစ်ယောက် တည်း နေခဲ့ရမည်ဖြစ်ရာ ညီဖြစ်သူ စောထူးဝါးအားစောလယ်မူးမှသတိဖြင့် နေရန် အတန်တန် မှာကြားနေရတော့ သည်။

"ဖထီးရဲ့ ငှက်ဖျားရောဂါအခြေ အနေကြောင့်မဖြစ်လို့ဟာအစ်ကိုလိုက် ပို့ရတာပါ။ မင်းတစ်ယောက်တည်းတဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ရမှာဆိုတော့ အစ်ကို စိတ်မချဘူး"

"ရပါတယ် အစ်ကိုရာ၊ တစ်ညတလေပဲဟာ၊ နောက်ပြီး ကျွန်တော်ကယောကျ်ားပါဗျာ၊ ဘာမဆို ရင်ဆိုင်ရဲပါတယ်"

"နက်ဖြန်ညနေ အစ်ကိုပြန်လာရင်မင်းရဲ့သူငယ်ချင်း ဖိုးကော်ကို ခေါ်လာခဲ့မယ်ကွာ၊ ဒါမှ တဲပေါ်က လူ့အသုံးအဆောင်ပစ္စည်းတွေ အကုန်ပါမှာ၊ တဲမှာ မင်းတစ်ယောက်တည်းဆိုတော့အယ်မှမသွားဘဲတဲမှာပဲနေ၊အခုလိုရာသီတမျိုးမထဲတ တောဆင်ရိုင်းတွေ ထွက်လာတတ်တယ်၊ သတိထားပြီး တဲမှာပဲနေ-ဟုတ်လား"

သို့ဖြင့် ဖထီးစောကျော်သာနှင့်စောလယ်မှူးတို့သည် နောက်တစ်နေ့

> ❝ ငါက သေလူဖြစ်နေပါပြီကွာ။ မဟုတ်တဲ့သူတွေအတွက် သေတာမဆန်းပေမယ့် အသေဖြောင့်ဖို့အတွက် ငါ့ကိုရေလေးတစ်ပေါက်တော့ ပေးတိုက်ပါလို့မေတ္တာရပ်ခံပါတယ်။ ငါက လူဆိုးထဲက လူဆိုးတစ်ယောက်ပါ။ မတရားသူအချင်းချင်း မတရားတာလုပ်တာကို မခံနိုင်လို့ အခုလိုဖြစ်ရတာပါ။



နံနက်စောစော ရွာရှောင်သို့ ပြန်ဆင်းသွားခဲ့ကြ၏။ စောထူးဝါးတစ်ယောက်တည်းလက်ကျန်ရိက္ခာဖြစ်သောဆန်နှင့်ချောသားခြောက်အနည်းငယ်ကို ခရမ်းချဉ်သီး၊ ငရုတ်သီးစပ်စပ်ဖြင့် ချက်ပြုတ်၍ စားသောက်ခဲ့၏။ တစ်နေ့လုံး ဆိတ်ငြိမ်၍ သာယာဖွယ်ကောင်းသော တောတောင်ဝန်းကျင်များကို ကြည့်ရှုလျက်ကြည်နူးခဲ့ရသော်လည်း ယခုကဲ့သို့တောင်ယာတဲတွင်တစ်ဦးတည်းရှိသောအကာလ ညအခါတွင် ရှေးဟောင်းရှားဖွယ်သေနတ်သံများကြောင့် ကြောက်ရွံ့စိုးထိတ်မှုများဒီရေတလားတိုးလာခဲ့ရ၏။

❑

www.burmeseclassic.com



ကြယ်တို့၏ အလင်းရောင်ပျပျ အောက်တွင် မှုန်တိမှုန်ဝါး မြင်တွေ့နေရသော တောင်ယာတဲလေးအား စောထူးဝါးတစ်ယောက် စူးစိုက်ကြည့်နေမိပါ၏။ ယင်းသို့ကြည့်နေသည့်အခိုက် တဲဆီသို့ တစ်စုံတစ်ယောက် ချဉ်းကပ်လာသည်ကို စောထူးဝါး တွေ့လိုက်ရ၏။ အမှောင်ထု၌ ကျင့်သားရနေပြီဖြစ်သော သူသည် ဓားကောက်ကို အသင့်ကိုင်ဆောင်လျက် စိုးရိမ်စိတ်ကို မောင်းထုတ်လိုက်ပြီး မိမိ၏ တဲအနီးသို့ ညင်သာစွာ တိုးကပ်လာခဲ့၏။

တဲဆီသို့ ခြေသံလုံစွာ တိုးကပ်လာပြီးနောက် တဲ၏ ဘယ်ဘက်နံဘေးမှ ကပ်၍ လျှောက်လျက် တဲရှေ့သို့ စောင်းငဲ့ကြည့်ရာ တဲရှေ့ကွပ်ပျစ်ပေါ်၌ တစ်စုံတစ်ယောက် လဲလျောင်းလျက် ညည်းတွားနေသံ ကြားရ၏။

"ကျွတ် - ကျွတ် - အား"

ထိုညည်းတွားသံကြောင့်ပင် ထိုတစ်စုံတစ်ယောက်မှာ ဒဏ်ရာတစ်ခု ရရှိထားသည်ကို စောထူးဝါး သိလိုက်ရ၏။ ထိုသူသည် ဒဏ်ရာကြောင့် အလူးအလဲခံစားနေရပုံရခြင်းကြောင့် သူသည် ကြောက်စိတ်ကို ဖယ်ရှား၍ ကွပ်ပျစ်ပေါ်၌ လဲနေသောသူအား ဓာတ်မီးဖြင့် ထိုးကြည့်လိုက်၏။ ဒဏ်ရာရရှိထားသောသူမှာ ဝေဒနာခံစားလျက်မှပင် တထိတ်တလန့်ဖြစ်ကာ သူ၏နံဘေး၌ချထားဟန်ရှိသော သေနတ်ဖြင့် ကောက်ချိန်လိုက်ပြီး -

"ဘယ် သူ လဲ - ရှေ့မတိုးနဲ့ - ပစ်လိုက်မယ်"

ဒဏ်ရာဖြင့်လူ၏သေနတ်ကိုချိန်၍ ပြောလာသည့်အခါ စောထူးဝါးမှာ လန့်ဖျပ်သွားရ၏။ သို့သော်သူသည်ကြောက်ရွံ့စိတ်ကို တွန်းလှန်လိုက်ပြီးနောက် -

"ကျွန်တော်က သည်တဲပိုင်ရှင်၊ ခင်ဗျား ဒဏ်ရာရလာတယ်နဲ့တူတယ်"

စောထူးဝါး၏စကားကြောင့် ဒဏ်ရာရရှိထားသောသူမှာစိတ်လျှော့ချလိုက်ပြီး သေနတ်ကိုင်၍ ချိန်ရွယ်ထားသောလက်ကို အောက်ချလိုက်ပြီး -

"ဟုတ်တယ်ကွာ - ငါ့ကို သေနတ်ထိထားတယ်၊ တစ်ချက်မကဘူးကွာ၊ နှစ်ချက်ထိထားတယ်။ မင်းငါ့ကိုဓာတ်မီးထိုးမကြည့်ပါနဲ့ကွာ၊ ဓာတ်မီးအလင်းရောင်ကြောင့်ငါ့နောက်ကလိုက်လာတဲ့လူတွေ မြင်သွားနိုင်တယ်၊ ငါ့အတွက် မထူးဘူးဆိုပေမယ့်သူတို့တွေကမင်းကို အန္တရာယ်ပေးနိုင်တယ်"

သေနတ်ဒဏ်ရာရထားသော ထိုသူစိမ်းအား စောထူးဝါးအဖို့ မည်သို့ဆောင်ရွက်ပေးရမည်မသိ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သေနတ်မှန်ထားသော လူစိမ်းသည်လည်း သူ့အား မည်သို့ပြောရမည်မသိဖြစ်နေပြီး ဝေဒနာကို အလူးအလဲ ခံစားနေရ၏။ အတန်ကြာမှပင် ထိုလူစိမ်းက –

"ငါ့ကို – ရေ – ရေ – ရေတိုက်ပါကွာ၊ ငါရေငတ်လို့ပါ"

ဒဏ်ရာရထားသူမှ ရေတောင်းနေသည့်တိုင် စောထူးဝါးမှာ ခြေမကိုင်မိ၊ လက်မကိုင်မိဖြင့် တွေဝေနေလေ၏။ ထိုလူစိမ်းကပင် အားတင်း၍ ဆိုပါ၏။

"ငါက သေလူဖြစ်နေပါပြီကွာ၊ မတော်တဲ့သူတွေအတွက် သေတာဆောင်းပေမယ့် အသေဖြောင့်ဖို့အတွက် ငါ့ကိုရေလေးတစ်ပေါက်တော့ပေးတိုက်ပါလို့ မေတ္တာရပ်ခံပါတယ်၊ ငါက လူဆိုးထဲက လူဆိုးတစ်ယောက်ပါ။ မတရားသူအချင်းချင်း မတရားတာလုပ်တာကို မခံနိုင်လို့ အခုလိုဖြစ်ရတာပါ။ မင်း – ငါ့ကို ရေတိုက်ပြီးရင် ငါ့ဆီမှာ ပါလာတဲ့ သည်အထုပ်ကို မင်းကို အပိုင်ပေးပါ့မယ်ကွာ"

မည်သို့ဆိုစေ၊ တွေဝေနေသော စောထူးဝါးသည် ထိုလူစိမ်းအား သနားစိတ်၊ စာနာစိတ်များဖြင့် သောက်ရေအိုးမှရေကို ခပ်လျက် ထိုသူအား ကမ်းပေးလိုက်၏။ ဒဏ်ရာနှင့်လူသည် ပက်လက်အနေအထားမှ ကြိုးစား၍ ထလိုက်ပြီး စောထူးဝါးကမ်းပေးသောရေခွက်အား လှမ်းယူလိုက်ပြီး အငမ်းမရ သောက်ချလိုက်ပေ၏။ သူစိမ်းသည် ရေသောက်နေရာမှ တစ်ချက်သီးသွားပြီးနောက် သူ၏ လက်ထဲမှာ ရေခွက်မှာ ပြုတ်ကျသွားရတော့၏။ ထိုလူစိမ်းမှာ ငုတ်တုတ်အနေအထားမှ ပြိုလဲကျသွားပြီး တစ်ကိုယ်လုံး တဆတ်ဆတ်ဖြစ်နေရာမှ ခဏအကြာ ငြိမ်သက်သွားတော့၏။

စောထူးဝါးသည် ငြိမ်သက်သွားသောလူစိမ်းအား စိုးရိမ်မှုဖြင့် –

"ဟေ့လူ – ဟေ့လူ – ခေါ်လို့မရတော့ပါလား – ဒုက္ခပါပဲကွာ"

မိမိတစ်ဦးတည်းရှိနေသည့်တောင်ယာတဲတွင် မမျှော်လင့်ပါပဲ လူစိမ်းတစ်ယောက် သေနတ်ဒဏ်ရာများဖြင့် ညအခါ လာရောက်သေဆုံးနေခြင်းနှင့် ပတ်သက်၍ စောထူးဝါးမှာ လိပ်ပြာလွင့်မတတ် ထိတ်လန့်တုန်လှုပ်ရပါ၏။ ပတ်ဝန်းကျင်တစ်ခုလုံး လှုပ်ရှားမှုမရှိ တိတ်ဆိတ်ငြိမ်သက်နေပါ၏။

သို့သော်စောထူးဝါးသည်ကြောက်ရွံ့စိုးရိမ်စိတ်များကို အားတင်းဖယ်ရှားလျက် ထိုလူစိမ်း၏ ရင်ဘတ်အား လက်ဖြင့် စမ်းသပ်ကြည့်ပါ၏၊ အသက်မရှိတော့ကြောင်း သေချာသည်နှင့် ထိုလူစိမ်းကိုင်ခဲ့သော သေနတ်နှင့် လက်ဆွဲအိတ်ကို ယူ၍ ရှာမ်းလိုက်၏။ သေနတ်

www.burmeseclassic.com



အားလုပ်သေနတ်တစ်လက်သာဖြစ်ပြီး အတ်ဆွဲအိတ်ကား လေးလံလှသဖြင့် အတ်ဆွဲအိတ်၏ဇစ်ကို ဆွဲဖွင့်လျက် ဓာတ်မီးဖြင့် ထိုးကြည့်လိုက်၏။

"ဟာ - ပိုက်ဆံတွေ မနည်းပါလား"

စောထူးဝါးသည် ကျပ်ငါးထောင်အန်၊ တစ်သောင်းတန်များအထပ်လိုက် မျှော်လင့်ဘဲ တွေ့မြင်လိုက်ရသဖြင့် အံ့ဩသည်သာမက သူ၏မျက်နှာသည် ကြွက်သေသေသွားရသည်။ စောထူးဝါးသည် ရိုးသားမှုဖြင့် ကြိုးစားရှန်းကန်သော လူငယ်တစ်ဦးဖြစ်သော်လည်း သခုက်ခဲ့သို့ ပိုင်ရှင်မဲ့နေသော ငွေကြေးများအပေါ် လောဘတက်မိခြင်းကား သူတွိရှိပါ၏။ သို့ဖြင့် သူသည် ကြောက်ရွံ့စိတ်များ လျော့နည်းလာကာ လောဘစိတ်များ တဖြည်းဖြည်း မြင့်တက်လာရတာ ...။

"ဒီအလောင်းကောင်ကြီးကို အနောက်ဘက်က လျှိုထဲကို တွန်းချထားပြီး မနက်ကျမှပဲ အခြေအနေကြည့်ပြီး ဖျောက်ဖျက်ရတော့မှာပဲ။ ငွေထုပ်ကိုလည်း တစ်နေရာရာမှာ ဝှက်ထားပြီး အခြေအနေအားလုံး တည်ငြိမ်မှ လာယူမယ်ကွာ။ ဒီကိစ္စကိုငါတစ်ယောက်တည်း သိတာဆိုတော့ ဒီငွေတွေ ငါပိုင်ရမယ်။ မွေးကတည်းက အခုထိ ငါ ဆင်းဆင်းရဲရဲနေလာသမျှ မကြာခင် ငါချမ်းသာပြီပေါ့ကွာ - ဟား - ဟား"

ယင်းအဖြစ်ကို အစ်ကိုဖြစ်သူ စောလယ်မူးအား အသိမပေးဟုသူသည် ဆုံးဖြတ်ထား၏။ ယင်းနောက် အသက်မရှိတော့သည့် လူစိမ်းအလောင်းအား အနောက်ဘက် လျှိုထဲသို့ မနိုင့်တနိုင် သယ်ပိုး၍ ပစ်ချထားခဲ့သည်။

"မနက် စောစောထပြီး လူသူအရောက်အပေါက်နည်းတဲ့နေရာမှာ မြေမြှုပ်ပစ်လိုက်တော့မယ်"

ယင်းနောက် စောထူးဝါးသည် လူသေကောင်နှင့် လုပ်သေနတ်အား လျှိုထဲတွင်ပစ်ထားခဲ့ပြီး တဲသို့ပြန်လာခဲ့၏။ သေဆုံးသွားသော လူစိမ်းနောက်သို့ ရန်ရှာမည့်သူများ ထပ်လိုက်လာမည်လားဟူသော စိုးရိမ်စိတ်ဖြင့် သူသည် တစ်ညလုံး အိပ်မပျော်ခဲ့ပေ။ သို့ဖြင့် အလောင်းအား မြေမြှုပ်သင်္ဂြိုဟ်ရန် လျှိုထဲသို့ ဆင်း၍ မြေကျင်းတူးရန် ပြင်ဆင်ရ၏။ သို့ဖြင့် နံနက်အရုဏ်ရောက်သည်နှင့် ကိစ္စဝိစ္စ အကုန်ပြီးစီးသွားပြီး တဲသို့ အလျင်အမြန် ပြန်လာခဲ့၏။ သူ၏စိတ်တို့သည် လောဘသဏ္ဍာရတို့ဖြင့် ထက်ကြွနေသည်။

နံနက် ကိုးနာရီခန့် အချိန်တွင် အစ်ကိုဖြစ်သူ စောလယ်မူး တောင်ယာ

www.burmeseclassic.com



တဲသို့ ပြန်လည်ရောက်ရှိလာ၏။ သို့အတွက် စောထူးဝါးမှာ အံ့သြစွာဖြင့် -

"အစ်ကို - အစ်ကို ပြောတော့ ဖိုးကော်နဲ့ညနေရောက်အောင်လာမယ် ပြောပြီး အခုတော့ အစ်ကိုတစ်ယောက်ထဲ အစောကြီး ပြန်ရောက်နေပါလား။ ဖိုးကော်လည်း ပါမလာဘူး"

စောလယ်မူးသည် ညီဖြစ်သူအား မော့ကြည့်လျက် ပြောပါ၏။

"ထထမတော့ ညီလေးကို ပြောတဲ့အတိုင်းစီစဉ်မလို့ပဲ၊ ဒါပေမဲ့ - ဟိုရောက်လို့ အစ်ကို ညီလေးအတွက် စိုးရိမ်ပြီး အိပ်မရပါဘူးကွာ။ ဒါကြောင့် မိုးမလင်းခင်မင်းဆီ ရောက်အောင်ပြန်လာခဲ့တာပဲ"

ညည်းညည်းတွားတွား ပြောလိုက်ပြီး စောလယ်မူးသည် စောထူးဝါးအား ကြည့်လျက် -

"ဒါနဲ့ - ညီလေးကရော မနက်အစောကြီး ပေါက်ပြားထမ်းပြီး ဘယ်က ပြန်လာတာလဲ"

စောထူးဝါးသည် အစ်ကိုဖြစ်သူ၏ အမေးကို ရုတ်ခြည်း မဖြေနိုင်၊ မျက်နှာပျက်သွားပါ၏၊ အတန်ကြာမှ -

"ဘာမှမဟုတ်ပါဘူး အစ်ကိုရာ၊ မနေ့က အစ်ကိုတို့ ထွက်သွားပြီး တောကြက်ထောင်တာ တစ်ကောင်မိတာနဲ့ တောကြက်သားကိုချက်စားလိုက်တယ် အစ်ကို။ အဲဒါကြက်သွေးတွေပါဗျာ"

ယုတ္တိ မရှိ သော စကားများကို စောထူးဝါးပြောနေသည်ဟုစောလယ်မူး ယူဆမိပါသည်၊ ထို့ကြောင့် ညီဖြစ်သူအား -

"မင်း မဟုတ်တာတွေ ပြောနေပြန်ပြီ၊ ဒါတွေက ကြက်သွေးနဲ့ မဟုတ်ဘူးကွ၊ လူသွေးနဲ့ထွက်နေတယ်၊ ညီလေး ငါ့ကို မှန်မှန်ပြောစမ်းကွာ၊ ညက ငါတို့တဲမှာ ဘာတွေဖြစ်ခဲ့သလဲ"

အစ်ကိုဖြစ်သူ၏အမေးစကားအား စောထူးဝါးသည် ခြောက်ကပ်သောလေသံဖြင့် ကြိုးစား၍ဖြေပါ၏။

"ဘာ - ဘာမှမဖြစ်ပါဘူး၊ တောကြက်ရဲ့သွေးတွေပါ၊ ဒီထက်ပိုပြီး ကျွန်တော် ဘာမှမပြောနိုင်တော့ဘူး အစ်ကိုရာ"

ညီဖြစ်သူ၏ထစ်ထစ်ငေါ့ငေါ့စကားများကြောင့်စောလယ်မူးမှာ စိတ်ထဲတွင် မကျေမနပ် ဖြစ်မိသော်လည်း ဘာမှ မပြောတော့ပဲ သက်ပြင်းချနေလိုက်၏၊ ပြီးနောက် ညီဖြစ်သူ စောထူးဝါး စားရန် ဘီစကွတ်မုန့်ထုပ်များထုတ်၍ပေးပေးလိုက်ပြီး -

"မင်းစားဖို့ညကညည်းကရွာထဲက ဆိုင်မှာ ဝယ်လာခဲ့တာ - စားလိုက်၊

www.burmeseclassic.com



...တော့သည်နေ့ညနေတောင်အောက် ...တ်အောင် ဆင်းကြမယ်၊ ယူရမယ့် ...တွေ ထုပ်ပိုးတော့ကွာ၊ မယူနိုင်တဲ့ ...ည်းတွေကိုတော့ နောက်နေ့ကျမှပဲ ...တိုလာယူတော့မယ်"

သို့ဖြင့် ပစ္စည်းများ ထုပ်ပိုးနေစဉ် ...လင့်ပါပဲနယ်မြေရဲစခန်းမှရဲတပ်ဖွဲ့ ...များ ရောက်ရှိလာကြသည်၊ ရဲအုပ် ...မြင့်နိုင်သည် စောလယ်မူးတို့ ...အစ်ကိုနှင့် ရင်းနှီးနေရကား ...လယ်မူးက -

"ဟော - ရဲအုပ်ကြီးထူးထူးခြားခြား ...တို့ဘက် လှည့်လာပါလား"

"ဟုတ်တယ် - စောလယ်မူးရေ၊ ...အခင်းပြဿနာကြောင့်လို့ ဆိုရမှာ ...ပဲ"

"ဘာလဲဗျ - သစ်ခိုးသစ်ခုတ်မှု ...၊ လွှဆွဲသမားတွေ လိုက်ဖမ်းနေ ...လား"

ရဲအုပ်မြင့်နိုင်မှာ မျက်နှာရှုံ့လျက် -

"ဘယ်ကဗျာ - သစ်ကိစ္စတွေကို ...အုပ်တောခေါင်းတွေ လုပ်မှာပေါ့၊ ...တာက မြို့မှာ ဓားပြတိုက်ပြီး ရိုးမ ...ထဲ ဝင်ပြေးသွားတဲ့ ဝရမ်းပြေးကို ...တ်ရှာနေရတာ၊ သူ့နောက်ကို ...သိန်းငါးဆယ်လောက်ပါသွားတယ်၊ ...ဝင်ပေါက်ထွက်ပေါက်တွေကိုပိတ်

ပြီးဝရမ်းပြေးကိုဖမ်းဖို့ကြိုးစားနေရတာ၊ မနေ့က ဟိုဘက်ရွာတစ်ပ်မှာတွေ့လိုက်လို့ ပစ်ခတ်ပြီး ဖမ်းသေးတယ်၊ မမိသေးပါဘူးကွာ၊ ငါတို့ပစ်လိုက်တဲ့ သေနတ်ဒဏ်ရာရသွားရင် တစ်နေရာမှာမိဖို့ ကျိန်းသေတယ်ဆိုပြီးလိုက်နေရတာ"

ရှည်ရှည်ဝေးဝေး ပြောနေသော ရဲအုပ်မြင့်နိုင်၏စကားကြောင့် စောထူးဝါးမှာအသက်ရှုရပ်မတတ်ဖြစ်နေရ၏၊ ထို့ပြင် မိမိကြုံတွေ့ခဲ့သောဖြစ်ရပ်ကို ရဲတပ်ဖွဲ့ဝင်များအား ဖွင့်ပြောပြလျှင် ကောင်းလေမလား စဉ်းစားပြီး လူစိမ်းထံမှ ရရှိသော ငွေထုပ်အား ဖျစ်ခနဲ သတိရတွေးတောလိုက်သည့်အခါ တွင်သူသည်ဖွင့်ပြောရန် မဖြစ်နိုင်တော့ဟု စဉ်းစားမိရ၏၊

ဖွင့်ပြောလိုက်ပါက လူစိမ်းထံမှရရှိထားသောငွေများသည် သူ့အတွက် မဖြစ်နိုင်တော့၊ ထို့အပြင် သူကိုယ်တိုင်လည်း ရာဇဝတ်မှုမကင်းဖြစ်နိုင်ပေသည်၊ စောလယ်မူးက ညီဖြစ်သူအား မျက်မှောင်ကျုံ့၍ ကြည့်လိုက်ပါသည်၊ စောထူးဝါးကား အဖြစ်မှန်ပေါ်မည်ကို စိုးထိတ်စွာဖြင့် ကြောင်၍ကြည့်နေ၏၊

"မနေ့တုန်းက ကျုပ်ရွာကိုပြန်သွားတာ၊ ဒီမနက်စောစောပဲ တဲကို ပြန်ရောက်တာ၊ ဒီကညနေ ရွာကို အပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြန်တော့မယ်လေ။ တောင်ယာလုပ်ငန်းတွေက ပြီးသွားပြီဆိုတော့ ဒီမှာ ဘာမှ လုပ်စရာမရှိတော့ဘူး"

စောလယ်မူး၏ စကားကြောင့် ရဲအုပ် မြင့်နိုင်မှာ ခေါင်းငိုက်စိုက်ချ၍ သက်ပြင်းမော ချလိုက်ပါ၏။

"အလုပ်ပြီးတော့လည်းပြန်ကြတာ ဆန်းပါဘူး။ ညတုန်းက မင်းတို့တဲမှာ လူရှိနေရင်တော့ ဝရမ်းပြေးကိုသဲလွန်စ ရနိုင်တောင်းပါရဲ့၊ အခုတော့ တဲမှာလူ မရှိတော့ ဝရမ်းပြေးသတင်းပြတ်သွား ပြီပေါ့ကွာ။ တို့နိုင်ငံမှာက တရားဥပဒေ စိုးမိုးရေးကိုဦးစားပေးနေတော့ဒီလိုသူခိုး ဓားပြတွေကို မဖြစ်မနေ ဖမ်းဆီးကြရမှာ ပဲ။ ကူညီသတင်းပေးတယ်ဆိုရင် ဘယ် သူမဆို ဥပဒေကိုလေးစားပြီး နိုင်ငံသား ကောင်းပီသတယ်လို့ ဆိုရမှာပေါ့။ ပြော သာ ပြောရတာပါ၊ ခုခေတ်လူတွေက လည်း ဖြူစင်ဖြောင့်မတ်စိတ်ရှိ တရားမှ မပွားများနိုင်ဘဲ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ပြည့်နေ လေတော့ အခု တရားခံပြေးနဲ့ တိုက်ရာ ပါငွေတွေကို ပြန်ရဖို့ ခက်ခဲလိမ့်မယ်နဲ့ တူတယ်ကွ။ ဒါပေမဲ့ - မတရားမှုဆိုတာ ခဏပါပဲ၊ တရားကို နတ်စောင့်တယ်ဆို တဲ့စကား ရှိတယ်မဟုတ်လားကွာ"

ရဲအရာရှိ ၏စကားကြောင့် စောထူးဝါးမှာ လိပ်ပြာမလုံသကဲ့သို့မျက်နှာပျက်သွားရ၏။ မကြာမီ ရဲတပ်ဖွဲ့... များသည် ပြန်လည်ထွက်ခွာသွား... အခါတွင် စောထူးဝါးသည် မိမိလုပ်... မှန်၊ မမှန်ကို တွေးတောဆင်ခြင်... သည်။ အမှန်တကယ်ဆိုရသော် မိမိ... လုပ်ရပ်သည် မှန်ကန်သည့်လုပ်... မဟုတ်နိုင်ကြောင့် စောထူးဝါး သိ... သည်။ လူဆိုး၏အလောင်းကို ဖျော... ဖျက်၍ တိုက်ရာပါငွေများအား အပိုင်... ယူခြင်းသည် ရိုးဖြောင့်ခြင်း လုံးဝမ... သူခိုးလက်မှ သူဝှက်လုခြင်းသာ ဖြစ်... သည်။ မိမိလုပ်ရပ်သည်ဥပဒေ၏အပြ... ဘက်တွင်ရှိနေသည့်အတွက်စောထူး... အတန်ကြာ စဉ်းစားခဲ့ပါသည်။ ယ... နောက် သူသည် ဆုံးဖြတ်ချက် ပိုင်ပိုင်... လိုက်သည့်နောက်တွင် အစ်ကိုဖြစ်သူ... စောလယ်မူးအား -

"အစ်ကို - ညတုန်းက တောကြ... တစ်ကောင် ရခဲ့တယ်ဆိုတာ မဟုတ်... ဘူး။ ကျွန်တော် အမှန်တရားကိုဖုံးကွယ်... ပြီး ပြောလိုက်တာပါ။ အမှန်တော့ ကျွ... တော်တို့တဲကိုရောက်လာတာ ခုန ရဲကြီး... ပြောသွားတဲ့အတိုင်း သေနတ်ဒဏ်... ရနေတဲ့ လူဆိုးတစ်ယောက်ပါ အစ်ကို"

အမှတ်မထင် ညီဖြစ်သူ ပြောလာ... သောစကားကြောင့် စောလယ်မူးမှာ လန့်ဖျပ်သွားရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ညက သေနတ်သံကြားတော့ ကျွန်တော်လည်း လန့်ဖျပ်ပြီး လျှို့ထဲ ဆင်းပုန်းနေခဲ့ပါတယ်၊ သေနတ်သံ ကြားတော့မှ တဲကိုပြန်လာတော့ ကွပ်ပျစ်ပေါ်မှာလဲနေတဲ့လူဆိုးကိုတွေ့ရတာပါပဲ - အစ်ကို၊ ဒါပေမဲ့ - လူဆိုးက သေနတ်ဒဏ်ရာရထားလေတော့ ကျွန်တော့်ကို ဘာမှမလုပ်နိုင်ပါဘူး၊ သူနဲ့ အတူလုပ်သေနတ်တစ်လက်နဲ့ ငွေထုပ်ပါလာတယ် အစ်ကို၊ အဲဒီငွေတွေကို အပိုင်လိုချင်ဇောနဲ့ အစ်ကို့ကိုကျွန်တော် လိမ်ပြောမိတာပါ၊ ဒီကိစ္စကို ရွာမှာ ကျန်ခဲ့တဲ့ အမိုးနဲ့ အပါး မကြိုက်သလို ဘုရားသခင်ကလည်း လက်မခံဘူးဆိုတာ တွေးလိုက်မိပြီး အခုကျွန်တော်တွေ့ကြုံခဲ့ရတာကို အမှန်ပြောပြတာပါ အစ်ကို၊ ရဲတွေကို ပြန်ခေါ်ပြီး အဖြစ်မှန်အတိုင်း ပြောပြချင်တယ် - အစ်ကို၊ ငွေထုပ်ကို တဲရဲ့ အထပ်ခိုးမှာ တင်ထားသလို လုပ်သေနတ်ကိုလည်းလူဆိုးအလောင်းနဲ့အတူ လျှို့ထဲမှာ မြှုပ်ထားတယ်၊ ကျွန်တော့်လုပ်ရပ် မှားသွားတာကို အစ်ကို ခွင့်လွှတ်ပေးပါ၊ ကျွန်တော် အတွေးမှားသွားတယ် - အစ်ကို"

စောလယ်မူးသည် ညီဖြစ်သူကို ငေးကြည့်လျက် -

"ငါလည်း မင်းမှုပျက်တာကိုကြည့်ပြီး မသင်္ကာဖြစ်နေမိပါတယ်၊ ဒါပေမဲ့ - သည်အဆင့်အထိမတွေးမိပါဘူး၊ လူဆိုတာ ပုထုဇဉ်ဆိုတော့ မှန်တာရှိသလို မှားတာလည်း ရှိတာပဲ၊ အခုလို မှားမှန်း သိလို့ အချိန်မီပြုပြင်လိုက်ခြင်းဟာ မင်း အတွက် အကောင်းဆုံးပါပဲ ညီလေးရာ၊ အခုလိုဖွင့်ပြောလိုက်လို့မင်း ဘာမှမဖြစ် ပါဘူး၊ ရဲတပ်ဖွဲ့ဝင်တွေက မင်းကို တွေ့ ဖူးတင်နေမှာပါကွာ၊ ငါအခုပဲရဲတပ်ဖွဲ့ဝင် တွေကိုပြန်ခေါ်လိုက်မယ်"

ပြောပြောဆိုဆိုဖြင့် ထွက်ခွာသွား သော အစ်ကိုဖြစ်သူ၏ကျောပြင်ကို ငေး ကြည့်လျက် စောထူးဝါးသည် သက်ပြင်း ချမိရတော့၏၊ သူ၏ လေးလံသောစိတ် တို့သည် ယခုအခါ ပေါ့ပါးလန်းဆန်း ကြည်လင်နေပေတော့၏၊ လောဘ ဒေါသ၊ မောဟ ဟူသောတရားတို့သည် လူတို့၏ ကိုယ်စိတ်နှလုံး သုံးပါးအား ဒုက္ခပေးနိုင်ကြောင်းကို စောထူးဝါးတစ် ယောက်ရှင်းလင်းစွာကိုယ်တွေ့သိခြင်း ဖြင့်ယင်းသို့သောမကောင်းသည့်တ များ ဖယ်ထုတ်ရန် အစဉ်ကြိုးစားရမည် ဟု သန္နိဋ္ဌာန်ချလျက် ....၊

➳ မောင်သာမန် (ဇီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com



## သားပျောက်ရှာ

**ဈေးတန်း** တစ်လျှောက်လုံး ဈေးလည်သူများဖြင့် စည်ကားလျက်ရှိသည်။ ဈေးသည်နှင့် ဈေးဝယ် အပြန်အလှန် ဈေးမေးသံ၊ ဈေးဆစ်သံ။ လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်တို့မှ ဘီဗွီသံ၊ ဆောင်းခေါက်သံ။ လမ်းသွားလမ်းလာအချင်းချင်း အော်ဟစ်နှုတ်ဆက်သံ၊ ပြောဆိုရယ်မောသံ။ အစရှိသော အသံဗလံများဖြင့် ဈေးတန်းက ဆူညံလျက်ရှိသည်။ ကိုထင်ကျော်က ဈေးတန်းအတိုင်း လျှောက်လာပြီး စက်ပစ္စည်းဆိုင်တစ်ဆိုင်သို့ ဝင်လိုက်သည်။ ထို့နောက် သူ အလိုရှိသော ဘီလူးခေါင်းတစ်လုံးနှင့် ပိုက်တစ်ခွကို ဝယ်ယူလိုက်သည်။ ငွေချေပြီးနောက် စက်ပစ္စည်းဆိုင်ဘေးက ကွမ်းယာဆိုင်ကလေးဆီ ကူးလာခဲ့သည်။

www.burmeseclassic.com

ပျောက်ဆုံးနေသော
သားတစ်ယောက်ကို နှစ်ပေါင်းများစွာ
ရှာဖွေနေခဲ့ရှာသည့် ဖခင်တစ်ယောက်၏
မေတ္တာ၊ သံယောဇဉ် -- ကြေမွှည့် ကြေ့တော --



www.burmeseclassic.com

www.burmeseclassic.com



ကိုထင်ကျော် ကွမ်းယာစောင့်ယူနေစဉ်မှာပင် လူတစ်ယောက်က ကိုထင်ကျော့်ပခုံးကို အသာလာပုတ်လိုက်သည်။ ကိုထင်ကျော် လှည့်ကြည့်လိုက်တော့ အပြုံးမျက်နှာနှင့် လူကြီးတစ်ယောက်ကိုတွေ့လိုက်ရသည်။ လူကြီးက ခေါင်းပေါင်း ပေါင်းထားသည်။ ပုဆိုးကိုတိုတိုဝတ်ထားသည်။ လွယ်အိတ်တစ်လုံးကိုလည်း လွယ်ထားသည်။ မျက်နှာပေါ်မှာတော့ ခပ်ထူထူ နှုတ်ခမ်းမွေးများနှင့် မုတ်ဆိတ်ကျိုးတိုးကျဲတဲကိုတွေ့ရသည်။ အသက်ကတော့ (၆၀)တစ်ပတ်လည်ခန့်ရှိမည်။

လူကြီးက မျက်နှာချိုသလောက် အသံကိုပါ ချိုနိုင်သလောက်ချိုထားပြီး ကိုထင်ကျော်သို့ ပြောလာသည်။

"စိတ်မရှိပါနဲ့ - ညီလေးရာ၊ တစ်ခုလောက် စုံစမ်းချင်လို့ပါ။ ကျုပ်သားတလေး အိမ်ကထွက်သွားတာ (၆)နှစ်လောက်ရှိပြီဗျ။ နာမည်က မောင်သိန်းလွင်တဲ့၊ ကျုပ်က အဲဒီသားလေးကို လိုက်ရှာနေတာပါ။ ဒီက ညီလေးတို့များ သူ့ကို တွေ့မိပြုမိကြသလားလို့ပါ"

ကိုထင်ကျော်က အံ့အားသင့်နေသည်။ ထိုစဉ် လူကြီးက ကိုထင်ကျော်ကို လက်ကာပြပြီး လွယ်အိတ်ထဲသို့ လက်တစ်ဖက်နှိုက်လိုက်သည်။ လက်ကို ပြန်ထုတ်လိုက်တော့ ဓာတ်ပုံလေးတစ်ပုံ ပါလာသည်။ ထိုဓာတ်ပုံအား ကိုထင်ကျော်သို့ ထိုးပြလိုက်သည်။

"ဒါလေးပါ၊ ဒါ - ကျွန်တော့်သားလေးပါ။ သေသေချာချာကြည့်ပါဦး။ သူ့ကိုများ တွေ့များ တွေ့မိလိုက်သလား"

ကိုထင်ကျော်က ဓာတ်ပုံကို ကြည့်လိုက်မိသည်။ သို့သော် ထိုဓာတ်ပုံထဲမှ လူရွယ်က သူ့အတွက် သူစိမ်းများသာ

"မတွေ့မိပါဘူးဗျာ၊ ဒီလိုပုံမျိုး တစ်ခါမှ ကျွန်တော် မတွေ့မိပါဘူး"

ခေါင်းခါပြီး ပြန်ပြောလိုက်သည်။ လူကြီးက မျက်နှာညှိုးသွားသည်။ ခေါင်းကိုငုံ့၍ ဓာတ်ပုံကို လွယ်အိတ်ထဲ ပြန်ထည့်လိုက်သည်။ "ကျေးဇူးတင်ပါတယ်ဗျာ" ဟု ခပ်တိုးတိုးပြော၍လည်း လှည့်ထွက်သွားသည်။ ထိုလူကြီး အတော်ဝေးလှမ်းလှမ်းသို့ ရောက်သွားသည်အထိ ကိုထင်ကျော် လိုက်ကြည့်နေမိသည်။ တစ်နေရာတွင် ဈေးဆိုင်တစ်ဆိုင်မှ အမျိုးသမီးတစ်ယောက်အား ဓာတ်ပုံ သတင်းမေးနေပြန်သည်ကိုတွေ့ရသည်။

ကွမ်းယာသည်ကောင်မလေးက ကွမ်းယာထုပ်ကို လှမ်းပေးရင်း ပြော လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမှော်ရိုးကြီးထဲမှာ လိပ်စာမသိဘဲ လျှောက်မေးနေလို့ကတော့ အမှိုက်ပုံထဲ အပ်ပျောက်ရှာသလို ရှိတော့မပေါ့"

"အေး-ဟုတ်တယ်"

ကွမ်းယာထုပ်ကို လှမ်းယူလိုက်သည်၊ ကွမ်းယာဖိုး ပေးလိုက်သည်၊ ထို့နောက် ကွမ်းယာတစ်ယာကို ပါးစောင်ထဲပစ်ထည့်ကာ ဘီလူးခေါင်းနှင့်ပိုက်ခွေတို့ပခုံးပေါ်တင်၍ လေ့ဆိပ်ဘက် ထွက်လာခဲ့သည်၊

❑

မျှောတဲသို့ ရောက်ရောက်ချင်းပင် မျှောဦးစီးကိုခေါ်ပြီး ဘီလူးခေါင်းလဲရန် ပြောလိုက်သည်၊ မျှောဦးစီးက ဘီလူးခေါင်းကိုယူပြီး မျှောစင်ဘက်သို့ ထွက်သွားသည်၊ ရွှေမျှောလုပ်ငန်းဆိုသည်က သည်လိုပင်ဖြစ်သည်၊ စက်ပစ္စည်းနှင့် ဘီရိယာတန်ဆာပလာတွေကို မကြာခဏ လဲလှယ်ပေးရသည်၊ ဘီလူးခေါင်းဆိုသည်က မျှောစင်ပေါ်သို့အနည်အနှစ်များကို စုပ်တင်ပေးရာ၌ အဓိကအလုပ်လုပ်ရသောပစ္စည်းဖြစ်သည်၊ သူက သာမန်အနည်အနှစ်များသာမကဘဲ သဲတွေ၊ ကျောက်တွေကိုပါ ရောပြွမ်းပြီး စုပ်တင်ပေးရလေရာ ပေါက်တာပေါက်၊ ပါးတာပါးနှင့် သုံးလျှင်သုံးသလို ပျက်စီးတတ်သည်၊

ဝယ်ယူခဲ့သောပစ္စည်းများကို စာရင်းသွင်းရန်အတွက်ကိုထင်ကျော်က စာရင်းစာအုပ်ကို လှမ်းယူလိုက်သည်၊ ထိုစဉ်မျှောစင်တွေကြားကလူသွားလမ်းအတိုင်း လူကြီးတစ်ယောက် လျှောက်လာနေသည်ကို သူ တွေ့လိုက်ရသည်၊ ထိုလူကြီးကား အခြားသူမဟုတ်ဘဲ ဈေးထဲမှာ သူ တွေ့ခဲ့ရသည့် သားပျောက်လိုက်ရှာနေသည့် လူကြီးပင် ဖြစ်သည်၊ ယခုလည်းထိုလူကြီးက တစ်တဲဝင်တစ်တဲထွက်နှင့်ဓာတ်ပုံလေးတပြပြလုပ်နေသည်ကို သူ လှမ်းမြင်နေရသည်၊ လမ်းဘေးရှိအချို့တဲကလေးများပေါ်တွင်အိပ်ပျော်နေသောလူများကိုပါ သူ့သားကလေးများဖြစ်နေလေမလားဟူ၍စိစစ်ကြည့်ရှုလာနေသည်ကိုပါတွေ့ရသည်၊

တဖြည်းဖြည်းထိုလူကြီးကကိုထင်ကျော့်တဲရှေ့သို့ရောက်လာသည်၊ မကြာမီပင် ကြားဖူးသောစကားသံကို ကိုထင်ကျော် ထပ်ကြားရတော့သည်၊

"ဒီကညီလေးရေ၊ ညီလေးတို့မျှောမှာ မောင်သိန်းလွင်လို့ တဲ့ နာမည်နဲ့ လူငယ်လေးတစ်ယောက်များ..."

www.burmeseclassic.com

www.burmeseclassic.com



"တဲ - ဦးလေး - လာလာ - ဒီမှာ ထိုင်၊ မနက်ကလည်း ဈေးထဲမှာ ကျွန်တော့်ကို တစ်ခါမေးပြီးပြီ၊ ခုတစ်ခါ ရောက်လာပြန်ပြီ"

စကားဖြတ်ပြောပြီး လူကြီးကို နေရာပေးလိုက်သည်၊ ရေစက်ရှိလို့ နှစ်ခါကြုံရတာဆိုပြန်တော့လည်းစိတ်ဝင်စားမှုတခါအထိုက်အလျောက်ရှိသွားသည်၊ လူကြီးက ပြုံးလိုက်သည်၊ နည်းနည်းလည်းရှက်သွားဟန်တူသည်၊ထို့နောက် အတွင်းသို့ ဝင်ထိုင်လိုက်သည်၊

"ရေနွေးကြမ်းသောက်ဦး၊ ဦးလေး၊ ဦးလေးက သားပျောက်ရှာတာတော့ဟုတ်ပါပြီ၊ ဒါပေမဲ့ လွယ်ပါ့မလား၊ မှော်တွေက နည်းတဲ့မှော်တွေမှမဟုတ်တာ၊ တောဒီယုမာမြစ်ဘေးကနေ တောကြား



တောင်ကြားတွေထဲရောက်အောင် ပြန့်ကားသွားတဲ့ ရွှေမှော်တွေက ရေတောင်မရေနိုင်ဘူး၊ ဒီအတိုင်းလိုက်ရှာလို့ တွေ့နိုင်ပါ့မလား"

"အေးဗျာ၊ ကျုပ်ကလည်း ခုမှ ဒီကိုရောက်ဖူးတာဆိုတော့ဒါတွေကိုမသိဘူးပေါ့လေ၊ သို့သော်လည်း မိဘဆိုတော့ အစက်သားလားဗျ၊ဖြစ်နိုင်တာ၊မဖြစ်နိုင်တာ အပထားလို့ သားဖောနဲ့ အရှုံးအမှုးလိုက်ရှာနေမိတာပေါ့ဗျာ"

"ဒါကတော့ ဟုတ်ပါတယ်၊ ကျွန်တော်ကိုယ်ချင်းစာပါတယ်၊ နို့ - ဦးလေးသားက အိမ်က ထွက်သွားတာ (၆)နှစ်တောင် ရှိပြီလား"

"ရှိပြီဗျ၊ ရှိပြီ၊ လာမယ့်ဝါခေါင်ဆို (၆)နှစ်တိတိပြည့်ပြီ၊ ဗျာ၊ ဘာမဟုတ်တဲ့ ပြစ်မှုကလေးနဲ့အိမ်ကထွက်သွားတာပဲ၊ သူဖြစ်တာက အိမ်ထောက်မှုဗျ၊ တစ်ညမှာ

❝ ဟုတ်တယ်၊ လွန်ခဲ့တဲ့တစ်ပတ်လောက်ကပဲ ဆန်ဖိုးအကြွေး လိုက်တောင်းတဲ့ ကုန်သည်ကောင်မလေးနှစ်ယောက်ကို ပန်းကြိုင်အဖွဲ့က လက်ဝတ်လက်စားတွေလည်း ချွတ်ယူတယ်။ လူကိုလည်း မုဒိမ်းကျင့်တယ်။ ပြီးတော့ ရက်ရက်စက်စက် သတ်ပစ်ထားခဲ့တယ်။ ကောင်မလေးတွေရဲ့ အလောင်းကို လျှိုထဲမှာ မှားအကိုရာတွေ ဗရပွနဲ့ ပြန်တွေ့ကြရတယ်။

www.burmeseclassic.com



သူကြိုက်နေတဲ့ကောင်မလေးရဲ့အိမ်ကို သွားလိုက်မိရာက ကောင်မလေးရဲ့ အစ်ကိုတွေ၊ မောင်တွေ ဝိုင်းဖမ်းတာကို ခံလိုက်ရတာ။ သူတို့လူငယ်ချင်းက ရည်ငံသလိုလိုတောင် ဖြစ်နေကြပါပြီ။ အဲဒါ ကို သဘောမတူနိုင်တဲ့ ဟိုဘက်က အမင်စောင့်ဖမ်းလိုက်ကြတဲ့သဘောပဲ၊ သူတို့ဖမ်းလိုက်တဲ့အချိန်မှာ ကျုပ်သား က သူတို့အိမ်လှေခါးထစ်ပေါ်ကို တက် နေခါစပဲရှိပါသေးတယ်။ ဒါပေမဲ့-လူကြီး အိမ်လည်းရောက်ရော အမှောင်ထဲမှာ ခိုးဝင်ထောင်တက်လုပ်ပါတယ်တွေ၊ ဘာ တွေဖြစ်ကုန်တယ်ဗျ။ ဒါနဲ့ အပျိုရည် ဖျက်သော်လည်း မိန်းကလေးသိက္ခာ ကျတယ်တွေ၊ ဘာတွေ ဆက်ဖြတ်လာ ပြီး လျော်ကြေးတောင်းတော့တာပဲ၊ ကျုပ်တို့ရွာက တော်တော်အလျော် အစားကြီးတဲ့ရွာ၊ ဘာမဟုတ်တာလေး နဲ့လည်းနင့်နေအောင်တောင်းတဲ့ဓလေ့ ရှိတယ်၊ ခု-ကျုပ်သားကိုလည်း (၁၅) သိန်းတောင် တောင်းတယ်ဗျ။

ကျုပ်က ဆင်းရဲတယ်၊ သူများတွေ လိုလယ်ယာချောင်းမြောင်းတွေ၊ ကျွဲနွား တွေလည်း ဘာဆိုဘာမှမရှိဘူး။ ကျုပ် အလုပ်က ဗိန္ဒောဆေးကလေး ကိုင်တဲ့ အခါ ကိုင်လိုက်၊ အလှူမင်္ဂလာဆောင် တွေမှာ တီးဝိုင်းသမားလိုလို၊ စာဖော ဆရာလိုလို၊ ပါတဲ့အခါ ပါလိုက်နဲ့ ကြုံရာ လုပ်စားနေရတာလား။ ဘယ်မှာ သူတို့ တောင်းတဲ့လျော်ကြေးကို ပေးနိုင်ပါ့ မလဲ၊ ဒါနဲ့ပဲ ကျုပ်သားလည်း ဖြစ်ချင်ရာ ဖြစ်ဆိုပြီး အိမ်ကနေ ရှောင်ထွက်သွား တော့တာပဲ၊ ခုတော့ ဟိုကောင်မလေး လည်း လင်ရသွားပါပြီ၊ အမှုကလည်း အလိုလို ပျောင်းပြီး ပြီးသွားပါပြီ၊ ဒါနဲ့ ကျုပ်လည်း အခွင့်သာသခိုက် သား ပျောက်ရာထွက်လာခဲ့တာပဲ၊ ဒီရွှေတော တွေဘက်မှာ ရှိနေသလိုလို၊ ဘာလိုလို ကြားရတာကြောင့်လည်းဒီကိုပဲဦးတည် ပြီး ထွက်လာခဲ့တာပဲ၊ သားလေးတ ဒီတစ်ယောက်ပဲ ရှိတာပါဗျာ"

အဆုံးသတ်စကား၌ မသိမသာ ဆွေးရိပ်ကလေး သမ်းသွားသည်၊ ကိုထင်ကျော်က ခေါင်းတဆတ်ဆတ် ညိတ်သည်၊ စိတ်ထဲတွင်လည်းမိဘချင်း စာနာစိတ်ကလေး ဝင်သွားမိသည်၊

"အေးဗျာ၊ စိတ်မကောင်းပါဘူး အဲဒီမောင်သိန်းလွင်ဆိုတဲ့လူငယ် ကျွန်တော်တို့လည်း တတ်အားသရွေ့ စုံစမ်းပေးပါ့မယ်၊ ဒါပေမဲ့-ဒီညတော့ ကျွန်တော့်မျှောမှာပဲ အိပ်လိုက်တော့ ခင်ဗျ။ အချိန်လည်း မရှိတော့ဘူး။ ဦးလေး

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်ကမ်းက မျော်တွေဆီ ဆက်သွားမယ်ဆိုရင် လမ်းမှာတင် မိုးချုပ်သွားလိမ့်မယ်၊ ပြီးတော့ - ဒီဘက်မှာက အချိန်မတော် ဘယ်သူမှ ခရီးမသွားရဲကြဘူး၊ ခုတလော ဓားပြပန်းကြိုင်ဆိုတဲ့အဖွဲ့က တော်တော်သောင်းကျန်းနေတယ်၊ ဒီကောင်တွေက လမ်းသွားလမ်းလာတွေကိုလည်း ဓားပြတိုက်တယ်၊ အိမ်တွေကိုလည်း လစ်ရင် လစ်သလို အနကြမ်းဝင်စီးတယ်၊ မထင်ရင် ပစ္စည်းယူရုံမက ဘဲ လူကိုပါ သတ်ချင် သတ်ပစ်တယ်"

"တော်တော် ကြမ်းပါလား ဗျ၊ ဒီဓားပြအဖွဲ့က ..."

"ဟုတ်တယ်၊ လွန်ခဲ့တဲ့တစ်ပတ်လောက်ကပဲ ဆန်ဗိုးအကြွေး လိုက်တောင်းတဲ့ ကုန်သည်ကောင်မလေးနှစ်ယောက်ကို ပန်းကြိုင်အဖွဲ့က လက်ဝတ်လက်စားတွေလည်း ချွတ်ယူတယ်၊ လူကိုလည်း မုဒိမ်းကျင့်တယ်၊ ပြီးတော့ ရက်ရက်စက်စက်သတ်ပစ်ထားခဲ့တယ်၊ ကောင်မလေးတွေရဲ့ အလောင်းကို လျှိုထဲမှာ ဓားဒဏ်ရာတွေ ဗရပွနဲ့ ပြန်တွေ့ကြရတယ်"

"ကျွတ် - ကျွတ် - တယ်ရက်စက်ပါလား"

သို့နှင့်ပင် သူနာမည်ကို သူကိုယ်တိုင်မိတ်ဆက်ပေးချက်အရ ဦးဖေမောင်ဟုသိရသောထိုလူကြီးကထိုညအတွက်ကိုထင်ကျော့မျှောထဲမှာပင် တည်းခိုလိုက်ရလေသည်။

❑

အစီအစဉ်အရတော့ မိုးလင်းသည်နှင့်ဦးဖေမောင်က တစ်ဖက်ကမ်းသို့ကူးရန်ပင်ဖြစ်သည်၊ သို့သော် ခရီးစဉ်ပျက်ရှိအကြောင်းက သူ့အတွက် ဖန်တီးလာသည်၊ မြစ်ရေက သန်းခေါင်ကျော်လောက်ကတည်းက တက်စပြုလာရာမှ မနက်မိုးလင်းသော် ကမ်းလုံးပြည့်မျှမောက်လျှံလျက်ရှိလေပြီ၊ ရေတွေကများလှသလောက် ရေစီးကလည်း သန်လှသည်၊ မြစ်ရေက ဒလဟော ထိုးဆင်းလျက်ရှိသည်၊ ပြီးတော့ အများသူငှာမျှောတိုက်ကြသောမြစ် ဖြစ်သည်နှင့်အညီမြစ်၏ရေအရောင်ကပါ ရဲရဲနီလျက်ရှိသည်၊ ရေစီးကြောင်းထဲတွင် အမှိုက်တွေ၊ ဒိုက်တွေအပြင် သစ်ပင်ကြီးတွေ၊ ဝါးရုံပင်ကြီးတွေပါ အုံလိုက်မျှောပါလာသည်ကို တွေ့ကြရသည်၊

"ကိုင်း - မြင်တဲ့အတိုင်းပဲ - ဦးဖေမောင်၊ ရေက တအားကြမ်းနေပြီ၊ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



အချိန်မျိုးမှာ ဟိုဘက်ကမ်းကို ဘာနဲ့မှ ကူးလို့မရတော့ဘူး။ ဒီနေ့တော့ ကျွန်တော့်ဆီမှာပဲ ဆက်တည်းနေပါဗျာ။ ကျွန်တော့်ဆီမှာ လူတစ်ယောက်အတွက်ကတော့ စားစရာရော၊ နေစရာရော ဘာမှ ပူပန်မလေးပါဘူး”

ရေကျနေသည်ကို ကမ်းပါးထိပ်မှ မျှော်ကြည့်နေကြရင်း ကိုထင်ကျော်က ပြောလိုက်ခြင်းဖြစ်သည်။ ဦးဖေမောင်က မြစ်ရေကိုကြည့်လျက် ခေါင်းညိတ်ပြသည်။

“အေးဗျာ – ဘယ်တတ်နိုင်ပါ့မလဲ။ ရေကျမှပဲ ခရီးဆက်ရတော့မှာပေါ့။ ခင်ဗျားကိုလည်း ကျေးဇူးတင်ပါတယ်”

သို့နှင့် ဦးဖေမောင်က ထိုနေ့တွင်တည်း ကိုထင်ကျော့်မျှောမှာပင် ဆက်လက်တည်းခိုနေရဖို့ ဖြစ်သွားသည်။ ပြောရလျှင် ထိုနေ့တွင်သာမက နောက်ရက်များမှာပါ ကိုထင်ကျော့်ထံ၌ပင် ဆက်လက်သောင်တင်သွားစေမည့် အခြေအနေက ဖန်တီးဖြစ်ပေါ်လာပါသည်။

မြစ်ရေက ထိုနေ့တစ်နေ့လုံး လုံးဝ အရှိန်မလျော့ပေ။ နောက်တစ်နေ့သို့ ကူးလာသည့်တိုင် တဒီးဒီးကျမြဲ ကျနေသေးသည်။ သည်ဘက်ရာသီဥတုက အတော်ထူးဆန်းသည်။ ယခု ထိုမြစ်ရေကျနေခြင်းမှာ အထက်၌ မိုးကောင်းနေသောကြောင့် ဖြစ်သည်။ ထိုသို့ မမြင်ရသော အထက်တစ်နေရာ၌ မိုးအလွန်ကောင်းနေသော်ငြား ကိုထင်ကျော်တို့ ဌာနမှာတော့ မိုးတစ်ပေါက်မျှမရွာ။ ရာသီဥတုကလည်း ပကတိကြည်လင်နေသည်၊ ပွင့်လင်းနေသည်၊ ခြောက်သွေ့နေသည်။ ညရောက်လျှင် ကောင်းကင်၌ ကြယ်တွေ တဖွေးဖွေးနှင့်ပင် ဖြစ်နေလိုက်သေးသည်။ ထို့ကြောင့် အစိုးရရသော မြစ်ရေအတက်အကျကို သူတို့မျှောသမားများအထူးသတိထားနေကြရသည်။ မြစ်တွင်း ခရီးသွားခြင်း၊ ရေချိုးခြင်းမှအစ သတိနှင့် ပြုလုပ်နေကြရသည်။

သည်ရက်ပိုင်းများအတွင်း ဦးဖေမောင်က မျှောသမားများနှင့် အစွဲကျသွားခဲ့သည်။ ဆိုခဲ့သည့်အတိုင်း ကိုထင်ကျော့်မျှောတဲတွင် တည်းခိုနေထိုင်ရင်း ဦးဖေမောင်က သူ၏သဘင်ဂီတ၊ အနုသုခုမ အစွမ်းအစကလေးများကို ထုတ်ပြလိုက်မိရာမှ ယင်းသို့ အစွဲကျသွားခဲ့ခြင်းဖြစ်သည်။ ဆိုကြသည့်အတိုင်း ရွှေမျှောသမားဆိုသည်မှာ တောတောင်များအတွင်း၌သာ ကြုံရာ

www.burmeseclassic.com

www.burmeseclassic.com



ကျုရာ နေထိုင်ကြရသူများဖြစ်သည်။ သူတို့တွင် ဖျော်ဖြေရေးဟူ၍မရှိ၊ ပွဲလမ်းဟူ၍ နတ္ထိ၊ တစ်နေ့တာ ဘဝအမောကို သွားလေရာ ယူဆောင်သွားနိုင်သည့် ရေဒီယို၊ ကက်ဆက်ကလေးများဖြင့်သာ ဖြေဖျောက်နေကြရသည်။ ယခုလို ဦးဖေမောင်က သူ၏ပလွေတိုကလေးဖြင့် လေကြောပြလိုက်ရုံမက အဆိုအငို၊ အပြောအဟောကလေးများနှင့်ပါ တင်ဆက်လိုက်သောအခါ အားလုံးက အကြိုက်တွေ့သွားကြပြီး ဦးဖေမောင်အပါးတွင် ဝိုင်းအုံ ရောက်ရှိလာကြခြင်းဖြစ်သည်။ အမှန်တော့လည်း ဦးဖေမောင်က ဝါသနာဘာဂီ၊ ဆက်တိုင်းမှိုဆိုသလို ကိုယ့်ဝါသနာကိုထုတ်ပြရုံသက်သက်မျှမဟုတ်ဘဲ ဤမျှောသမားများထံတွင် တည်းခိုနေထိုင်ရသောကျေးဇူးကို မိမိတတ်အပ်သောပညာဖြင့် တတ်အားသလောက်ပြန်လည်ပေးဆပ်လိုက်ခြင်းဟုလည်း ဆိုနိုင်သည်။

ပထမဆုံး လသာသာ၌ တောနှင့်တောင်စွယ်ယိုးဒယားထဲက တေးသွားလေးကို ပလွေနှင့် ကြူပြလိုက်သည်ဆိုလျှင်ပင် တဲနီးနားချင်းတချို့က စတင်ပြီးရောက်ရှိလာသည်။ ပြီး–ဦးဖေမောင် "လေစွမ်း"ကို တပြုံးပြုံးနှင့် နှစ်သက်စွာနားဆင်ကြသည်။ တချို့က ပေါင်ပုတ်၊ ဒူးပုတ်လုပ်၍ စည်းလိုက်သူ လိုက်ကြသည်။ ပလွေခန်းပြီး၍ ကွက်စိပ်ခန်းရောက်သည်နှင့် ပရိသတ်က ပိုစည်လာသည်။ ဦးဖေမောင်မှာ တောင်ပြုံးမင်းညီနောင်ဇာတ်ကိုအတော်ကျေညက်ထားဟန်တူသည်။ သူက ရှိုးရှိုးဇာတ်ဝင်ခန်းအပြောအဟောများသာမက နှစ်ပါးသွားမြိုင်ထနှင့် ဝိုချင်းများကိုပါ ပိုင်နိုင်စွာ "ဟဲ"ပြသွားသည်။

ရွှေမန်းတင်မောင် မင်းသမီးလေးလက်နှင့် နှစ်ပါးသွားခန်းတွင် "ဘုရားကို နတ်သမီးဆိုတာရယ် × × × အလွန်ပဲလှပတယ် × × × နတ်သားလေးပါး ဝိုင်းလို့ရယ် × × × ဖွတ်ကိုလုကြတယ် × × × သူရထိုက်တယ် × × × ငါရထိုက်တယ်လို့ × × × သကြားမင်းထံသို့ × × × လျှောက်ထားကြပြန်ပါတယ် × × × အဲဒီလိုငြင်းခုံကြတဲ့ ချစ် လောကကြီးဝယ် × × × တွဲလို့မောင်လည်းအတူနေမယ်" ဟူ၍ အသံဝါကြီးဖြင့် ဟဲပြလိုက်သည်တွင် ပရိသတ်က ပို၍ရှင်လန်းလာကြသည်။ ဦးဖေမောင်က အဆိုကိုသာမက အတီးကိုပါ ပါးစပ်ဆိုင်းဖြင့် "ဖဲ–ထိ–ဖေ့–ဖေ့" ဟူ၍ ပတ်မသံ၊ လှန့်သံများပါအောင် ပို့ပေးနေပြန်လေရာ ပရိသတ်

www.burmeseclassic.com



ဆဲမှ "ဟုတ်ပေ့-ဟုတ်ပေ့"၊ "ကောင်းချီး-ကောင်းဖျို့"ဟူသော ညာသံများပင် ထွက်ပေါ်လာတော့သည်။

တစ်ဖန် မင်းညီနောင် ဖောင်တော်ဆွဲခန်းမှ အနော်ရထာမင်းစောထံ လျှောက်တင်ခန်းတွင် "ဖြစ်ကြောင်းငယ်မှတုန်စင် × × × ဘိုးတော်သနင်း × × × အိုးမျှော်ချင့်ပါလှည့် × × × အလင်းသခင် × × × ပြည်ခွင်ဌာန × × × မောက်လျှံ အသရေ × × × ပေါက္ကံမြေရေးပဝေသက × × × ကိုဖူတ္တခေါ် × × × ခြေမြန်တော်နှင့် × × × တောင်ပျော်ယက္ခ × × × သံဝါသကြောင့် × × × ဖွားပါရတယ် × × × နောင်စုမယွင်း × × × ဒေါင်ဆုတော်နင်းပါတဲ့ × × × ဖျင်းနစ်ဆယ်"ဟူ၍ လိုက်လိုက်လှဲလှဲ၊ ဆို့ဆို့နင့်နင့် ဆိုပြလိုက်သည်တွင်ပရိသတ်ကတုတ်တုတ်မျှမလှုပ်ဘဲ ဦးဖေမောင်၏ ဆွဲခေါ်ရာသို့ ငြိမ်ငြိမ်လိုက်ပါလျက် ရှိကြသည်။

ဤတွင် ဇာတ်ရှိန်က ပို၍မြင့်လာသည့်အတိုင်း ဦးဖေမောင်၏ အရှိက်အဝင်၊ အပင့်အဆွဲ များကလည်း ပို၍ တွတက်ပြင်းထန်လာပြီး နောက်ဆုံးငိုချင်းကို "အယူတိမ်း၊ နတ်စိမ်းဖြစ်လို့ × × × ကိန်းစနစ်တုံ × × × သေရပုံကြောင့် × × × စမုံမြေတာ × × × ပိုင်နက်ရှာသော် × × × ဘယ်မှာ မတွေ့ × × × မချမ်းမြေ့လျက် × × × ယနေ့အမြန် × × × ရွှေဖောင်တော်တား × × × နောင်ညီနှစ်ပါးမှာဖြင့် × × × အသနား × × × အသနား × × × အား" ဆိုပြီး ဟီးတိုက်ချလိုက်သည်တွင်ပရိသတ်ကမည်သို့မျှ ထိန်းချုပ်ခြင်းငှာ မစွမ်းနိုင်တော့ဘဲ ကြွက်သီးထသူထ၊ မျက်ရည်ကျသူကျ၊ ဗိုလ့်လိုက်လိုက်ဖြစ်သူဖြစ်ကာ သဘင်ရှိတ်ချက်ကို ပြင်းထန်စွာ ခံစားလိုက်ကြရတော့သည်။

နောက်ဆုံးပိတ်အနေနှင့် "ဒါနတင်ကြတဲ့ပြည်သူအများ × × × မင်းညီနောင် မ,စလို့ × × × ရွှေတွေငွေတွေ တင်းရှိအောင်ရကြပါစေသား × × × ကျွန်တော် ရွှေမန်းဖေမောင်က × × × မေတ္တာပွား × × × ဟာ-ဟာ အများ"ဟူ၍ ဇာတ်သိမ်းလိုက်သည်တွင် ဘဝင်ကျသူကျ၊ သတ်ပြင်းချသူချနှင့် အားလုံးက နှစ်သိမ့်တွေနပ်သွားကြသည်။ ဦးဖေမောင်ကာပင်ပန်းသွားဟန်ဖြင့် မျက်နှာကို တဘက်ဖြင့် ပွတ်သုတ်လျက်ရှိသည်။ ပရိသတ်က ဦးဖေမောင်ကို ရှီးမွမ်းသော၊ ကြည်ညိုသောအကြည့်မျိုးဖြင့် ဝိုင်းကြည့်လျက်ရှိကြသည်။ ရွှေမန်းဖေမောင်၏တစ်ကိုယ်တော်ဇာတ်သဘင် အလွန်တောင်းလှ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကိုလည်း ပြောသူက ပြောလျက်ရှိကြသည်။

ကိုထင်ကျော်ကိုယ်တိုင် ဦးဇေမောင်ကို နှစ်သက်သွားမိသည်။ ဦးဇေမောင်ကိုကြည့်ကာ လောက၌ အရင်းအနှီး ငွေကြေးမရှိသော်လည်း နှုတ်မှုပညာဖြင့်ပင် ရပ်တည်ရာရှာဖွေ၍ ရနိုင်ပုံကို ကောင်းစွာသဘောပေါက်သွားမိသည်။ သူ့မျက်စိထဲတွင် ဦးဇေမောင်၏ရိုးပုံရိုးလက်ရှိပုံ၊ ကရုဏာသက်စရာကောင်းပုံတို့က ပိုမိုထင်ပေါ်လာနေမိသည်။

မကြာမီ ပရိသတ်များက သူ့တဲ ကိုယ့်တဲများသို့ အသီးသီး ထပြန်သွားလိုက်ကြသည်။ လူစဲသွားသည်။ ဤမှာပင် ကိုထင်ကျော်က တကယ့်စိတ်ရင်းဖြင့် ဦးဇေမောင်ကို အကြံပေးလိုက်မိသည်။

"ကိုင်း–ဦးဇေမောင်–ရေလည်း တစ်ပြုပါပြီ။ ခင်များအတွက် ကျွန်တော် ဒီလိုအကြံရထားတယ်။ ခင်ဗျားသားကို ခြေစကြာဖြန့်ပြီး လိုက်ရှာနေမယ့်အစား ကျွန်တော့်တဲမှာပဲ အခြေချနေပြီး လိုက်ရှာလိုက်၊ ပြန်လာလိုက် လုပ်တာက ပိုကောင်းမယ်ထင်တယ်။ ဒါဆိုရင် ခင်ဗျားအတွက်လည်း ခြေကုပ်စခန်း တစ်ခုရထားတာမို့ ခင်ဗျားသားသတင်းကို အေးအေးဆေးဆေး စုံစမ်းနိုင်မယ်လေ။ ပြီးတော့–ကျွန်တော်ကိုယ်တိုင်လည်း အလုပ်အားရင် အားသလောက် ခင်ဗျားနဲ့အတူလိုက်ရှာပေးမယ်။ ဟောဒီဘက်တစ်လွှားက မှော်တွေအားလုံး ကျုပ်ခြေရာချည်းပဲ။ အသိတွေ၊ အပေါင်းအသင်းတွေလည်း မှော်တိုင်းလိုလိုမှာ ရှိတယ်။ ကျွန်တော်တို့က သွားနိုင်သလောက် ကိုယ်တိုင်လိုက်ရှာမယ်။ ခရီးဝေးတဲ့မှော်တွေကျတော့ စာတွေ၊ ဘာတွေပို့ပြီး ကူညီစုံစမ်းခိုင်းတာတို့၊ မှော်ကြီးမှော်ကြားတွေမှာ အသံချဲ့စက်နဲ့ အော်ပြီး ကြေညာခိုင်းတာတို့ လုပ်မယ်ဗျာ၊ ကျွန်တော့်အကြံကို ဘယ်လိုသဘောရသလဲ"

မျှောစင် ကိုးရိုးကားရား၊ ထိုးထိုးထောင်ထောင်တွေကြားမှာ လမင်းကြီး ကရွှန်းရွှန်းမြမြ သာလျက်ရှိသည်။ ရွှင်လန်းဆန်းမှုများဖြင့် ပြည့်လျှမ်းလျက်ရှိသော ဦးဇေမောင်အသံက လရောင်နှင့်အတူ စီးမျှောပျံ့နှံ့သွားသည်။

"သိပ်ကောင်းတာပေါ့ဗျာ။ ဒါထက်ကောင်းတာဘာရှိတော့မလဲ၊ ကျုပ်တော့

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားနဲ့တွေ့ရတာ ဘဝအဆက်ဆက်
က ပြုခဲ့ဖူးတဲ့ရေစက်ကြောင့်ပဲလို့ ထင်
ချင်တော့တာပဲ"

❑

မနက်က ရေကျလျက်ရှိသည်ကို
တွေ့ကြရသည်။ ရေကျလျှင်တွေ့ရမြဲဖြစ်
သော လတာပြင်ပေါ် နန်းအနည်အနှစ်
များက ကမ်းနစ်ဖက်လုံးမှာပင် ပြောင်
ချောသော လွင်ပြင်ကြီးအဖြစ် ကျန်ရှိနေ
ခဲ့သည်။ ရေကျပြီမို့ လုပ်ငန်းပြန်စရန်
ပြင်ဆင်ကြရသည်။ မော်ရိုးတစ်လျှောက်
ချောတဲများတွင် လှုပ်လှုပ်ရွရွနှင့် သက်
ဝင်လှုပ်ရှားလျက်ရှိသည်။

ထိုစဉ် အင်ဂျင်ဘီလူးခေါင်းကို
ရေချရန်ပြင်ဆင်နေသော ကိုထင်ကျော်
ချောသားတစ်ဦးက အသံကျယ်ကျယ်
ဖြင့် လှမ်းအော်ပြောလိုက်သည်။

"အလောင်းတွေဗျို့- အလောင်း
တွေ။ ရေထဲမှာအလောင်းတွေမျောလာ
တယ်"

ထိုအသံကြောင့် လူအတော်များ
များက ထွက်ကြည့်ကြသည်။ ကိုထင်
ကျော်နှင့် ဦးဖေမောင်တို့ပါ သွားကြည့်
မိကြသည်။ ဟုတ်သည်။ ရေစီးကြောင်း
အတိုင်း မျောပါလာသော လူသေ
အလောင်းများကို တွေ့ကြရသည်။
ဦးဖေမောင်က ကြက်သီးထပြီး ရေရွတ်
လိုက်မိသည်။

"ဘုရား - ဘုရား - အလောင်းတွေ
မနည်းပါလား။ ဒါဟာ သွေးရိုးသား
မဟုတ်နိုင်ဘူးထင်တယ်"

"ဘယ်ဟုတ်လိမ့်မလဲဗျ။ သတ်ပြီး
မျှောချလိုက်တာ။ ကြည့်ရတာ ဟိုအဖွဲ့
တွေ လူရှင်းပွဲလုပ်နေပြန်ပြီထင်တယ်"

"ဟိုအဖွဲ့တွေဆိုတာ ဘယ်သူတွေ
လဲဗျ။ ခင်ဗျားပြောတဲ့ ဓားပြပန်းကြိုင်
အဖွဲ့လား"

"ပန်းကြိုင်အဖွဲ့ မဟုတ်ပါဘူး။
ပန်းကြိုင်အဖွဲ့ကဒီလောက်လူအများကြီး
ကို သတ်မပစ်နိုင်ပါဘူး။ ဟိုအဖွဲ့တွေဆို
တာ ဒီဒေသမှာ မင်းမူနေတဲ့ လက်နက်
ကိုင်တွေကို ပြောတာပါ"

"သူတို့က ဘာပြုလို့ ခုလိုလုပ်ရတာ
လဲ"

"ဒီလိုရှိတယ်ဗျ - ဦးဖေမောင်ရေ
ဒီရွှေတောဆိုတာက ဒုစရိုက်ထူပြော
တယ်။ အထူးသဖြင့် ဘိန်းတို့၊ ဖိုး
မှူးယစ်ဆေးဝါးတို့က ဒီမှာ တင်းတွင်
ကျယ်နေတယ်။ ဒီတော့ - မူးယစ်ဆေး
ဝါး ဖြန့်ဖြူးရောင်းဝယ်ရေးကိစ္စတွေမှာ
အဲဒီလက်နက်ကိုင်အဖွဲ့တွေ ပါဝင်ပတ်

www.burmeseclassic.com

www.burmeseclassic.com



သက်နေတယ်လို့အစိုးရကစွပ်စွဲတဲ့အခါ စွပ်စွဲတယ်၊ စွပ်စွဲတော့ သူတို့ကလည်း မူးယစ်ဆေးဝါးနဲ့ သူတို့ ဘာမှမပတ်သတ်ဘူးလို့ငြင်းတယ်၊ မပတ်သက်ရုံမကဘဲ မူးယစ်ဆေးဝါးပပျောက်ရေးကိုတောင် သူတို့က လုပ်နေတယ်လို့ ပြန်သတင်းလွှင့်တယ်၊ ခုလို ဆေးသမားတွေကိုပစ်သတ်ပြီးမြစ်ထဲမျှောပြလိုက်ခြင်းဖြင့် သူတို့အဆို မှန်ကန်ကြောင်း မကြာမကြာ သက်သေပြလေ့ရှိတယ်၊ ကျွန်တော်ပြောတာ သဘောပေါက်လား"

"သူတို့က အကြမ်းနည်းနဲ့ရှင်းလင်းနေတယ်ဆိုတာကို ပြသလိုက်တဲ့ သဘောပေ့၊ ဒီလိုဆိုတော့လည်း သူတို့နည်းကိုခပ်ကောင်းကောင်းပဲလို့မပြောနိုင်ဘူးလား"

"အင်း၊ ဒါကတော့ ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ်ဆိုတာ ကာယကံရှင်တွေပဲ သိလိမ့်မယ်၊ ဒါပေမဲ့ - ဒီမူးယစ်ဆေးဝါးကိစ္စကြောင့်ပဲ ကျွန်တော်တို့လို လှေကောင်းတွေပါ ရောပြီးအနေကျပ်ရတဲ့အခါတွေလည်းရှိတယ်၊ သူတို့က တစ်ခါတစ်ခါ မော်တကာလည့်ပြီး မော်နင်းတာတို့၊ လူစစ်တာတို့ လုပ်လေ့ရှိသလို၊ မြစ်ကြောင်းကြီးကိုပါ ပိတ်ပြီးတော့ မော်တော်တွေ၊ စက်လှေတွေ မှန်သမျှ ရှာတာဖွေတာတွေပါ လုပ်လေ့ရှိတယ်၊ အဲဒီအခါတွေမှာဆို ကျွန်တော်တို့မှာ ဘယ်မှသွားလို့မရတော့ဘူး၊ သူတို့က ရက်အကန့်အသတ်မရှိ မြစ်ကြောင်းကြီးကိုပိတ်ဆို့ထားတော့တာ"

စကားစပြတ်သွားပြီးနောက်မြစ်ထဲကို မျှော်ကြည့်လိုက်ကြပြန်သည်၊ အလောင်းများကို မတွေ့ရတော့ပေ၊ ရပ်ကြည့်နေကြသူများလည်း လူစုကွဲသွားကြသည်၊ မကြာမီ အင်ဂျင်စက်နှိုးသံများဟိုမှသည်မှထွက်ပေါ်လာသည်၊ မျှောစင်တွေကြားထဲ၌ မီးခိုးလုံးဖြူဖြူမည်းမည်းတွေက နေရာအနှံ့ပျံ့လွင့်ကာ ဝေမှောင်လျက်ရှိတော့သည်၊

❑

သည်ကနေ့မှာတော့ သူတို့အဖွဲ့က မြစ်တစ်ဖက်ကမ်းသို့ကူးတို့ဖြင့်ဖြတ်ကူးလာခဲ့ကြသည်၊ သူတို့အဖွဲ့ဆိုသည်မှာ ကိုထင်ကျော်၊ ကိုစံပေါ်နှင့် ဦးဖေမောင်တို့ဖြစ်ကြသည်၊ ကိုစံပေါ်မှာ ကိုထင်ကျော်၊ ကိုစံပေါ်နှင့် ဦးဖေမောင်တို့ဖြစ်ကြသည်၊ ကိုစံပေါ်မှာ ကိုထင်ကျော်တို့သို့ပင် မျှောပိုင်တစ်ဦးဖြစ်ပြီး သူသည်လည်း ဦးဖေမောင်အပေါ်ကရုဏာသက်

www.burmeseclassic.com

www.burmeseclassic.com



ခ်ရာမှဦးဖေမောင်၏သားပျောက်ရှာလုပ်ငန်း၌ ယခုလို တစ်တပ်တစ်အား ကူညီခဝင်ပေးလာခဲ့ခြင်းဖြစ်သည်။

တစ်ဖက်ကမ်းရောက်သည်နှင့်စိမ်းလမ်းသောတောအုပ်က ဆီးကြိုလျက်ရှိသည်။ ယိမ်းထိုးလှုပ်ရှားနေသော ဝါးရုံတိုင်းများ၊ အုပ်အုပ်ဆိုင်းဆိုင်း သစ်ပင်များကြားမှ သူတို့ လျှောက်လှမ်းလာခဲ့ကြသည်။ ဆောရန်၊ တောင်ရန့်ကို ရှူရှိုက်ရင်း လွတ်လပ်ပေါ့ပါးစွာဖြင့် စကားတပြောပြော လျှောက်လာခဲ့ကြသည်။ အတန်ကြာသော် အင်ဂျင်စက်သံများနှင့် လူသံသူသံများကိုစတင်ကြားလာကြရသည်။ ရွှေမော်တစ်ခုနားသို့ ရောက်ရှိလာခြင်းပင်ဖြစ်သည်။

“ဒီမော်က ထော်ရွှေးမော်လို့ခေါ်တယ်။ ထော်ရွှေးရဲ့ဟိုဘက်မှာစန်းလုတို့ ဆော့ဖြူးတို့၊ ခင်ကန်တို့ဆိုတဲ့ မော်တွေ တစ်ဆက်ထဲပဲ။ ကျွန်တော်တို့ ထော်ရွှေးစပြီး စနည်းနာသွားကြတာပေါ့”

ကိုထင်ကျော်က ပြောပြသည်။ ထော်ရွှေးမော်အတွင်းသို့လည်း ဝင်ရောက်လာခဲ့ကြသည်။ မကြာမီ မျောတဲတစ်တဲရှေ့ရောက်သည်နှင့် ကိုထင်ကျော်က ခပ်ကျယ်ကျယ် အသံပြုလိုက်သည်။

“ဗျို့- ကိုမိုး- ကိုမိုး ရှိသလား”

စက်သံ ဆူဆူညံညံကြားမှ လူတစ်ယောက်က တဲပေါက်ဝ၌ ပေါ်လာသည်။ သူတို့ဘက်ကိုလည်း လှမ်းမျှော်ကြည့်လာသည်။

“ဟော - ကိုထင်ကျော်တို့ပါလား။ ဘယ်က လှည့်လာကြသလဲ”

ပြောပြီး သူတို့ဆီ လျှောက်လာသည်။ ကိုထင်ကျော်က ဆီးပြောလိုက်သည်။

“ဘယ်လိုလဲ - ကိုမိုး။ ခင်ဗျားမော်အခြေအနေကောင်းရဲ့မဟုတ်လား”

“အသင့် အတင့် ပါပဲဗျာ။ သိပ်အကောင်းကြီးတော့ မဟုတ်ပါဘူး။ ဒီကြားထဲ ရွှေဈေးကကျလို့စိတ်ညစ်နေတာ။ ဘာလဲ - ခင်ဗျားတို့က မော်ပြောင်းမလို့နေရာလိုက်ကြည့်နေကြတာလား”

“မဟုတ်ပါဘူးဗျာ။ တခြားကိုယ်ရေးကိုယ်တာကိစ္စလေးပါ။ ဒီမယ်ကိုမိုး - ဟောဒီဦးလေးရဲ့နာမည်က ဦးဖေမောင်တဲ့ဗျ”

ထိုကဲ့သို့ အစချီကာ အကြောင်းစုံ ရှင်းပြလိုက်သည်။ မောင်သိန်းလွင်ခေါ် လူငယ်တစ်ယောက်ကိုလိုက်ရှာနေခြင်းဖြစ်ကြောင်း ပြောပြသည်။ ကိုမိုးက ဓရွ

www.burmeseclassic.com

www.burmeseclassic.com



တစိုက် နားထောင်နေသည်။ ကိုထင်ကျော့်စကားဆုံးသွားသော် ခေါင်းယမ်းလျက် ပြန်ပြောလိုက်သည်။

"ကျုပ်မျှော်မှာတော့မောင်သိန်းလွင်ဆိုတဲ့နာမည်နဲ့ တစ်ယောက်မှ မရှိဘူး။ ဒီနားတစ်ဝိုက်မှာလည်း အဲဒီနာမည်နဲ့ မကြားဖူးပါဘူး"

"အေးဗျာ၊ ဒါဆိုလည်း ပြီးတာပါပဲ။ ဒါပေမဲ့ – ခင်ဗျားတို့လည်း တတ်နိုင်သလောက်တော့ကူညီပေးကြပါဦး။ မြေလတ်ဘက်ကဦးဖေမောင်ကသူ့သားကို လိုက်ရှာနေတယ်ဆိုတဲ့အကြောင်းတစ်ဆင့်စကား တစ်ဆင့်နားနဲ့ သတင်းဖြန့်ပေးပါဦး"

"စိတ်ချပါ၊ ကူညီပါ့မယ်။ လာလေ၊ အထဲဝင်ထိုင်ကြပါဦး"



"မထိုင်တော့ဘူး – ကိုမိုး။ ရှေ့မျှော်တွေဆက်ပြီး စုံစမ်းကြည့်လိုက်ဦးမယ်"

"ကောင်းပြီ၊ ကောင်းပြီ။ တစ်ခုတော့သတိထားဦးနော်။ ပန်းကြိုင်အဖွဲ့ကမနေ့ညကပဲ ရွှဲလုမျှော်ဘက်မှာ ဝင်ပြီးအနုကြမ်းစီးသွားလို့တဲ့။ ပစ္စည်းယူတဲ့အပြင် အိမ်ရှင်တွေကိုပါတော်တော်ရိုက်သွားခဲ့သတဲ့။ ဂရုတစိုက် သွားကြ၊ လာကြဖို့ပြောတာပါ"

"အေးဗျာ၊ တော်တော် ဆိုးတဲ့ကောင်တွေပဲ။ ကျွန်တော်တို့လည်း ပန်းကြိုင်ကိုတော့ ကြောက်ပြီးသားပါ။ ဆင်ခြင်ရမှာပေါ့"

ထို့နောက်ဆက်လက်ထွက်ခွာလာခဲ့ကြသည်။ သိပ်ဝေးဝေးမသွားလိုက်ရမီပင် အခြားမျှော်တစ်မျှော်သို့ရောက်ပြန်သည်။ ထုံးစံအတိုင်း စုံစမ်းကြပြန်သည်။ ထိုမျှော်မှာတော့ မောင်သိန်းလွင်နှင့်

"ဤတွင် မျက်နှာဖုံးစွပ်နှင့် မားပြပန်းကြိုင်အား ဖျတ်ခနဲ မြင်တွေ့ခွင့်ရလိုက်သည်။ မျက်နှာဖုံးစွပ်နှင့်ဆိုတော့ မျက်နှာကိုမူ သဲသဲကွဲကွဲ မမြင်ရပေ။ သို့သော် ညာဘက်ချိုစောင်းလောက်မှာ ထင်းထင်းကြီးဖြစ်နေသည့် မားခုတ်ရာ အမာရွတ်ကြီးတစ်ခုကိုတော့ သိသာစွာ မြင်တွေ့လိုက်ရသည်။ ကြာကြာမကြည့်ရဲသမို့ ချက်ချင်းဆိုသလို မျက်နှာကို ပြန်ငုံ့လိုက်သည်။

www.burmeseclassic.com



နာမည်တူသူ သုံးယောက်တိတိရှိကြောင်းသိကြရသည်။ ထိုသို့သိရသဖြင့် ဦးဖေမောင်က အားတက်သွားသည်။ သို့သော် ကိုယ်တိုင်ကိုယ်ကြပ် လိုက်ကြည့်လိုက်သောအခါ အနီမောင်သိန်းလွင် သုံးယောက်စလုံးက တစ်ဦးမျှ သူ့သားမဟုတ်ပေ။ ဦးဖေမောင် စိတ်ပျက်သွားသည်။ ကိုထင်ကျော်နှင့် ကိုစံပေါ်တို့က ဦးဖေမောင်အား အားမလျှော့ရန် ပိုင်းပြောကြရသည်။ သို့နှင့် သူတို့ သွားနိုင်သလောက် သွားလိုက်ကြပြီးနောက် မောင်ခါနီးလောက်တွင် မြစ်ကို ပြန်ကူးသာ အိမ်ပြန်လာခဲ့ကြတော့သည်။

❑

တစ်နေ့မှာတော့ သူတို့က ဓားပြ ပန်းကြိုင်အဖွဲ့နှင့် ဆုံတွေ့ဖို့ ဇန်တီးလာသည်။ ထိုနေ့တွင် သူတို့သုံးယောက်က မြစ်ဖျားဘက်ရှိ မော်တစ်မော်သို့ စုံစမ်းရေး ထွက်လာခဲ့ကြသည်။ အမှန်တော့ ဒီခရီးမှာ ဦးဖေမောင်ကိစ္စအတွက်သာမဟုတ်ဘဲ ကိုထင်ကျော်တို့က ရွှေအတွက် ကောင်းသော လုပ်ကွက်တစ်ခုသို့ ဝင်ရောက်လေ့လာရန်အတွက်ပါ ထွက်လာခဲ့ကြခြင်းဖြစ်သည်။

မြစ်ဖျားဘက်က တစ်မော်နှင့်တစ်မော် အလှမ်းဝေးသည်။ သစ်ပင်တောတောင်တွေလည်းပိုထူသည်။ ကုန်းဆင်းကုန်းတက်တွေလည်းပေါသည်။ လူသွားလမ်းကလေးအတိုင်း လျှိုမြောင်တစ်ခုကို ဖြတ်ကျော်ပြီး ကုန်းထပ်တစ်ခုသို့ အရောက်တွင်သူတို့အဖွဲ့က မောမောနှင့် ခဏထိုင်နားလိုက်မိကြသည်။ ဤမှာပင် အန္တရာယ်ဆိုးကြီးနှင့်ရင်ဆိုင်မိလိုက်ကြခြင်းလည်းဖြစ်သည်။

ဦးစွာ သူတို့ကျောဘက်ဆီမှ ကြိမ်းမောင်းသံများ ထွက်ပေါ်လာသည်။

"ဟေ့ လူတွေ၊ ငြိမ်ငြိမ်နေနော်၊ မလှုပ်နဲ့၊ အားလုံး မသာပေါ်သွားမယ်။ ပန်းကြိုင်ဆိုတာ ကြားဖူးတယ်မဟုတ်လား"

သူတို့အားလုံးတုန်ခနဲဖြစ်သွားကြသည်။ ကြောက်အားလန့်အားနှင့်လည်း နောက်ကိုလှည့်ကြည့်လိုက်မိကြသည်။ ဤတွင် လက်နက်မျိုးစုံကိုင်ဆောင်ထားကြသည့် မျက်နှာဖုံးစွပ်ကိုယ်စီနှင့် ဓားပြများကိုတွေ့လိုက်ကြရပြီး ထိုဓားပြများက သူတို့အပါးသို့ တစ်ဟုန်ထိုး ရောက်ရှိလာကာ သူတို့ကိုလည်း လက်နက်များဖြင့် မိုးထားလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မလှုပ်နဲ့၊ ခေါင်းငုံ့ထားစမ်း၊ မော့မကြည့်နဲ့၊ သေသွားမယ်"

မာမာထန်ထန်ပင် ကြိမ်းလိုက်သည်၊ သူတို့အဖွဲ့က ကြောက်လွန်းသဖြင့်တုန်နေမိကြသည်၊ အမိန့်အတိုင်းပင် ခေါင်းငုံ့ထားလိုက်ကြသည်၊ ဓားပြတစ်ယောက်ကကိုထင်ကျော့အိတ်ကပ်ထဲကပိုက်ဆံများကိုနှိုက်ယူလိုက်သည်၊ အခြားတစ်ယောက်က ကိုစံပေါ့လက်မှ လက်စွပ်ကို အတင်းဖြုတ်ယူနေသည်၊ လက်စွပ်က ကျပ်နေပြီး ချွတ်ရခက်နေသဖြင့် စိတ်တိုကာ ကိုစံပေါ့နားထင်ကို ခြောင်းခနဲ တစ်ချက်ရိုက်လိုက်သည်၊ ထို့နောက် ဦးဖေမောင်၏လွယ်အိတ်ကို ဆွဲယူလိုက်ကြပြန်သည်၊ လွယ်အိတ်ထဲကို နှိုက်လိုက်သောအခါ ပလွေတိုကလေးနှစ်ချောင်းကို တွေ့ရသည်နှင့် ဓားပြတစ်ယောက်က -

"ဒါက ဘာလဲ၊ ဘာပစ္စည်းလဲ"

"ကျုပ် - ကျုပ်ပလွေလေးပါဗျာ၊ ဘာမှအဖိုးမတန်ပါဘူး၊ ကျုပ်ကဒီအရပ်ကလည်း မဟုတ်ပါဘူး၊ မြေလတ်ဘက်ကပါ၊ ကျုပ်သားလေးမောင်သိန်းလွင်ကို လိုက်ရှာနေတာပါ"

ဦးဖေမောင်က အယောင်ယောင်အမှားမှားနှင့် စကားတွေ ထွက်ကုန်သည်၊ ထိုစဉ်ခပ်လှမ်းလှမ်း၌ခါးထော ရပ်နေသော ခေါင်းဆောင်ဖြစ်ဟန်တူ က ဦးဖေမောင်စကားကို ကြားလိုက် သည်နှင့် ရှေ့သို့တိုးလာသည်၊ ဦးဖေ မောင်လွယ်အိတ်ကို ယူကြည့်ပြီး မေ လိုက်သည်၊

"ဒီပလွေတွေက ခင်ဗျားဟာဖြ လား"

"ဟုတ် - ဟုတ်ပါတယ်"

"ခင်ဗျားမျက်နှာကို မော့စမ်း"

ဦးဖေမောင်က ကြောက်ကြော နှင့် မော့ပြသည်၊ ကိုထင်ကျော်တ ယောင်မှားပြီးမော့လိုက်မိသည်၊ ဤတွင် မျက်နှာဖုံးစွပ်နှင့် ဓားပြပန်းကြိုင်အာ ဖျတ်ခနဲ မြင်တွေ့ခွင့်ရလိုက်သည်၊ မျ နှာဖုံးစွပ်နှင့်ဆိုတော့ မျက်နှာကိုမူ သဲ ကွဲကွဲ မမြင်ရပေ၊ သို့သော် ညာဘက် ဖေ စောင်းလောက်မှာ ထင်းထင်းကြီးဖြစ်နေ သည့် ဓားခုတ်ရာ အမာရွတ်ကြီးတစ် ကိုတော့ သိသာစွာ မြင်တွေ့လိုက် သည်၊ ကြာကြာမကြည့်ရဲသမို့ ချက်ချင်း ဆိုသလို မျက်နှာကို ပြန်ငုံ့လိုက်သ ပန်းကြိုင်က -

"ဟေ့လူတွေ၊ ဒီလူပြောတာ အမှန်ပဲလား၊ ခင်ဗျားတို့က ဘယ် တွေလဲ၊ ဘယ်မှာနေသလဲ"

www.burmeseclassic.com



"ဟုတ် - ဟုတ်ပါတယ်ဗျ။ သူက အစိမ်းပါ။ သူ့သားလေးကိုလိုက်ရှာရင်း ရောက်လာတာပါ။ ကျွန်တော့်မျှောမှာ အည်းနေတာပါ။ ကျွန်တော့်နာမည်က အင်ကျော်ပါ။ ရွှေစာရေးမော်မှာ နေပါ တယ်"

ကိုထင်ကျော်ကအထစ်ထစ်အငေါ့ ငေါ့နှင့် ထောက်ခံပေးလိုက်ရသည်။ ဦးဇဖမောင်ကလည်းကြောက်ကြောက် နှင့် ခေါင်းကို ပြန်ငုံ့နေသည်။ မကြာမီ ပန်းကြိုင်အသံက ထပ်မံထွက်ပေါ်လာ သည်။

"ရော့ - ဟော့လူတွေ။ ခင်ဗျားတို့ ပစ္စည်းတွေကို ပြန်ယူသွား။ မဖြစ် လောက်ကလေးတွေမို့ ကျုပ်က ချမ်း သာပေးလိုက်တယ်မှတ်ပါ။ ဒီနေရာက မြန်မြန်ထွက်သွားကြ"

ပြောပြီး ငွေ၊ လက်စွပ်နှင့် ပလွေ အိတ်ကလေးကို ပြန်ပေးလာသည်။ သူ ဘို့သုံးယောက်က ကိုယ့်ပစ္စည်းကိုယ် ပြန်ကောက်ယူပြီး ထိုနေရာမှ ဒရော သောပါး သုတ်ခြေတင်လာခဲ့ကြသည်။ သူတို့က ရှေ့ခရီးကို မဆက်ရဲကြတော့ ဘဲနောက်ကြောင်းအတိုင်းပြန်လာခဲ့ကြ တော့သည်။ တော်တော်ဝေးဝေးသို့ ရောက်ပြီဆိုတော့မှ သုံးယောက်သား မောကြီးပန်းကြီး ထိုင်ချလိုက်သည်။ ကိုထင်ကျော်က -

"ဟူး - မောလိုက်တာ။ ကြောက် လည်း ကြောက်လိုက်တာ။ ဒီနေ့ ကံ မကောင်းပါလား"

"ကိုထင်ကျော်ကလဲ၊ ဘယ့်နှယ် ကံမကောင်းရမှာလဲ၊ ကံကောင်းလို့ပေါ့ ဗျ။ အရင်ကဆို ပန်းကြိုင်က တန်ဖိုးရှိ တာမှန်သမျှ နည်းနည်းများများ အကုန် ယူတယ်လို့ကြားဖူးတာပဲ။ ခုလိုကျုပ်တို့ ပစ္စည်းတွေကိုပြန်ပေးလိုက်တာဟာ သူ့ စိတ်ကောင်းဝင်ခိုက်နဲ့ ကြုံလို့နေမှာပေါ့။ ဒါကံကောင်းတာပေါ့ဗျ"

ကိုစံပေါ်ကမှတ်ချက်ဝင်ပေးသည်။ ဦးဇဖမောင်ကမူစကားတစ်လုံးမျှမပြော နိုင်ရှာ။ ယခုတိုင် အကြောက်ပြေသေး ဟန်မတူပေ။ သူတို့က ထိုနေရာမှာပင် ကြာကြာထိုင်မနားရဲကြဘဲ ခပ်သုတ် သုတ် ထပြန်လာခဲ့ကြသည်။

သူတို့ပြန်ရောက်သောအခါ သူတို့ သတင်းကိုကြားရသည်နှင့်တဲနီးနားချင်း များကဝိုင်းအုံရောက်လာကြသည်။ တစ် ယောက်တစ်ပေါက် မေးခွန်းများမေးကြ သည်။ အမျိုးမျိုးသောမှတ်ချက်များကို လည်း ပေးကြသည်။ မည်သို့ဆိုစေ ထို ညကတော့ ကိုထင်ကျော့်တဲမှာ ထိတ်

www.burmeseclassic.com

www.burmeseclassic.com



ဆိတ်လျက်ရှိသည်။ ပရိသတ်က ယခင်ညများကလို ရွှေမန်းဖေမောင်ကို ပွဲတောင်းလိုကြသော်ငြား အားနာမှုဖြင့်တွန့်ဆိုင်းနေကြသည်။ တကယ်တောင်းဆိုလာကြစေဦး၊ သည်ညအတွက်တော့ ဦးဖေမောင်က စိတ်မပါလှတော့ပေ။

❑

ခရီးထွက်ရမှာကို လန့်သွားကြပြီးနောက် ထိုရက်ပိုင်းများအတွင်း အသာငြိမ်နေမိကြသည်။ ဦးဖေမောင်ကတော့ မြအတက်များ၊ အတတ်ထုပ်များကို ခင်းပေးလျက်ရှိသည်။ မျှောသူမျှောသားများမှာ ဦးဖေမောင်ရှိသည့်အတွက် ဖျော်ဖြေရေးလည်းရ၊ အသိလည်းတိုး၊ ပညာလည်းရဆိုသလိုဖြစ်ကြရသည်။ နောက်ပိုင်းတွင် ဦးဖေမောင်က ကိုထင်ကျော့်တဲ၌ စားသောက်ရသည်ဟူ၍ သိပ်မရှိတော့ဘဲ တစ်လှည့်စီ ထမင်းဖိတ်ကျွေးနေကြသည့်တဲများသို့အလှည့်ကျလိုက်လံစားသောက်နေရတော့သည်။ မထင်မှတ်သော ဆုံစည်းမှုကလေးကို အရင်းတည်၍ဦးဖေမောင်နှင့်မျှောမိသားစုများက အဆွေခင်ပွန်း ဖွဲ့မိသွားကြခြင်းပင်။

တစ်နေ့မှာတော့ သတင်းထူးတစ်ခုက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာသည်။ အမည်မသိ လူတစ်ယောက်က ကိုထင်ကျော့်တဲသို့ ရောက်လာကာ စာတစ်စောင် ပေးသွားခဲ့သည်။ စာထဲ၌မြင်သာအမည်ရှိ ရွှေမှော်တစ်မှော်၏ အရှေ့ဘက်နွယ်စိမ်းတောင်ပေါ်တွင် မောင်သိန်းလွင်အမည်ရှိလူငယ်တစ်ယောက် ရောက်ရှိနေကြောင်း။ ၎င်းလူငယ်မှာ မြေလတ်သားတစ်ဦးဖြစ်သည်ဟု သိရပြီး အိမ်က ထွက်လာသည်မှာ (၆)နှစ်ခန့်ရှိပြီဟု သိရကြောင်း၊ အသက်အရွယ်မှာ (၂၆)နှစ်ခန့်ရှိပြီဟုလည်း သိရကြောင်း စသည်ဖြင့် ရေးသားထားသည်။

ထိုစာကိုဖတ်ဖတ်ပြီးချင်းပင် သူတို့က အားတက်သရော ဆွေးနွေးဖြစ်ကြသည်။ ဦးဖေမောင်ကမူ အထူးတက်ကြွလျက်ရှိသည်။

"သေချာပြီ - ကိုထင်ကျော်၊ ဒီတစ်ခါကျုပ်သားနဲ့တွေ့ရပြီလို့ထင်တာပဲ။ မြေလတ်သားဆိုတာရယ်၊ အိမ်က ထွက်လာတာ (၆)နှစ်ရှိပြီဆိုတာရယ် အသက်ကလည်း (၂၆)နှစ်လောက်ရှိပြီဆိုတာရယ် အားလုံးတိုက်ဆိုင်နေတယ်"

"အေးဗျ၊ ဖြစ်နိုင်တယ်။ ဖြစ်ပါစေလို့လည်းဆုတောင်းပါတယ်။ ဒါပေမဲ့-ကျွန်တော်စဉ်းစားတာက ဒီစာကို ဘယ်သူ

www.burmeseclassic.com



ရေးပေးလိုက်မှန်းမသိဘူး၊ ရေးသူရဲ့ နာမည်နဲ့ လက်မှတ်လည်းမပါဘူး။ ရေးလိုက်တာကတော့ အတိအကျကို သတင်းရထားတဲ့ပုံမျိုးပဲ"

ကိုစံပေါ်က ဝင်ပြောသည်။

"နာမည်ရေးထည့်ဖို့ မေ့သွားတာလည်း ဖြစ်နိုင်တယ်။ ခင်ဗျားမိတ်ဆွေတစ်ယောက်ယောက်ပဲ ဖြစ်ဖို့များပါတယ်။ ခင်ဗျားက တချို့မော်တွေမှာ အသံရှဲ့စက်နဲ့ကြေညာပေးဖို့ပါပြောထားခဲ့တာဆိုတော့ ဒီသတင်းကို ကြားတဲ့လူတွေက ကြားသွားကြပြီး အဲဒီထဲက လူတစ်ယောက်ကပဲ ခုလို စာရေးပြီး လှမ်းသတင်းပေးလိုက်တာ ဖြစ်မှာပေါ့။ ကျွန်တော်စဉ်းစားမိသလောက် ပြောတာပါ"

"ဖြစ်နိုင်ပါတယ်။ ဒီအတိုင်းပဲဖြစ်နိုင်ပါတယ်။ ကဲ – ဦးဖေမောင် ခင်ဗျား ဘယ်လိုဆန္ဒရှိသလဲ၊ ဘယ်လိုလုပ်ချင်သလဲ"

ဦးဖေမောင်က ရှင်လန်းစွာဖြင့်ပြောသည်။

"ကျုပ်ဆန္ဒကတော့ အခုကို အဲဒီနည်းစီးတောင်ပေါ်ပြေးကြည့်လိုက်ချင်တာပေါ့။ သို့သော်လည်း အခုက အချိန်ကောင်းတော့ဘူးဆိုတော့ မနက်ဖြန်မှပဲ သွားကြတာပေါ့ဗျာ"

"အဲဒါကောင်းတယ်"

တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်လိုက်ကြသည်။

❑

သို့သော် သူတို့ခရီးထွက်မည့်နောက်တစ်နေ့ကိုရောက်တော့ ကြေးမှာ ဆိုးများက သူတို့ကို တစ်ခုပြီးတစ်ခု ကြိုဆိုနေတော့သည်။ထူးခြားသောသတင်းတစ်ခုက နံနက်စောစောမှာပင် ပျံ့နှံ့လာသည်။

"မြစ်ရိုးတစ်လျှောက်လုံးကိုတိုအစွဲတွေ ပိတ်ဆို့ထားတယ်တဲ့၊ လူတွေကို စစ်ဆေးပြီး ဖမ်းတာဆီးတာတွေလည်း လုပ်နေတယ်တဲ့။ကူးတို့ဆိပ်တွေကအစ မြစ်ရိုးတစ်လျှောက်လုံး ဘယ်သူ့ကိုမှ ဖြတ်သန်းခွင့်မပြုဘူးတဲ့"

အခက်အခဲနှင့် ကြုံကြရသည်။ သူတို့ မည်သို့မျှ ခရီးသွား၍မဖြစ်တော့။ သို့နှင့် လမ်းကြောင်းရှင်းမည့်နေ့ကိုသာ စောင့်နေကြရန် ဆုံးဖြတ်လိုက်ကြသည်။ ဖြစ်ချင်တော့ ထိုနေ့မှာပင် နေ့လယ်စာစားပြီးချိန်လောက်၌ ဦးဖေမောင် စတင်ပြီး "ဖောက်" လာသည်။ သူ့ကိုယ်ထဲက ရုတ်တရက်ကြီးဆိုသလို နာလာသည်။ သူ ဖြစ်ပုံက ဖြစ်ဖြစ်ချင်းပင် အသည်းအသန်ကြီးဖိုက်နာလာခြင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်၊ ထိုင်နေရာမှ ဘိုင်းခနဲ လဲကျသွားပြီး လူးလိမ့်နေသည်၊ ပါးစပ်မှလည်း "အမလေး – လုပ်ကြပါဦးဗျာ၊ နာတယ်ဗျ – နာတယ်၊ အမလေးဗျာ – ကျွတ် – ကျွတ် – ဘုရား – ဘုရား" ဟူ၍ မရိုးမဆန့်ပင် အော်ဟစ် ညည်းညူနေတော့သည်၊

ရုတ်တရက်မို့ ကိုထင်ကျော်က ဘာလုပ်ရမှန်းမသိဘဲ ဖြစ်သွားသည်၊ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်၊ နောက်တော့မှ သူ့လူတစ်ယောက်ကို မော်တွင်းရှိ ဆေးဆရာအား ပြေးပင့်ခိုင်းရသည်၊ ဆေးဆရာကလည်း ဆေးအိတ်နှင့်အတူ အမြန်လိုက်လာပါသည်၊ လူနာကို စမ်းသပ်ပြီးသည်နှင့် –

"ဟိုက် – ဒါ အူအတက်ပေါက်တာဗျို့၊ ကျွန်တော်လည်း ဘာမှမတတ်နိုင်ဘူး၊ လုပ်ကြပါ – ဆေးရုံပို့ဖို့ မြန်မြန်လုပ်ကြပါ၊ အချိန်နောက်ကျလို့မရဘူး"

ဆရာက အရေးတကြီး ညွှန်ကြားသည်၊ အဲဒါမှခက်ပြီ၊ မော်ထဲမှာက ကားလမ်းဟူ၍မရှိ၊ ရေကြောင်းလမ်းတစ်ခုပဲ ရှိသည်၊ သည်လမ်းကြောင်းကိုလည်း ဟိုအဖွဲ့က ပိတ်ဆို့ထားသည်၊ သူတို့က မည်သို့မျှ သွားခွင့်ပြုလိမ့်မည်မဟုတ်၊ ပြီးတော့ – သူတို့ဆီ သွားပြီးခွင့်တောင်းဖို့ နေနေသာသာ၊ သူတို့နှင့် မည်သူမျှမျက်နှာချင်း ဆိုင်ရဲကြသည်မဟုတ်၊ ကိုထင်ကျော်က အကျပ်ရိုက်သွားမိသည်၊

"အမလေး – နာတယ်ဗျ – ကယ်ကြပါဦးဗျာတို့၊ သားလေးရေ – မောင်သိန်းလွင်ရေ – အဖေ သားလေးနဲ့တွေ့ရတော့မယ်မထင်ဘူးကွယ့်"

လူးလိမ့်ရင်း ညည်းညူမြည်တမ်းလျက်ရှိသော ဦးဖေမောင်ကိုကြည့်၍ ကိုထင်ကျော်မှာ ကြေကွဲနေရတော့သည်၊ မျှောသမား အများအပြားကလည်း ကိုထင်ကျော့်တဲမှာ စုဝေးရောက်ရှိနေကြသည်၊

"ကိုင်း – မတတ်နိုင်ဘူးဗျာ၊ ဒီအတိုင်း ကြည့်နေရမှာနဲ့စာရင် ကုန်းကြောင်းကနေ ဆေးရုံသွားပို့ကြရင် ကောင်းမယ်ထင်တယ်၊ ကျန်တာက တော့ကံအတိုင်းပေါ့ဗျာ၊ ကဲ – ကဲ – ထမ်းစင်လုပ်ကြဗျာ၊ မြန်မြန်လေးလုပ်ကြ"

ကိုထင်ကျော်က သူ့အကြံကို သူ့ဘာသာပင် ဆုံးဖြတ်လိုက်တော့သည်၊ စောင်ပုခက်ကို အမြန်ဆုံး ပြုလုပ်ကြသည်၊ ထို့နောက် ဦးဖေမောင်ကိုထမ်းကာ ချက်ချင်းထွက်ခွာလာခဲ့ကြသည်၊ အတူလိုက်ပါလာသည့် ရွာ...ကြီးက အရေးအတွက်မနည်း...ပေး၊ ထမ်းစင်ကို အလှည့်ကျ ဝင်...မ်းပြီး ခပ်သုတ်သုတ်

www.burmeseclassic.com



ခရီးနှင်ခဲ့ကြသည်။ ဤကုန်းလမ်းခရီးမှာ စက်လှေခရီးထက် ငါးဆမက ကြန့်ကြာသည်မှန်သော်လည်း သူတို့တတ်နိုင်တာကို တတ်နိုင်သလောက် ပြုလုပ်လိုက်ကြခြင်းပင်ဖြစ်သည်။

ခရီးသုံးပုံတစ်ပုံခန့် မရောက်မီမှာပင် ဦးဖေမောင်က ငြိမ်စပြုလာသည်။ ငါးစပ်မှ ကျယ်လောင်စွာ မြည်တမ်းခြင်း မပြုတော့သလို ကိုယ်လက်အမူအရာတွေကလည်း သက်ငြိမ်စ ပြုလာသည်။ ထိုနည်းအတိုင်း ခပ်သွက်သွက်ခရီးဆက်လာကြပြီးနောက် တစ်နေရာအရောက်တွင်ကိုထင်ကျော်ကမသင်္ကာဖြစ်လာရာမှ ထမ်းစင်ကို ချခိုင်းပြီး ဦးဖေမောင်၏အခြေအနေကို ကြည့်သည်။ သူထင်သည့်အတိုင်း ဦးဖေမောင်က မည်သည့်တုံ့ပြန်မှုမျှ မရှိတော့ပါ။ မျက်စိတို့မှိတ်လျက် လုံးဝမလှုပ်မယှက်တော့ပြီ။ အသားအရေတို့ကပါ အေးစက်လျက်ရှိတာ ဦးဖေမောင်တစ်ယောက် ဇီဝိန်ချုပ်၍နေရှာလေပြီတည်း။

ကိုထင်ကျော်မှာ မျက်ရည်ပင် လည်မိရသည်။ ကျန်အဖွဲ့သားများကလည်း စိတ်မကောင်းကြပါ။ ဦးဖေမောင်အလောင်းကို နောက်ကြောင်းသို့သာ ပြန်သယ်လာကြရတော့သည်။ ကံကြမ္မာဆိုးလိုက်ပုံက သူတို့အလောင်းပိုက်ပြီး ပြန်ရောက်လာကြချိန်တွင် ရေကြောင်းလမ်းက ပွင့်လျက်ရှိနေလေပြီ။ ဟိုအဖွဲ့က ပြန်ရုတ်သွားကြပြီ။ မြစ်ထဲတွင်စက်လှေတွေက အစုန်အဆန် ခုတ်မောင်းလျက်ရှိကြသည်။

ကိုထင်ကျော်မှာ မျက်ရည်ပင် လည်မိရသည်။ ကျန်အဖွဲ့သားများကလည်း စိတ်နာနာနှင့် ပြင်းပြင်းခေါက်လိုက်မိတော့သည်။

❑

ကိုထင်ကျော့်တဲမှာပင်ဦးဖေမောင်အလောင်းကိုပြင်ထားသည်။ မသင်္ဂြိုဟ်သေးဘဲ နှစ်ရက်ခန့် သည်အတိုင်းထားဦးမည်။ သူတို့စီစဉ်ထားတာ တစ်ခုရှိသည်။ သည်မနက်မှာပင် သူတို့လူတစ်ယောက်ကို မြင်သာမော်ဘက်သို့ စေလွှတ်လိုက်သည်။ အစီအစဉ်အရဦးဖေမောင် ဆုံးသွားကြောင်းကိုမြင်သာမော်ထဲမှနေ၍ အသံချဲ့စက်ဖြင့် ကြေညာပေးမည်။ မြင်သာမှ ကြေညာသံကို နယ်စီးတောင်ပေါ်မှလည်း ကောင်းကောင်းကြားရလိမ့်မည်။ ထိုအခါ သူတို့ထံ စာလာပေးခိုင်းလိုက်သောပုဂ္ဂိုလ်တလည်း ထိုကြေညာသံကို ကြားရနိုင်လောက်

www.burmeseclassic.com

www.burmeseclassic.com



သည်၊ သူမှတစ်ဆင့်နွယ်စိမ်းတောင်ပေါ်ရှိ မောင်သိန်းလွင်ထံ ဆက်လက်အကြောင်းကြားပေးနိုင်သည်၊ စာထဲတွင်ဖော်ပြချက်အရထိုမောင်သိန်းလွင်မှာ ဦးဇေမောင်သားဖြစ်ရန် သေချာသလောက်နီးနီးဖြစ်နေရာ သူသည်လည်း ဤသတင်းကို ကြားရပါက မည်သည့်နည်းနှင့်ဆို ကိုထင်ကျော့်ထံသို့အရောက်လာခဲ့မည်သာဖြစ်သည်၊ ထိုမျှော်လင့်ချက်နှင့်ပင် ထိုအစီအစဉ်ကိုရေးဆွဲလိုက်ကြခြင်းဖြစ်သည်၊

သို့သော် သူတို့သတ်မှတ်ထားသည့်ရက်သာ ကုန်သွားသည်၊ သူတို့မျှော်လင့်နေသူကတော့ပေါ်မလာပါချေ၊ သို့နှင့်ပင် ဦးဇေမောင်ကို သတြိုဟ်ရန်စီစဉ်ကြရသည်၊

ထိုနေ့နံနက်(၉)နာရီခန့်တွင်ဘုန်းတော်ကြီးတစ်ပါး ဦးဆောင်ကာ မော်သူသာန်ဆီသို့ထွက်ပေါ်လာသည်၊

"နေကြဦးဗျို့-နေကြဦး၊ ဟိုမှာ လူတစ်ယောက် ပြေးလာနေတာ တွေ့ရတယ်"

ထိုကြောင့်အားလုံးက လှမ်းကြည့်လိုက်ကြသည်၊ မှန်သည်၊ ဟိုအဝေးကွင်းပြင်ထဲတွင် လူတစ်ယောက် ပြေးလာနေသည်ကို အားလုံးတွေ့လိုက်ကြရသည်၊ ထိုမည်းမည်းအရိပ်သဏ္ဌာန်ကတဖြည်းဖြည်း သုသာန်ရှိရာ တောအုပ်အတွင်းသို့ရောက်ရှိလာသည်၊ မကြာမီပင်သူတို့လူအုပ်ရှေ့သို့ဆိုက်ရောက်လာတော့သည်၊

လူငယ်တစ်ယောက်၊ အသားညိုညို၊ ကိုယ်လုံးတုတ်တုတ်၊ ဆံပင်ရှည်ရှည်နှင့် လူငယ်တစ်ယောက်၊ ပါးပြင်၌ဝက်မြံအရှိုကိုတွေ့ရပြီး ရှည်လျားသောသူ့ဆံပင်က ညာဘက်နဖူးကို တစ်ခြမ်းလောက်နီးနီး ဖုံးအုပ်ထားသည်၊ ထိုလူငယ်က ရောက်ရောက် ချင်းပင်ဦးဇေမောင်အလောင်းကိုကြည့်ပြီး ဖြစ်ကြောင်းကုန်စင် ရှင်းပြသည်၊

"ကျွန်တော့်နာမည် မောင်သိန်းလွင်ပါ၊ ဒါကျွန်တော့်အဖေပါပဲ၊ မြင်သာမော်ထဲကနေ အသံချဲ့စက်နဲ့ကြေညာသံကို နွယ်စိမ်းတောင်ပေါ်မှာနေတဲ့ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကကြားလိုက်ရပါတယ်၊ အဲဒီအချိန်မှာကျွန်တော်က နွယ်စိမ်းတောင်ပေါ်မှာမရှိဘဲ တခြားကိုခရီးလွန်နေပါတယ်၊ ဒါနဲ့ အဲဒီသူငယ်ချင်းကပဲ ကျွန်တော် အဲဒီမှာရှိတဲ့အကြောင်းကိုစာရေးပြီးလူတစ်ယောက်နဲ့ ပို့နိုင်းလိုက်တာပါ၊ အဲဒီ ကျွန်တော့်သူငယ်ချင်းက ကျွန်တော် ရင်ဖွင့်ချက်

www.burmeseclassic.com



တွေအရ ကျွန်တော့်ဘဝဇာတ်ကြောင်း ကို အားလုံးသိရှိထားတဲ့သူဖြစ်ပါတယ်။

ကျွန်တော် ပြန်ရောက်တာနဲ့ သူငယ်ချင်းက အဲဒီကိစ္စကိုအားလုံးပြောပြတယ်။ ကျွန်တော်လည်း အဖေ့ဆီကို ချက်ချင်းထလိုက်လာမလို့ပါပဲ။ ဒါပေမဲ့ မိုးမိပြီး အဖျားတော်တော်ဝင်နေတာမို့ နားနေလိုက်မိတယ်။ စိတ်ထဲကတော့ ...ရတာနဲ့ အဖေ ကျွန်တော့် နောက်လိုက်လာမှာပဲဆိုပြီး မျှော်နေမိပါတယ်။ ဒါပေမဲ့မြင်သာကနေ အဖေဆုံးကြောင်း ထပ်ပြီးကြေညာပေးသံကို သာ ကျွန်တော် ကြားလိုက်ရတာမို့ ကိုယ့်ကိုယ်ကိုယ် အိပ်ရာထဲကနေ အတင်းကြိုးစားပြီး ဒီကို အရောက်လာခဲ့တာပါ”

ပြောပြီးမောင်သိန်းလွင်က ဖခင်ကို ငုံ့ကြည့်ကာ မျက်ရည်တွေဝေနေသည်။ နှာရည်တရှုံ့ရှုံ့နှင့်လည်း ဖြစ်လျက်ရှိသည်။ ထိုအဖြစ်ကိုကြည့်ပြီး အားလုံးပင် စိတ်ထိခိုက်မိကြသည်။ ပြောရလျှင်သေပြီးမှ ပြန်လည်ဆုံတွေ့ရသော သားအဖနှစ်ယောက်၏ဖြစ်အင်က ရွှေမန်းဖေမောင်၏ ဇာတ်ထုပ်တွေလိုပင် ကြေကွဲစရာ၊ ဆို့နှစ်စရာ ကောင်းလှသည်။ အချို့က ...ကြည့်ရက်သဖြင့် မျက်နှာကိုပင် လွှဲသွားမိကြသည်။

ဖခင်ကိုကြည့်၍အားရပြီဆိုတော့မှ မောင်သိန်းလွင်က မျက်နှာကိုမော့လိုက်သည်။ ထိုအခါ နဖူးပေါ်မှ ဆံပင်အုံက အပေါ်သို့ပင့်တင်လိုက်သလိုဖြစ်သွားရာ ညာဘက်နားထင်အထက်နားဆီမှ ကန့်လန့်ဖြတ်အမာရွတ်တစ်ခုကို ကိုထင်ကျော်က မြင်မိအောင်မြင်လိုက်မိသည်။ ထိုအမာရွတ်ကို မြင်လိုက်ရသည်ဆိုလျှင်ပင် ကိုထင်ကျော်က စိတ်ထဲ၌တစ်စုံတစ်ခုကို အမှတ်ရလိုက်မိသလိုဖြစ်သွားသည်။ သို့သော် ထိုဆံပင်အုံက အောက်သို့ ပြန်ကျလာပြီး အမာရွတ်ကို ပြန်လည်ဖုံးအုပ်လိုက်ချိန်မှာပင် မောင်သိန်းလွင်၏စကားသံကလည်း တစ်ဆက်တည်းပင် ထွက်ပေါ်လာသည်။

“တစ်ခုတော့ ကျွန်တော့်ကို ကူညီကြပါ။ ဟောဒီငွေကိုဦးတို့လက်ခံပေးပါ။ အဖေ့ကို ရက်လည်ဆွမ်းသွတ်တဲ့အခါ လိုရာအသုံးပြုဖို့ပါ။ အဲဒီနေ့ကျရင် ကျွန်တော်က လာနိုင်တော့မယ်မထင်ဘူး။ ဘာကြောင့်ဆို ကျွန်တော်က အခုကို ဖျားနေရက်တန်းလန်းကြီးပါ။ မြို့ကဆေးခန်းကို သွားပြရမှာမို့ အဲဒီနေ့ကို ကျွန်တော် မီနိုင်တော့မယ်မထင်ပါ”

မောင်သိန်းလွင်ပေးလာသော ငွေစက္ကူများကို ကိုထင်ကျော်ကပင်

www.burmeseclassic.com

www.burmeseclassic.com



လက်ခံယူလိုက်သည်၊ သည့်နောက် အလောင်းကို မြေချကြသည်၊ မြေဖို့ပြီးနောက် ဘုန်းတော်ကြီးက ပြန်ကြွသွားသလို မျှောသားအများစုကလည်း ပြန်သွားကြသည်၊ ကိုထင်ကျော်ကသာ မြေပုံကို ခွေးများမဖော်နိုင်အောင် ဆူးခက်များတင်ပေးရန်အတွက် သူ့မျှောသားအချို့နှင့်အတူ ကျန်နေရစ်ခဲ့သည်၊ မကြာမီ မောင်သိန်းလွင်တပါ သူ့ဖခင်မြေပုံကိုနောက်ဆုံးဦးချပြီးနောက်ထွက်ခွာသွားတော့သည်၊

မျှောသားလေးများက ဆူးခက်များခုတ်လျက်ရှိကြသည်၊ ကိုထင်ကျော်ကမူ သစ်ပင်တစ်ပင်အောက်တွင် ရပ်နေမိသည်၊ တွင်းပြင်ထဲသို့ရောက်သွားပြီဖြစ်သော မောင်သိန်းလွင်ကို ငေးကြည့်၍လည်း တစ်စုံတစ်ရာ အတွေးနက်နေမိသည်၊ တခြားတော့မဟုတ်ပါ၊ သူ့စိတ်ထဲတွင်ပဟေဠိတစ်ခုကိုအဖြေထုတ်နေမိခြင်းဖြစ်သည်၊ ထိုပဟေဠိက ရေးရေးတော့ အဖြေပေါ်လာသလို ရှိသည်၊ ဥပမာ - သူတို့ ဓားပြတိုက်ခံရစဉ်က ပန်းကြိုင်ကိုအမှတ်တမဲ့မော့ကြည့်လိုက်မိရာ ပန်းကြိုင်၏ ညာဘက်ချိုစောင်းမှ ဓားဒဏ်ရာအမာရွတ်ကြီးကို ဖျတ်ခနဲမြင်တွေ့ခဲ့ရသည်၊ ယခု မောင်သိန်းလွင်ထံ၌လည်း ထိုအမာရွတ်က ပါရှိနေရာ ထိုမြင်ကွင်းနှစ်ခုကိုကိုထင်ကျော်မျက်စိထဲ၌ ဆင်တူလိုလို မြင်ယောင်ထင်ယောင်ဖြစ်နေမိသည်၊ တစ်ခါမျက်နှာဖုံးစွပ်ထားသည့်ပန်းကြိုင်မှာ ဆံပင်ရှည်တာရော၊ လူလုံးလူဖန်တောင့်တင်းပုံပါ မောင်သိန်းလွင်နှင့် တူညီလျက်ရှိသည်ကို ယခုမှ တရေးရေး ပြန်မြင်ယောင်မိသည်၊ သို့ဆိုလျှင်မောင်သိန်းလွင်သည်ပင် ဓားပြပန်းကြိုင်ပေလော၊

တစ်ဖန် မိမိထံမှ တိုက်ယူပြီးသောပစ္စည်းများကိုပန်းကြိုင်ကပြန်လည်ပေးအပ်ပုံအား တွေးမိပြန်တော့ ကိုထင်ကျော်ကျောထဲတွင် ဖြန်းခနဲပင် ကြက်သီးထသွားရသည်၊ ပန်းကြိုင် (သို့မဟုတ်) မောင်သိန်းလွင်ကသူ့ဖခင်ကိုထောက်ထားသောကြောင့်သာလျှင် မိမိတို့ကို ပြန်လည်ပေးအပ်ခြင်းပေလော၊ ယခုလည်းဖခင်သေဆုံးကြောင်းသိရှိလိုက်ရသောကြောင့်သာ ဤရွာပနသို့ ရောက်အောင်လာခဲ့ခြင်းဖြစ်မည်၊ နို့မဟုတ်ပါက နယ်စိမ်းတောင်ပေါ်၌သာ ဖခင်နှင့်တွေ့ဆုံရန် ရည်ရွယ်ပြီး သူ့လူတစ်ယောက်ကိုပင်[illegible]ယ်တံမျဉ်းသုံးကာ

www.burmeseclassic.com

www.burmeseclassic.com



ဘလာပို့နိုင်းလိုက်ခြင်းဖြစ်မည်။ စသည်ဖြင့် ဉာဏ်ရှိသလောက် ဆက်စပ်တွေးတောနေမိသည်။

သို့သော်မိမိအတွေးကိုမိမိဘာသာသံသယပြန်ဝင်နေမိပြန်သည်။ တိုက်ဆိုင်မှု၊ ကြုံကြိုက်မှုတစ်ခုကို မိမိက မိမိအထင်နှင့်ကောက်ချက်ဆွဲနေမိခြင်းဖြစ်မည်ဟုလည်း တွေးနေမိပြန်သည်။ နောက်ဆုံးတွင် အဖြေမရသောထိုပဟေဠိကိုမိမိရင်တွင်းမှာပင်ကြိုးစားချိုသိပ်ကာ ဖြေဖျောက်လိုက်ရသည်။ တီစွပြီးသည်နှင့် မျှောသားလေးများနှင့်အတူ သုသာန်မှ ပြန်လည်ထွက်ခွာလာခဲ့သည်။

❑

မည်သို့ဆိုစေ၊ ထိုနေ့မှစ၍ ထိုနယ်တစ်လွှားတွင် ဓားပြပန်းကြိုင်၏လှုပ်ရှားမှုနှင့်တကွ သူ၏သတင်းပါ ထူးဆန်းစွာပျောက်ကွယ်၍သွားလေရာ ထိုအချက်အပေါင် သူ ကြုံဆုံခဲ့ဖူးသည့် ပဟေဠိပုစ္ဆာတစ်ခုနှင့်ဆက်စပ်ပတ်သက်နေပြန်လေသလောဟု ကိုထင်ကျော်တစ်ယောက်ဘာအတွေးနက်နေမိပြန်လေသတည်း။

➳ ရဲမြတ်တင်

## အနာပေါက်ကုထုံး

### ကိုနှုရာနာ

အပူငြိမ်းဆေးတစ်မျိုးကိုကွမ်းရွက်ပြုတ်ရည်နှင့် တစ်နေ့နှစ်ကြိမ် သောက်ပေးပါ။ သို့မဟုတ် အကင်းဆယ်ပါးဆေး (၄၃)ကို သနပ်ခါးရည်ကြဲဖြင့် လိမ်းနိုင်သည်။

### သန်လျက်ထမ်းနာ

ပခုံးထက်တွင် ပေါက်တတ်သည့် စစ်တုံ့မြစ်၊ ရှောက်ခါးမြစ်၊ ပလောင်ဆိတ်ဖူးမြစ်တို့ကို အမျှစိသွေးကာ အနာကို လိမ်းပေးပါ။

### ဆင်ရေယုန်၊ နဂါးပတ်ရေယုန်


ခွေးတောက်ရွက်သတ္တုရည်ကို ဆွတ်ပေးခြင်း၊ ကြောင်ပန်းရွက်သတ္တုရည်ကို သောက်ပေးခြင်းပြုမည်။ ကျွန်းသားမီးသွေးကို ထမင်းရည်နှင့် သွေးလိမ်းပါ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com



ကျေးဇူးတရားဆိုတာ ဘာလဲဆိုသည်ကို မေးထားသည့် မေးခွန်းနှင့်အတူ စာရေးသူက ဖြေကြားပါလိမ့်မည် ..

## "ကျေးဇူးတရား"

ကျေးဇူးတရား ဆိုသည်မှာ သတ္တလောကကြီးတွင် တည်ရှိနေပါသည်။ သည်ကျေးဇူးတရားကို သက်ရှိသတ္တဝါများထဲတွင်မှ အသိဉာဏ်အမြင့်မားဆုံးဆိုသည့် လူသားများတွင် အများဆုံး တွေ့ရှိနိုင်ပါသည်။

အနည်းငယ် ရှည်ရှည်လျားလျား ပြောရဆိုလျှင် လူသားတွေမှသာလျှင် ကျေးဇူးတရား ရှိသည်မဟုတ်ပါ။ နတ်လောက၊ ဗြဟ္မာလောကတွင် ပါရှိနေကြောင်း သိရပါသည်။ ယခုလိုပြောရခြင်းမှာ နတ်တွေ၊ ဗြဟ္မာတွေက လူသားတည်းရှိသူတွေထဲမှ သူတို့ကို တစ်ကြိမ်တစ်ခါ တစ်ဘဝက ကျေးဇူးပြုခဲ့သည့်အကြောင်းကိစ္စကို ပြန်လည်သတိရသည့်အခါထိုသူကိုကျေးဇူးတုံ့ပြန်သည့်အနေနှင့် အကျိုးပြုပေးတတ်ကြောင်း ဘုရားဟောကြားတော်မူခဲ့သော အဋ္ဌကထာများဒေသနာတော်များတွင်တွေ့ရှိနိုင်ပါသည်။

သည်တော့ကျေးဇူးတရားဆိုသည်က လူ၊နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတွင် ရှိနေသည်မှာထင်ရှားနေပါသည်။ သည်ကျေးဇူးတရားတွင်တစ်ခုတည်းတစ်မျိုးတည်းကို သာ သတ်မှတ်ဆိုလိုခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါ။ ကိုယ်၏စောင်မကူညီမှု၊ နှုတ်ဖြင့်စောင်မကူညီမှု၊ ငွေကြေးဖြင့် စောင်မကူညီမှုတို့ကိုပါ ဆိုလိုခြင်းဖြစ်သည်။ အခက်အခဲဖြစ်နေသူ စားစရာမှအစ ငွေကြေး၊ အဝတ်အစား၊ ထောက်ပံ့ကူညီခြင်း၊ အလုပ်အကိုင်ရရှိရန်ကူညီပေးခြင်းသည်ဖြင့် လူတစ်ဦးတစ်ယောက်တွင် လိုအပ်သည့်အရာ၊ လိုအပ်သည့်အချိန်တွင် ထောက်ပံ့ကူညီပေးလိုက်ခြင်းမှာ အကောင်းဆုံး ကူညီမှု၊ ကျေးဇူးတရားပင်ဖြစ်ပါသည်။

မိမိတွင် အလိုအပ်ဆုံးအရာကို အလိုအပ်ဆုံးအချိန်တွင် ထောက်ပံ့ကူညီပေးသူသည် မိမိ၏ကျေးဇူးရှင်ပင်ဖြစ်ပါသည်။ ကျွန်တော်တို့မြန်မာမှုနယ်ပယ်တွင် "ရေတစ်ခွက်ပေးသူသည်ပင် ကျေးဇူးရှင်အဖြစ် မှတ်ယူရမည် ဟု ဆိုလေ့ရှိကြသည်။ ကျွန်တော်၏မိဘနှစ်ပါးရှိစဉ်က "ရေတစ်ခွက်က ဘာမှတန်ဖိုးရှိတာမဟုတ်ပါဘူးလို့ မထင်မှတ်နဲ့၊ ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက် ဆိုတာ ရှိတယ်" ဟူ၍ မကြာခဏ ပြောဆိုဆုံးမခဲ့ပါသည်။

ရေအသက် တစ်မနက် ဆိုစကားမှန်ကန်ကြောင်း ကျွန်တော်ကိုယ်တိုင် တပ်မတော်ထဲ ရောက်သောအခါသိခဲ့ရပါသည်။

မိဘက ဆုံးမသလိုကျောင်းနေစဉ် ဆရာတွေကလည်း အကြောင်းသင့်သည့်အခါ ထမင်းကျေးဇူးမှအစ မိမိတွင်လိုအပ်နေသည်ကို ကူညီပေးကမ်းထောက်ပံ့သူအပေါ် တုံ့ပြန်ဆပ်နိုင်က ပြန်ဆပ်ရန်နှင့် မဆပ်နိုင်သော်မှ ကျေးဇူးကန်းခြင်းပြုရာရောက်သော ထိုသူကိုဖြစ်စေ၊ သူ၏မိသားစုကိုဖြစ်စေ၊ ဒုက္ခဆင်းရဲဖြစ်စေသောအလုပ်မျိုးကို မည်သည့်အခါမှ မပြုလုပ်ရန် ဆုံးမသင်ကြားပေးခဲ့ပါသည်။

ကျွန် တော် ၏ ဘဝခရီးလမ်းလျှောက်ခဲ့ရသမျှကျေးဇူးတရားသိတတ်ပြီး ပြန်ဆပ်သူက (၁၀%) မျှသာ တွေ့ခဲ့ရသည်။ ကျေးဇူးကန်းသူက (၇၀%) ပင်မက ကြုံတွေ့ခဲ့ရပါသည်။ ပြီးတော့ ရှိပါသေးသည်။ ကျေးဇူးတရားကို မသိ၍မဟုတ်၊ သိသည်၊ သိသော်လည်း ထိုသူက ကြီးမားသောအကူအညီပေးထားသည်ကို မေ့ထားသည်။ ထိုသူနှင့် မိမိ ဘာမှမဆိုင်သလို၊ ဘာတစ်ခုမှ မလုပ်ပေးခဲ့သလို နေနိုင်သူလူစားမျိုး ဖြစ်ပါသည်။ ဤသို့သောလူမျိုးသုံးမျိုးက လောကကြီးတွင် ရှိနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူစားသုံးမျိုးတွင် အဆိုးဆုံးဆိုရမည့်လူစားက ကိုယ့်ကို ကျေးဇူးပြုခဲ့ဖူးသူ၊ ကျေးဇူးရှိသူမှန်း သိပါလျက်ကျေးဇူးကန်းသူ၊ တစ်နည်းပြောရလျှင် ကျေးဇူးရှင်ကိုကျေးစွပ်၊ သူကအဆိုးဆုံး၊ ရွံရှာစက်ဆုပ်စရာလူစားဖြစ်သည်။ သည်သနေ့ခေတ်ကာလတွင်ကျေးဇူးကန်းသူတွေတာ များလွန်းလှပါသည်။

မိမိတွင် အလုပ်အကိုင်မရှိ၊ ပုံမှန်ဝင်ငွေမရ၊ ကျပန်းလုပ်ကိုင်ပြီး မိသားစုဆင်းရဲချို့တဲ့စွာနေရချိန် မေတ္တာစေတနာထားတာ မိမိကို ခေါ်ယူကာ အလုပ်ပေးထားသည်။ အစားအသောက်၊ အဝတ်အထည်ပေးသည်။ အေးအေးချမ်းချမ်းနေထိုင်ရသောအခါ ပြုပေးခဲ့၊ ပြုပေးနေသည့် ကျေးဇူးတရားတွေကို မျက်မြင်ရရှိနေပါလျက်က သစ္စာမဲ့လာသည်။ အတ္တစိတ်၊ လောဘစိတ်တို့က တဖြည်းဖြည်း ဝင်ရောက်လာခဲ့သည်။ ကျေးဇူးရှင်မှန်း သိလျက် မေ့ပျောက်လာသည်။ ကိုယ်ကျင့်တရား ပျက်လာသည်။

သည်နောက် မိမိကို နိုင်းစေလာသည့်အခါဆယ်ဂဏန်းမှအစရာဂဏန်းဆိုသလို လိမ်လည်ရယူသည်။ တဖြည်းဖြည်း အတင့်ရဲကာ သောင်းဂဏန်း၊ သိန်းဂဏန်းအထိ စာရင်းတွေ လိမ်ပြရယူတော့သည်။ ကြာလာတော့ ထိုသူမှာ အလုပ်မှ ဖြုတ်ပစ်ခံလိုက်ရသည်။ အလုပ်ဖြုတ်ခံလိုက်ရသော်လည်း ဝမ်းမနည်းပါ၊ နောင်တမရပါ။ မိမိလိမ်လည်ရယူခဲ့သောငွေက နည်းမှ နည်းသည်မဟုတ်လေတော့ ခပ်ပြုံးပြုံးပင်။ မိမိကျေးဇူးရှင်ကိုပင် ခပ်တည်တည်နှင့် တုံ့ပြန်ပြောပြီးမှ ထွက်လာခဲ့သူ။ အကြောင်းမသိသူတွေကြားလျှင်သူကအပြစ်ကင်းစင်သူ၊ လူရိုးလူကောင်း။

သူ့နာမည်က တကယ်ကို ရှားရှားပါးပါး၊ တင်တင်စီးစီး မှည့်ထားသေးသည်။ လူမိုး။

သူ့အကြောင်းက သိပ်စိတ်ဝင်စားဖွယ်မရှိ၊ သာမန်သူလိုကိုယ်လို လူတန်းစားက မွေးလာသူဖြစ်သည်။ သူ့ဖခင်က ရုံးစာရေးလေး၊ မိခင်ကတော့ ထိုင်စား။ သို့တစေ၊ မွေးလာသောသူ့ကိုထွန်းထွန်းပေါက်ပေါက် ဖြစ်စေချင်သည်။ သူလိုငါလို မဟုတ်၊ လူတွေအားလုံးအပေါ်မှာ စိုးမိုးနိုင်ရမည်ဆိုသည့် စိတ်ကူးနှင့် (လူမိုး)ဟု ပညတ်လိုက်သည်။

မိဘတွေက ပညတ်လိုက်ပေမဲ့ ဓာတ်သက်က အမီမလိုက်နိုင်၊ နောက်ဘက်မှာ အဝေးကြီးကျန်ခဲ့ပုံရသည်။ ကျောင်းစတင်နေသည်ကပင်ကပြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘပြန်ဖြစ်ကုန်ပါတော့သည်။ ငယ်သေးတော့ စကားမပီသေးသည်လည်းပါသည်။ နောက်ချင် ပြောင်ချင်သည့်အရွယ်တွေဆိုတော့ အပေါင်းအဖော်ဆော်ကျားလေးတွေကစကြတော့သည်။ လူမိုး-ကိုလူမိုး မခေါ်၊ သူခိုး ခေါ်သူကခေါ်၊ လူခိုး ခေါ်သူက ခေါ်ကြသည်။

ပထမတော့ ရိုးရိုးနာမည်ခေါ်သည်ဆင်ခဲ့သည်။ သူငယ်ချင်းတစ်ယောက်တခေါ်လျှင်ကျန်သူငယ်ချင်းတွေကဝိုင်းရယ်ကြသည်ကို သတိထားမိလေမှသူ့ကိုနာမည်ဖျက်ခေါ်သည်ကိုသိလိုက်ရသည်။ သည်တော့ စိတ်ဆိုးပြီး နောက်တစ်ခါ အခေါ်စောင့်သည့်အခါ လူမိုးဆိုပြီး ခေါ်ပြန်သည်။ အမြဲတမ်းလည်းသတိမထားနိုင်တော့၊ တစ်ခါတစ်ခါအငိုက်မိသွားခဲ့သည်။ ကြာတော့မကြားချင်ယောင်ဆောင်နေလိုက်ရတော့သည်။

❑

ဆယ်တန်း မအောင်ပါ။ မအောင်သည့်အကြောင်းက ကျောင်းမှန်မှန်မတက်၊ စာကို စိတ်မဝင်စား၊ အပေါင်းအသင်းနှင့်အလေရိုက်ပြီးလျှောက်သွားရသည်ကို ဝါသနာကြီးသည်ဆိုတော့သုံးနှစ်ဖြေသည့်တိုင် မအောင်ပါ။ ဆက်ဖြေနေလည်း ဆံဖြူသွားကြွေသည်တိုင်အောင်ဖို့လမ်းမမြင်ဆိုတော့ လွယ်လွယ်ရသည့်ပုလိပ် (POLICE) ခေါ်ရဲအဖွဲ့ထဲဝင်လိုက်တော့သည်။

ပထမသုံးနှစ်အထိတော့အေးအေးသက်သာ၊ အခြေခံဆယ်တန်းဆိုသည့်အရှိန်ကလေးကြောင့် လက်မောင်းမှာအရစ်သုံးရစ်တော့ တပ်ဆင်လိုက်ရသည်။ တစ်ဖြောင့်တည်းရိုးသားကြိုးစားလျှင် ပခုံးပေါ်ကြယ်ပွင့်ကလေးတစ်ပွင့်တင်နိုင်ပါသေးသည်။ အပြောအဆိုတည်ကျသည်၊ ပလာစတာ၊ အရည်အချင်းကလည်း ရှိသည်ကိုး။ အလားအလာရှိသူကို "ဆရာ" ခေါ်ရန်ဝန်မလေးပါ။ တားလာသည်နှင့် ပြေးကြို၊ အလေးပြု၊ လက်ဆွဲအိတ်သယ်ပေး၊ ဘာဘာညာညာပေါ့။ လူကြီးမင်းတွေက သည်လိုမျိုးမှသဘောကျသည်လေ။

ကိုယ့်ဌာနအကျိုး၊ နိုင်ငံတော်အတွက် ဆိုသည်ကိုအသာဖယ်၊ ကိုယ့်ကိစ္စကို ဦးစားပေးသူ၊ မီးဖိုဆောင်ကိုယ့်ကိစ္စ (ဘီယာဖိုး၊ ဘာဖိုး...မိုး) အတွက် ထောက်ပံ့ပေး...တပည့်အလိမ္မာဖြစ်လာသူ... အရေးပေးမြှောက်စားတတ်သော လူကြီးတွေမီး

လူမိုးတစ်ယောက် ဒေါက်ဖိနပ်စီးသူ မိန်းကလေးတွေထက် ခြေဖနောင့် မြင့်တက်နေခဲ့သည်။ အားကိုးအားထားရှိလာပြီဆိုတော့ နာမည်နှင့်လိုက်ဖက်ညီစွာ သူတကာအပေါ် လွှမ်းမိုးလာသည်။ တော်ရုံပခုံးပေါ်မှာ ကြယ်တစ်ပွင့် နှစ်ပွင့် တပ်ထားသူလောက်ကိုတော့ လူမိုးက မမြင်တော့။ ခလုတ်ပင် တိုက်ချင်လာသည်။

ဘာကြောင့်လည်းဆို လူမိုးတွင် အားကိုးစရာ ဆရာကြီးနောက်တွင်ရှိနေပြီကိုး။ လူမိုးတို့ လာကြောလျှင် ဆရာကြီးကို ပြောပြလိုက်ရုံသာ၊ တကယ်ဖြစ်သည်ထက် အဆပေါင်းများစွာ ချဲ့ထွင်တင်ပြလိုက်လျှင် ချင်းတောင်ဘက်ကို တချင်မြေဆီကို၊ ကရင်ပြည်နယ် ချောင်ကြိုချောင်ကြား ရောက်သွားမည်။ တကယ်ရောက်သွားရသူတွေလည်း နည်းပါ။ လူမိုး ချွန်တွန်းဆွဲချလုပ်သည့် အကောင်တွေဖြစ်ပါပေသည်။

ငရဲမှအပ ဝဋ်မှအမြဲ ဆိုကြသည့် စကားက တကယ်မှန်ကြောင်း လူမိုး ကိုယ်တိုင်ကြုံလိုက်ရသည်။ သူ့အလှည့် ကိုယ့်အလှည့် ဆိုသည်ကလည်း ရှိစမြဲ မဟုတ်လား။ နောက်စကားတစ်ခုက လည်း ရှိသေးသည်။ "အသွားမတော် တစ်လှမ်း၊ အစားမတော်တစ်လုတ်" ဆိုသည့်စကား။ လူတွေ အပြောများကြသည်လေ။ ယင်းစကားက တကယ်မှန်သည်။ မှန်သည်မှ ဗဟိုချက်တည့်တည့်ပင်။ လူမိုး ခြေလှမ်းလည်း မှားခဲ့သည်။ အစားလည်း မက်ခဲ့သည်ကိုး။

ကိုယ်လှမ်းနေကျ၊ ကိုယ်သွားနေကျနယ်မြေကို ကျော်လွှားသည်။ ခြေလှမ်းကြဲသွားသည်။ သူတစ်ပါးစားကျက်ကို သွားနှိုက်သည်။ တစ်ခါတလေ မဟုတ်၊ ခဏခဏသွားနှိုက်နေလေတော့ အပိုင်နယ်မြေရှင်က မျက်ထောင့်နီလာသည်။ နှာခေါင်းပွလာသည်။ အံကြိတ်ပြီး စောင့်နေခဲ့သည်။ လူမိုး တပည့်တွေက သတင်းပို့ သတိပေးသည်။ သို့တစေ လူမိုးက လုံးဝမတွန့်။ ခပ်တည်တည်ပင်။

ထင်းခွေမကြုံ၊ ရေခပ်ကြုံ ဆိုသလိုပင်။ လူမိုးကနောက်မှဆရာကြီးအားကိုးနှင့် ဗိုလ်လုပ်နေရာ၊ ချွင်စောင့်နေသည်ကို သိလျက် ထပ်နှိုက်လိုက်သည်။ စားခွက်လုနှိုက်ပြီး ပြန်အထွက်၊ အသင့်စောင့်ဆိုင်းနေကြသည့် သတင်းပေးဖွဲ့သားတွေလက်ထဲ ကျရောက်သွားရတော့သည်။ အပိုင်စောင့်နေကြသူတွေက အသိသက်သေများရှေ့ လူမိုးကို ရှာ

www.burmeseclassic.com



ခွလိုက်ရာကြိုတင်မှတ်သားထားသည့် နံပါတ်များ ပါရှိသောငွေစက္ကူများနှင့် အတူဖမ်းဆီးခံလိုက်ရတော့သည်။

သည်တော့ နောက်ကွယ်မှ ဆရာကြီးလည်း ဘာမှမတတ်နိုင်ပါတော့။ ဒမ၄(၁)(ဂ)၊၄(၂)ဆိုသည့်စွဲချက်နှင့် မော်စက်ကိုဓါးအင်းစိန်ကျောင်းတော်ကြီးသို့ ရောက်သွားပါလေသည်။ အဲ - အင်းစိန် - နရသိန် - အထဲရောက်သည်နှင့် သူ့ကို ဝမ်းသာအားရ ဆီးကြိုနေကြသူတွေနှင့် ဆုံတွေ့လိုက်ရပြန်သည်။ ခန်းစည်းတွေ၊ ပန်းကုံးတွေနှင့်တော့ မဟုတ်ပါ။ လက်သီးတွေ၊ ခြေဖနောင့်တွေနှင့်သာ ဖြစ်ပါသည်။ နောက်မှ အကျဉ်းထောင်အာဏာပိုင်ကြီးများ သိရှိသွားသဖြင့် သီးသန့်အဆောင်ဆီသို့ ပြောင်းပေးလိုက်၍ အသက်နှင့် ခန္ဓာကိုယ် တည်မြဲသွားခြင်း ဖြစ်ပါသည်။

သည်သို့တွေ့ကြုံခံစားလိုက်ရခြင်းမှာအတုံ့အလှည့်ဝဋ်ကြွေးပြန်ဆပ်ရခြင်း တစ်မျိုးလည်းဖြစ်သည်။

သည်လို အဖြစ်မျိုးကို အပြင်လောကတွင်သူအာဏာအခွင့်ရှိခဲ့စဉ်က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်ကာလသူနှိပ်စက်ခဲ့သမျှ ခံစားခဲ့ရသူတွေ ရင်ထဲတွင် "ထင်းခွေမကြုံ၊ ရေခပ်တော့ကြုံဦးမှာပေါ့ကွာ" ဆိုသည့် စိတ်အခေတွေးများနှင့် ခံခဲ့ရသူတွေ ဖြစ်ပေသည်။ ယခုသူတို့မျှော်လင့်ထားသည့်အတိုင်းလူမိုက်ရောက်ရှိလာသောအခါ အရင်းရော၊ အတိုးပါ ပေါင်းဆပ်လိုက်ကြခြင်း ဖြစ်ပါသည်။

လူမိုက်လူစားတွေ ခြေချော်လက်ချော်ပြီး ယခုလို အကျဉ်းခံဘဝ ရောက်သွားတိုင်း ခံစားရသည်ချည်း ဖြစ်ပါသည်။ အင်းစိန်ထောင်တစ်ခုတည်းမှ မဟုတ်ပါ။ မြန်မာတစ်နိုင်ငံတည်းမှ မဟုတ်ပါ။ ကမ္ဘာ့တိုင်းပြည်အသီးသီးတွင်ပါ ဖြစ်ပျက်နေလေ့ ရှိပါသည်။ သို့သော် မြန်မာနိုင်ငံတွင်တော့ အကျဉ်းထောင်တိုင်း ဖြစ်ပျက်နေခြင်းမို့ ထူးခြားသည် ပြောရမည်လားမသိပါ။

ထိုနေ့က လူမိုက်ထမင်းပင်မစားနိုင်အောင် ခံစားလိုက်ရသည်။ တစ်သက်တာ မှတ်မှတ်ရရ ဖြစ်သွားစေသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။ အဲ - နောင်တရသွားပြီလား၊ စနာတတ်သွားပြီလားရယ်တော့ မထင်ပါနှင့်။ ပြီးတော့ အနာပျောက်သွားတော့ အားလုံးမေ့သွားခဲ့ပါလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ထောင်က ထွက်လာပြီး လေးငါးခြောက်လ ဖြစ်သလိုနေစားခဲ့ရသည်။ တစ်ယောက်တည်းဆိုလျှင် တော်သေး၊ ယခုတော့ မိန်းမနှင့် ကလေးတစ်ယောက်ပါရှိနေသည်ဆိုတော့ငွေရလမ်းကို ရှာသည်။ တစ်နေ့တစ်နေ့ အလုပ်အလေးရှာ မေးမြန်းစပ်စုကြည့်သည်။ သူလိုကိုယ်လိုလူတွေသာ များ၍ကျပန်းရသည့်အလုပ် လုပ်ရတော့ ရက်မမှန်၊ ကြုံသလို ဖွဲစားလုပ်လည်း ထီးဖြူ၊ ဖိနပ်ဖါးဆိုသလို သိပ်အလုပ်မဖြစ်။

လခစားအလုပ် ဆိုပြန်တော့ "ခုံပြတ်" ဆိုသည့်အမည်းစက်၊ အမည်းတွက်ကြီးကြောင့်နောင်လိုရင်ပြောမယ် ဆိုစကားနှင့် ပြန်ခဲ့ရသည်ချည်းဖြစ်သည်၊ နောက်တော့သူတစ်ခါကအမှတ်မထင် ကူညီပေးခဲ့သော ယခုအလုပ်ရှင်သူဌေးနှင့် ပြန်ဆုံမိပြီး လူလူသူသူ ဖြစ်လာခဲ့ရသည်။ သည်လိုနေရသည့်အခါ ဆင်းရဲချို့တဲ့ရာမှ ကောင်းကောင်းနေရစားရပါလားဆိုပြီးကျေနပ်နှစ်သိမ့်ရမည့်အစား မလျော်မကန် ဖောက်ပြန်သည့် စိတ်ရိုင်းများ ဝင်လာသည်၊ လောဘတရားက သစ္စာတရားကို လွှမ်းမိုးအနိုင်ယူသွားခြင်း ခံလိုက်ရသည်။

အလုပ်ဝင်စကနှင့်မတူ၊ ပြောင်းလဲသွားသော သူ့အခြေအနေကို သူကိုယ်တိုင်မသိ၊ မဆင်ခြင်မိတော့၊ လောဘတကာဆီးပိတ်ဆို့နေခဲ့သည်။

တကယ်ဆိုလျှင် သူ၏ အလုပ်ရှင်သူဌေးသည် ရိုးရိုးလူ သာမန်တစ်ယောက်၊ သူဌေးတစ်ယောက် မဟုတ်ကြောင်း လူမိုး သတိမထားမိခဲ့၊ မလေ့လာမိခဲ့ပါ။ သူ၏သူဌေးသည် ငယ်စဉ်ဆယ်နှစ်သားအရွယ်မှပင်နိုင်ငံခြားတွင် ပညာသင်ကြားခဲ့သူ၊ ဘွဲ့ရပြီးမှ မြန်မာပြည်ပြန်လာသူ၊ အဘိုးဖြစ်သူထံနေ၍ လုပ်ငန်းအတွေ့အကြုံ ရရှိခဲ့သူ၊ စသည်တို့ကိုသူမသိပါ။ သူသိသည်မှာ ဘိုးဘွားအစဉ်အဆက် ချမ်းသာသူ၊ သူ၏ ငွေတွင်းကြီးအဖြစ်သာ သူသိသည်၊ ဆယ်ဂဏန်း၊ ရာဂဏန်းမှစပြီး ကလိမ်ကကျစ်လုပ်တော့သည်။

အဆောက်အအုံဆောက်ခိုင်းလျှင် အုတ်တစ်လုံး ငါးဆယ်ဆိုလျှင် ငါးဆယ့်ငါးကျပ် စာရင်းတင်သည်။ ဘိလပ်မြေတစ်အိတ် လေးထောင်ရှိစဉ် ငါးထောင်၊ သစ်တစ်တန် သုံးသိန်းကို လေးသိန်းခွဲ လိမ်လည်သည်။ ဝယ်လာသည့်အုတ်တွေက မသုံးရသေး၊ မိုးရွာလိုက်သော

www.burmeseclassic.com

www.burmeseclassic.com



အခါ အားလုံး ခြံတောင်ပို့တွေ ဖြစ်ကုန်တော့သည်။ ဘိလပ်မြေအိတ်တချို့က အစစ်တွေမဟုတ် (သာကေတဘက်မှ လုပ်သော ဘိလပ်မြေအတု)၊ သုံးသည့်အခါ ပြဿနာပေါ်တော့သည်။ လူမိုးကတော့ ခပ်အေးအေးပါ၊ သူနှင့်မဆိုင်သလို၊ ဆင် ခြေဆင်လက်၊ ဆင်နားရွက်တွေ ပေးလိုက်သည်။

အိမ်သုံးရန်အတွက် ပစ္စည်းဝယ်လျှင်လည်း လူမိုးက ထုံးစံအတိုင်း ဖြတ်စားသည်။ ဈေးပေါပေါ ရှာဝယ်သည်။ စာရင်းကတော့ တကယ်အကောင်းစား ပစ္စည်းဈေးနှုန်းအတိုင်း ရေးတင်သည်၊ သူ့ဒွေးကသူ့ကိုဘာမှမပြော၊တစ်ခါတစ်ခုံတော့ "ကိုလူမိုး – သေချာလုပ်ပါ၊ကိုယ်တိုင်လုပ်ပါ" သည်စကားသာ ပြောသွားသည်၊ လူမိုးက "ဟုတ်ကဲ့ – စိတ်ချပါ" ပြန်ပြောသည်သာ၊ ဘာကိုစိတ်ချရမည်မသိ၊ နောင်လည်း ဆက်ပြီး လိမ်ပါဦးမည်၊ ခိုးပါဦးမည်ကို စိတ်ချနိုင်းသည်လားမသိပါ၊

လူမိုး မသိခဲ့သည်မှာ သူ၏ သူဒွေးတ နေရာတိုင်း စေ့စပ်သေချာသူဖြစ်နေကြောင်းပင်၊ စီးပွားရေးအခြေအနေ၊ တန်ဖိုးဈေးနှုန်းသတင်းတွေကအစ စုံစမ်းသိရှိနေသူလည်းဖြစ်သည်ကို လူမိုး ဂရု

မထားခဲ့မိပေ၊ သူ့ကိုယ်သူ ပိုင်လှပြီထင်နေသည်၊ ထို့ကြောင့် လည်း သူ့ကို အလုပ်မှ ထုတ်ပစ်လိုက်ခြင်းကို ခံလိုက်ရပေတော့သည်၊ "ခင်ဗျားလုပ်တာတွေ ကိုကျွန်တော် ဘာမှမပြောမနေတော့ဘူး ခင်ဗျားလုပ်ခဲ့တာတွေ ခင်ဗျားအသိဆုံး ပါ" သူဒွေးဆီက သည်စကားကို သာ ကြားခဲ့ရသည်၊

လူမိုးက ခပ်အေးအေး ဘာမှဂရု မစိုက်၊ ဝမ်းမနည်းဖော်ပြသလို တမင်တင် လေချွန်ပြီး ထွက်လာခဲ့သည်၊

အိမ်ပြန်ရောက်သည်နှင့် သူ့မိန်းမ ကို အားလုံးပြောပြလိုက်ရာ သူ့မိန်းမက ဘာမှမပြောပါ၊ ပြောလည်း လင်မယား ရန်ဖြစ်ရုံသာ ရှိမည်ကိုး၊ သို့သော်သူ့စိတ် ကူးကို မေးကြည့်မိသည်၊

"ဒါဖြင့် ရှင်က ဘာလုပ်မှာလဲ"

"ဝါကုမ္ပဏီထောင်မလို့"

"ဟင်"

သူ့မိန်းမဆီမှ သည်စကားသာ ထွက်လာသည်၊ နောက်ထပ် ဘာမှ မပြောတော့ပါ၊ မျက်နှာပုံစံက သူ့အ ယုံကြည်စိတ်ချပုံ လုံးဝမပြ၊ ကြည့်သေး တာပေါ့ ဆိုသည့်သဘောရှိသည်၊

လူမိုး ပြောသည့်အတိုင်း တကယ် လုပ်တော့သည်၊

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းငှားသည်၊ စာရေးမတစ်ယောက် ခန့်သည်၊ တယ်လီဖုန်းတစ်လုံးနှင့် သူက အတွင်းခန်းမှာ ထိုင်သည်၊ အပိုလူမရှိ၊ အပြင်ဘက်အခန်းပေါက်တွင် "လူမိုး"စာလုံးအောက်မှ အလင်းရောင်ကုမ္ပဏီ ဆိုသည့်စာလုံး ရေးထားသော ဆိုင်းဘုတ်တစ်ခု ချိတ်ထားသည်၊ ဒါပါပဲ၊ ဆိုသလို လူမိုးကုမ္ပဏီထောင်ပြီး သွားသည်၊

နှစ်လကျော်သွားသည်တိုင်အလုပ် တစ်ခုမှ မရ၊ သုံးလေးလရှိသွားသည်၊ ထူးမခြားနား၊ အပြင်ခန်းတွင် စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးနှင့် စာရေးမလေးကို ညနေတိုင်း နှုံးပြီး ပြန်ရသည်၊ ခြောက်လကျော်လာသောအခါ လူမိုး အကြံအစည်သစ်တစ်ခု ရသွားပြန်သည်၊ သည်တစ်ခါတော့ တိုက်ခန်းငှားသည့်အခါမြို့စွန်ရပ်ကွက်တွင်ငှားသည်၊ စာရေးမအစားမိန်းမဘက်မှလူရွယ်တစ်ယောက်ကိုခေါ်ထားသည်၊ နေ့ရောညပါ နေစေသည်၊ ဆိုင်းဘုတ်ကိုပါ ပြောင်းလိုက်သည်၊ "လူမိုးအဆောက်အအုံပြင်ဆင်ရေး" ဆိုပြီးတပ်ထားလိုက်ပါသည်၊

သည်တစ်ခါတော့ သူ့စိတ်ကူး မှန်သွားသည်၊ စတင်ဖွင့်ပြီး သုံးလအတွင်း တိုက်အိမ်နှစ်လုံးလုပ်ပေးလိုက်ရသည်၊ ရပ်ကွက်ထဲရှိသူ ပန်းရန်၊ လက်သမား လုပ်ကိုင်တတ်သူ လေးငါးယောက်ကို နေ့စားခေါ်ခိုင်းလိုက်ခြင်းဖြစ်၍ လူမိုး အတွက် တစ်ဝက်ကျော် မြက်မြက် ကလေး ရလိုက်သည်၊ ခြောက်လပင် မပြည့်သေး၊ လူမိုး မိတ်အင်ဘားမား ဂျစ်တစ်စီး ဝယ်စီးနိုင်သဖြင့် မြောက်ကြွ မြောက်ကြွဖြစ်နေတော့ရာ မိန်းမကပင် မျက်စောင်းခဲလာသည်၊

သုံးနှစ်အကြာတွင် ကိုယ်ပိုင်နှစ် ထပ်အိမ်နှင့် နေနိုင်လာသည်၊ အခြေ အနေကောင်းလာသလို လူမိုးလည်း ပြောင်းလဲသွားသည်၊ သူ၏ ရုံးခန်းတွင် စာရေးမတစ်ယောက် တိုးလာသည်၊ အမှန်စင်စစ် သူ၏ အခြောင်ဆိုရမည် လား၊ ဒုတိယမယားအဖြစ် (တိတ်ပုန်း) ဆိုရမည်လားမသိသော မိန်းမသာဖြစ် သည်၊ အသက် သုံးဆယ် သာသာရှိ သည်၊ ညနေတိုင်းအတူပြန်တတ်သည်၊ အဖော်ခေါ်ထားသော လူရွယ်ကတော့ ဘာမှမသိ၊ ရုံးစာရေးမအဖြစ်သာ သိ သည်၊ ရုံးခန်းတွင်နေသူမို့လူမိုးဘာလု လုပ်နေနေ၊ လူမိုး မိန်းမဆီ ဘာသတင်း မှပြန်မရောက်ပါ၊

လူမိုးက အဆောက်အအုံအသစ် ပြန်ဆောက်နိုင်အောင် မလုပ်နိုင်သေး

www.burmeseclassic.com



လည်း အသေးစား၊ အလတ်စားအထိ ပြင်ဆင်နိုင်သည်။ ထို့ကြောင့်သူ့လုပ်ငန်း အတော်တွင်ကျယ်နေသည်။ သူကိုယ်တိုင် စေ့စေ့စပ်စပ် ကြည့်ရှုလုပ်ကိုင်ခဲ့သဖြင့် အသစ်ဝယ်ယူ အသုံးပြုရခြင်း နည်းသည်။ သို့သော်လည်း အလုပ်အပ်သူတွေကသဘောကျနှစ်သက်ကြသည်နှင့် တိုးတက်ကြီးပွားလာသည်။ ထိုသော အခါ လူမိုးကို လောကဓံတရားက ချဉ်းကပ်စမ်းသပ်လာတော့သည်။

သိပ်ပြီး ကြာကြာမစမ်းသပ်ရပါ။ ဒုံးလေးနှင့် လူမိုး ကျဆုံးသွားရသည်။ အသက်ကြီးသောစာရေးမ (အမြှောင်းသား)အစား နှစ်ဆယ်ကျော် စာရေးမလေးတစ်ယောက်ခန့်လိုက်သည်။ သည်မိန်းကလေးမှာလည်း အမြှောင်(တိတ်တိတ်ပုန်း)အဖြစ်မှ စာရေးမအဖြစ် ခန့်ထားခြင်းဖြစ်သည်။ အမှန်တော့စာရေးမအဖြစ်ခန့်ထားခြင်းမှာ သူ့မျက်စိအောက်မှာ နေစေလို၍ပင်။ သူမက အသက်ငယ်ငယ်၊ ရုပ်ချောချောဆိုတော့ သူမရှိရင် "ဘြားကား" ဆွဲသွားမည်စိုးရိမ်သောကြောင့်ဖြစ်သည်။ လူမိုး ဆိုသည့်နာမည်ပြောင်လေ၊ သူ့အပေါ်သူတစ်ပါးက လာမိုးသွားသည်ကိုတော့ သူ မခံနိုင်။ သူက မိုးမည်ဖြစ်သည်။

သို့တစေ၊ လောကဓံတရားကြီးကတော့ သူ့ကို မိုးသွားခဲ့ပြီကိုတော့ သူမသိပါလေ။

အလုပ်သဘောအရ ပြန်စမိသော ယမကာလေးကို လည်း ညနေတိုင်း ဘလူးအပြာတို့၊ ဘလူးအနီတို့သာမက ရွှေဘလူးတောင်မှ တက်ပြီးကိုင်လိုက်သေးသည်။ မယားနံပါတ်(၁)က ပြောလည်းမရ၊ မယားပူတူးတူးလေးက နှုတ်ခမ်းစုလည်း နားမထောင်ပါ။ တကယ်ပင် ဘီလူးစီးခြင်းခံလိုက်ရပေပြီ။ သူ့ကိုယ်သူတော့ မသိပါ။ လူမိုး တကယ်ပင်အားလုံးကို မသိတော့၊ အလုပ်ကိုပါ မသိခြင်းက လူမိုးဘဝမှ လူဆိုး၊ သူခိုးဘဝ ပြောင်းတော့မည်ကို ပိုပြီးမသိနိုင်တော့ပါ။

❑

လူမိုး ကုသိုလ်ကံကောင်း၊ အကြွင်းအကျန်လေးကြောင့် နှစ်ထပ်တိုက်တစ်လုံးနှင့် သစ်သားအိမ်တစ်လုံး ပြင်ဆင်ရန် အပ်နှံလာသည်။ ပြင်ဆင်ရန် လိုက်သွားကြည့်သည်။ လုပ်ကိုင်ရမည့်ပုံကို သေချာကြည့်ရှုမှတ်သားပါသည်။

နှစ်ထပ်တိုက်အတွက် လိုအပ်သော ပစ္စည်းများ၊ သစ်သားအိမ်အတွက်

www.burmeseclassic.com



လိုအပ်သောပစ္စည်းများ၊ သေရှာစာရင်းလုပ်သည်၊ ပြီးတော့ အိမ်တွေ ဖျက်ပေးသည့် မာမက်နှင့် သွားတွေ့သည်၊ မာမက်က အိမ်တွေ အသစ်ဆောက်သူတွေဆီမှ တိုက်ဟောင်း၊ အိမ်အဟောင်းတွေကို ဖုတ်ပြုတ်ဝယ်ယူဖျက်ပေးသူကန်ထရိုက်တစ်ယောက်ဖြစ်သည်၊ သူ့ဆီတွင်ပြန်လည်အသုံးပြုနိုင်သော သစ်သားချောင်းများ၊ သစ်သားတိုင်များ၊ သုံးထပ်သား၊ ငါးထပ်သားအဟောင်းတွေ၊ သွပ်ပြားဟောင်း၊ သံဆန်ကာဟောင်းများ၊ သံတံခါးအသေးအကြီးများ ရနိုင်သည်၊

လူမိုး လိုအပ်သမျှ မာမက်ဆီတွင်ရနိုင်သည်၊ မရှိသေးပါက ရှာဖွေပေးသည်၊ လူမိုး ဝယ်နေကျ ဖောက်သည်တစ်ဦးဖြစ်သည်၊ ယခုလည်း လူမိုး လိုချင်သည့်ပစ္စည်း အတော်စုံစုံလင်လင်တွေ့ရသည်၊ နှစ်မျိုးသုံးမျိုးသာ လိုသည်ကိုရှာပေးနိုင်သည်ဟုမာမက်ကတာဝန်ခံသည်၊ ဈေးနှုန်းတွေညှိနှိုင်းသည်၊ အားလုံးအဆင်ပြေတော့ လူမိုးက စဉ်းစားသည်၊ ပစ္စည်းအတွက် ကုန်ကျမည့်ငွေ၊ လုပ်သားခ၊ အထွေထွေစရိတ်၊ အားလုံးတွက်ချက်ကြည့်သည်၊ သူ့အတွက် တော်တော်ကျန်နေကြောင်း တွက်မိ၍ ဝမ်းသာကျေနပ်သွားသည်၊

သည်တော့လူမိုးကစရန်ပေးလိုက်သည်၊ လူမိုးအကြောင်း သိနေပြီးဖြစ်သည့်မာမက်က လူမိုးညစာစားမည်ဖြစ်ကြောင်း ပြောဆိုကာ အားလုံး အစုံအလင်ရနိုင်သော ဟော်တယ်တစ်ခုကို ခေါ်ဆောင်သွားခဲ့ပါသည်၊ လူမိုးကလည်း အားလုံးအလုံးစုံရနိုင်သည်ဆိုသည့်မာမက်စကားကြောင့်ဟန်ဆောင်လေးပင် မလုပ်တော့ပေ၊ အားလုံးအစုံအလင်ဆိုသည်ကို၊

အားလုံးစုံစုံလင်လင် မာမက်တကျွေးလိုက်သည်မို့လူမိုးမှာနောက်တစ်နေ့ မိုးတော်တော်လင်းခါမှ အိပ်ရာမှထနိုင်သည်၊ သူ့ အိပ်ရာပေါ်မှာ သူတစ်ယောက်တည်း ရှိသည်၊ ညက အဖော်ကောင်မလေးကို မတွေ့ရတော့ပေ၊ အချိန်သိရန် ဘယ်ဘက်လက်ကိုကြည့်သည်၊ သူ့လက်တွင် နာရီမရှိပါ၊ ညက ချွတ်ထားသည်တော့ မဟုတ်ပါ၊ သူက နာရီကိုဝယ်လာခဲ့ချိန်မှမချွတ်တမ်းဆင်တတ်သူ၊ ရေချိုးလည်းမချွတ်၊ သကြံန်လည်လည်း မချွတ်ပါ၊ ခုတင်ဘေးတွင် သူ့ပိုက်ဆံအိတ်ကိုသာ မြင်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ချက်ချင်း အိပ်ရာမှထပြီး ရေချိုးခန်းကို သွားကြည့်သည်။ သက်ရှိဆို၍ အိမ်မြှောင်တစ်ကောင်သာ တွေ့ရသည်။

အိပ်ခန်းထဲ ပြန်လာကြည့်သည်။ သူကလွဲ၍ မည်သူမျှ မရှိပါ။ ကောင်မလေး ပစ္စည်းလည်း တစ်ခုမှ မတွေ့ရ၊ ပိုက်ဆံအိတ်ကို ကသောကမျော ဖွင့်၍ စစ်ဆေးကြည့်သည်။ သူ့ငွေစက္ကူအကြီးအသေး တစ်ခုမှမလျော့။ သက်ပြင်းချကာ သာမှခေါ်မည်ပြုပြီးမှ နာရီကို သတိရပြီးရှာသည်။ ဗီရိုကပွင့်လျက် ဘာမှမရှိ၊ ခုတင်တိုင်မှာက သူ၏ ရှပ်အင်္ကျီချိတ်လျက်ရှိသည်။ ခေါင်းအုံးအောက်၊ မွေ့ရာအောက်မှာလည်း မရှိ။ စားပွဲခုံပေါ်တွင် ပိုက်ဆံအိတ်သာရှိသည်။ နာရီဘယ်ပျောက်သွားပါလိမ့်။ သူ့မျက်စိအမြင်က စားပွဲခုံအောက်တွင်ရှိသော စာရွက်တစ်ရွက်ကို တွေ့ရသည်။ ကောက်ယူကြည့်မိသည်။

“အစ်ကိုကြီး ...

အစ်ကိုကြီးပိုက်ဆံတွေ မယူပါဘူး။ ဒါပေမဲ့ - နာရီလေးကတော့ လုတာနဲ့ ကျွန်မ အမှတ်တရအနေနဲ့ ယူသွားပါတယ်။

ကျေးဇူးတင်လျက် ...”

စာလေးကတိုတိုလေးပါ။ သို့သော်လည်း ...

သို့သော်လည်း ... လှမိုး ရင်တစ်ခုလုံးဟာသွားပါလေသည်။ ကောင်မလေး မရှိတော့၍မဟုတ်ပါ။ သူ့နာရီမရှိတော့၍ ဖြစ်ပါသည်။

“တောက် ...”

လှမိုး တောက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်မိသည်။ စိတ်ထဲကလည်း “သေချင်းဆိုးမ၊ ခိုးသွားပြီးမှ လုတာနဲ့ အမှတ်တရယူသွားတာလေး ဘာလေး လုပ်သွားသေးတယ်” ပြောနေမိသည်။

နာရီက တန်ဖိုးနည်းသည်မဟုတ်။ RADO အမျိုးအစားဖြစ်သည်။ သူ အကြိုက်ဆုံးနာရီအမျိုးအစားဖြစ်သည်။ အနိမ့်ဆုံးဈေး တစ်သိန်းဖြစ်သည် HONG KONG လုပ် (အတု)ကို သူ မကြိုက်ပါ။ အစစ်ဖြစ်သည့် SWISS လုပ် RADO ကိုသာ သဘောကျသည်။ သို့သော် သူတတ်နိုင်သော RADO နာရီ အစစ်ကသိန်းငါးဆယ်၊ သိန်းသုံးဆယ်မှာ အနိမ့်ဆုံးဈေးဖြစ်သည့် (၁၀)သိန်းတန် ကိုသာ သူဝယ်ပတ်ခဲ့ရသည်။ ယခုတော့ သူခိုးမ ဂျလေဘီမ ခေါင်းဆိုးမတာ လုလို့ ဆိုပြီး ယူသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လူမိုး စဉ်းစားသည်။ ဟော်တယ်မန်နေဂျာမှတစ်ဆင့် ရဲတိုင်ရကောင်းမည်လား။

သည်လိုမှမဟုတ်၊ မာမက်ခေါ်ပေးသည်မို့ မက်မာကိုသာ အကြောင်းကြားရကောင်းမည်လား။

ရဲတိုင်လည်း မဖြစ်ပါ။ မေးမြန်းစစ်ဆေးမှုတွေ ကြုံရမည်။ ပြီးတော့ သတင်းစာတွေ မှုခင်းရာနယ်၊ မဂ္ဂဇင်းတွေမှာ ပါသွားလျှင် တစ်နိုင်ငံလုံးကြော်ငြာလိုက်သလိုဖြစ်သွားမည်က သေချာသည်။ သူ့အရှုပ်၊ သူ့လုပ်ရပ်တွေကြောင့် ခန့်မှန်းမရနိုင်သော ဆိုးကျိုးတွေ ပေါ်လာနိုင်သည်။ ယူသွားသူကို ဖမ်းဆီးရမိဖို့က မသေချာပါ။ ဖမ်းဆီးရနိုင်လိမ့်မည်မထင်ပါ။ ကိုယ်သာ နာပြီးရင် ထပ်နာပေမည်။

ပြည်ပေါ်မှာ ရွှေကြော်ငြာထုတ်သလို သူ့အပုပ်နံ့တွေ ပျံ့နှံ့သွားပေလိမ့်မည်။ ထိုင်နေလိုက်သည်က ကောင်းမည်။ ထသွားမှ အကျိုးမှန်း သိကုန်ကြမည်။ လူမိုး ခုတင်ပေါ်တွင် ထိုင်ကာ အပြန်အလှန် စဉ်းစားနေသည်။ တွေးလေ တွေးလေ သူ့ကိုယ်သူလည်း ဒေါသထွက်နေမိသည်။ ရန်ကုန်မြို့ကြီးပေါ်မှာ နေပြီး သူတကာပေါ် အနိုင်ယူခဲ့သည့် လူမိုးမှာ ယခုတော့ သူ့ကို အနိုင်ယူသွားလေပြီ။ အနိုင်ယူသွားသူက မိန်းကလေးဖြစ်နေ၍ ပိုပြီး အခံရခက်နေသည်။ ခံပြင်းဒေါသထွက်နေမိသည်ကလွဲပြီး သူ ဘာမှမတတ်နိုင်တော့။ ဘာမှလုပ်နိုင်စွမ်းလည်း မရှိပါ။ ရေစီးတစ်ခါ ရေဆန်တစ်လှည့် ရှိသည်မဟုတ်လား။ ခံလိုက်ဦးပေါ့။

လူမိုးက မထူးတော့၍ ရေသွားချိုး အဝတ်အစားဝတ်ပြီး တစ်ခါထပ်စဉ်းစားသည်။ သူ ဘာတွေလုပ်စရာရှိသလဲ။ သူ့မိန်းမကို ညက ပြန်မအိပ်သည့်အတွက် အဖြေကိုပါ စဉ်းစားလိုက်သည်။ အလုပ်ကိစ္စကို ဆက်စဉ်းစားသည်။ သူ့လူတွေကိုခေါ်ရမည်။ တိုက်အိမ်အတွက် သစ်သားအိမ်အတွက် လူခွဲလုပ်ရမည်။ ဝယ်ထားသော ပစ္စည်းများကို သယ်ဖို့ရမည်။ ဟား - လုပ်ရမည့်ကိစ္စတွေက မနည်းပါလား။ ခပ်သွက်သွက်လုပ်ရမည်။ လူမိုး စိတ်ကျေနပ်မှ ဟော်တယ်ထဲမှ ထွက်လာခဲ့သည်။

သူ့ရုံးခန်းသို့ ရောက်လာသည်။ စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ ပျောက်သွားသည့် ဒေါသစိတ်တွေက တစ်ခါချင်း ပြန်ရောက်လာသည်။ သူ့ရုံးခန်းတံခါးမှာ သော့ခတ်ပိတ်ထား၍ဖြစ်သည်။ သူ့အစောင့်ထားသည့်လူရွယ်

www.burmeseclassic.com

www.burmeseclassic.com



လည်း မတွေ့ရပါ။ ခွေးမသား မည်သည့် နေရာသွားနေပါလိမ့်။ နံနက်ဆယ်နာရီ ဝင် ထိုးနေပြီ။ ဘာကြောင့် ရုံးခန်းတံခါး ကိုမဖွင့်ထားပါလိမ့်။ လူမိုး သူ့တွင်ပါလာ သည့် သော့နှင့်ဖွင့်ပြီး ဝင်လာခဲ့သည်။ သူ့စာရေးမ (အမြှောင်)လည်း မတွေ့ရမို့ ပြီးဒေါသဖြစ်နေသည်။ သည်ကောင်မ လည်း စည်းကမ်းပျက်နေပါလား။

သော့သုံးချောင်းရှိရာ တစ်ယောက် တစ်ချောင်းစီ ယူထားရသည်။ ကိစ္စရှိပါ က အလွယ်တကူ ဖွင့်နိုင်ပိတ်နိုင်ရန်၊ အချိန်မကုန်စေရန်ဖြစ်သည်။ စောစော က စိတ်ကူးနှင့် စီစဉ်ခဲ့သမျှ ယခု ဘာမှ လုပ်၍မရတော့ပါ။ "တောက်"တော် တော်ကိုမှ စည်းကမ်းပျက်နေကြပါလား။ ဘာမှ ကောင်းကောင်းကြီး ဆဲပစ်လိုက် ချင်သယ်။ အင်း - ဆဲမည်ကိုထားဦး၊ လော လောဆယ် သူ ဘာကိုလုပ်ရပါလိမ့်။ ထိုင်နေ၍မဖြစ်သေး။ လက်ခံထားသည့် အလုပ်အတွက် လုပ်စရာတွေက အများ ကြီးရှိသည်။ အတွေးနှင့်အတူ ထိုင်ရာမှ ထသည်။ အခန်းကို သော့ခတ်လိုက်ပြီး ထွက်လာသည်။

အိမ်ကို ရောက်တော့ သူ့မိန်းမကို တွေ့သည်။ သူ့ကိုကြည့်သောအကြည့် တစ်မျိုးမို့ သူ မေးလိုက်မိသည်။

"မင်း - ဘာဖြစ်နေတာလဲ။ နေမကောင်းဘူးလား"

"ကျွန်မက ဘာမှမဖြစ်ဖူး။ ရှင်သာ ဘာဖြစ်နေလဲဆိုတာ မေးချင်တယ်"

"ငါ ဘာမှမဖြစ်ဖူး၊ နေကောင်း တယ်"

နောက်ထပ်ရှည်နေမည်စိုး၍ အိမ် ပေါ်ကိုပင် မတက်တော့၊ ခြေရင်းဘက်မှ ဂိုဒေါင်တံခါးကို ဖွင့်လိုက်သည်။

"ဟာ - တောက် - ငါ့နယ်ကွာ"တစ် ယောက်တည်း ရေရွတ်မိလိုက်သည်။ ဘာကြောင့် ဆိုသော် သူစီးနေကျ ဘားမားဂျစ်ကလေးမှာ ပေါ်တယ်တွင် မေ့ကျန်ခဲ့သည်ကို သတိရ၍ဖြစ်သည်။ သူ့အဖြစ်ကို မိန်းမကမြင်၍ ပြောခြင်းကို ယခုမှ သူ နားလည်မိသည်။ သည်အထိ ဖြစ်ရသော သူ့ကိုယ်သူ ဒေါသဖြစ်ရပြန် သည်။ နေပါဦး - ဂိုဒေါင်ထဲက ပစ္စည်း တွေ မရှိတော့ပါလား။

"ဘာမှကြည့်မနေနဲ့၊ ဂိုဒေါင်ထဲက ပစ္စည်းတွေကို ရှင်ယူနိုင်းလိုက်လို့ လာ ယူသွားပြီလေ"

"ဘာ - ဘာ - ပစ္စည်းတွေ ယူသွား တယ်"

"ဟုတ်တယ်၊ ရှင်နိုင်းလို့ ကြည်စိုး ကားနဲ့လာပြီးသယ်သွားတာ၊ မနေ့ညနေ ထဲက..."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ - ငါမယူနိုင်ဘူး၊ လိုတာတွေရှိလို့တောင် မနေ့က သာယာဝတီကို သွားမှာရတာ၊ အိမ်တောင် ပြန်လာချိန်မရဘူး၊ တောထဲထိ သွားရလို့"

လှမိုးကချော်လဲရာ၊ ရောထိုင်လိုက်ခြင်းပါ၊ သူ့မိန်းမကတော့ မသိပါ၊ ပြောလိုက်ပြီးမှ ပစ္စည်းတွေ ယူသွားခြင်းကိုပါ သတိရလိုက်သည်၊ သူမနေ့က အလုပ်ကိစ္စတွေ ပြီးသည်နှင့် မာမက်နှင့် လိုက်သွားခဲ့ရာ ယခုမနက်မှ ပြန်လာခြင်းဖြစ်သည်၊ ပစ္စည်းတွေကိုသူမယူနိုင်းပါ၊ သူခေါ်ထားသည့် စန်းမြင့်က သူ့မိန်းမ၏ မောင်ဝမ်းကွဲမို့ ယုံကြည်စိတ်ချထားခဲ့သည်၊ ယခု ပစ္စည်းတွေ လာယူသွားသည်၊ စန်းမြင့်ကိုလည်း မတွေ့ရ၊ ဘယ်ဆီရောက်နေမှန်းမသိ၊ ထူးထူးဆန်းဆန်းဖြစ်နေသည်၊

လှမိုး ရင်ထဲ ထိတ်သွားသည်၊ သည်နေ့ ပြဿနာဖြစ်နေသည်လားမသိ၊ ထူးခြားဖြစ်စဉ်တွေက ဆက်တိုက်ဆိုသလိုဖြစ်နေသည်၊

ပေါ်တယ်တွင် သူ့ဂျစ်ကား ထားခဲ့မိသည်၊ စန်းမြင့်ကိုမတွေ့ရ၊ သူ့ကောင်မလေးလည်းမလာ၊ ပစ္စည်းတွေယူသွားသည်ကို သူမသိလိုက်၊ သူ့လက်ပတ်နာရီဆယ်သိန်းတန်ကြီးလည်း နာမွန်၍ ပါသွားခဲ့ပြီ၊ သည်နေ့လောက် ပြဿနာပေါင်းစုံဝင်လာသည်ကို သူ မကြုံဖူးခဲ့ပါ၊ ဘဲဥအစရှာမရဆိုသည့်စကားမှာ သူ့အတွက် ဖြစ်မည်ထင်သည်၊

❑

ကြည်စိုးအိမ်က ရှေ့ရပ်ကွက်ထဲတွင်မို့ လှမိုး လိုက်သွားသည်၊ ကြည်စိုးကိုရော ကြည်စိုးကားကိုရော မတွေ့ရ၊ ကြည်စိုးမိန်းမကို တွေ့ရသည်၊ မေးလည်း အကြောင်းထူးမည်မဟုတ်၍ မမေးတော့ဘဲ ပြန်ထွက်လာခဲ့သည်၊

လှမိုး သည်နေ့ တော်တော်ကိုစိတ်ညစ်နေသည်၊ လျှောက်လာရင်း ဂျစ်ကား သွားယူရန် သတိရသွားသည်၊ ကားနှင့်ဆိုက သွားချင်သည့်နေရာ မြန်မြန်သွားနိုင်သည်မဟုတ်လား၊

"ဆရာရယ် - ကိုယ်စီးလာတဲ့ကားကိုတောင် မေ့သွားရတယ်ဆိုတော့ ကေနွ - အင်း - ကေနွပေါ့လေ"

လှမိုး ကားသွားယူတော့ ပေါ်တယ်မန်နေဂျာက သူ့ကို တအံ့တဩ ပြောကာ ရယ်မောခြင်း ခံရသည်၊ ထုံးစံအတိုင်း လှမိုးက ချော်လဲရောထိုင် စကားသာ ပြောနိုင်သည်၊ ကားမောင်းလာရင်းမှ သူ့ကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ရာဆီသို့ သွားရန် သတိရ၍ ဆက်မောင်းလာခဲ့သည်။

သည်တစ်ကြိမ်လည်းလှမိုးရင်မော သွားရပြန်သည်။ သူ့ကောင်မလေး အစန်းကို ပြန်အပ်ပြီး လူရွယ်တစ်ယောက်နှင့် အတူထွက်သွားကြောင်း၊ အဆောင်ပိုင်ရှင်ပြောပြ၍ သိရသည်။ အတူပါလာသူကို မေးမြန်းကြည့်တော့ စန်းမြင့်နှင့်တစ်ပုံစံတည်းတူညီနေသည်ကို သိရသည်။

ဖြစ်နိုင်သည်၊မဖြစ်နိုင်သည်အသာထား၊ သံသယဝင်စရာအကြောင်း ဖြစ်လာခဲ့ပါသည်။ စန်းမြင့်နှင့် မအေးမြင့် သူ့ပစ္စည်းတွေကို ယူသွားပြီး တစ်ချိုးတည်း လစ်ပြေးသွားခြင်းသာ ဖြစ်ရပေမည်။ ပစ္စည်းတွေကအသစ်တွေဆိုတော့ သူဝယ်စဉ်က သိန်းတစ်ရာကျော်မျှပေးခဲ့ရသည်။ လျှော့ပြီးရောင်းပါက သိန်းငါးဆယ်၊ ခြောက်ဆယ်တော့ ရနိုင်သည်။ သူတို့ တကယ် ထွက်ပြေးကြကြောင်း သေချာစုံစမ်းရမည်။

စုံစမ်းရမည်ဆိုသော်လည်း မည်သည့်နေရာက စပြီးစုံစမ်းရပါလိမ့်။ မနက်က နာရီကိစ္စလိုပါလား။ ရဲစခန်းတိုင်ရန်ကလည်း သေချာနိုင်လုံမှုမရှိသေး။ သေချာပြီဆိုသော် ဖြစ်ပြီလားဆို

တော့ မဖြစ်သေးပါ။ ဘာကြောင့်လည်း ဆိုစန်းမြင့်က သူ့မိန်းမ မောင်ဝမ်းကွဲဖြစ်နေသည်ကိုး။ အင်း - ခက်သည်မှ တော်တော်ကို ခက်နေပါပြီကော။

တွေးလေလေ၊စိတ်မောလေလေမို့ သူ့ရုံးခန်းကိုသာ ပြန်လာခဲ့သည်။ လက်ခံထားသော အလုပ်ကလည်း ရှိနေသည်။ ထိုင်နေ၍ကတော့ ဘာမှအလုပ်ဖြစ်မည်မဟုတ်ပါ။ အလုပ်ကိုစလုပ်ရပေမည်။ မှတ်စုစာအုပ်မှ ပစ္စည်းစာရင်းတွေကို ကြည့်ပြီး လုပ်အပ်သည့်အလုပ် မလုပ်၍ရသေးသည်ကို အသာခေါက်စသည်နှင့် စိတ်ကူးရလိုက်သည်။ ဘေးမှ ဗီရိုဆီ ထသွားလေမှ သူ့ချစ်ချစ် စာရေးမ စားပွဲပေါ်တွင် သော့တွဲ၊ သော့တွဲအောက်တွင် စာရွက်ခေါက်တလေး ကိုမြင်လိုက်မိသည်။ စာရွက်ကိုဖြန့်ဖြန့် ဖတ်ကြည့်သည်။

"ဦးလှမိုး" တဲ့၊ မခေါ်စဖူး တွေ့၍ ဆက်ဖတ်ရာ ... ကျွန်မ အလုပ်က ထွက်သွားပါပြီ။ ကျွန်မချစ်သူ ကိုစန်းမြင့်နှင့် ဘဝသစ်တည်ဆောက်မှာကို အနှောင့်အယှက်မပြုပါရန် တောင်းပန်ပါသည်။

အေးမြင့်

လှမိုးကအကြိမ်ကြိမ်သော်လောက်မှ မသိနိုင်သော ပေါက်ခတ်မှုကို လှ

www.burmeseclassic.com



လိုက်မိပါသည်၊ သည်ထက်ပိုပြီး သူဘာမှမတတ်နိုင်တော့၊ ပြီးတော့ လူကိုပါယူသည်ဆိုသော ရှေးစကားတွေက တစ်ခုပြီးတစ်ခု သူ့ကို လှောင်ပြောင်နေသည်လား မသိတော့အောင် ဖြစ်နေပါလေသည်၊

စာကို ဖတ်ပြီး ဆုတ်ပစ်မည်ပြုပြီးမှ ပြန်ခေါက်တာ အိတ်ထဲသို့ ထည့်လိုက်သည်၊ စိတ်ထဲတွင်တော့ အိမ်က မိန်းမကိုအားရပါးရကြိမ်းမောင်းပြောဆိုလိုက်ရန် စိတ်ကူးလိုက်သည်၊ ရုံးခန်းကိုသော့ခတ်ပိတ်ပြီး အိမ်သို့ ပြန်လာခဲ့သည်၊ သည်နေ့တစ်နေ့လုံး ငြိုးငြင်ပြီး ငြိုးငြင်းနှင်း မကောင်းပါလား၊ ပြဿနာပေါင်းစုံတို့ကို တစ်နေ့တည်းတွေ့နေရသည်၊ သူ့ဇာတာ နိမ့်နေ၍ ဖြစ်သည်လားမသိ၊ ဇာတာဆိုမှ လူမိုးမှာ မွေးလာကတည်းက ဇာတာ



တွေ ရက်ချုပ်တွေ မရှိပါ၊ မိဘတွေကလည်း ဇာတာရက်ချုပ် မလုပ်ခဲ့၍ထင်သည်၊ မလုပ်ခဲ့၍ မပေးခဲ့ပုံရသည်၊

တောင်တွေး၊ တောတွေးနှင့် အမျိုးမျိုးတွေးရင်း လာခဲ့သည်၊ ခြံတံခါးက ဖွင့်လျက်သား တွေ့ရသဖြင့် ထပ်ဆင့်ပြီး ဒေါသတွေပြင်းထန်လာသည်၊ ကားရပ်ပြီး အိမ်ဝင်တံခါးမကြီး ရှေ့ရောက်လျှင် လူမိုးမျက်မှောင်ကုတ်သွားသည်၊ မနက်ပိုင်းက တွေ့ရပြီး ယခု ညနေပိုင်းပြန်လာတော့ မတွေ့ရသဖြင့် လူမိုး စိတ်တိုသွားသည်၊ "ဒီမိန်းမကွာ – ဘယ်များသွားနေပြန်ပြီလဲမသိဘူး၊ အား – အားရှိ လည်ဖို့ ပတ်ဖို့ စိတ်ကူးနေတာပဲ"

သို့သော် ကလေးတွေလည်း မတွေ့ရသောကြောင့်စိတ်ထဲသံသယဖြစ်သွားသည်၊

တွေးရင်းကားသော့တွဲရှိအိမ်တံခါးသော့နှင့် ဖွင့်ပြီး ဝင်လာခဲ့သည်၊ အပြင်

" သူ့ကို လူတွေက တစ်ယောက်ပြီး တစ်ယောက် လာပြောနေသည့် အသွင်မျိုး။ ဘာကြောင့် သည်လိုဖြစ်နေရပါလိမ့်။ လူမိုး နားနှစ်ဖက်ကို လက်နှင့် ပိတ်ထားလိုက်မိသည်။ သို့သော်လည်း အသံတွေက ဆက်တိုက်ကြားနေရသည်။ "ကျေးဇူးတရားဆိုတာ ဘာမှမသိတဲ့ကောင်" "ကျေးဇူးတရားဆိုတာ ဘာမှမသိတဲ့ကောင်"

www.burmeseclassic.com

www.burmeseclassic.com



ခန်းတွင် ဘာမှထူးခြားမှုမရှိပါ။ အိပ်ခန်းထဲရောက်မှ သေချာကြည့်မိသည်။ နည်းနည်းထူးခြားမှုရှိသလိုမို့ သေချာစစ်ဆေးကြည့်သည်။ ခုတင်အောက်တွင်ထားသော သေတ္တာနှစ်လုံးမှ သူ့သေတ္တာတစ်လုံးသာ တွေ့ရသည်။ သူမိန်းမ သေတ္တာမရှိတော့။ သေတ္တာယူသွားသဖြင့် ကွက်လပ်ဖြစ်နေသောအရာကိုသာ တွေ့ရသည်။

ခါတိုင်းမြင်နေကျ ကြိုးတန်းပေါ်တွင် ချိတ်ထားလေ့ရှိသော သူ့အနွေးထည်မှအစ အကျီတွေလည်းမရှိ။ ခုတင်ခြေရင်းရှိ အဝတ်ပောင်းခြင်းထဲတွင်လည်း ဟာလာဟင်းလင်း။ ဘီရိုထဲတွင်လည်းတိုလီမိုလီပစ္စည်းများကအစအားလုံး ဘာမှမတွေ့ရ။ နောက်ဆုံး သနပ်ခါးတောက်ပြင်ကအစ မရှိတော့။ နောက်အတ်မီးဖိုချောင်တွင်တော့ အိုးခွက်ပန်းကန်တွေကတော့ ရှိနေသေးသည်။

လူမိုး အိမ်ရှေ့ခန်းတွင်ထိုင်ပြီး စဉ်းစားကြည့်သည်။ သည်မိန်းမ ဘာလုပ်ဘာပါလိမ့်။ ကလေးတွေ အဝတ်အစားအပါ မတွေ့ပုံကိုပါ ပေါင်းစပ်ကြည့်လျှင် သူ့မိန်းမတစ်နေရာရာကိုထွက်သွားခြင်းဖြစ်သည်။ အပြီးအပိုင် သွားခြင်းသာဖြစ်သည်။

□

လူမိုးသည် တစ်ကြိမ် တောက်ပင်မခေါက်နိုင်တော့။ အိမ်ရှေ့ခန်းတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်မိသည့်အချိန်မှ နောက်ကြောင်းပြန်စဉ်းစားလိုက်ပါတတစ်ကွက်ကလေး၊ တစ်ချက်ကလေးမှ ဝမ်းသာစိတ် ချမ်းသာစရာမရှိပေ။ အကုသိုလ်တွေသာတစ်ခုပြီးတစ်ခုတွေ့ဆုံရင်ဆိုင်နေရသည်။ ဘာကြောင့်များဖြစ်ရပါလိမ့်။ လူမိုး စဉ်းစားကြည့်သည်။ လုံးဝအဖြေမရပါ။ သည်နယ် အဖြေရှာမရခြင်းက သူ့ဘဝအတိတ်ကာလတ သူလုပ်ဆောင်ခဲ့သည်တို့ကို ထည့်စဉ်းစားခဲ့ခြင်းမရှိ၍ဖြစ်သည်။ ဘာကြောင့်မစဉ်းစားမိခြင်းက တစ်ချိန်တစ်ခါက သူတပြုလုပ်ခဲ့သူဖြစ်သည်ကိုး။

သူလုပ်သမျှ ဒုက္ခသောက ခံစားရသူတွေက မေ့နိုင်ပါမည်လား။ သူ့တွင်ပါဝါတွေ၊ အာဏာတွေ လုပ်ပိုင်ခွင့်တွေရှိသည့်အဖွဲ့တွင် လုပ်ရစဉ်က ငွေကြေးရသည်အတွက် ပုဂ္ဂိုလ်ရေး မကျေနပ်မှုအတွက် စသည်ဖြင့် တရားဥပဒေအတိုင်းမှန်ကန်စွာမလုပ်ခဲ့။ မတရားလုပ်ခဲ့သည်။ စီးပွားပျက်စေခဲ့သည်။ လူတိုထောင်ထဲ ပို့ခဲ့သည်။ သည်အကြောင်းတွေကိုတော့ လူမိုး မေ့နေခဲ့သည်။ တစ်ခါတစ်ရံ လမ်းတွင် ဆုံခဲ့၊ ကြုံခဲ့ရသော်မှ

www.burmeseclassic.com

www.burmeseclassic.com



မမှတ်မိပါတော့။ မှတ်မိသလို ရှိလျှင်လည်း ဆက်ပြီးမစဉ်းစားပါ၊ မေ့ပျောက်လိုက်သည်။

သူ့ကြောင့် ဆုံးရှုံးရသူတွေ၊ နစ်နာထိခိုက်ခံရသူတွေ၊ ဘဝပါ ပျက်ခဲ့ရသူတွေအနေနှင့် ကျေနိုင်ရိုးလား။ မနိုင်၍သည်းခံခဲ့ရသည်ချည်းပင်။ သောတာပန်ရဟန္တာလောင်းတွေမှမဟုတ်ကြလေတော့။ အဘယ်သူက ခွင့်လွှတ်နိုင်ပါမည်နည်း။ "ဖုံလေသည့်ငှက်ခါး၊ နေနှင့်ဦးပေါ့" ဆိုသလိုပင်။

သို့စေကာမူ ထိုသူတွေက မည်သို့မှ လက်စားချေမှု မပြုလုပ်ရပေပါ။ "ဝဋ်" ကြွေးက နောင်ဘဝကိုမစောင့်ပါ။ လောလောဆယ်အချိန်ကာလမှာပင် နောက်တ လိုက်၍ ဒဏ်ခတ်လိုက်ခြင်းပင်။ သည်အချက်ကိုတော့ လူမိုး မသိပါ။

"ဟင်း – ကျေးဇူးတရားဆို တာဘာမှမသိတဲ့ကောင်တွေ"

လူမိုး ချုပ်တည်းမရလွန်းသည့်အဆုံး မကျေမချမ်း ရေရွတ်ပြောလိုက်မိပါသည်။ ပြောလိုက်ပြီးမှ အတန်ကြာငြိမ်သွားသည်။ သူ့နားထဲတွင် "ကျေးဇူးတရားဆိုတာ ဘာမှမသိတဲ့ကောင်" ဆိုသည့်စကားသံက သူ့နားထဲတွင် ထပ်ခါထပ်ခါ ကြားနေသလို၊ တစ်ယောက်ယောက်က ပြောနေသလိုလို ခံစားရနေရသည်။ သူထိုင်နေရာ ဘေးဘက် ဘယ်ညာလှည့်ပတ်ကြည့်ပြီး အသံရှင်ကို ရှာဖွေနေမိသည်။ အခန်းထဲတွင် သူတစ်ယောက်တည်းသာ။

သူ ပြောလိုက်ပြီးမှ ထပ်တလဲလဲ ပဲ့တင်ထပ် သလို ခေတ်ပြားအတက်ကြောင်းထပ်ပြီး အသံထွက်သလိုမျိုး ကြားနေရသည်မှာ ထူးဆန်းအံ့ဩဖွယ် ရာပင်။ သူ့ကိုလူတွေက တစ်ယောက်ပြီး တစ်ယောက် လာပြောနေသည့် အသွင်မျိုး။ ဘာကြောင့် သည်လိုဖြစ်နေရပါ လိမ့်။ လူမိုး နားနှစ်ဖက်ကိုလက်နှင့်ပိတ်ထားလိုက်မိသည်။ သို့သော်လည်း အသံတွေက ဆက်တိုက်ကြားနေရသည်။

"ကျေးဇူးတရားဆိုတာ ဘာမှမသိတဲ့ကောင်"

"ကျေးဇူးတရားဆိုတာ ဘာမှမသိတဲ့ကောင်"

➳ ကျော်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ပြစ်ဒဏ်ဖြင့် ရောက်ရှိလာသည့်
ထောင်ကျဆေးသမားများ၏ဘဝ၊
ဆင်ခြင်စရာ၊ သံဝေဂများနှင့်အတူ ..

**ကျွန်တော်တို့** အပတ်စဉ်(၆) ထောင်မှူးများအဖွဲ့အင်းစိန်ဗဟိုအကျဉ်းထောင်သို့ စတင်ဝင်ရောက်၍ တာဝန်ထမ်းဆောင်စဉ် ပထမဦးစွာ အကျဉ်းထောင်သို့ နံပါတ်(4) ခေါ် ဘိန်းဖြူမှုဖြင့် စတင်ဝင်ရောက်လာသူက ယခင်နိုင်ငံတော်ကြီးအကဲ၏သားဖြစ်သည်။ သူက လေယာဉ်ပျံပိုင်းလော့၊ နိုင်ငံခြားရပ်ခြားသို့မကြာခဏ သွားရောက်နေရပြီးအဦးဆုံး နံပါတ်(4)ခေါ် ဘိန်းဖြူကို စတင်အသုံးပြုသူဟုလည်း ကျွန်တော် သိရသည်၊ ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲကိုယ်တိုင် သူ၏သားဖြစ်သူအား ထောင်အတွင်း အကျဉ်းချထားခဲ့ခြင်းဖြစ်သည်၊ နောက်တစ်ယောက်ကတော့ ထိုခေတ် ထိုအခါက နာမည်ကြီးရုပ်ရှင်မင်းသား ဇော်ဝမ်း ဖြစ်သည်၊ သူကလည်း သရုပ်ဆောင်အလွန်ကောင်းသည့် အောင်မြင်သော အနုပညာရှင်တစ်ယောက်ဖြစ်တော့လည်းနံပါတ်(4) ခေါ် ဘိန်းဖြူကို သုံးစွဲသောကြောင့် ထောင်တွင်းသို့ ရောက်ရှိလာသည့် ဒုတိယလူဖြစ်သည်၊ တတိယတစ်ယောက်ကတော့နာမည်ကြီးအဆိုတော် စိုင်းထီးဆိုင်၊ သူက လူပျော် လူနှဲ အဆိုတော်၊ အနုပညာသမားစစ်စစ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်သည်။ အဆိုပညာတွင် သာမက ဂစ်တာတီးခြင်းနှင့် စကက်ခေါ် သန်းရိုပုံစံရေးဆွဲခြင်းကို အလွန်ဝါသနာပါပြီး တော်သူတစ်ဦးဖြစ်သည်။ သူ၏ ချမ်းသံဝဲဝဲဖြင့် သဘာဝကျသော တေးသီချင်းများမှာ ယခုခေတ်အချိန်အထိ ကြည်သူလူထုကြားတွင် တဝဲဝဲ အမှတ်ရနေဆဲဖြစ်သည်။ လူတော်များ ဖြစ်ကြပါသည်။

ထိုသူများကထောင်မှလွတ်မြောက်သောအချိန်အခါတွင် လူကောင်းများဖြစ်ကြပြီး အနုပညာနယ်ပယ်တွင် ပြန်လည်ဝင်ဆံ့ပြီး နာမည်ကြီးသူများလည်း ဖြစ်ကြပါသည်။ ရုပ်ရှင်မင်းသားဇော်ဝမ်း ဆိုလျှင် မန္တလေး၊ သင်္ကြန်ပွဲတော်၌ ဆယ်စုနှစ်နီးပါး သင်္ကြန်မင်းသားကြီး ဖြစ်ခဲ့သည်။ မန္တလေးသင်္ကြန်တွင် ရုပ်ရှင်မင်းသားဇော်ဝမ်းမပါ၍မဖြစ်သလောက် အထိ နာမည်ကြီးခဲ့သူဖြစ်သည်။ သူ့အရင် ကတော့ မန္တလေးသင်္ကြန်ပွဲတော်ကို ရုပ်ရှင်မင်းသား ဝင်းဦး ဦးဆောင်အုပ်စီးခဲ့သည်။ နံပါတ်(4) ခေါ် ဘိန်းဖြူကို စွဲသုံးဆောင်သူများမှာ လူကြီးလူကောင်းများပြန်ဖြစ်သွားကြသော သူတို့ အတွက် ကျွန်တော် သာမုအကြိမ်ကြိမ် ခေါ်ပါသည်။

ကိုငွေစိုးနှင့် ဇော်ဝမ်းတို့ကို ပြင်ပလောကတွင် လူကိုယ်တိုင် ကျွန်တော်နှင့် ထပ်မံမဆုံ စည်းခဲ့ သော်လည်း စိုင်းထီးဆိုင်နဲ့တော့ ပြင်ပလောကတွင် မကြာခဏဆိုသလို ကျွန်တော်နှင့်ကြုံခဲ့ဖူးသည်။ သူကလည်းကျွန်တော့်ကိုမှတ်မိသတိရနေဟန်တူသည်။ လူချင်းဆုံသည်နှင့် နှုတ်ဆက်စကားပြောကြားပြီး ဂါရဝပြုသည်။ နောက် သူ၏နောက်ဆုံးထွက် သီချင်းခွေများကိုလည်း လက်ဆောင်ပေးတတ်ပါသေးသည်။ သူက အသက်(၄၀)ခန့်မှ အိမ်ထောင်ကျသူဖြစ်သည်။ တစ်ခါတွင် စဥ့်အိုးတန်းဆိပ်ကမ်းတွင်ရှိသည့် မြသန္တာရေပေါ် စားသောက်ဆိုင်သဘော်ာဟိုတယ်ပေါ်တွင် ဆုံမိသေးသည်။ သူ့ဇနီးနှင့် သူ့သမီးကိုလည်း ကျွန်တော်နှင့် မိတ်ဆက်ပေးသည်။ သမီးကလေးက (၅)နှစ်သားအရွယ်ခန့်၊ ရှမ်းသွေးစပ်သောကြောင့် အသားအရေကပန်းနုရောင်၊ အမျိုးသမီးကတော့ မြန်မာအမျိုးသမီးဖြစ်ဟန်တူသည်။ အသားဖြူဖြူနှင့် ချောချောကလေး ဖြစ်သည်။ ကျွန်တော့်ကိုမြင်သည်နှင့် သူ၏ထုံးစံအတိုင်း လှိုက်လှိုက်လဲလဲ ဖက်လဲတကင်းနှုတ်ဆက်ရှာပါသည်။ သူက မြသန္တာသဘော်ာပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



အဆိုတော်တစ်ယောက်အနေဖြင့် လာရောက်ပြီး ဖျော်ဖြေခြင်းဖြစ်သည်။

ထိုအချိန်က သူနဲ့ ကျွန်တော် နောက်ဆုံးအကြိမ် တွေ့ဆုံကြိမ်ဖြစ်လိမ့်မည်ဟု မထင်မှတ်ခဲ့ပါ။ ထို့နောက်မကြာခင်တွင် သတင်းစာထဲ၌ အဆိုတော် ဝိုင်းထီးဆိုင် ကွယ်လွန်ကြောင်း ဖတ်ရှုမိတော့ လွန်စွာစိတ်မကောင်းဖြစ်မိသည်။ သူ၏ အသက်အရွယ်မှာ (၅၀)ခန့်ပင် ရှိပါဦးမည်။

ကျွန်တော် ဆိုချင်သည်မှာ နံပါတ်(4)ခေါ်ဘိန်းဖြူကို သုံးစွဲမိသူတိုင်း သတိတရားရ၍ ဖြတ်လိုက်နိုင်သော်လည်း ဘိန်းဖြူ၏ ဆိုးကျိုးက ခန္ဓာကိုယ်အတွင်း၌ ခိုအောင်းနေပြီး အတွင်းကလီစာများအား လိုက်စားကာ လူ့သက်တမ်းမစေ့မီ အသက်ကို ရန်ရှာခြင်းပင်ဖြစ်ကြောင်း တွေ့ရှိသုံးသပ်မိပါသည်။ အနုပညာသမားများသည် ခံစားချက်ကောင်းသည်၊ စိတ်ငြိမ်သည်ဟုဆိုပြီး မူးယစ်ဆေးဝါးကို သုံးစွဲတတ်ကြသည်။ အများစုကတော့ အရက်သောက်သုံးသူများ ဖြစ်ကြသည်။ ကျွန်တော် ပြောလိုသည်ကတော့ သင်နှင့် သင်၏ ပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါး(အရက်အပါအဝင်) သုံးစွဲသူများသည် လူ့သက်တမ်းစေ့မနေရဘဲ စောစီးစွာ သေဆုံးကြကြောင်းကို တွေ့ရှိရပါလိမ့်မည်။ အထူးသဖြင့် ဖော်ပြလိုသည်မှာ လွန်စွာတော်သော အနုပညာရှင်များဖြစ်ကြသည့် စာရေးဆရာ၊ အဆိုတော်၊ ရုပ်ရှင်မင်းသားကြီးများ မူးယစ်စေတတ်သော ဆေးဝါးများ သုံးစွဲမှုကြောင့် လူ့လောကကြီးကို စောစီးစွာ နှုတ်ဆက်ထွက်ခွာသွားသူများမှာ အတော်များလှပါသည်။

အထက်က တင်ပြခဲ့သလို မူးယစ်ဆေးဝါးကို မကောင်းမှန်းသိ၍ ပယ်ဖျက်နိုင်ခဲ့သော်ငြား ၎င်းဆေးဝါးများအား နှစ်နဲ့ချီ၍ စွဲလမ်းစွာ သောက်သုံးခဲ့သော အကျိုးဆက်က အသက်အရွယ်ကလေး ရလာသည်နှင့် အမျှ လူ့သက်တမ်းစေ့ မနေရဘဲ အသက်ကိုပင် ခြွေလေ့ရှိကြောင်း သတိထားမှတ်သားရမည်ဖြစ်ပါသည်။

❑

ယခု ကျွန်တော် တင်ပြလိုသည်မှာ နံပါတ်(4)ခေါ်ဘိန်းဖြူကို စွဲစွဲလမ်းလမ်း သုံးဆောင်ခဲ့၍ မိဘများကိုယ်တိုင် ဖမ်းဆီး ဖြူအမှုဖြင့် ရဲစခန်းသို့ တိုင်ကြားအမှုဖွင့်ပြီး ထောင်ကျလာသူ ကောင်လေးတစ်ယောက်၏ အကြောင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်လှရွှေဆိုသူမှာအသက်(၂၀) ကျော်အရွယ်ခန့် ဖြူဖြူချောချော၊ အရပ်အမောင်းကောင်းကောင်း၊ တက္ကသိုလ်ကျောင်းသားတစ်ဦးလည်းဖြစ်သည်။ မိဘကချမ်းသာသော်လည်းမောင်လှရွှေသုံးဖြုန်းသောကြောင့် ကုန်သလောက်ရှိသည်။ အတွင်းပစ္စည်းများမရှိတော့ဘဲ အိမ်နှင့် ခြံနှင့် အိမ်တွင်းစက်မှုလုပ်ငန်းကလေးသာ ကျန်ကြောင်း သိရသည်။ မောင်လှရွှေ၏ဦးလေးဖြစ်သူမှာကိုသန်းဝင်းဆိုသူဖြစ်သည်။ ကျွန်တော်နှင့်သူကတက္ကသိုလ်တွင် ကျောင်းနေဖက်၊ တစ်ခန်းတည်း၊ မေဂျာတစ်ခုတည်းဖြစ်သည်။ ထို့ကြောင့်လည်း အလွန်ခင်မင်ကြသည်။ တက္ကသိုလ်ကျောင်း၌ စားအတူ၊ သွားအတူ အုပ်စုကလေးဖွဲ့၍ သွားလာလှုပ်ရှားကြသူများလည်းဖြစ်သည်။

ထိုအချိန်က ကိုသန်းဝင်းမှာ လည်ခေါင်းတုံးနှင့် တိုက်ပုံအကျႌအနက်ကို အမြဲတမ်း ဝတ်ဆင်လေ့ရှိသည်။ ပုဆိုးအဆင်သာပြောင်းမည်၊ သူ၏ အပေါ်အကျႌဒီဇိုင်းက မပြောင်းလဲပါ။ တရုတ်ကပြားဖြစ်သည်။ အသားဖြူသည် တက္ကသိုလ်ကျောင်းတွင် ကျောင်းသားအတော်များများအရက်သောက်၊ဖဲရိုက်၊ စီးကရက်သောက်ကြတော့လည်း ကိုသန်းဝင်းက ဘာမှမလုပ်သူဖြစ်သည်။ သူက တက္ကသိုလ်တက်ရင်းမိဘ၏ လက်ငုပ်လက်ရင်း ဒန်သတ္တုအရည်ကျိုစက်ရုံကို ကူညီလုပ်ကိုင်ပေးနေသူတစ်ဦးလည်းဖြစ်သည်။

ကျွန်တော်တို့ ဘွဲ့ရကြပြီး ကျောင်းက ထွက်ကြရတော့ သူငယ်ချင်းများတစ်ဦးနှင့်တစ်ဦး မဆုံဖြစ်ကြတော့ပါ။ အလုပ်အကိုင်ကိုယ်စီဖြင့် အိမ်ထောင်ကျသူက ကျကြသည်။ ကျွန်တော်ကတော့ လူပျိုလူလွတ်ဘဝဖြင့် အကျဉ်းဦးစီးဌာနတွင်ထောင်မှူးဖြစ်နေပါသည်။ အမှတ်(၁)အိပ်ဆောင်တွင်ဖွင့်လှစ်ထားသော အချုပ်ရုံးခန်းတွင် ကျွန်တော့်အထက်က ထောင်မှူးကြီး ဦးတင်ထွန်းနှင့်တွဲ၍အလုပ်လုပ်နေရခြင်းဖြစ်သည်။

တစ်နေ့ ကျွန်တော် နေ့လယ်ပိုင်းထမင်းစားထွက်ချိန်တွင် ဘူးဝတံခါးကြီးမှာ ကျွန်တော့်ဧည့် လာသည်တု ဆိုသောကြောင့် ထောင်ပြင်သို့ ထွက်လာရာ မမျှော်လင့်ဘဲ ငယ်ပေါင်းသူငယ်ချင်းကိုသန်းဝင်းနှင့် ဆုံမိကြတော့သည်။ သူ့ပုံစံမှာ တက္ကသိုလ်တက်စဉ်ကပုံဝင် လည်ခေါင်းတုံးအကျႌ၊ တိုက်ပုံအကျႌအနက်နှင့် ကချင်လုံချည်အစိမ်းတွက်ကို ဆင်မြန်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ - ကိုသန်းဝင်းကြီး - မတွေ့ရတာ အတော်ကြာနေပြီနော်၊ ခင်ဗျားပုံစံတ မပြောင်းလဲဘူး၊ အရင်အတိုင်းပဲနော်"

"အေးကွ - ဗိုးသိန်းဝင်း၊ မင်းကတော့ ဝလာပြီး အရပ်အမောင်းကောင်းတော့ ယူနီဖောင်းနဲ့ အလွန်လိုက်ဖက်တာပဲ၊ ဒါနဲ့ - ဘယ်သူပြောလိုက်လို့ ကျွန်တော် အင်းစိန်ထောင်မှာ ထောင်မှူးလုပ်နေကြောင်း သိတာလဲ ကိုသိန်းဝင်းရေ"

"တဲ - စိတ်အေးအေးထားပြီးလက်ခတ်ချည်သောက်၊ ကိုသန်းဝင်းရေ - မောင်လှရွှေတ တတ္တသိုလ်ကျောင်းသားဆိုတော့ ကျွန်တော်တို့အချုပ်ရုံးမှာ ခေါ်ပြီး သုံးထားလိုက်မယ်၊ ဘာမှမပူနဲ့၊ စားသောက်နေထိုင်ရေးကိုလည်း ကျွန်တော်ကြည့်ရှုပေးပါ့မယ်"



"ကျေးဇူးတင်လိုက်တာ သူငယ်ချင်းရယ်၊ နောက်အပတ်တွေမှာတော့ သူ့ဒေါ်လေး လာတွေ့လိမ့်မယ်၊ နာမည်က မနင်းရွှေတဲ့၊ ကိုယ်ကတော့ ဒီကောင်နဲ့ မတွေ့ချင်ဘူး၊ အားပေးအားမြှောက်ပြုမယ်ထင်လို့ သူ့မိဘတွေကလည်း ဒီကောင့်ကို စိတ်နာပြီး ဘယ်သူမှ လာမတွေ့ကြဘူး၊ သူ့ဒေါ်လေးဖြစ်တဲ့ ငါ့ညီမပဲ လာတွေ့လိမ့်မယ်၊ အကူအညီလိုရင်လည်း တတ်နိုင်သမျှ မင်းပဲ လုပ်ပေးလိုက်ပါ သူငယ်ချင်းရာ"

"စိတ်ချစမ်း ကိုသန်းဝင်းရယ် ကျွန်တော့်အတွက် ခဲယဉ်းတဲ့အလုပ်တွေမဟုတ်ပါဘူး၊ ဒီကောင်လေးလိမ္မာရင်တော့ မလွတ်မချင်းကျွန်တော့်ရုံးခန်းမှာ ခေါ်ထားမှာပါ၊ ထောင်ထဲမှာ အမှု

"ကျွန်တော် ဆိုချင်သည်မှာ နံပါတ် (၄)ခေါ် ဘိန်းဖြူကို သုံးစွဲမိသူတိုင်း သတိတရားရ၍ ဖြတ်လိုက်နိုင်သော်လည်း ဘိန်းဖြူ၏ ဆိုးကျိုးက ခန္ဓာကိုယ်အတွင်း၌ ခိုအောင်းနေပြီး အတွင်းကလီစာများအား လိုက်စားကာ လူ့သက်တမ်းမစေ့မီ အသက်ကို ရန်ရှာခြင်းပင်ဖြစ်ကြောင်း တွေ့ရှိသုံးသပ်မိပါသည်။

www.burmeseclassic.com

အခင်းထပ်ဖြစ်ရင်တော့ကျွန်တော်လည်း မတတ်နိုင်ဘူးပေါ့"

"ကိုသိန်းဝင်းရဲ့-မောင်လှရွှေက အဲ့ဒီလို ဆိုးသွမ်းတဲ့ကလေးမျိုးတော့ မဟုတ်ပါဘူး။ အရင်က မိန်းမလျာလေးလို၊ အလွန်ယဉ်ကျေးသိမ်မွေ့တဲ့ကလေးပါ။ အခုတော့ အပေါင်းအသင်းမှားပြီး (4)သမားဖြစ်နေတော့တာပဲ၊ သွန်သင်ဆုံးမရင် နာခံတတ်ပါတယ်"

"အေးဗျာ-စိတ်ချ ကိုသိန်းဝင်း၊ ကျွန်တော် ကြည့်ရှုပြီး ကျွန်တော့်ရုံးခန်းမှာခေါ်ထားလိုက်ပါ့မယ်၊ နောက်အပတ်ခင်ဗျားညီမ လာတော့မှပဲ မောင်လှရွှေအခြေအနေကို မေးကြည့်ပေတော့"

"ကျေးဇူးတင်တယ် သူငယ်ချင်း၊ ဒါဆို-ကိုယ်ပြန်ဦးမယ်၊ ကိုယ်ကတော့ အစိုးရအလုပ် မလုပ်ဘူး၊ မိဘရဲ့လက်ငုတ်လက်ရင်းဖြစ်တဲ့ဒန်အိုးစက်အလုပ်ပဲ လုပ်နေတာ၊ ကဲ-ဒါဆို-ကိုယ်ပြန်ဦးမယ်-သူငယ်ချင်း-ကျေးဇူးအထူးတင်ပါတယ်"

"ကျေးဇူးတင်စရာ မလိုပါဘူး ကိုသန်းဝင်းရယ်၊ စိတ်ချပါ-ကျွန်တော်ကောင်းကောင်းကြည့်ရှုစောင့်ရှောက်ထားပါ့မယ်"

□

# ၂၀

ကျွန်တော်နေ့လယ်ခင်းလက်ဖက်ရည်သောက်ပြီးထောင်ထဲပြန်ဝင်တော့ မောင်လှရွှေကို ချက်ချင်းရှာခိုင်းရာ မကြာမတင် ရောက်လာသည်၊ သူငယ်ချင်း ကိုသန်းဝင်း ပြောသွားခဲ့သလို အသားဖြူဖြူ၊ အရပ်မြင့်မြင့် တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်၍ လှရည်မွန်ကလေးဖြစ်ပုံရသည်၊

"ကဲ-လာထိုင်-မောင်လှရွှေ၊ မင်းအခု ဘာလုပ်နေရလဲ"

"ကျွန်တော်တောင်ယာဘုတ်မှာပါ ဆရာ"

"အေး-အေး-မင်းဦးလေးကိုသန်းဝင်းနဲ့ငါက တက္ကသိုလ်ကျောင်းနေဖက်သူငယ်ချင်းတွေ၊ ဒါကြောင့်-မနက်ဖြန်ကစပြီးမင်းငါ့အချုပ်ရုံးခန်းမှာ အလုပ်လုပ်ရမယ်၊ လိမ္မာရင်တော့ မလွတ်မချင်းငါ့ရုံးခန်းမှာအေးအေးဆေးဆေး နေရလိမ့်မယ်၊ မိုက်ရင်တော့ ငါလည်း မတတ်နိုင်ဘူး"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်လည်း ထောင်ထဲရောက်မှ လူပေါင်းစုံနဲ့တွေ့ပြီး အသိတရား ရနေပါပြီ"

"အေး-အေး-မနက်ဖြန်မနက်တစပြီး ငါ့ရုံးခန်းမှာ အလုပ်ဆင်းတော့ မင်းရဲ့ဘုတ်ကိုင်ဆရာကို ငါပြောလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါဆရာ - ကျေးဇူးတင်ပါတယ်"

မောင်လှရွှေက ကျွန်တော့်အားလက်အုပ်ချီ၍ နှုတ်ဆက်ပြီး ပြန်သွားသည်။ သူနေရသည်ကလည်း ကျွန်တော်တို့ ရုံးခန်း ဖွင့်လှစ်ထားသည့် အမှတ်(၁) အိမ်ဆောင်၌ဖြစ်သောကြောင့်ပြဿနာ တစ်စုံတစ်ရာ မရှိပါ။ ထို့ကြောင့် မောင်လှရွှေအား ကျွန်တော်တို့ အချုပ်ရုံး၏ ရုံးဘက်စာရေးအဖြစ်ကျွန်တော်ခေါ်ထားလိုက်သည်။ သူ့ကို အချုပ်သားမှတ်ပုံတင်ဘုတ်တွင် တာဝန်ချထားပေးလိုက်သည်၊ မောင်လှရွှေက လက်ရေးလက်သားလည်း အတော်ကောင်းပြီး လူငယ်ပီပီဖျတ်လတ်ပေါ့ပါးပြီးအပေါင်းအသင်းလည်းဝင်ဆံ့ပါသည်။ ထို့ကြောင့်လည်း သူ့ကို ကျွန်တော် ယုံကြည်စိတ်ချပြီး အခြားရုံးခန်းရုံးဘက်များနည်းတူ အခွင့်အရေးများ ပေးထားလိုက်သည်၊ သူကလည်း စည်းကမ်းရှိပါသည်။ အလုပ်ကိုလည်း ကြိုးစားသည်၊ အပြစ်မပြောရအောင်လည်း တာဝန်ကို ကျေပွန်စွာ လုပ်ကိုင်နိုင်သူတစ်ဦးလည်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း စိတ်ချလက်ချ လွှတ်ထားလိုက်တော့သည်။

သူ့ဒေါ်လေး လာပြီး ကျွန်တော်နှင့် တွေ့တော့ အလွန်ကျေးဇူးတင်ကြောင်းလည်း ပြောသည်၊ မကြာခဏလည်း မုန့်နှင့်လက်ဆောင်များကျွန်တော့်အား လာပေးတတ်သည်၊ ကျွန်တော် လက်မခံလိုသော်လည်း တစ်ဖက်လူက စားစေချင်သောကြောင့် လက်ခံထားလိုက်ရသည်။

(၁)နှစ်ကျော်ခန့်ကြာပြီးအသားကျတော့ မောင်လှရွှေ လျှော့ရက်စနစ်ဖြင့် လွတ်မြောက်သွားပါသည်၊ လိမ္မာပြီး လူကောင်းတစ်ယောက် ဖြစ်သွားတော့မည်ဟု ကျွန်တော် မျှော်လင့်ပါသည်။ တစ်နေ့ရုံးပိတ်ရက်တစ်ရက်တွင် မောင်လှရွှေတစ်ယောက်ကျွန်တော်၏အိမ်သို့ ရောက်ရှိလာပါသည်၊ သူ့ဦးလေးဖြစ်သူ ကိုသန်းဝင်းလည်း ပါလာသည်၊ မောင်လှရွှေ လွတ်မြောက်သွားသဖြင့် ကျွန်တော့်အား ကျေးဇူးတင်သောကြောင်း ကျွေးမွေးပြုစုရန် လာခေါ်ကြောင်း ပြောပါသည်၊ အားလပ်ရက်ဖြစ်သောကြောင့် ကျွန်တော် ဇနီးသည်ကိုပါ ခေါ်၍ လိုက်သွားကြရာ ထိုအချိန်က နာမည်ကြီး သောမြေနီကုန်းရှိ(BamBooHouse) ဟူသော စားသောက်ဆိုင်ကြီးတွင် ဧည့်ခံခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်လှရွှေ၏ မိဘနှစ်ပါးလည်း ရုံညီစွာ ရောက်ရှိနေခြင်း ဖြစ်ပါသည်။ ထို့နောက် စားသောက်ကြရင်း စကားပြောဖြစ်ကြသည်။ မောင်လှရွှေ၏အဖေက "ဆရာရယ် - ကျေးဇူးအလွန်တင်ပါတယ်၊ သားလည်း အတွေ့အကြုံအရတော့အတော်လိမ္မာသွားပါတယ်။ ဆရာလည်းဆရာ့တပည့်ကိုဆုံးမစကားလေးပြောပေးပါဦး။ ကျွန်တော်တို့ မိဘနှစ်ပါးရှေ့မှာ ဆရာက ဆုံးမစကားပြောတော့ ပိုကောင်း ပိုနားဝင်မှာပါ"

"ဟုတ်ကဲ့ပါ ဦးလေး၊ မောင်လှရွှေက လိမ္မာသွားပါပြီ၊ ကျွန်တော်နဲ့ နှစ်ပေါက်အောင် လက်တွဲပြီး နေထိုင်ခဲ့တာမို့ သူ့ရဲ့အနေအထိုင် အပြောအဆိုတွေလည်း ယဉ်ကျေးသိမ်မွေ့သွားပါပြီ၊ နောက်လည်း မူးယစ်ဆေးဝါးကိစ္စတွေကိုလုပ်တော့မယ်မထင်ပါဘူး"

"ကဲ - မောင်လှရွှေ - မင်းရဲ့မိဘတွေရဲ့ကျေးဇူးကို ထောက်ထားပြီး နောင်ကို မိုက်နဲ့တော့ကွာ၊ ကိုယ်လည်း တက္ကသိုလ်ကျောင်းသားတစ်ယောက်ပဲ ကျောင်းဆက်တက်ပြီး လိမ္မာအောင်နေပေတော့၊ ငါတို့လိုအရာရှိဖြစ်အောင်ကြိုးစား၊ အခုအချိန်ကစပြီးမိဘကျေးဇူးကိုပြန်ဆပ်ပေတော့ကွာ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်မမိုက်တော့ပါဘူး။ အသိတရားလည်းရပါပြီ၊ အရင်အပေါင်းအသင်းတွေနဲ့လည်း မပေါင်းတော့ပါဘူး။ ကျွန်တော်ကြိုးစားပြီး လူတော်လူကောင်းဖြစ်အောင်နေထိုင်ပါတော့မယ်လို့ကတိပေးပါတယ်"

"အေးကွာ - ဟုတ်ပါပြီ၊ ငါလည်းယောကျ်ားတစ်ယောက်အနေနဲ့အရက်ကလေးသောက်ဖူးပါတယ်၊ အစွဲအလမ်းတော့မထားဘူး။ မင်းတို့သုံးစွဲခဲ့တဲ့ဘိန်းဖြူဆိုတာက ငွေကုန်ကြေးကျ အလွန်များတယ်၊ ကျန်းမာရေးကိုထိခိုက်တယ်၊ ငါ့အတွေ့အကြုံအရ ဘိန်းဖြူသုံးစွဲတဲ့သူတွေကသက်တမ်းစေ့မနေရဘဲငယ်ငယ်ရွယ်ရွယ် ဆုံးသွားကြတာပဲ၊ အဲဒါကိုမင်းသတိထားပြီး ဆင်ခြင်ပေတော့"

"ဟုတ်ကဲ့ပါဆရာ"

"ဒါပေမဲ့ - ဆရာရယ် - ဘိန်းဖြူဆိုတာက ဒုက္ခအလွန်ပေးပေမယ့် အလွန်စည်းစိမ်ရှိတဲ့ပစ္စည်းပါ၊ ဘိန်းဖြူကို သုံးပြီးရင် ဈာန်ရသလို စိတ်ထဲမှာ သွားချင်ရာသွားပြီး လုပ်ချင်သလို ဖြစ်နေတော့တာပဲ"

ထိုအချိန်တွင် မောင်လှရွှေ၏ခေါင်းမှာ စားသောက်ဆိုင်အတွင်းမှာပင် စိတ်

www.burmeseclassic.com

www.burmeseclassic.com



မထိန်းနိုင်ဘဲ ထိုင်ရာမှထ၍မောင်လှရွှေအား လက်သီးဖြင့် ထိုးတော့သည်။

"ဒီလောက်တောင် ဆုံးမနေတဲ့ကြားက မင်း ဘိန်းဖြူအကြောင်း ပြောဝံ့သေးတယ်။ အေး - နောက်တစ်ခါ အဲဒီအသံကြားရရင် မင်းသေပြီသာမှတ်၊ ငါကိုယ်တိုင် မင်းကိုသတ်ပြီး ကြိုးစင်တက်မယ်"

ထိုနေ့က မိတ်ဆုံစားပွဲကလေးမှာ မလှမပခြင်း ပြီးဆုံးသွားခဲ့ရသည်။ ကျွန်တော်တို့လည်း စိတ်မကောင်းစွာဖြင့် အိမ်သို့ပြန်ခဲ့ကြသည်။ နောက်တစ်ပတ်အကြာတွင် မောင်လှရွှေအဒေါ် ရောက်ရှိလာပြီး မောင်လှရွှေတစ်ယောက်ဆေးထိုးအပ်တန်းလန်းဖြင့် နေအိမ်၊ အိမ်သာခန်းအတွင်း ဆေးလွန်ပြီး သေဆုံးသွားကြောင်း အကြောင်းကြားလာ၍ သိရှိရပါတော့သည်။ ရှေးရိုးစကားပုံအတိုင်း ခွေးမြီးတောက် ကျည်ထောက်စွပ်၍ ဖြောင့်မတ်အောင်မထိန်းနိုင်သလို ဘိန်းဖြူသုံးစွဲသူများကိုလည်း လူတော်လူကောင်းဖြစ်အောင် ဆုံးမပဲ့ပြင်သော်လည်း တစ်ခဏသာရနိုင်ကြောင်း ကျွန်တော် သဘောပေါက် နားလည်မိရပါတော့သတည်း။

»→ ထောင်မှူးကြီး သိန်းဝင်း

## အနာပေါက်ကုထုံး

**သားမြွတ်နာ၊ နို့နာ**

(၁) စဥ်းမခန်းမြစ်
(၂) လုလင်ကျော်မြစ်
(၃) ကလိုင်နို့

အထက်ပါ ဆေး(၃)မည်ကို အချ
စုကြိတ်၍ လိမ်းပေးပါ။

သောက်ဆေးမှာ -

| | |
|---|---|
| (၁) ခွေးတောက်မြစ် | ၅ သား |
| (၂) နနွင်းမြစ် | ၅ သား |
| (၃) မြက်မွှေး | ၅ သား |
| (၄) ပဲနံ့သာ | ၅ သား |

**ကြက်သမားနာ**

မျက်ကွင်းတွင် ပေါက်တတ်သည်။ သနပ်မြစ်၊ ကြေးမြစ် အမျှစီသွေး၍ လူး ပေးပါ။ သောက်ဆေးအဖြစ် လက်ထုပ်ကြီး၊ ကြေးမြစ်ကို အမျှစီသွေး၍ သော ပါ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တာထဲတွင် လူတိရစ္ဆာန်တို့၏အသားကို
ဆိုးချည်းကျန်အောင် စားတတ်သည့်
သတ္တဝါအကြောင်း ..

**ဒီတော**အုပ်ကလေးကဒီရွာငယ် ကလေးအတွက်တော့သဘာဝကလက် ဆောင်ပေးထားသည့် အစွန်လွတ်ဈေး ကလေးဖြစ်ပေသည်။ ဒီတောအုပ် ကလေးထဲတွင် ဟင်းချက်စရာအဖြစ် ဟင်းချိုရွက်၊ ကနစိုးရွက်၊ တောင်သလဲ ရွက်၊ စသည့်အသီးအရွက်များ၊ ဘုရား ကပ်ရန်အတွက် အောင်သပြေပန်း၊ သပြေလုံး၊ တန်ခူး၊ ကဆုန်လများတွင် အနန်းပန်းခေါ်အလွန်မွှေးသည့်ပန်းများ အတို့အမြှုပ်အဖြစ်သုံးရန် သပြေချဉ် ရွက်၊ သပြေမွှေးရွက်၊ ကြက်မအုပ်ရွက်၊ ဆန်ခေါရွက်၊ ကျွဲတညင်းရွက် စသည့် အရွက်မျိုးစုံအပြင် မိုးဦးကျ၌ မျှစ်၊ မှို၊ တညင်းသီး စသည်တို့ကိုသာမကဝဲ၊ သစ်တိုသီး၊ ကနစိုးသီး၊ ရေငန်းသီးများပါ ခူးယူရရှိနိုင်သောကြောင့်ဒီရွာသားများ အတွက် အလွန်အဆင်ပြေစေသော ပဒေသာပင်ဆွတ်ယူရန် နေရာကောင်း တစ်ခုဖြစ်ချေတော့သည်။

ဟင်းလိုအပ်သူများကလည်း ဒီတောထဲ ဝင်ကြသည်။ ဘုရားပန်းလို သူများကလည်းဒီတောအုပ်ကိုအားကိုး အားထားပြုကြသည်။ ဈေးဖိုးလိုသူများ ကလည်းဒီတောအုပ်ကလေးကိုမှီခိုကြ သည်။ ထို့ကြောင့် ဒီတောအုပ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



သည့် ရွာသားများ၏ ဟင်းလျာစိုက်ခင်း ဖြစ်သည်။ ပန်းခင်းကလေးဖြစ်သည်။ ငွေရှာရာ ဈေးကလေးတစ်ခုအသွင်ကို လည်း ဆောင်ပေသည်။ ထို့ကြောင့် တောအုပ်ကလေးသည် ရွာသားအများ စု၏ အားထားမှီခိုစရာနေရာတစ်ခု ဖြစ် ပေတော့သည်။

နေ့စဉ်ပင် ဟင်းလျာအတွက် ဟင်း ရွက်ခူးဆွတ်သူများ၊ အတို့အမြုပ်ရှာဖွေ သူများ၊ ဘုရားပန်း ရှာဖွေသူများ၊ ငွေကြေးရှာရန် တောတက်သူများဖြင့် လူတော့ သိပ်မပြတ်လှ။ သို့သော် ဒီတစ် လောတော့ တောထဲတွင် ဟင်းရွက်ရှာ သူများလည်း ပျောက်နေသည်။ ဘုရား ပန်းတင်ရန် ပန်းရှာဖွေသူများလည်း တောမတက်ကြ။ ထို့နည်းတူစွာ တော အုပ်ကလေးကို အမှီပြု၍ ထမင်းစားရန် ဇန်တီးနေကြသူများလည်းတောမတက် ရဲကြ။ တောထဲကို တစ်ယောက်တည်း မပြောနှင့်၊ အဖော်ပါမည်ဆိုလျှင်တောင် တောတက်ဖို့ မဝံ့ရဲဖြစ်နေကြရလေ သည်။ ယခင်က တောအုပ်ထဲသို့ဝင်ရန် ကလေးငယ်များကအစ မကြောက်ကြ သော်ငြားလည်း ခုတော့ကလေးသူငယ် များရော၊ မိန်းမသားများသာမက အိမ် ထောင်ဦးစီးယောကျ်ားများပါ ထိတ်လန့် နေကြသည်။ တောအုပ်ကလေးထဲဝင်ဖို့ မဆိုထားနှင့် တောအုပ်ကလေးအစပ် နားသို့ပင် မည်သူမျှ မသွားရဲကြတော့။

ထို့ကြောင့် တောအုပ်ကလေးကို မှီ၍ လုပ်ကိုင်စားနေကြသောသူများ၊ တောအုပ်ကလေးထဲ ဟင်းလျာတို့စရာ နှင့်ဘုရားပန်းရှာသူများသာမကပဲတော အုပ်ကိုဖြတ်သန်း၍ ခရီးသွားလာသူများ ပါ ဒုက္ခတွေ့ကုန်ကြလေတော့သည်။

❑

မိုးဦးကျစကာလဖြစ်သည်။ တော အုပ်ထဲတွင် မှိုရှာသူများ၊ မျှစ်ချိုးသူများ သစ်တိုသီးကောက်သူများ တညင်းသီး တက်ခူးသူများ၊ တညင်းဝက်ကောက်သူ များကြောင့် တောအုပ်ကလေးထဲတွင် ဟိုနေ ရာလူတွေ့လိုက်၊ ဒီနေရာလူတွေ့ လိုက်နှင့် စည်ကားနေသည်ဟုပင် ဆိုရ ချေတော့မည်ဖြစ်သည်။ ထိုလူ့အုပ်ထဲ တွင် ဒေါ်ကလေးမလည်း ဘုရားပန်းနွမ်း နေပြီဖြစ်သောကြောင့် ဘုရားပန်းခူးရန် တောထဲသို့ ဝင်လာခဲ့ပေတော့သည်။

သူ့အကျင့်အတိုင်း ဘုရားပန်းသာ မက ဟင်းချိုရွက်များ၊ ဆောင်သလဲရွက် များ၊ နွယ်စိမ်းပင်ရွက်နုများ၊ တွေ့သမျှကို

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရ ခူးဆွတ်နေသည်။ ဒီနေ့တျမှ ဘုရားပန်းများကလည်း အများအပြား ခူးလို့ရသည်။ အိမ်က ဘုရားကျောင်းဆောင်တွင်သာမကပဲ ရွာဦးစေတီမှာပါပန်းကပ်နိုင်လောက်အောင် ဘုရားပန်းလုံ လုံ လောက် လောက်ခူးဆွတ်ရရှိသောကြောင့် ပီတိစိတ်ဖြစ်နေသကဲ့သို့ ဟင်းချိုရွက်၊ တောင်သလဲရွက်နုများ နွယ်စိမ်းရွက်နုများကိုရောစွဲ၍ ဟင်းချိုချက်ပြီး ချိုချိုချဉ်ချဉ် မွှေးမွှေးတလေးအရသာရှိသော ဟင်းချိုနှင့် လိုက်ဖက်မည့် တည်းသီး၊ တည်းဝတ်တို့စရာ ကောက်ယူရန် တောအုပ်ကလေးထဲတွင်တည်းပင်များကိုဟိုဟိုသည်သည်ရှာဖွေနေမိလေတော့သည်။

ခဏအကြာတွင် သူ့ရှေ့ခပ်လှမ်းလှမ်းတောင်စောင်းကလေးနံဘေးတွင် တည်းပင်သုံးလေးပင်ကို တွေ့လိုက်ရသောကြောင့် သူ ပျော်ရွှင်သွားမိသည်။ ထို့ကြောင့် တည်းပင်ရှိရာ တောင်စောင်းကလေးနားသို့သုတ်သုတ် သုတ်သုတ်နှင့်လှမ်းလျှောက်လာလိုက်သည်။ တည်းပင်နှင့် မလှမ်းမကမ်းသို့ရောက်သောအခါ တည်းဝက်အနံ့များကို ရလေသောကြောင့် သူ ခက်ခက်ခဲခဲ ရှာရန်မလိုပဲတည်းဝက်များကိုရနိုင်တော့မည်ဟု စိတ်ထဲတွင် ကောက်ချက်ချလိုက်မိလေသည်။

သူမ ကောက်ချက် မလွဲလှပါ။ မကြာမီပင် တည်းဝက် လေးငါးဆယ်လုံးခန့်ကို ကောက်ယူရရှိပြီးဖြစ်သည်။ သူမ စလွယ်သိုင်း၍ လွယ်ထားသည့်ကိုထွန်းမောင်၏ လုံချည်ကွင်းသည်ပင်နင့်နေအောင် လေးလံလာသလို ခံစားလိုက်မိပေသည်။ ထို့ကြောင့် သူမရှေ့နစ်တောင်ခန့်အကွာတွင် တွေ့နေရသော တည်းဝက်လေးငါးခြမ်းခန့်ကိုကောက်ယူပြီးလျှင်အိမ်ပြန်ရန် ဆုံးဖြတ်လိုက်ပြီး တည်းဝက်ခြမ်းများကို ငုံ့၍ကောက်လိုက်သည်။

"ဝီး–ဝီး–ဝီး"

အသံတစ်သံကြောင့် သူမ ခေါင်းမော့၍ ဟိုကြည့် ဒီကြည့်နှင့် စူးစမ်းနေလိုက်သည်။ ထိုအခိုက် သူမ၏မျက်လုံးထဲတွင် ခပ်မည်းမည်း အရိပ်တစ်ခုကို တွေ့လိုက်ရပြီး ဘယ်ဘက်မျက်ခုံးစွန်းတွင်စစ်ခနဲနာကျင်သွားသည်။ထို့နောက်တစ်ကိုယ်လုံး ကျဉ်ခနဲ ဖြစ်သွားသည်။

ထို့ကြောင့် သူမ ရပ်နေရာမှ ပစ်ဟုန်ထိုး ပြေးထွက်လိုက်မိသည်။ နားထဲတွင်လည်း အူတူတူဖြစ်သွားသကဲ့သို့ခံစားလိုက်ရသောကြောင့် ခလုတ်

www.burmeseclassic.com

www.burmeseclassic.com

တံသင်း ချုံနွယ်ပိတ်ပေါင်း ဘာတစ်ခုမျှ ရှောင်မနေအားတော့ပဲ စွတ်ရွတ်၍ပြေးနေမိလေသည်။ ခဏအကြာတွင်တောင်စောင်းလေးနား ရောက်လာပြီး ခလုတ်တိုက်လဲကျကာ တောင်အောက်ဘက်သို့ ဒလိမ့်ကောက်ကွေးထိုးကျသွားပြီး ညာဘက်လက်မောင်း စူးခနဲ နာကျင်သွားလေသည်။ တောင်အောက်ရောက်သည့်အခါမတ်တတ်ထရပ်ကြည့်သည်။ မတ်တတ်ရပ်နိုင်ကြောင်းတွေ့လိုက်ရ၍ သူမ တစ်ဟုန်ထိုး ဆက်ပြေးနေလိုက်မိသည်။

အိမ်သို့ပြန်ရောက်သည့်အခါ သူမ၏ ညာလက်မောင်းကျိုးသွားသကဲ့သို့ ဘယ်ဘက်မျက်လုံးလည်း နီရဲယောင်ကိုင်းနေသည်ကိုတွေ့လိုက်ရလေသည်။ ထိုဖြစ်ရပ်အား တချို့က ခွေးလှေးများ တုပ်သည်ဟု ပြောကြသကဲ့သို့ အချို့ကလည်း ပျားကြီးများ၊ ယင်ကောင်နှင့်တူသော ယင်ပျားများ တုပ်သည်ဟု ဆိုကြလေသည်။

မည်သို့ဆိုစေကာမူဒေါ်ကလေးမ၏ မျက်လုံးများကိုဆေးခန်းတွင်ငါးရက်ခန့်မျှ ကုသလိုက်ရပြီး လက်ကျိုးခြင်းမှာလည်း လက်မောင်းရိုးတစ်ချောင်းသာ ကျိုးသောကြောင့်အရိုးဆက်မြန်စေရန် အရိုးကျိုးကုရာတွင် ကျွှတ်ဘုန်းတော်ကြီး၏ တပည့် ခရိုက်သစ်ရွာနေ ဆရာဦးကျော်သိမ်းက နောက်ကျန်နေသည့် တစ်ချောင်းကိုပါ ထပ်မံချိုး၍ ကျပ်စည်းလေသောကြောင့် ဒေါ်ကလေးမခရာဆီးများပင် ထွက်ကျအောင် ခံစားလိုက်ရလေတော့သည်။

❑

ဒီနေ့ ရရာဟင်းရွက်များ၊ တို့စရာများ၊ ဘုရားပန်းများ ခူးဆွတ်ရန် နော်ကြည်ကြည် တောထဲသို့ ဝင်ခဲ့လေသည်။ သူမ၏ခင်ပွန်း စောသမန်းကျားကိုလည်း အလုပ်မကြိုးစားဟု သူမတမြည်တွန်တောက်တီးမိလေသော ကြောင့် စောသမန်းကျား စိတ်ဆိုးပြီး ရှမ်းကမ်း (ထိုင်းနိုင်ငံ)ဘက်သို့ ထွက်သွားသည်မှာ သုံးလခန့်ရှိပြီဖြစ်သည်။ အလုပ်အကိုင် နေရာမကျသေး၍ဖြစ်မည်။ ခုချိန်ထိ ပိုက်ဆံမပို့သေး၊ ထို့ကြောင့် ဒီတောအုပ်ကလေးထဲမှ ဟင်းရွက်များ၊ ဘုရားပန်းများ ခူးယူပြီး နံနက်ခင်းပိုင်းတွင် ဈေးထဲ၌ရောင်းချကာ ဈေးမှအပြန်တွင် ပလောပီနံ့ဥများ၊ ဆေးဘက်ညွှင်းမှုန့်များ၊ သကြားစသည်တို့ကို ဝယ်ယူလာပြီး အိမ်တွင်ရှိသောအုန်းပင်မှ အုန်းသီးရူးပြီး ပလောပီနံ့ဥကို ခြစ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



၌လည်းကောင်းအုန်းသီး၊ သကြားတို့နှင့် ရောကာ ပီနံ၌ မုန့်ဖက်ထုပ်လုပ်သည်။ ထို့အတူ ကောက်ညှင်းမှုန့်ကိုလည်း မုန့် ဖက်ထုပ်လုပ်ကာ ညနေခင်းပိုင်းတွင် သားအကြီးကောင် အောင်မိုးငြိမ်းနှင့် အလတ်ကောင် ဘိုမင်းတို့ကို ရွာထဲသို့ လှည့်လည်ရောင်းချစေသည်။

မုန့်ဖက်ထုပ်များမှာ ပူပူနွေးနွေးနှင့် အရသာရှိလေသောကြောင့် နာရီဝက် လောက်အတွင်း ကုန်လေသည်။ သူ့တို့ အိမ်နားတွင်ခံးတစ်ဖက်စောင်းနေသော ကျောင်းဆရာကတော်ကလည်းဈေးခေါ် လာဘ်ကောင်းသည်ဆိုရမည်ပင်။ ထို ကျောင်းဆရာကတော် ဈေးဦးဖောက် သောနေ့တွင် မုန့်များမှာ သိပ်ကြာကြာ မရောင်းလိုက်ရ။ ခဏချင်းနှင့် မုန့်ကုန် သည်။ ထို့ကြောင့်ကျောင်းဆရာကတော် တို နေ့စဉ် မုန့်အနည်းငယ် တစ်ထုပ် လောက်ဝယ်ဖို့ စည်းရုံးထားသည်။

နွားကလေးကား မလှုပ်။ ထို့ကြောင့် သူ နွား၏နားရွက်ကို ကိုင်ကြည့်သည်။ နားရွက်များ အေးစက်နေပေပြီ။ သူ့နွားလေး အား ပိုးထိခြင်းဖြစ်မည်ဟု ထင်လိုက်မိလေ သောကြောင့် ရွာထဲသို့ ပြန်ပြီး လှည်းတပ်ကာ တောထဲသို့ တစ်ခေါက်ပြန်လာခဲ့လေသည်။



မနက်ခင်းတောထွက် ဟင်းရွက် ပန်းများရောင်းချရငွေနှင့်ညနေခင်းမုန့် ဖက်ထုပ် ရောင်းရငွေများမှာ သူနှင့်သား သုံးယောက် စားသောက်စရိတ်ပိုလျှံရုံမျှ မက အနည်းငယ်ပင် စုဆောင်းမိလာ သည်။ ထို့ကြောင့် စောသမန်းတျာ ပိုက်ဆံပို့လျှင်သော်လည်းကောင်း အလုပ်မှ ပြန်လာလျှင်သော်လည်း ကောင်းသူ့ဒီမှာအလုပ်လုပ်၍စုဆောင်း ထားသောငွေထက်ပို၍ မရလာလျှင် ကလော်လိုက်ဦးမည်ဟု တွေးလိုက်မိ လောလောဆယ် တွေ့လိုက်သည် ဆေးပင်မှဆန်ဆေးရွက်များကိုချူ ထဘီကို တိုတိုပြင်ဝတ်လိုက်ပြီး ဆေးပင်ကိုဖက်၍ခေါက်လိုက်သည်

www.burmeseclassic.com



နော်ကြည်ကြည် ဆန်ဆေးပင် တက်နေစိုက် အသံတစ်သံကို ကြား လိုက်ရလေသည်။

"ဝိ-ဝိ-ဝိ"

နော်ကြည်ကြည်လည်းထိုအသံကို သိပ်အာရုံမစိုက်မိလိုက်၊ ဆန်ဆေးပင် ပေါ် မြန်မြန်ရောက်ပြီး ဆန်ဆေးရွက် ခပ်မြန်မြန် ခူးနိုင်ရေးသာ အာရုံစိုက်နေ မိလေသည်။ ထို့အခိုက် သူမမျက်စိထဲ တွင် ခပ်မည်းမည်း အရိပ်တစ်ခု တွေ့ လိုက်မိပြီးပါးပြင်တွင်ပူခနဲ ခံစားလိုက်ရ သည်၊ သူမ အလန့်တကြား ပါးပြင်ကို လက်နှင့်ပွတ်လိုက်သည်၊ ဆန်ဆေးပင် ကို ဖက်ထားသော လက်နှစ်ဖက်ကို ရုတ်တရက် လွှတ်လိုက်မိလေသော ကြောင့် ဆန်ဆေးပင်ပေါ်မှ သူမ ပြုတ် ကျလေတော့သည်၊ အပင်ရောက်သည့် အခါ ဘာမျှစစ်ဆေးမနေအားပဲ တော အုပ်ကလေးထဲမှ တစ်ဟုန်ထိုး ပြေး ထွက်လိုက်မိလေတော့သည်။

သူမ အိမ်သို့ မည်သို့ ပြန်ရောက် သည်ကိုပင် မသိလိုက်တော့၊ အိမ် ရောက်သည့်အခါ မျက်နှာများ ယောင် ကိုင်းလာသောကြောင့် အဆိပ်ပြေစေ သည့် ဆေးမြစ်များကို သူမ၏ဖခင်

စောစံဦးက သွေး၍ တိုက်လိုက်လေ သောကြောင့် မျက်နှာပြင်တစ်ဝိုက် ပူလောင်ခြင်း၊ စပ်ဖျဉ်းဖျဉ်းဖြစ်နေခြင်း မှာ အနည်းငယ်နေသာသော်လည်း မျက်နှာယောင်ကိုင်းနေခြင်းများမှာ လေးရက်မြောက်နေ့မှ သက်သာသွား ချေတော့သည်၊

❑

ဦးဖိုးက ခြေတစ်ဖက် သိပ်မသန် လှချေ၊ ခြေထောက်တစ်ဖက်မှာ သေး ငယ်ပိန်လှီနေပြီး အနည်းငယ် တရွတ် ဆွဲနေသောကြောင့် အချို့က ဒုက္ခိတဟု ထင်ကောင်းထင်မြင်မိကြမည်ဖြစ်သော် လည်းသူကားခြေနှစ်ဖက်သန်သူများလို ထမ်းဟယ်ပိုးဟယ် မလုပ်နိုင်၊ ပြေးပြေး လွှားလွှား မလုပ်နိုင်သော်ငြားလည်း စပါးစိုက်ချိန်များတွင် လူကောင်းဆိုသူ များနှင့် ရင်ပေါင်တန်း၍ မျိုးနုတ်နိုင် သည်၊ သူကတောင် ထိုလူကောင်း အမည်ခံသူများထက် မျိုးပိုနုတ်နိုင်သေး သည်၊ စပါးစိုက်နိုင်သေးသည်၊ စပါးရိတ် ချိန်များတွင်လည်း အစောစပါးရိတ် လိုက်သေးသည်၊ အိမ်မြေရာသီရောက် လျှင် လည်း အိမ်ပြင်မိုးခြင်း၊ အိမ်ဖာ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းအလုပ်များကို သူ လိုက်လုပ်နိုင်သေးသည်။ ဦးပိန်ကား အလုပ်လုပ်ရာတွင် စေ့စပ်သေချာသောကြောင့် အိမ်ပြင်သည့်သူများက သူ့ကို အလွန်နှစ်သက်လေသည်။ အိမ်ပြင်ရာသီရောက်တိုင်းဦးပိန့်မှာအလုပ်ကိုမနားတမ်းလုပ်ရလေသည်။

ခုတစ်လောတော့ကောက်စိုက်မျိုးနှုတ်ရာသီ ကုန်လေပြီဖြစ်သောကြောင့် ဦးပိန်တစ်ယောက် အလုပ်ပြတ်နေသဖြင့် ဝင်ငွေရှာရန် တောထဲ တက်လာသည်။ တောထဲမှာဟင်းရွက်များတို့စရာများသာမက ဒီရာသီတွင် ဝါးဘိုးဝါးပင်များမှ ဝါးဖက်များလည်း ကြွေကျနေပြီဖြစ်ရာ ဝါးဖက်များကို ကောက်ယူစုဆောင်းထားပြီး ခမောက်ချုပ်သူတို့ထံ ရောင်းချလျှင် ဝါးဖက်တစ်ရွက်ကို ငါးဆယ်မှ ခုနစ်ဆယ့်ငါးကျပ်ထိ ရလေသောကြောင့် ဝါးဖက်များများ ကောက်ယူရရှိလျှင်လည်းနေ့တွက်ကိုက်သည်။ ထို့ကြောင့်လုံချည်ဟောင်းတစ်ထည်ကို စလွယ်သိုင်းလွယ်ပြီးရရာအသီးအရွက်များကို ခူးယူစုဆောင်းနေလေသည်။

ဟင်းရွက်များ ခူးနေရင်းလည်း ဝါးဘိုးဝါးရုံများကို မျက်ခြည်မပြတ်ကြည့်နေလိုက်သေးသည်။ ထိုအခိုက် ဝါးဘိုးဝါးရုံတစ်ရုံတွင် ငြိတွယ်နေသော ဝါးဖက် လေးငါးရွက်ကို မြင်လိုက်ရလေသည်။ ဝါးဖက်များမှာလည်း ဝါးပင်အရင်းမှ ကြွေကျသော အရင်းသားများ မဟုတ်သကဲ့သို့ ဝါးပင်အဖျားများမှကျသော အဖျားဖက်များလည်းမဟုတ်၊ အလယ်ဖက်များဖြစ်လေသောကြောင့် သိပ်သည်းကျစ်လျစ်သည်။ ဈေးကောင်းရသည်။ ဝါးအရင်းသားဖက်များတစ်ရွက်ကိုငါးဆယ်ကျပ်ခန့်ရလျှင်အလယ်သားဖက်များက တစ်ရွက်ကို ခုနစ်ဆယ့်ငါးကျပ်ခန့် ရလေသောကြောင့် အဖိုးတန်လေသည်။ ထို့ကြောင့် ဝါးရုံပင်တွင် ငြိနေသောဖက်များကို ကြွေကျစေရန် တံချူတံဖြင့် ထိုးချရန် ဝါးပင်နားကပ်သွားပြီး တံချူတံကို ထိုးတင်လိုက်သည်။

ထိုအခိုက် ဝါးဖက်တစ်ရွက်လည်း ပြုတ်ကျလာသည်။ သူ့ကုပ်ပိုးတွင်လည်း ပူခနဲ ဖြစ်သွားသည်။ ထို့နောက် ဗလာဟင်းလင်းဖြစ်နေသော သူ၏ ကျောပြောင်ကြီးဆီမှလည်း စစ်ခနဲ စပ်ခနဲ နှစ်ချက်အကိုက်ခံလိုက်ရပြန်သည်။ သူတစ်ခါမျှ မခံစားဖူးသော အတွေ့အကြုံဖြစ်သောကြောင့် ထိတ်ခနဲဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး တံချူကို ချကာ ထော့နဲ့ ထော့နဲ့ဖြင့် ထွက်ပြေးလိုက်သည်။ သူ့နောက်တွင်လည်း ဝီခနဲ ဝီခနဲ မြည်သံများ ဆူညံနေလေရျေတော့သည်။ ထိုဘာကောင်မှန်းမသိသည့်အကောင်များသုံးချက်ခန့်ကိုက်လိုက်ခြင်းက အိမ်ပြန်ရောက်သည့်အခါ ဦးပိန်အား အဖျားတက်သွားစေသောကြောင့် တစ်ပတ်ခန့် ဆေးခန်းပြဆေးကုလိုက်ရလေတော့သည်။

❑

ဒီနေ့ အောင်နှင်း၏နွားပေါက်လေးလွှတ်ကျောင်းထားရာမှ ပြန်မရောက်လာသေး။ ဒီနွားပေါက်ကလေးကလည်းဆိုးသည်။ အခြားနွားများလို အုပ်စုကိုမခုံမင်၊ အစားကျူးသည်။ တစ်ကောင်တည်း ခွဲခွဲပြီး အစာရှာတတ်သည်။ ဒီနေ့အခြားနွားများ အုပ်ဖွဲ့ပြန်လာချိန်တွင်သူ့နွား ဖြူလေး ပြန်မပါလာလေမှအောင်နှင်း ပြူးပြူးပျာပျာနှင့် စားကျက်ဆီသို့ သွားရှာသည်။ သို့သော် စားကျက်ဆီတွင်လည်းမတွေ့၊ ထို့ကြောင့် နွားစားကျက်နှင့် ဆက်စပ်နေသည့် တောအုပ်ဆီသို့ လိုက်ရှာရန် တောထဲသို့ ဝင်လာခဲ့လေသည်။

တောအုပ်အစပ်နားတွင် နွားခြေရာများကို တွေ့လိုက်ရလေသောကြောင့်သူ့နွားပေါက်ကလေးတောအုပ်ထဲတွင်အသေအချာ ရှိနေမှာဖြစ်ကြောင်းအောင်နှင်း တွေးလိုက်ပြီး သစ်ကိုင်းအရွယ်တော်တစ်ခုကို ချိုးယူလိုက်သည်။ စိတ်ထဲတွင်လည်း အလွန်ဒုက္ခပေးသည့်နွားအား တွေ့မှ ဆုံးမလိုက်မည်ဟု တွေးလိုက်သည်။

အောင်နှင်းတောအုပ်ထဲသို့တိုးဝင်လာရင်း တောင်ကုန်းကလေးတစ်ခု၏အစပ်တွင် လဲနေသော ခပ်ဖြူဖြူအရာတစ်ခုကိုတွေ့လိုက်ရလေသောကြောင့်သူ့နွားလေး အိပ်နေသည်အထင်နှင့်အနားကပ်သွားသည်။ အနားရောက်သည့်အခါ လက်ထဲတွင် ကိုင်လာသည့်တုတ်နှင့် နှစ်ချက်ရိုက်လိုက်သည်။ နွားကလေးကား မလှုပ်၊ ထို့ကြောင့် သူ့နွား၏နားရွက်ကိုကိုင်ကြည့်သည်။ နားရွက်များအေးစက်နေပေပြီ။ သူ့နွားလေးအားပိုးထိခြင်းဖြစ်မည်ဟု ထင်လိုက်မိလေသောကြောင့်ရွာထဲသို့ပြန်ပြီးလူညီးတော်ကာ တောထဲသို့ တစ်ခေါက်ပြန်လာခဲ့လေသည်။

ရွာပြန်ရောက်၍ နွားသေလေးအားစစ်ဆေးကြည့်သည့်အခါ ပိုးထိဒဏ်ရာ

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရပဲ နွားလေး၏ နားပေါက်ထဲမှ သွေးများ ယိုစီးနေသည်ကို တွေ့ရလေသောကြောင့် နားတွင်းသို့ အကောင်တစ်ကောင်ကောင်ကိုက်၍ သေဆုံးသည်ဖြစ်ကြောင်းဆုံးဖြတ်လိုက်မိသော်လည်းအစောပိုင်းက နွားလေး၏နားထဲသို့ မွှားကောင် ဝင်ရောက်ကိုက်ခြင်းဟု တွေးထင်ကြသော်လည်း နွားသေအားဖျက်ပြီး နားတွင်းကို ကြည့်သောအခါ မွှားကောင်ကို လည်း မတွေ့ရသောကြောင့် ရွာသားများ စဉ်းစားရခက်သွားသည်၊ ကြောက်လည်း ကြောက်သွားသည်၊ မကြာခဏ လူများကိုလည်းဒုက္ခပေး၊ ခုလည်း တိရစ္ဆာန်တစ်ကောင်အားနားတွင်းဝင်ကိုက်၍ သေဆုံးကြောင်းသိရသည့်အတွက် တောထဲဝင်ရန် ဝန်လေးသွားကြသည်၊ မတတ်သာလို့ တောထဲဝင်ရမည်၊ဆေးပင်ဆေးမြစ်ရှာရမည်ဆိုလျှင်တောင် တောအစပ်နားတွင်သာ ရှာဖွေကြတော့သည်၊ ဒုက္ခပေးနေသည့် သတ္တဝါအားလည်း ဘာကောင်ဖြစ်မှန်းမသိပဲ တွေးကြောက်စိုးရိမ်နေမိကြလေတော့သည်၊

❑

စောစံဦးတစ်ယောက်နွားနဖားကြိုးကျစ်ရန် သနပ်လျှော်ဆုပ်ရန် သနပ်လျှော်ပင်ကြီးဆီကိုဓားမတိုတစ်ချောင်းခါးထိုး၍ လာခဲ့ပေသည်၊ ရွာလယ်က သနပ်လျှော်ပင်သည်လည်းဟိုလူလျှော်ဆုပ်၊ သည်လူလျှော်ဆုပ်နှင့်မို့ အခေါက်သိပ်မရှိတော့ နားဖားကြိုးတစ်ချောင်းစာပင် ကောင်းကောင်းမရနိုင်မှန်း သိလိုက်၍ စိတ်ပျက်သွားသည်၊ သနပ်လျှော်ပင်ကလည်း သူတို့ရွာထဲတွင် ဒီတစ်ပင်သာ ရှိသည်မို့ ကြံရခက်နေမိသည်၊ ရွာနောက်တောထဲတွင်တော့ သနပ်လျှော်ပင်က ပေါသည်၊ သို့သော် တောထဲသို့လည်း သူ သိပ်မသွားချင်၊ တောထဲတွင် ခုတစ်လော ဘာကောင်မှန်းမသိသောအကောင်များ သောင်းကျန်းနေသည်၊

တစ်လောကပဲ သူ့သမီး နော်ကြည်ကြည်တောင် တောထဲက ဘာကောင်မှန်းမသိသည့် အကောင်ကိုက်လိုက်ပြီး ဆန်ဆေးပင်ပေါ်ကပြုတ်ကျသည်၊ မကျိုးပဲ့သွားသော်လည်း ထိုအကိုက်ခံရသည့်ဒဏ်ကြောင့် လေးရက်ခန့် မျက်နှာများ ယောင်ကိုင်းနေလေသည်၊ ထို့အတူ မကာလေးမလည်း

www.burmeseclassic.com



ထိုအကောင်ကိုက်သောကြောင့် မျက်လုံးများ ယောင်ကိုင်းလာသောကြောင့် ဆေးခန်းတွင် ငါးရက်မျှ ကုသလိုက်ရပြီး လန့်ပြေးပြေးလေသဖြင့် တောင်စောင်း မှ ပြုတ်ကျသောကြောင့် လက်ကျိုးသွားခဲ့သည့်နည်းတူ ခြေတစ်ဖက်မသန်သည့် ဦးပိန်လည်း ထိုကောင်များ ကိုက်သောကြောင့် တစ်ပတ်ခန့် ဖျားသွားသေးသည်။ တောထဲဝင်ဖို့ထိတ်လန့်နေသကဲ့သို့ သူကိုယ်တိုင်လည်း တောထဲသို့ဝင်ရန် ထိတ်လန့်နေလေသည်။

သို့သော် ခုအခြေအနေက မသွားလို့မဖြစ်၊ သနပ်ချောမဆုပ်လို့မဖြစ်။ ဈေးဆိုင်များတွင် ရောင်းချနေသော နားဖားကြိုးများကိုလည်း သူမဝယ်ချင်၊ ထိုနားဖားကြိုးများသည် ပလတ်စတစ်ကြိုးများနှင့် ကျစ်ထားသောကြောင့် ခိုင်ခန့်သော်လည်း နွားများ နှာခေါင်းပွယ်စေသည်ဟုထင်သည်။ ထို့အတူ နွား၏နှာခေါင်းကိုလည်း စားစေပြီး နွားရောဂါရစေနိုင်သည်ဟု ထင်သည်။ သနပ်ချောကြိုးတား ထိုသို့ မဟုတ်ဘဲ နွား၏နှာခေါင်းကို အေးစေသည်။ ထို့ကြောင့် နွားအနေနှင့် သက်သောင့်သက်သာဖြစ်စေသောကြောင့် အစာစားမပျက်၊ အလုပ်မပျက်တတ်၊ နွားအား မည်သည့်ဘေးထွက်ဆိုးကျိုးမှ မဖြစ်စေခြင်းကြောင့် နွားကျန်းမာရေးအတွက်လည်း ကောင်းစေသည်ဟု ထင်မြင်မိသည်။ ထိုအချက်များကြောင့် သနပ်ချောဖြင့်သာ နဖားကြိုးကျစ်လိုခြင်းဖြစ်တော့သည်။

ထို့ကြောင့် တောထဲသို့ သတိထား ဝင်ရောက်လာပြီး သနပ်ချောများကို ဆုပ်ယူနေမိသည်။ ထိုအခိုက် သူ့နွားထဲသို့ ထူးဆန်းသောအသံများကို ကြားလိုက်မိသလိုလို ထင်မိသောကြောင့် သူ ချုံတစ်ခုထဲသို့ဝင်လိုက်ပြီး အသာချောင်းကြည့်နေမိသည်။ တစီစီမြည်သံများနှင့် လူကြီးလက်သန်းလုံးခန့် အမည်းရောင် အကောင်များ၊ အထူးသဖြင့် အိမ်များတွင် ရှုံ့အိမ်ဖြင့်နေတတ်သော နကျယ်ကောင်များနှင့်တူသော်လည်း သူတို့က အကောင်ပိုကြီးသည်။ ခါးတွင်လည်း နီညိုရောင်အရစ်တစ်ခု ပါရှိသည်။ ထိုအကောင်များမှာ တောင်စောင်းမြေကြီးထဲမှထွက်ပေါ်လာခြင်းဖြစ်ပြီး သူအတန်ကြာစောင့်ကြည့်နေသောအခါ ထိုမြေကျင်းထဲသို့ပင် ပြန်လည်ဝင်ရောက်သွားကြောင်း တွေ့လိုက်ရလေသောကြောင့် နေရာမှတ်ထားပြီး ပြန်သွားလိုက်သည်။

□

www.burmeseclassic.com

www.burmeseclassic.com



စောစံဦး တွေ့ခဲ့သော ပိတုန်းကဲ့သို့ မည်းနက်ပြီး ခါးတွင် နီညိုရောင်အရစ်ပါ သည့် နကျယ်ကောင်နှင့် တူသော အကောင်များနှင့်ပတ်သက်၍ရွာထဲတွင် အမျိုးမျိုး ပြောနေကြလေသည်။ အချို့က ထိုအကောင်များသည်တိုက်ပိတုန်းများ ဖြစ်သည် ဆိုကြ၏၊ အချို့ကလည်း အဆိပ်ရှိသည့် တွင်းအောင်းပျားများ ဖြစ်သည်ဆိုကြ၏။ သို့သော် မည်သူမျှ တိတိကျကျ ပြောဆိုနိုင်စွမ်းမရှိကြပဲ ထင်ယောင်မြင်ယောင် ခပ်ဝါးဝါးသာ ပြောဆိုနေကြသောကြောင့်နောက်ဆုံး တွင်စောစံဦးတစ်ယောက်အတွေ့အကြုံ များသော မုဆိုးကြီး စောဖိုးတူထံ သွား ရောက်မေးမြန်းခဲ့လေသည်။

စောစံဦးပြောသမျှကို ဆုံးအောင် နားထောင်ပြီးသည့်အခါ မုဆိုးကြီး စောဖိုးထူးကပါးစောင်တွင် ခဲထားသည့် ဆေးတံကို ပါးစပ်မှ ဖြုတ်လိုက်ပြီး မေး လေသည်။

"စောစံဦး – နင်မြင်ခဲ့တဲ့အကောင် တွေဟာလက်သန်းလုံးလောက်ပိတုန်း လို ခပ်မည်းမည်းအကောင်တွေနော်။ နောက်ပြီး သူ့ခါးမှာ နီညိုညို အရစ်တွေ ရှိတယ်နော်။ ပြီးတော့ တောင်ကုန်း စောင်းမြေတွင်းထဲက ပျံထွက်လာပြီး မြေတွင်းထဲကိုပြန်ဝင်သွားတယ်မဟုတ် လား"

"ဟုတ်ပါတယ် ဖထီး"

"အေး – အဲဒီကောင် ဘာကောင်လဲ ဆိုတာ နင်သိလား"

"မသိလို့ပေါ့ ဖထီး – ဒါကြောင့် လာ မေးတာပေါ့"

"အေး – မြေပျားတူလို့ ခေါ်တယ်။ တချို့က စာထဲမှာ ပျားတူလို့ ရေးကြ တယ်။ တော်တော်အန္တရာယ်ကြီးတဲ့ ကောင်တွေပေါ့။ သူ့တွင်းထဲကို လူတွေ ဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် ခြေကျွံကျရင် အသားတွေကို အရိုးပဲ ကျန်အောင် စား ပစ်တတ်သလို၊ သူ့ကျင်းထဲ လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် ပြုတ်ကျရင်လည်း အရိုးပဲ ကျန်အောင် စားပစ်တတ်ကြ တယ်။ သူတို့အသိုက်၊ သူတို့ကျင်းရဲ့ အကျယ်ကလည်း အနည်းဆုံး လေးပေ လောက်ကနေ ခြောက်ပေလောက်ထိ ကျယ်လေ့ရှိတယ်"

"အား – အဲဒီလောက်ထိအောင်ပဲ လား ဖထီး။ ဒီကောင်တွေကိုဘယ်လို သုတ်သင်ရမလဲ ဖထီး။ သူတို့ကိုရှင်းတဲ့ နည်းလေးလည်း ပေးဦးလေ"

www.burmeseclassic.com

www.burmeseclassic.com



"အေး-အလွယ်ဆုံးနည်း နှစ်နည်းတော့ ငါ ပေးလိုက်ပါ့မယ်။ နင် သေသေချာချာ လိုက်မှတ်ပေတော့နော်။ မရှင်းရင် ပြန်မေး-ဟုတ်လား"

"ဟုတ်ကဲ့ ဖထီး"

"အေး-ပထမနည်းက လူအင်အားတစ်ယောက်ကနေ များနိုင်သမျှ များနိုင်ဖို့လိုတယ်။ လူစုပြီး ကွမ်းသီးကိုင်းလက်ခြောက်တွေ ရနိုင်သလောက် ကောက်သွားဖို့ လိုတယ်။ နည်းနည်းမှောင်လာတဲ့အချိန်မှာ ပျားတူတွင်းရှိရာကိုသွား၊ အားလုံး လုံ ချည်အပိုတစ်ထည်စီယူသွား၊ ဟိုကိုရောက်ရင်လုံချည်ကိုခေါင်းဘာ အုပ်ခြုံထား၊ မျက်လုံးနေရာပဲ ဖော်ထားပြီးတော့ ကွမ်းသီးလက်ကို အရစ်…တ် ချည်ထားပြီး မီးရှို့ပြီး အားလုံးဆောင်ပြီး ကိုင်ထား၊ တစ်ယောက်ကတူးတျင်းနေရာကို ပေါက်တူးနဲ့ တစ်ထပ်ချင်းပေါက် မြေစာတွေဘေး ခပ်လွတ်လွတ်မှာပုံထား၊ တွင်းထဲက ပျားတူတွေအသံတကြီးနဲ့ တွင်းထဲက ထွက်လာပြီးတုတ်ကို ရန်သူအထင်နဲ့ ဝိုင်းတုပ်ကြ…ခံ့မယ်၊ နောက်ဆုံးတော့ သူတို့အသိုက်ပေါ်လာလို့ ပျားတူတွေ ထပ်ထွက်မလာရင် ပိုပြီး စိတ်ချရအောင်အသိုက်ပေါ် အမှိုက် ခပ်ပါးပါးအုပ်ပြီး မီးရှို့လိုက်၊ ပြီးရင် အသိုက်အုံကို ထုတ်ယူလိုက်၊ အိမ်ရောက်ရင် ပျားသလက်အပေါက်လေးတွေလို အပေါက်တွေထဲမှာ သူတို့ရဲ့ သားလောင်းတွေရှိတာမို့ အဲဒီအပေါက်မှာ ပိတ်နေတဲ့ အမှေးတွေကို ဖောက်လိုက်၊ ဆန်ကောထဲ သွန်ထုတ်လိုက်ရင် သားလောင်းဖွေးဖွေးလေးတွေ ကျလာလိမ့်မယ်၊ အဲဒီသားလောင်းလေးတွေဟာ ဆီပူတိုက်ပြီးတော့ပဲစားစား၊ အိုးကင်းပူထဲထည့်ပြီး လှော်ပြီးတော့ပဲစားစား အလွန်ကောင်းတယ်။ အရသာကဆိမ့်နေတာပဲ။ အလွန်အားရှိတယ်-စောစ်ဦး"

"ဒါဆို-ပျားတူကောင်တွေတလူကိုအန္တရာယ်ပေးနိုင်သလိုလုပ်တတ်ကိုင်တတ်ရင် စားလို့လည်း ရတာပေါ့နော်-ဖထီး"

"ဟ-စားလို့ရမှ ရပေါ့ စောစ်ဦးရယ်"

"ဒါနဲ့-ဒုတိယနည်းကရော ဖထီး-ဆက်ပြောပြဦးလေ"

"အေး-ဒုတိယနည်းကတော့ လူနှစ်ယောက်သုံးယောက်လောက်ပဲ လိုတယ်။ လုပ်တတ်ကိုင်တာ သတ္တိရှိဖို့

www.burmeseclassic.com

www.burmeseclassic.com



လည်းလိုတယ်၊ လုပ်ရကိုင်ရလည်း လွယ်တယ်၊ ပထမနည်းထက်လည်း ကောင်းတယ်"

"ဟုတ်ကဲ့ဖထီး-ပြောလေ"

"အေး-ဒုတိယနည်းကတော့-"

❑

ဒီနေ့ည စောစံဦး များတူတွင်းကို သွားရောက်ရှင်းလင်းမည်ဖြစ်သော ကြောင့်သူ့အိမ်နားမှသူ့တူများဖြစ်သည့် အာလူး၊ ဂွတို၊ ချက်ဖောင်းနှင့် ပေမေး တို့ကို အဖော်ခေါ်၍ တောထဲရှိ များတူ တွင်းရှိရာသို့ထွက်ခဲ့ကြလေသည်၊ အိမ် က ထွက်မလာမီပင် သူ့တူများကို သိ သင့်သည်များကို ရှင်းပြ၊ မှာသင့်သည် များကို မှာကြားပြီးဖြစ်သောကြောင့် များတူတွင်း ဖွပ်ခြင်းသည် ယခုအကြိမ် ပထမဆုံးဖြစ်သော်လည်း သိပ်မစိုးရိမ် မိ။

များတူတွင်းနား ရောက်သည့်အခါ သူ့တွင် တပ်ဆင်ထားသော ခေါင်းမီး (ခေါင်းတွင်စွပ်၍ ထားရသော လက်နှိပ် ဓာတ်မီး)ကိုသာဖွင့်ပြီးကျန်သောသူများ အားလုံးကို သူ့နောက်မှ တိတ်တဆိတ် လိုက်ပါစေလေသည်၊ သူတို့တွင်များတူ တွင်းကို ရှင်းလင်းရန်အတွက် စောစံဦး လုံချည့်တစ်ထည်ကို ကွင်းသိုင်းထား သည့်ထဲတွင် ဆန်ကော၊ ဆန်ကာ ရက် လုပ်သည့် အိမ်မှ ဆောင်းလာသည့် နီးအလေအလွင့်များ၊ ဝါးအမြွေများ နီးသပ်ရာမှ ထွက်လာသည့် နီးအမှိုက် များ၊ အာလူး၏ ခါးပုံစထဲတွင် ကြွပ်ကြွပ် အိတ်နှင့် ထည့်ထားသည့် ရေတ်သီး ခြောက်ငါးကျပ်သား၊ ဂွတိုထမ်းယူလာ သည့်ပေါက်ပြားတစ်လက်၊ ချက်ဖောင်း လက်ထဲမှ ဓားမတိုတစ်ချောင်း၊ ပေမေး လက်ထဲမှ နီးပါးတစ်ပိုင်းသာဖြစ်သည်။

များတူတွင်းနား ရောက်သည့်အခါ စောစံဦးက အားလုံးကို မတ်တတ်ရပ်၍ ငြိမ်ငြိမ်သက်သက်နေရန် ပြောလိုက်ပြီး သူ၏ ခေါင်းမီးကို ပိတ်လိုက်သည်၊ ၎င်း နောက် ခါးတွင် ထိုးထားသည့် လက်နှိပ် မီးကိုထုတ်၍ ထိုးလိုက်ပြီး များတူတွင်း အသိုက်ရှိရာသို့ ချဉ်းကပ်သွားသည်၊ များတူများ၏ ဝင်ပေါက် ထွက်ပေါက် တွင်းသည် မုဆိုးကြီး စောဖိုးတူး ပြော လိုက်သလိုပင် အချင်းသုံးလက်မခန့် သော တွင်းပေါက်တစ်ပေါက်ဖြစ်ပြီး တွင်းအဝတွင် ကင်းစောင့်နေသည့် များတူတစ်ကောင်ကို တွေ့လိုက်သော ကြောင့် ချက်ဖောင်း လက်ထဲမှ ဓားအိ

www.burmeseclassic.com

www.burmeseclassic.com



တိုတောင်းယူလိုက်ပြီး ဓားပြားနှင့် လျင်မြန်စွာ ဖိသတ်လိုက်သည်။ အချို့ပျားတူတွင်းဝများမှာ အချင်းတစ်လက်မကျော်ကျော်ခန့် တွင်းများ ဖြစ်ကြသည်။

စောစံဦးသည် လွယ်ထားသည့် လုံချည်ကွင်းထဲမှ ဝါးအမှိုက်များကို ပျားတူတွင်းအတွင်းသို့ ဝင်နိုင်သမျှ ဝင်အောင် လုံးကျစ်ထိုးသွင်းလိုက်သည်။ ထို့နောက် ဝါးအမှိုက်များတွင်း ငရုတ်သီးတောင့်များလည်း ထည့်သွင်းပြီး တွင်းဝအတွင်း အမှိုက်များ အသင့်အတင့် ဝင်သွားသောအခါ တွင်းဝမှ အမှိုက်များကို မီးတို့လိုက်သည်။ မီးခိုးငွေ့များတွင်း အတွင်းသို့ ကောင်းစွာ ဝင်စေရန်လည်း ယူဆောင်လာသည့် ဝါးပြောင်းဖြင့် လေမှုတ်သွင်းလေသည်။ သူ့တူလေး ယောက်တို့ကလည်း ထိုအချိန်မှ ခေါင်းမီးအသီးသီးဖွင့်၍ တွင်းဝနှင့် တစ်လံ (ခြောက်ပေပမာဏခန့်) ဧရိယာတွင်း မီးခိုးထွက်လာသည့် အပေါက်များကို တက်ညီလက်ညီ အမှိုက်များ လုံးကျစ်၍ ပိတ်ဆို့လိုက်ကြသည်။

ထိုအချိန်တွင် မြေအောက်ပျားတူ အသိုက်အတွင်းမှ ဆူညံသောအသံများကို ဇထီးစောဖိုးတူ ပြောလိုက်သလို ဆူညံ့စွာကြားရလေသောကြောင့် တွင်းဝမှ မီးရှိန်အလျှော့မခံပဲ ဝါးမှိုက်များကို ကျစ်၍ကျစ်၍ ငရုတ်သီးတောင့်များပါ ထည့်သွင်းပြီး မီးမပြတ်၊ မီးခိုးမပြတ်အောင် ငရုတ်သီးညှော် မှိုင်းတိုက်နေလိုက်သည်။ နာရီဝက်ခန့်အကြာတွင် မြေအောက်တွင်းထဲမှ ဆူညံသံများ တိတ်ဆိတ်သွားသော်လည်း ပို၍စိတ်ချရစေရန် နောက်ထပ်ဝါးမှိုက်နှင့် ငရုတ်သီးတောင့်များ ထည့်သွင်း၍ နှစ်ကြိမ်ခန့် မှိုင်းတိုက်ပြီးသည့်အခါ တစ်ယောက်တစ်လှည့်စီ ပျားတူအသိုက်ပေါ်မှအပေါ်ယံမြေသားများကို ပေါက်တူးဖြင့် ပေါက်စွာချလေသည်။ ပေါက်တူးတစ်ပြားစာခန့်အနက်တွင် ခပ်ညိုညို ပျားအုံနှင့်တူသော ပျားတူအုံ စ၍ပေါ်လာသည်။ တဖြည်းဖြည်း ပျားတူအုံတစ်ခုလုံး ပေါ်လာပြီးသည့်အခါထိုပျားတူအုံအားမ,ယူပြီး ဝါးမှိုက်ထည့်လာသည့် လုံချည်တွင်းထဲသို့ အမှိုက်များသွန်ကာ ထည့်ထမ်းလာခဲ့ကြလေသည်။

အိမ်သို့ ရောက်သည့်အခါ ထေးစောဖိုးတူး မှာလိုက်သလို ပျားတူအုံမျက်နှာအမြွှေးများကို ဖောက်၍ ဆန်ခေါက်ထဲသို့ သွန်သွင်းလိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



အခါ ခုပ်ဖွေးဖွေး ပျားတူသားလောင်း အကောင်နုများနှင့် အရောင်အနည်း ငယ်ရင့်သော အနည်းငယ်ရင့်နေသော ပျားတူသားလောင်းများနှစ်ပြည်သားခန့် ရလိုက်သည်။ ထိုပျားတူသားလောင်း များကို ဆီအနည်းငယ်နှင့် ဆီပူတိုက်ပြီး ဖထီးစောဖိုးတူးအားလည်းအနည်းငယ် ပို့ပေးလိုက်ပြီး သူတို့တွဝရိုးများမအိပ်ကြ သေးသော အိမ်နီးနားချင်းများမဝံ့မရဲဖြင့် တစ်ကောင်နှစ်ကောင်စားလိုက်၊ ရေနွေး သောက်လိုက်၊ စကားပြောလိုက်နှင့် ရှိ နေကြသော်လည်း ခဏအကြာတွင် ပျားတူသားလောင်းများ၏ ဆိမ့်သော အရသာကြောင့်တစ်ယောက်တစ်လက် ဖြင့် အားပေးလိုက်ကြသည်မှာ ခဏ အတွင်း ပျားတူသားလောင်း ဆီပူတိုက် များ တုန်သွားလေတော့သည်။ အချို့က လည်း စားလို့ကောင်းတုန်း ပြတ်သွား သဖြင့် ပျားတူအုံထဲတွင်လက်ကျန်ရှိလို ရှိငြား ရှာဖွေကြည့်နေသေးသည်။

မည်သို့ဆိုစေကာမူ ထိုညက ပျားတူသားလောင်းများကို စားကောင်း ကောင်းနှင့် စားလိုက်သောကြောင့် နောက်တစ်နေ့တွင် စောစံဦး၏ အိမ်နီး ချင်းတစ်ယောက် သွေးတိုးပြီး ဆေးခန်း သွားလိုက်ရသကဲ့သို့ စားသောက်ပြီး နှစ်နာရီခန့်အကြာတွင်လည်း ဝှက်ဖျား ခံရှိသည့် ချက်ဖောင်းတစ်ယောက် လည်း တဟင်းဟင်းနှင့် ဝှက်ဖျားတက် လာလေတော့သည်။

သို့သော် ထိုနေ့မှစ၍ တောအုပ် ကလေးလည်း ယခင်ကကဲ့သို့ စိုစိုပြေ ပြေ သေးကင်းကင်းနှင့် ရှာသူရှာသား များ အားထားမှီခိုရာ ပြန်၍ဖြစ်လာလေ တော့သည်။

(ကိုယ်တွေ့ကြုံရသည့် ဖြစ်ရပ်မှန် တစ်ခုအား ပြန်လည်ရေးဖွဲ့ထားခြင်းဖြစ် ပါသည်။)

မြတ်သက်ကျော်


### အနာပေါက်ကုထုံး

**ဒေါင်းသိုနာ**

ခံတွင်း၌ပေါက်တတ်သည်။ သနပ်ခါးခေါက်၊ ကင်ပလင်းမြစ်ကို အညီမျှသွေးကာ လိမ်းပေးပါ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

မနောက်အိမ်ထောင်ပြုတော့မည်ဆိုစဉ်က အောင်ဒေါင်းအနေဖြင့်
ည်းကျွမ်းသည်အထိ ခံစားခဲ့ရသည်။ "ဟုတ်တယ် လူလေး။
မ အိမ်ထောင်ပြုတော့မယ်။ အိမ်ထောင်ပြုရတယ်ဆိုတာကလဲ
့အနေနဲ့ လင်ယူ သားမွေးလုပ်ချင်တဲ့ကာမစိတ်ကြောင့် မဟုတ်ဘူး။
ခြအနေအရကြောင့် အိမ်ထောင်ပြုရတာ။ ပြောရရင်တော့ကွယ်၊
လေးအတွက်ကြောင့် အိမ်ထောင်ပြုလိုက်ရတာ။ အဲဒါတော့
လေး နားလည်ပေးနော်"



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



မမြခင်က ပြောရင်း သားဖြစ်သူ အောင်ဒေါင်းကို ကြည့်ရင်းပြောသည်။ အောင်ဒေါင်းသည် အမေ့ကို မကြည့်။ တချင်ချင်ဖြစ်နေသည့် မျက်ရည်များ မျက်လုံးအိမ် အပြင်မရောက်လာစေရန် ထိန်းရင်း အဝေးကို ကြည့်နေသည်။ မမြခင်အနေနှင့် သားဖြစ်သူအနေဖြင့် မိမိရဲ့စကား နားလည်သည်ဖြစ်စေ၊ မလည်သည်ဖြစ်စေ၊မိမိဆန္ဒကိုလက်ခံ သည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ အခြေအနေအရကြောင့် ပါဆိုသည့် စကားနှင့် လူလေးအတွက်ကြောင့်ဆို သည့်စကားကိုမျှ တအောင့်အသုံးပြု လိုက်မိသည်။ ထိုစကားနှစ်ခွန်းထဲမှာ တော့ အဓိပ္ပာယ်တွေအများကြီး ပါနေ သည်။ ဒါကို တော့ သားဖြစ်သူ အောင်ဒေါင်းနားလည်လိမ့်မည်မဟုတ် သေး။

"နော်-လူလေး၊အမေအိမ်ထောင် ပြုခဲ့ရင် လူလေး စိတ်မဆိုးရဘူး။ မခေါ် မပြောမနေရဘူး။ ရန်မလုပ်ရဘူးနော်"

နောင်ရေးကိုတွေးရင်း ပြောလိုက် သည့်စကားတွေ၊ ဒီစကားတွေထဲမှာ သားထံမှနေ၍တောင်းဆိုမှုတွေများနေ သည်ကိုမမြခင် သိပါသည်။ သားဖြစ်သူ ကတော့ဘာမျှပြန်မပြောသေး။အမေ့ကို တစ်ချက်ဝေ့ကြည့်ပြီး ရုတ်ခြည်းပင် အဝေးကို ကြည့်နေသည်။ သားဖြစ်သူ ရင်ထဲမှာ အတော်လေး ခံစားနေရမည် တော့ မမြခင် နားလည်သည်။ သို့သော် မတတ်နိုင်ပြီ။ စောစောက ပြောခဲ့သလို အခြေအနေနှင့် သားအတွက်၊ သား နောင်ရေးက ရှိနေသေးသည်။

"လူလေး-အမေပြောတာ ကြားရဲ့ လား"

မမြခင်ကအောင်ဒေါင်းပခုံးကိုကိုင် ရင်း ပြောတော့ အောင်ဒေါင်းက မိခင် လက်ကို ခါချပြီးငြိမ်နေသည်။ ပခုံးကို မကိုင်နဲ့ဆိုသည့်သဘော။

"လူ လေးရယ် - လောကမှာ လူလေး မသိတာတွေ အများကြီးပါ ကွယ်။ လောကမှာ လင်မရှိတဲ့မယား ဘယ်တော့မှ မတင့်တယ်ဘူးတဲ့၊ တင့်တယ်အောင်ဆိုတာထက် လူလေး အတွက်က ပိုပြီး အရေးကြီးနေတယ် လေ"

"ကျုပ် ... အတွက်"

မျက်မှောင်ကြုံ့ရင်းမေးလိုက်သည့် အောင်ဒေါင်းအသံက တုန်ခါနေသည်။ မျက်လုံးများကလည်း စူးစူးရဲရဲကြည့်နေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် လူလေး"

"ဘာအတွက် အရေးကြီးတာလဲ"

"ဒီလိုလေကွယ် - လူလေးက အခု လေးတန်း၊ နောက်ဆိုရင် အတန်းတွေ မြင့်လာတော့မယ်၊ ပညာတတ်ကြီးဖြစ် တော့မယ်၊ ဒီတော့ ငွေလိုပြီလေ၊ ငွေနဲ့မှ၊ ငွေရှိမှ အဆင်ပြေမှာ"

"ဘာဆိုင်လဲ အမေရာ၊ အမေ ရှိသားပဲ၊ အမေက ငွေရှာပေါ့၊ အလုပ် လုပ်ပေးပေါ့၊ ကျုပ်လည်းကြီးတော့မှာပဲ ဥစ္စာ၊ ယောက်ျားယူစရာ မလိုပါဘူး"

အောင်ဒေါင်းက သူ နားလည်ထား သည်ကိုသာ ခပ်တိုတိုနှင့် ပြောသည်၊ မြခင်က အောင်ဒေါင်းလက်ကလေး များကို ဆုပ်ကိုင်လိုက်ပြီး ဖျစ်ညှစ်နေမိ သည်၊ အောင်ဒေါင်း - ဒီတစ်ခါ အမေ့ လက်တွေထဲမှ မရုန်းမိတော့၊ အမေ့ကို ခမ်းနည်းစွာဖြင့် ပြန်ကြည့်မိသည်က ချတ်တောင်ပင် မခတ်မိ၊

"ဒါက လူလေးအမြင်ကိုးကွယ့်၊ အမေက ကျန်းမာရေးသိပ်ကောင်းတာ ဟုတ်ဘူးလေ"

အောင်ဒေါင်း ဘာမျှမပြောတော့၊ ခင်လက်တွေထဲရောက်နေသည့်သူ၏ လက်များကို အသာအယာဆွဲယူပြီး အနောက်ခန်းထဲဝင်သွားသည်၊ မြခင် ကတော့ သားရဲ့ကျောပြင်ကိုကြည့်ရင်း ငေးလို့ ကျန်ရစ်ခဲ့ချေပြီ၊ ဘာပဲဖြစ်ဖြစ် မိမိအိမ်ထောင်ပြုတော့မည်ကို သားဖြစ် သူအား ပြောပြလိုက်သည့် အတွက် တစ်ဝက်ခန့်တော့ စိတ်အေးသွားချေပြီ၊ သားဖြစ်သူက ဒီကိစ္စမှာ အကြောက် အကန်ငြင်းနေတာမျိုးမရှိ၊ တော်ပါသေး သည်၊

အတော်ကြာတော့မှ မြခင်မျော သက်ပြင်းမောတစ်ချက် ချလိုက်သည်၊ မကြာခင်မှာ လက်ထပ်ရမည့် သူက ကိုကြက်တော၊

ကိုကြက်တော ဆိုတာ မုဆိုးဖိုတစ် ဦး၊ အရင်မိန်းမနှင့်ညားတော့ သားသမီး တစ်ဦးတစ်ယောက်မျှ မထွန်းကားခဲ့ မကျန်ခဲ့၍ တော်ပါသေးသည်၊ မြခင် ထက် သုံးနှစ်ကြီးပြီး အရုပ်အမောင်း ကောင်းသည်၊ အသားညိုသည်၊ ယောကျ်ားပီသသူတစ်ဦး၊ ပြောရလျှင် အသောက်အစားကတော့ မကင်း၊ ဘဝ ချင်း ယှဉ်ရင်လည်း သိပ်ပြီးမကွာခြားလှ၊ ကိုကြက်တောမှာ အရင်အိမ်ထောင်ရှိ စဉ်ကလည်း လူငှားလုပ်ချိန်ငှား၊ တော လည်ထွက်ချိန်ထွက်တတ်သည့်တာဝ အလုပ်သမား၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ရွာ့အနောက်ဘက်ရှိ ပေါက်ပင်အင်းမှာ ငါးရှာဖားရှာ ရှာတတ်သည့်လူမျိုး၊ ပြောရလျှင် အလုပ်မရွေး၊ အချိန်မရွေးဘူးဆိုသည့်လူစား၊ ဒီတော့ မုဆိုးဖိုနှင့် မုဆိုးမတို့ ဆုံတွေ့ပေါင်းသင်းကြတာ မဆန်းပြား၊ မမြခင် အိမ်ထောင်ဆုံးပါးခင်ကလည်း ဒီအလုပ်မျိုးတွေ မျိုးစုံအောင် လုပ်ခဲ့ကြရသည်လေ၊ ဒီတော့ နှုတ်ခမ်းပဲ့ချင်းချင်း မီးမှုတ်တာ မဆန်း၊ အိုးရွဲ့ရင် စလောင်းရွဲ့နဲ့ဖုံးတာ မထူးခြား၊ ပြီးတော့ ကိုကြက်တောက ကိုဖိုးခေါင်းနှင့် ညီအစ်ကိုတစ်ဝမ်းကွဲတော်သူ တစ်ဦး၊

တွေးရင်းနှင့် သွားလေသူ ကိုဖိုးခေါင်းကို အမှတ်ရမိသူက မမြခင်၊

"ကိုဖိုးခေါင်းရယ် - ရှင်သာရှိရင် ကျုပ် - ကျုပ်သားအမိ"

တွေးရင်း မျက်ရည်ကျမိသူက လည်း မမြခင်ပဲလေ၊

❑

ဘဝတူတွေမို့ ကိုဖိုးခေါင်းနှင့် မမြခင်တို့အချစ်ရေးကိစ္စက ရိုးရှင်းခဲ့ကြသည်၊ လူမသိ၊ သူမသိသဘောမျိုးဖြင့် ချစ်ကျွမ်းဝင်ခဲ့သည့်နောက် လက်ထပ်ယူဖို့ဆုံးဖြတ်ခဲ့သည်လေ၊ သူများတွေလို တင့်တယ်ဂုဏ်ယူရမည့်ဘဝမျိုးတွေ မဟုတ်တော့ ဘယ်သူကမှလည်း စိတ်ဝင်စားခြင်းမခံရသည့် သူတို့ဘဝ၊ သူတို့အချစ်ရေးက လူအများရဲ့နှုတ်ဖျားမှာတော့ ပြောဖို့ဝန်လေးနေကြပြီထင့်၊

တကယ်တော့ ကိုဖိုးခေါင်းဘဝက နုံချာသည်၊ မမြခင်ဘဝကလည်း မတင့်တယ်ခဲ့၊ အတူတူနှင့်အနူနူမို့ ချစ်သလားလို့ပဲ တစ်ခွန်းတည်းမေး၊ ချစ်ပါတယ်လို့ အဖြေပေးရင်းနှင့် ချစ်သူတွေ ဖြစ်ခဲ့ရသည့်ဘဝမျိုး၊ ကိုဖိုးခေါင်းက လူငှားလုပ်ရင်း၊ တောလည်ထွက်ရင်းနှင့် ဘဝကို ရုန်းကန်နေရသလို မမြခင်တို့ဘဝက လည်း တောလည်ရင်း နေ့စားပုတ်ပြတ်လိုက်ရင်း ဘဝကို အဖတ်ဆယ်ခဲ့ကြရသည်ကိုး၊

တစ်ရွာတည်းနေ၊ တစ်ရေတည်းသောက်လို့ မြင်ပါများတော့ ခင်၊ ခင်ပါများတော့ ကြင်ဆိုသလို ကိုဖိုးခေါင်း၏ ချစ်မျက်ဝန်းအကြည့်တွေကို ချစ်ရည်ရွှန်းသောအကြည့်များနှင့်တုံ့ပြန်ခဲ့သူက လည်းမမြခင်ပင်မဟုတ်ပါလား၊ ဒီတော့ အောင်သွယ်မလို ကြားခံမထားပဲနှင့် ကိုဖိုးခေါင်းက မမြင်ခင် တောထဲက အပြန် ချစ်စကားပြောခဲ့သည်၊

"မြခင် - ခဏနေဦး"

www.burmeseclassic.com

www.burmeseclassic.com



"တော် - ဘာလဲ ကိုဖိုးဒေါင်း"

မမြခင်ရယ်ရင်းစောင့်မိသည်။ ခေါင်းပေါ်မှာတော့ ထင်းစည်းတစ်စည်း။

"ဘာလဲ ကိုဖိုးဒေါင်း"

"နင့်ကိုချစ်လို့ အဲဒါပြောချင်လို့"

"ရှင် ..."

"ဟုတ်တယ်၊ ချစ်ရင် ချစ်တယ်၊ မချစ်ရင် မချစ်ဘူးပြော၊ အားမနာနဲ့၊ ငါကတော့ နင့်ကိုချစ်တယ် - ဒါပဲ"

"ရှင် ..."

ကိုဖိုးဒေါင်းကပြောရင်း မမြခင်ရှေ့က ပိတ်ရပ်နေသည်။

"ပြောလေ"

"ရှင် ..."

"ငါ့ကိုချစ်တယ်ဆိုရင်နင့်ခေါင်းပေါ်က ထင်းစည်းကိုပေး"

ပြောရင်း မမြခင် ခေါင်းထက်က ထင်းစည်းကိုယူပြီး ထမ်းလိုက်သူက ကိုဖိုးဒေါင်း -

"ဟို - နေဦးလေ - ကိုဖိုးဒေါင်း - ရှင်ကလဲ"

ကိုဖိုးဒေါင်းကို အမီလိုက်သည်။ ကိုဖိုးဒေါင်းကတော့ ရှေ့ကသွားရင်း ချစ်စကားတွေချည်း ပြောနေသည်၊ ထင်းစည်းကို အိမ်ရောက်သည်အထိ ပို့ပေး အပြီးတစ်ခါတည်းပြန်သည်၊ အပြန်တွင် ပြောသွားသေးသည်။

"နင်မချစ်ရင်လဲ - ငါနင့်ကိုချစ်သွားမယ်"

"ရှင် ..."

တော်ပါသေးသည်၊ အဖေနှင့်အမေတို့မရှိလို့၊ ပြီးတော့ လူကြားသူကြားအောင်မပြောလို့၊ ပြောသည်က ခပ်တိုးတိုး၊ ပြောရင်း ပြန်သွားသည်၊ ထိုညတအိပ်မပျော်သူက မမြခင်၊ ကိုဖိုးဒေါင်းလည်းအိပ်မပျော်ခဲ့၊ မမြခင်ကိုချစ်သည်ဟု ပြောလိုက်ရ၍ စိတ်ထဲပေါ့သွားပေမယ့် တုံ့ပြန်လာမည့်ချစ်စကားမရသေး၍ ရင်ထဲမှာတော့ ခပ်လေးလေး၊ နှလုံးသားထဲမှာတော့ငံ့တလင့်လင့်ရှိနေသေးသည်၊ မမြခင်မှာလည်းနှလုံးသားထဲမှာ ဖဝေဖဝါ၊ ကောက်ကာ ငင်ကာ ဖြုန်းစားကြီး၊ ဆိုင်းမဆင့်ဗုံမဆင့်ပြောလာသည့် ကိုဖိုးဒေါင်း၏ ခပ်ကြမ်းကြမ်း နှလုံးသားစကားကိုကြားရပြီးကတည်းကဘယ်လိုတုံ့ပြန်မလဲဟုတွေးရင်း အဖြေရှာနေသည်။

ချစ်ရကောင်းမလား၊ မုန်းပစ်ရကောင်းမလား၊ မမြခင်တွေတွေဝေဝေနှင့် အဖြေရှာနေရဆဲ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကိုဖိုးဒေါင်းက ဆင်းရဲသည်၊ သို့သော် ရိုးသားသည်၊ အသောက်အစားကင်းသည်၊ အလုပ်ကြိုးစားသည်၊ လူမှုရေးပြည့်သည်၊ ရွာထဲမှာ အလှူရှိရင် ထမင်းချက်သမား၊ မင်္ဂလာပွဲတွေရှိရင် ရေနွေးအိုးတည်ခဲ့သည့်လူ၊ နာရေးရှိရင် အလောင်းမြေချတာ၊ မီးသင်္ဂြိုဟ်တာကို အပြီးအထိ မကြောက်မလန့်နှင့် လုပ်တတ်သူ၊

သည်တော့မမြခင်စဉ်းစားခဲ့သည်၊ နှစ်ရက်အကြာ ရွာအပြင် ထင်းကောက်ရင်း ထပ်တွေ့သည်၊ ကိုဖိုးဒေါင်းက ချစ်စကားပြောပြန်သည်၊ ပြီးတော့ အဖြေတောင်းသည်၊ မမြခင် အဖြေမပေးခဲ့သေး၊ စဉ်းစားပါဦးမည်ဟု ပြောခဲ့သည်၊ ကိုဖိုးဒေါင်း စိတ်မဆိုးခဲ့၊ သို့သော် တစ်လခန့်အကြာမှာတော့ ချစ်သည်ဟု အဖြေပေးအပြီး နှစ်ဦးသား ချစ်သူဘဝကို ရောက်ခဲ့သည်လေ၊

"နင်နဲ့ငါ လက်ထပ်ပြီးရင် ငါ့အိမ်လိုက်ခဲ့၊ နင်က မောင်နှမသုံးဦးရှိတာ၊ ဒီတော့ နင့်အိမ်ကို ငါ လိုက်လို့မရဘူး၊ ငါ့အိမ်က ငါတစ်ဦးတည်းဆိုတော့ အဆင်ပြေတယ်"

"အင်း - အဲ - ဟုတ်ကဲ့"

"အဖေနဲ့ အမေကလည်း သဘောတူတယ်တဲ့ - သိလား"

"ဟင် - ကိုဖိုးဒေါင်းက ကျုပ်တို့အကြောင်း ပြောထားတယ်"

"အင်း - နင်မချစ်ခင်ကတည်းက ပြောထားတာ"

"အို - ရှင်ကလဲ"

မမြခင် ရှက်ခဲ့သေးသည်၊ ချစ်သူသက်တမ်း တစ်နှစ်အကြာ လက်ထပ်ခဲ့ကြသည်၊ ဒီအတွင်း ကိုဖိုးဒေါင်းက အလုပ် ကြိုးစားပြီးလုပ်ခဲ့သည်၊ ငွေစုသည်၊ မင်္ဂလာပွဲကို ခပ်ကျဉ်းကျဉ်းနှင့် ကျင်းပခဲ့သည်၊ မင်္ဂလာဆောင်အပြီး မမြခင်တစ်ယောက်မိဘတွေ၊မောင်တွေ ခွင့်ပြုချက်နှင့် ကိုဖိုးဒေါင်းအိမ် လိုက်ခဲ့ရတော့သည်၊

အဖေနှင့်အမေက ယောကျ်ားအိမ်လိုက်ရမည်ဆိုတော့ စိတ်မကောင်းနိုင်ကြ၊ သို့သော် ဆုံးမစကားတွေ လက်ဆောင်ပေးလိုက်သေးသည်၊ မယားဝတ္တရားကျေဖို့၊ လိမ္မာဖို့၊

ကိုဖိုးဒေါင်းမှာက သားသမီးပိုလို့ သူတစ်ဦးတည်း၊ မိဘနှစ်ပါးကိုလုပ်ကိုင်ကျွေးနေသူ၊ တောင်သူလုပ်ငန်းလုပ်လိုက် ပေါက်ပင်အင်းမှာ ငါးရှာလိုက်နှင့်နေရ

www.burmeseclassic.com



သူ၊ လူမှုရေးပြည့်ဝသူ၊ ဒီတော့ မမြခင်အတွက် အဆင်ပြေသွားသည်၊ နောက်တွင်တော့ ကိုဖိုးခေါင်းနှင့် မမြခင်တို့ တောလုပ်ငန်းလုပ်တော့လည်းအတူတူ၊ ပေါက်ပင်းအင်းမှာဖားငါးရှာတော့လည်း အတူတူ၊ တောလည်ထွက်ပြီး သားကောင်ရှာတော့လည်း အတူတူ၊

အိမ်ထောင်ကျအပြီးတစ်နှစ်မပြည့်ခင်မှာ ကိုဖိုးခေါင်းမိခင် ဆုံးပါးခဲ့ပြီး တစ်နှစ်ခွဲအကြာမှာတော့ ဖခင်ဆုံးပါးပြီးသည့်နောက် သူတို့လင်မယား နှစ်ဦးသားရပ်တည်ဖို့ကြိုးစားခဲ့သည်၊ အလုပ်လုပ်ရင်း ငွေရှာရသည်က ရရစားစားဝါးဝါးမျိုမျိုဆိုတော့ သိပ်ပြီးအဆင်မပြေချင်၊ ကြပ်တည်းရင်း ကြပ်နေသည်မို့ ချောင်လည်ဖို့ဆိုတာ အတော်ကြိုးစားရသည့်အဖြစ်မျိုး၊

"မြခင် - ငါတို့ ဝက်သားတိုးတစ်ကောင်လောက် မွေးမယ်ဟာ၊ ဒါမှ အဆင်ပြေမှာ"

"တော့်သဘော - ကောင်းသားပဲ၊ ဝက်မွေးတာ စဘူးနဲ့တူတယ်တဲ့"

ဝက်သားတိုးဆိုတာ မွေးဝက်မကြီးမျိုးကိုမွေးတာမဟုတ်ဘဲ သီးခြားဖောက်ပြီးသား ဝက်ထီးဖြစ်ဖြစ်၊ ဝက်မဖြစ်ဖြစ် အလင်လင်ကျွေးထားရသည့်ဝက်မျိုး၊ အသားပိသဘာရှိန်များများရအောင်မွေးရသည့်ဝက်မျိုး၊ အချိန်တန်ရင်ဟင်းခေါ်ရသည့်ဝက်မျိုး၊ စဘူးဆိုတာအဲဒီဝက်ကို အစာဝယ်ကျွေး၊ ကျွေးခဲ့ရသည့်အစာတန်ဖိုးက ဝက်ကို ကြီးထွားစေသည့်သဘော၊ ဝက်ကို ရောင်းလိုက်ရင် တုန်ထားသည့်ငွေအရင်း ပြန်ရ၊ ပိုတာက အမြတ်၊ ဒီသဘော၊

ဖောက်ပြီးသား ဝက်ဆိုတာ ဝက်ထီးပဲဖြစ်ဖြစ်၊ ဝက်မပဲဖြစ်ဖြစ် သားမပေါက်နိုင်အောင် အကြောဖြတ်ထားသည့်ဝက်မျိုး၊ ဝက်ထီးဆိုရင်ဝှေးစေ့ကိုထုတ်၊ ဝက်မဆိုရင် သားအိမ်ကို ထုတ်ထားသည့်ဝက်မျိုး၊

နောက်တွင်တော့ ကိုဖိုးခေါင်းဝက်ထီးဖောက်ပြီးသားတစ်ကောင်ဝယ်၊ အိမ်မှာမွေး၊ ရလာသည့်လုပ်အားခကို ဖွဲ့ဝယ်၊ မြေပဲဖတ်ဝယ်ရင်း ကျွေး၊ ပြီးတော့ ပြောင်းကိုပြုတ်၊ ဟင်းရွက်တို့ပြုတ်ရင်း ကျွေး၊ ရွာထဲ ထမင်းရည်လိုက်စုပြီး ကျွေးခဲ့သည့် ကိုဖိုးခေါင်း၊

သူတို့အိမ်ထောင်သက် သုံးနှစ်ပြည့်သည် အထိ သားသမီးမယူကြ၊ ကိုဖိုးခေါင်းမိဘတွေခများပေသောသွားကြသည်၊ မြေးဆိုတာကို ချီပိုးပွေ့ဖိတ်၍ မသွားခဲ့ကြရသည့်အဖြစ်၊ စီးပွားရေးတ

www.burmeseclassic.com



လှုပ်လေမြုပ်လေဆိုတော့ သားသမီးယူဖို့က မလွယ်။ ကိုယ်ဝန်လွယ်ရတာ၊ အလုပ်ပျက်တာ၊ လက်သည်ကို ကန်တော့ရတာ။ ဒါတွေက ငွေကုန်ကြေးကျများသည်လေ။ စီးပွားရေးအဆင်ပြေမှ ကလေးယူမည်ဟု ဆုံးဖြတ်ခဲ့သည့် သူတို့စီမံချက်။

အဲ - အိမ်ထောင်သက် လေးနှစ်ထဲအဝင်မှာတော့ ကိုယ်ဝန်ရှိခဲ့သူက မခြခင်။

"ကိုဖိုးခေါင်း - ကျုပ် - ဟိုဒင်းရှိနေပြီထင်တယ်။ ကိုယ်ဝန်"

"ဟင်..."

"ဟုတ်တယ်တော့"

"တကယ် - သေချာလားမြခင်ရာ"



"အင်း - သေချာတယ်တော့"

ကိုဖိုးခေါင်း အရမ်းဝမ်းသာသွားခဲ့သည်။ စီးပွားရေး အဆင်ပြေတာ၊ မပြေတာ အပထား။ အိမ်ထောင်သက်ရင့်မှတော့ ကလေးယူဖို့အချိန်တန်ပြီ။ နောင်တစ်ချိန်၊ မိမိတို့ အိုမင်းမစွမ်းရှိခဲ့ရင် မိမိ သားသမီးရှိမှ မိမိသားသမီးကသာ ကြည့်မည်၊ စောင့်ရှောက်မည်လေ။ ဘိုးသူတော်လဲချိန်၊ တောင်ကျေးမကာယ်နိုင်သည့်အဖြစ်မျိုး အဖြစ်မခံချင်။

"အခုဖြစ်တာက ရေစပ်မှာ ပိုက်ဆွဲရင်း ရေစပ်မှာ မှောက်လျက် သေနေသည်။ ပိုက်ထဲမှာ ငါးနှစ်ပိဿာခန့် မိထားသည်။ ကိုဖိုးခေါင်း သေနေသည်ကို အခြားငါးရှာသူတစ်ဦးက တွေ့ခဲ့သည်။ ကိုဖိုးခေါင်း အသက်မရှိတော့။ ထိုလူက ရွာထဲ ပြေးလာပြီး အကျိုးအကြောင်းပြော၊ အလောင်းကို ရွာထဲ သယ်။ အဖြေရှာ ကြည့်တော့ ကိုဖိုးခေါင်းခမျာ အညောင်းလွန်ပြီး ခြေသလုံးကြွက်တက်လို့ သေရခြင်း။

www.burmeseclassic.com



သည့်နောက်တွင်တော့ မြခင်ကို တောထဲ မထည့်တော့၊ အိမ်မှာ ထမင်းဟင်းချက်၊ အဝတ်ဖွပ်ရှဲ၊ ဝက်စာကျွေးနေရှဲသာ၊ ကိုဖိုးခေါင်းက ပြေးရင်းလွှားရင်းနှင့် ဂျာအေး သူ့အမေရိုက်ဖြစ်ခဲ့ရသည်။ လူငှားလုပ်လိုက်၊ တောလည်ထွက်လိုက်၊ ပေါက်ပင်အင်းမှာ ဖားရှာငါးရှာလုပ်လိုက်။

"တော် - ကျုပ်ကိုယ်ဝန်ရှိတာနဲ့ အတော်ပင်ပန်းနေပြီနော် ကိုဖိုးခေါင်း"

သနားကြင်နာခြင်းအပြည့်နှင့် မြခင်က ပြောသည်။ ကိုဖိုးခေါင်းကတော့ ခပ်ပွပွဖြစ်နေသည့် ဇနီးဖြစ်သူ၏ ဗိုက်ကိုကြည့်ကာ သားလေးလား၊ သမီးလေးလားဟူသည့် အတွေးမျှော်လင့်ချက်များကြောင့် ပင်ပန်းသည်ဟု ထင်ထားနိုင်။

"ရပါတယ်မြခင်ရယ်၊ မမြင်ရသေးတဲ့ရင်သွေးအတွက် ငါပင်ပန်းတယ်လို့ ထင်မထားပါဘူးဟာ၊ နင်သာ ကျန်းမာအောင်ရှစိုက်၊ သားဦးဆိုတော့မွေးရတာ ချောက်ခဲအောင် ပြင်ဆင်ထား၊ မရှိဆင်းရဲသားလောကထဲကို လူသားတစ်ဦး ရောက်လာဖို့ ဆိုတာ ကျန်းမာရေးကောင်းနေမှ၊ အင်း - မကောင်းရင်တော့ ဆေးဘီတားခင်းပြီး သွားရမယ်ဆိုရင် ..."

ကိုဖိုးခေါင်းစကား ဆုံးအောင် မပြောနိုင်၊ မရှိဆင်းရဲသားပေမို့ငွေကြေးဆိုတာ မိုးခေါင်သည်၊ တွင်းနက်သည်၊ တကယ်လို့ ဇနီးဖြစ်သူ ဆေးရုံသွားပြီး မွေးပါဆိုရင် မလွယ်ရေးချမလွယ်သည့် အခြေအနေမျိုး၊ ဒီအတွက် စိုးရိမ်၍ပြောနေသည့်စကား။

"အဟင်း - ဟင်း - တော်ကလဲ - အစိုးရိမ်လွန်နေပြန်ပါပြီတော်၊ စိတ်ချစမ်းပါ၊ အရပ်လက်သည်နဲ့ ရအောင်တို့ မွေးပစ်လိုက်မယ် သိလား"

မြခင်က ပြုံးရင်းနှင့် ချစ်လင်အား သက်သာအောင် ပြောမိသည်၊ သည်တော့ ကိုဖိုးခေါင်း ပြုံးနေမိသည်၊ နောက်တွင်တော့ မြခင်ရမျာ မီးဖွားရက်နီးလာလေလေ ကိုဖိုးခေါင်း စိတ်လှုပ်ရှားလေလေ၊ မြခင်ကတော့ လက်သည်ဒေါ်ဘုမနှင့် တိုင်ပင်လို့ အစီအစဉ်ဆွဲပြီးသား။

မကြာပါ၊ မြခင် မီးဖွားခဲ့သည်၊ ဒေါ်ဘုမက အားကိုးရသည်၊ ဗိုက်နာသည့် မနက်တည်းက လာနေပေးပြီး မီးဖွားပေးသည်၊ ညပိုင်းအထိ မနိုင်ခဲ့၊ မွေးခဲ့သည်က ယောက်ျားလေး၊ ဒီတော့ အပျော်ကြီး ပျော်ခဲ့သူက ကိုဖိုးခေါင်း၊ ဝမ်းသာလွန်းခဲ့ရသူက မြခင်၊

www.burmeseclassic.com

www.burmeseclassic.com



သားလေးကိုရေမိုးချိုးသန့်စင်ပေးပြီး အနီးလေးနှင့်ထုပ်ပြီး ဒေါ်ဘုမက ပြတော့ ကိုဖိုးဒေါင်းက ရင်ခွင်ထဲမှာ ပွေ့ချီခဲ့သည်။ ကလေးက ငိုသည်။ မမြခင်ထံ နို့တိုက်ဖို့ ပြန်ပေးသည်။ ထိုညက ကိုဖိုးဒေါင်းအိပ်မပျော်ခဲ့။ မီးဇနခန်းဆိုပြီး မရှောင်တော့။ အခန်းထဲမှာ ကလေးအနားမှာ ထိုင်ရင်း တစိမ့်စိမ့် ကြည့်နေသည့်ကိုဖိုးဒေါင်း-

"ကိုဖိုးဒေါင်း-အိပ်တော့လေ-တစ်ညလုံးထိုင်ပြီးကလေးကိုကြည့်နေတာအားမရသေးဘူးလားတော်"

"အဟီး-ဟီး-ဟီး-ချစ်တာကိုး"

ပြုံးရင်းရယ်ရင်းပြောသည့်ချစ်လင်၏မေတ္တာတရား၊ဖခင်တစ်ဦး၏ချစ်ခြင်းတွေကို မမြခင် နားလည်လိုက်ပါသည်။ ဒါ-မိဘတိုင်း ထားရှိခဲ့သည့် မေတ္တာတရားတွေပဲမဟုတ်လား။

နောက်တွင်တော့ သားလေးခြောက်လအရွယ်တွင်တော့ ကံကြမ္မာက တစ်မျိုးပြောင်းသွားသည်။ ထင်မှတ်မထားဘဲ ကိုဖိုးဒေါင်း ကွယ်လွန်ခဲ့သည်လေ။ ကွယ်လွန်ခဲ့ရတာကလည်း ကိုဖိုးဒေါင်း အလုပ်ပန်းတာရော၊ အိပ်ရေးပျက်ခဲ့တာရောဒီအကြောင်းတွေက အဓိကတရားခံ၊ မှန်ပါသည်။ သားလေးရပြီဆိုတော့ အရင်ကထက် အလုပ်ပိုပြီး ကြိုးစားခဲ့သည့် ကိုဖိုးဒေါင်း၊ တောင်သူလူငှားလုပ်တန်လုပ်၊ ထင်းခုတ်ခေါ်ရင် ထင်းခုတ်လိုက်၊ အထွန်ခေါ် အထွန်၊ ထယ်ထိုးခေါ်ရင် ထယ်ထိုး။ ဒီအလုပ်တွေ လုပ်ခဲ့ရသည်လေ။

ထိုနေ့က တောင်သူအငှားအလုပ်မရှိ၊ ဒီတော့ ပေါက်ပင်အင်းသွားပြီး ငါးရှာထွက်ခဲ့သည်။ ငါးဖမ်းပိုက်ကိုယူ၊ မမြခင်နှင့် သားလေးကို အပြုံးတွေနှင့် ချစ်စကားတွေနှင့်ပြောရင်း ပေါက်ပင်အင်းဆီ ထွက်သွားသည့် ကိုဖိုးဒေါင်း။

"မြခင်ရ-ဟင်းစားနဲ့ရောင်းဖို့ရရင် ငါပြန်ခဲ့မယ်၊ ကြားလား-သားလေးကို ခြင်ကိုက်ဦးမယ် သိလား"

"အင်းပါ-သိပါတယ်တော်"

"ငါ သွားမယ် ဟေ့၊ ငါးရမှ နင့်အတွက် ကြော်ပေးမယ်နော်"

"အင်း-အင်း"

ပိုက်ကိုထမ်းရင်း ထွက်သွားသည့် ကိုဖိုးဒေါင်း ကျောပြင်ကိုကြည့်ရင်း ငေးကျန်ခဲ့သည့် မမြခင်၊ ရင်ထဲက သားလေး တော့ အိပ်လို့နေဆဲ၊

ညနေစောင်းတော့ ကိုဖိုးဒေါင်းတစ်ယောက် ရေနစ်လို့ ဆုံးသည့် သတင်းကြားရသည်။ အင်းအလယ်မှာ ရေနစ်

www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်၊ ရေကျွမ်းသည့် ကိုဖိုးခေါင်း ရေနစ်သေစရာအကြောင်းမရှိ၊ အစုဖြစ်တာက ရေစပ်မှာ ပိုက်ဆွဲရင်း ရေစပ်မှာ မှောက်လျက် သေနေသည်၊ ပိုက်ထဲမှာ ငါးနှစ်ပိဿာခန့် မိထားသည်၊ ကိုဖိုးခေါင်း သေနေသည်ကို အခြားငါးရှာသူတစ်ဦးကတွေ့ခဲ့သည်၊ ကိုဖိုးခေါင်း အသက်မရှိတော့၊ ထိုလူက ရွာထဲ ပြေးလာပြီး အကျိုးအကြောင်းပြော၊ အလောင်းကို ရွာထဲ သယ်၊ အဖြေရှာကြည့်တော့ ကိုဖိုးခေါင်းခမျာ အညောင်းလွန်ပြီး ခြေသလုံးကြွက်တက်လို့ သေရခြင်း၊

ဒီတုန်းက သားဖြစ်သူ ခြောက်လသားပဲ ရှိသေးသည်၊ လင်သားမရှိတော့သည့်နောက် လက်ရှိအိမ်မှာပဲ ဆက်နေခဲ့သည်၊ မိဘနှစ်ပါးနှင့် အစ်ကိုတွေက ပြန်လာခဲ့ဖို့ ခေါ်သေးသည်၊ သို့သော် မမြခင် မပြန်ဖြစ်တော့၊ သားလေးတစ်ဖက်နှင့် ဘဝကို ရုန်းကန်ရင်း နေလာခဲ့ရာ သားလေးတစ်နှစ်သားအရောက် အဖေနှင့်အမေတို့ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားပြန်သည်၊

လူဆိုတာ မွေးပြီးရင် သေရမည့် သတ္တဝါတွေဆိုတာ သေနေသည့်လူတွေကမသေသေးသည့်လူတွေကိုသင်ခန်းစာပေးနေသည်ပေါ့လေ၊

ဘာပဲဖြစ်ဖြစ်၊ မမြခင်ကတော့ ကလေးတစ်ဖက်နှင့် ဟင်းရွက်ခူးထွက်လိုက်၊ ရွာထဲလှည့်ရောင်းလိုက်၊ ပြီးတော့ ထင်းခုတ်ထွက်လိုက်၊ ရောင်းလိုက်နှင့် ဘဝကို အလုပ်လုပ်ရင်း သားကို အချစ်တွေပိုရင်းနှင့် ရင်ထဲက သောကတွေကို ဖြေသိမ့်နေမိသည်၊ အဆင်မပြေလျှင် ချေးဟယ် ငှားဟယ်၊ အဆင်ပြေတော့ ပြန်ပေးဟယ် ဆပ်ဟယ်နှင့်ဘဝဝမ်းရေးကို အရေးအငှားတွေနှင့် ကျင်လည်ခဲ့ရသည့် မမြခင်၊

သားဖြစ်သူ ကျောင်းတက်အရွယ်ရောက်တော့လည်း မျက်နှာမငယ်ရအောင် ကြိုးစားပေးခဲ့သည်၊ ကျောင်းဝတ်စုံ၊ လွယ်အိတ်၊ ကျောင်းစာအုပ်၊ ဖိနပ်ကအစ လူတန်းစေ့နေစေချင်သည့်ဆန္ဒရှိသည်လေ၊ သို့ကြောင့်လည်း သူများမဝတ်လို့ပေးသည့်ဝတ်စုံ၊ သူများမလွယ်သည့်လွယ်အိတ် စသည်တို့ကို အကျအနလျှော်ဖွပ်ရင်းသားကိုအသစ်ဝယ်လာသည်ဟု မုသားသုံးခဲ့သည့် မမြခင်၊

သားလေး နှစ်တန်းတက်ခဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



လောကမှာယောကျ်ားသားဆိုတာ လင်မရှိသည့်မိန်းမကို အလွန်အထင်သေးချင်ကြသည်။ မထိစလုတ် ထိစလုတ်သဘော၊ ရိသဲ့သဲ့အပြောနှင့် မမြခင်ကိုကလိချင်ကြသည်။ ဒီအထဲမှာ ကိုနောက်ချိတ်က အဆိုးဆုံး။ မမြခင်က အမျိုးဘဝကတည်းကညိုရော၊ ညိုရော ဆိုတော့ ယောကျ်ားသားတွေ အသည်းစွဲ။ သားတစ်ယောက်မွေးအပြီး ပိုလှလာသည့်မမြခင်၊ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်ကအစ အပြစ်ပြောစရာမရှိသည့်မမြခင်၊ မုဆိုးမဘဝနှင့်တောင်မှ ချောမောဆဲမမြခင်။

ကိုနောက်ချိတ်ဆိုတာ အိမ်ထောင်နှင့်၊ သူ့မိန်းမက လေဖြတ်ထားသည်၊ တောင်သူတစ်ဦးလည်းဖြစ်၊ မြို့တက်ပြီး ပွဲစားလိုလိုလည်းလုပ်နေသူ။ ပြောရရင်တော့ သူဌေး။ ကိုနောက်ချိတ်က လမ်းတွေ့ရင်၊ တောထဲသွားလို့ဆုံခဲ့ရင် ရယ်စရာလိုလိုနှင့် အတည်ပြောခဲ့သည်။ မမြခင်ကတော့ အထာသိပြီးသား။ အသားလိုလို့ အရိုးတောင်းတာကို ရိပ်မိပြီးသား။ ကျလာမည့်အန္တရာယ်ကို ကာကွယ်ဖို့က အဓိက။

တစ်ရက် – ကိုနောက်ချိတ်နှင့် မမြခင် ပေါက်ပင်အင်းဘေးမှာ ဆုံခဲ့သည်။ တစ်ရွာကနေစက်ဘီးနင့်ပြန်လာသည့် ကိုနောက်ချိတ်ကတော့ ရှိုးအပြည့်။

"မြခင် …"

ရုတ်တရက်မို့ မမြခင် လန့်သွားသည်။ လက်ထဲမှာတော့ ကိုင်နေကျ ထင်းခုတ်ဓား။ ဓားကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်မို့ ကိုနောက်ချိတ် အနားမကပ်ရဲ၊ လက်ထဲကဓားကိုကြည့်လိုက်၊ မမြခင်မျက်နှာကိုကြည့်လိုက်။

"နင် – ဘာလုပ်နေလဲဟင်"

"ထင်းခုတ်နေတာလေ။ ထင်းခုတ်ပြီးရောင်း၊ ရောင်းတဲ့ငွေနဲ့ သားလေးရဲ့ ကျောင်းစရိတ်ကို ထောက်ပံ့နေရတာ၊ ဒါတွေတော်သိပါတယ် – ကိုနောက်ချိတ်ရယ်"

"အဟင်း – ဟင်း – ငါ သိပါတယ် မြခင်ရယ်၊ သိလို့လည်း စိတ်မကောင်းဖြစ်မိတယ်ဟာ၊ ဟို – ဖြစ်နိုင်ရင် မြခင်လက်ခံမယ်ဆိုရင် – ငါလေ – ကလေးရဲ့ ကျောင်းစရိတ်ကို ကူညီချင်တယ် မြခင်နော်"

ကိုနောက်ချိတ်စကားကြောင့်မို့ပြုံးတစ်ချက်ပြုံးမိသူက မမြခင်။

"ရပါတယ် ကိုနောက်ချိတ်ရယ်၊ ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမဟုတ်ဘူးလေဟာ၊ မရှိတဲ့လူ ဆိုတာ အချိန်မရွေး လိုနေတာ ငွေပဲ မြခင်ရဲ့၊ ဒီတော့ – နင်လက်ခံမယ်ဆိုရင် ငါကူညီပါရစေ"

"ကူညီမှုရဲ့နောက်မှာပေးဆပ်ရမှာတွေကို ကျုပ်သိတယ် ကိုနောက်ချိတ်၊ မြခင်နားလည်ပြီးသားပါ၊ ကျုပ်လင်သားဆုံးပါးသွားပေမယ့်လည်း ကျုပ် ဘဝ အပျက်မခံဘူး၊ ကျုပ်သားလေးအတွက်နဲ့လည်း ကျုပ်သိက္ခာ အကျမခံဘူး ကိုနောက်ချိတ်"

မမြခင်က ယဉ်ကျေးစွာ ပြောခဲ့သည်၊ ကိုနောက်ချိတ် ဘာမှပြန်မပြောနိုင်၊ ရွာဆီ ပြန်သွားသည်၊ နောက်သုံးရက်မြောက်တွင်တော့ပြဿနာဖြစ်ခဲ့သည်၊ ထိုနေ့က မမြခင် ထင်းခုတ်ထွက်သည့်နေ့၊ ကိုနောက်ချိတ်အရက်မူးလာသည့်နေ့၊ ကိုနောက်ချိတ်က မမြခင်ထင်းခုတ် ဘယ်အချိန်ထွက်မလဲဆိုတာသိသည်၊ ဘယ်အရပ် သွားခုတ်မည်ဆိုတာသိသည်၊သည်တော့တောထဲကနေကြိုတင်စောင့်နေခဲ့ သည်၊ ဒါ – မြခင်သေး၊ ထင်းခုတ်ရင်း ခုတ်ပြီးသား ထင်းများကို သယ်နေဆဲ ကိုနောက်ချိတ်ရောက်လာသည်၊ ထင်မှတ်မထားဘဲ မတရားကျင့်ဖို့ကြံသည့် ကိုနောက်ချိတ်၊

မမြခင်က ရုန်းသည်၊ ကိုနောက်ချိတ်က သူ့ဘဝကို အရယူဖို့ကြံသည်၊ စိတ်ရိုင်းဝင်နေသည့် ကိုနောက်ချိတ်၊ အရယူဖို့ကြိုးစားခဲ့သည့်ကိုနောက်ချိတ်၊

"လွှတ် – လွှတ်"

"မလွှတ်ဘူးမြခင်၊ ဖြစ်ချင်တာဖြစ်တော့၊ နင်သိထားဖို့က နင့်ကိုငါတကယ်ယူမှာ၊ အတည်ယူမှာ၊ နင့်လိုအပ်ချက်မှန်သမျှအားလုံးဖြည့်ဆည်းပေးမှာ"

"မလိုချင်ဘူး – လွှတ်"

ပြောမယ့်သာ ပြောရသည်၊ မမြခင်ဘာမျှမတတ်သာတော့၊ ကိုနောက်ချိတ်ပြုသမျှ အရှုံးပေးလိုက်ရသည့် မမြခင်၊ နောက်တော့ကိုနောက်ချိတ်ကတောင်းပန်စကားနှင့် ငွေစက္ကူများကိုပေးရင်း တကယ်ယူမည့်အကြောင်း ပြောသည်၊

အို – မမြခင် ငိုရုံမှတစ်ပါး ဘာမျှမတတ်သာခဲ့၊ လူကြီးတွေဆီ တိုင်ဖို့ကလည်း အစ်ကိုတွေက ရှိသေးသည်၊ ဒီကိစ္စတွေသိရင် အစ်ကိုတွေက နှစ်ဦးစလုံး သတ်တော့မည်၊ မမြခင် ဘာလုပ်မလဲ၊ ဘာဆက်လုပ်မလဲ၊ ကိုနောက်ချိတ်ကတော့ ဘယ်မှမပြောင်ဖို့၊ လူမသိသူမသိ နေကြဖို့၊ လိုအပ်တာမှန်သမျှ

www.burmeseclassic.com

www.burmeseclassic.com



ဘာမဆိုထောက်ပံ့မည့်အကြောင်းပြော ရင်း ယုန်သူငယ်ပမာ ပြောနေသည်က ခခယယ။

"တ - တကယ်ပါ မြခင်ရာ။ နင့်ကို မြင်ရတိုင်း ငါ့စိတ်ရိုင်းတွေ ထိန်းမရလို့ ဖြစ်သွားတာ - နော် - နော်။ နင် လက်ခံ မယ်ဆိုရင် - နင့်ကို - တကယ်ယူ"

"တော်တော့ ကိုနောက်ချိတ်"

"တင်..."

"ရှင် - ပြန်တော့"

ထင်မှတ်မထားဘဲထင်းခုတ်မားကို မြင်သွားပြီး ကောက်ကိုင်လိုက်မိသည်။ သတ်ဖို့ခုတ်ဖို့ စဉ်းစားတော့ သားရဲ့မျက် နှာ၊ သားရဲ့ပညာရေး၊ သားရဲ့နောင်ရေးကို မြင်မိသည်၊ သတ် လို့ မဖြစ်သေး၊ ပြီးတော့ မိမိဘဝ ထောင်နန်းစံရမည်ကို တွေးမိပြန်သည်၊ ဘာပဲဖြစ်ဖြစ် လက် တွေမှာတော့ မြခင်ဘဝက ဆုံးရှုံးသွားပြီ၊

ဒီကိစ္စကိုဘယ်သူမှမပြောတော့ဘဲ နေလာခဲ့သည့် မမြခင်၊ ကိုနောက်ချိတ် ကလည်း ပိရိသည်၊ နောက်ထပ်ကျူး လွန်ဖို့ မကြိုးစား၊ သို့သော် ငွေကြေးကူ ညီဖို့တော့ ကြိုးစားသေးသည်၊ မမြခင် လက်မခံခဲ့၊ လောကငရဲအပူကို ကျော် ဖြတ်ရင်းနှင့် ကာလတွေ လွန်လာခဲ့ သည်၊ ယခု သားဖြစ်သူ လေးတန်း ရောက်ခဲ့ပြီ၊

အဲ - လက်ထပ်ပါရစေဟု ပြောလာ သူက ကိုကြက်တော၊

ကိုကြက်တောဆိုတာ သွားလေသူ ကိုဖိုးဒေါင်းနှင့် ညီကိုတစ်ဝမ်းကွဲတော် စပ်သူ၊ အလုပ်ကို ကြိုးစားသူ၊ အလုပ် မရွေး၊ အချိန်မရွေးတတ် သည့် သူ၊ တောင်သူလုပ်ငန်း လှူငှားလုပ်ငန်းကျွမ်း ကျင်သလို တောလည်အလုပ်လည်း ကျွမ်းကျင်တဲ့သူ၊ ဖားငါးအရှာကောင်း သည့်လူ၊ မုဆိုးဖိုတစ်ဦး။

"တကယ်ပြောတာပါ မြခင်ရယ်၊ နင့်ကို ငါ တကယ်စိတ်ဝင်စား၊ တကယ် ချစ်တာပါ၊ ဘာပြုလို့လဲဆိုရင် သေသွား တဲ့ ကိုဖိုးဒေါင်းဟာ ငါနဲ့ ညီကိုဝမ်းကွဲ တော်ပါသေးတယ်၊ အဲဒါကြောင့်အစ်ကို မရှိတော့တဲ့နောက် စောင့်ရှောက်ရမယ့် တာဝန်က ရှိနေသေးတယ်ဆိုပြီး ငါ့စိတ် ထဲမှာထင်နေတယ်လေ၊ နင်လဲအလွတ် ငါလဲအိမ်ထောင်မရှိ၊ နင်လည်းအသက် ငယ်၊ ငါလည်းအရွယ်ကျန်ပါသေးတယ် မြခင်၊ ဒီတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိုး ထဲဖိတ်ဆိုသလို..."

တစ်ရက်တွင် ကိုကြက်တောနှင့် ရွာအပြင်မှာ ဆုံတော့ ရိုးရှင်းစွာ ပြော

www.burmeseclassic.com

www.burmeseclassic.com



ရှာသည်၊ ကိုကြက်တောပြောတာ မှန်နေပါသည်၊ အားလုံးမှန်နေပြီပဲလေ၊ သို့သော်မမြခင်မှာကလင်သားမရှိတော့သည့်နောက်ကိုနောက်ချိတ်ရဲ့စော်ကားတာကို ခံခဲ့ရပြီးပြီ၊ ဒီကိစ္စကို မြခင်နှင့်ကိုနောက်ချိတ်တို့နှစ်ဦးတည်းသာ သိခဲ့ပေမယ့် ပါးစပ်ပေါက်တစ်ပေါက်ဆိုတာ ပိတ်ဖို့မလွယ်၊ ကိုနောက်ချိတ်ကအရက်သမား၊ အခုအချိန် သူ့လိုချင်တာရလို့ အစာဝလို့ မပြောသေးပေမယ့် နောင်တစ်ချိန် ထန်းရည်မူး ကျွဲခိုးပေါ်ရင်အခက်၊ မမြခင် စဉ်းစားရပြီ၊ အကယ်၍များ ကိုကြက်တောသဘောကို လက်ခံလိုက်ရင်၊ လက်ထပ်ပြီးသွားရင် ဒါမှမဟုတ် လက်မထပ်ခင်မှာ ကိုနောက်ချိတ်ကအရက်မရှိ၊ အိတ်သွန်ဖာမှောက်ပြောလိုက်ရင်ကော၊ မစားရတဲ့အမဲသဲနဲ့ပက်မယ်ဆိုရင်ရော၊

မမြခင် စဉ်းစားရပြီ၊

"ကျုပ် စဉ်းစားပါရစေဦး ကိုကြက်တောရယ်-နော်"

မမြခင် တောင်းတောင်းပန်ပန်နှင့်အဲပဲ ပြောနိုင်သည်၊

"စဉ်းစားပါ မြခင်၊ ငါကတော့နင့်ဘဝကိုရော၊ သားလေးရဲ့ဘဝကိုပါ အပြီးအပိုင် စောင့်ရှောက်သွားချင်တာ

ဟို-မြန်မြန်စဉ်းစားပါတာ-နော်"

"ဟုတ်"

အကြမ်းမဖက်၊ ရိုးရိုးအေးအေးပြောနေသည့် ကိုကြက်တော၊ သူ့ဆက်ဆံပုံတွေကသွေးသားဆန္ဒကြောင့်အချစ်ကိုတောင်းခံတာမျိုးမဟုတ်၊ ဒါကိုတော့ မမြခင် အဖြေရှာတွေ့ခဲ့သည်၊

နောက်ရက်တွင်တော့ အောင်သွယ်တော် အဒေါ်အေးရင်ကို မြခင်အိမ်လွှတ်ပြီး ထပ်ကူတောင်းသည်၊ အဒေါ်အေးရင်ဆိုတာမြခင်ရဲ့အဒေါ်

"ညည်း-အတွေးမခေါင်နဲ့ မြခင်၊ ငါကတော့ ကြက်တောနဲ့ သဘောတူတယ်၊ ညည်းအဖေရောအမေကပါ အစ်ကိုတွေကပါ သဘောတူနေကြအေ့"

"ရှင်..."

အဒေါ်အေးရင်စကားကြောင့်မမြခင်အံ့ဩသွားသည်၊ အားလုံးသိတယ်ပြီဆိုပါလား၊

"ဟုတ်တယ် မြခင်၊ မောင်ကြက်တောက ငါ့ကို အကူအညီတောင်းလဲ-ဒါညည်းမိဘတွေကိုဖွင့်ပြောလိုက်တာ၊ အားလုံးသဘောတူတယ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကလဲ ညည်းကလင်သားမရှိတော့ သေားယောကျ်ားတွေက မထိတထိလုပ်မှာကို စိုးရိမ်နေကြတာ၊ တကယ်တော့ မောင်ကြက်တောက ရိုးသားတယ်၊ အသောက်အစားကင်းတယ်၊ အလုပ်ကြိုးစားတယ်၊ အဲဒီအချက်တွေကိုက ညည်းဘဝအတွက် လုံလောက်နေပါပြီ အေး နော် - အတွေးသာ မခေါင်နဲ့"

"တင်း –"

အဒေါ်အေးရင်စကားအဆုံး၊ သက်ပြင်းရှည်တစ်ချက် ချလိုက်သူက မမြခင်၊ အတော်ကြာမှ စကားပြောလာသည်၊

"ကျုပ် စဉ်းစားနေပါတယ် အဒေါ်အေးရင်၊ ရာနှုန်းပြည့်မဟုတ်တောင်မှ အပြည့်နီးပါးအထိ ခေါင်းညိတ်ဖို့ တွေးမိပါတယ်၊ အဒေါ်ပြောသလို အားလုံးမှန်ပါတယ်၊ ငြင်းပယ်စရာမရှိတဲ့လူပါ"

မမြခင် ဒါပဲပြောသည်၊ အဒေါ်ပြန်သွားသည် အထိ အတွေးတွေက ဆောက်တည်ရာမရသေး၊ တကယ် - မမြခင် စိုးရိမ်နေသည်ကတစ်ကြောင်း၊ ဒီဘဝတွေက သဘောကျနေသည်ကို တွေးမိသည်ကတစ်ကြောင်း၊ မမြခင်မှာ မိမိကိုယ်ကိုလိပ်ပြာမသန့်ချင်မိ၊ မဖြူစင်တော့သောအဖြစ်ကို မသတိမိ၊ အကယ်၍ ကိုကြက်တောခမျာ နောင်တစ်ချိန် ကိုနောက်ချိတ်က စော်ကားခဲ့တာ သိခဲ့ရင်ကော ခွင့်လွှတ်နိုင်မည်တဲ့လား၊

"ဟုတ်တယ် - ဒီအကြောင်းတွေသိခဲ့ရင် ကိုကြက်တော ဘယ်လိုခံစားရမလဲ၊ ခွင့်လွှတ်မလား၊ စွန့်လွှတ်သွားမလား၊ အို - ငါ - ငါ ဘယ်လိုဆုံးဖြတ်ရမလဲ၊ စဉ်းစားရမလဲ၊ နားမရှုပ်တဲ့သဘောဖြစ်နေမလား၊ ဘယ် - ဘယ်လို - ဆုံးဖြတ်မလဲ"

မမြခင် စဉ်းစားခဲ့ရပြီ၊ နောက်ရက်တွင်မိခင်ဖြစ်သူရောက်လာသည်၊ မြခင်ဘဝ၊ သားလေးရဲ့ နောင်ရေး၊ ဝန်းကျင်အထင်မသေးရရေး ဒီအကြောင်းတွေကို ဇာရှုံရှင်း နားချသွားသည်၊ နောက်ရက်အဖေရော အမေပါ လာပြီး ပြောခဲ့၊ နားချခဲ့သလို ဝန်းကျင်ကပါ နားချလာခဲ့သည့်နောက် -

"အင်း - ဟုတ်တယ် - ငါ - ငါ ကိုကြက်တောနဲ့ အမြန်လက်ထပ်ရမယ်၊ ပြီးမှ - ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တာက ငါ့လိပ်ပြာ ငါသန့်၊ ငါ့စိတ် ငါ့ဘဝ သန့်သလို ခံစားရမယ်"

ဆုံးဖြတ်လိုက်သူက မမြခင်၊ ကိုကြက်တောကို လက်ခံမည်

□

www.burmeseclassic.com

www.burmeseclassic.com



မမြခင်အတွေးစများကိုဖြတ်လိုက်သည်။

ဖြိုးသည်နှင့် သားဖြစ်သူ အောင်ဒေါင်းရှိရာ အနောက်ခန်းထဲ ဝင်ခဲ့သည်။ တကယ်တော့ ကိုကြက်တောနှင့်လက်ထပ်ဖို့က တစ်လနီးပါး လိုသေးသည်။ လူကြီးစုံရာရှေ့မှာတော့တရားဝင်စကားကြောင်းပြီးသား။

မပြောရသေးသည်က သားလေးအောင်ဒေါင်း။

ယခု သားဖြစ်သူက မယူစေချင်ဘူးတဲ့။ ကလေးဆိုတော့ကလေးတွေးတွေးတာ မှန်ပါသည်။ မိမိရဲ့မိခင်ကို ဘယ်သူစိမ်းယောကျ်ားထံ ဝကွက်အပ်ချင်ပါ့မလဲ။ တွေးရင်း သားအနီး ရပ်သည်။ သားလေးသည် ခုတင်ထက်မှာ ငုတ်တုတ်ထိုင်ရင်း ရှိသည်။

"လူလေး - မင်းကလဲကွယ်။ အမေ့ကို မချစ်ဘူးလား။ ချစ်ရင် အမေ့စကားကို နားထောင်မှပေါ့။ အမေ့ကို မချစ်လို့လား၊ ဟုတ်လား။ မချစ်လို့ နားမထောင်တာပေါ့ - ပြောစမ်း"

"ချစ်တာပေါ့။ အခု - အမေယူမှာက ကျုပ်ရဲ့အဖေအရင်းမှ မဟုတ်တာ"

"အိုကွယ် - အခု - ကိုကြက်တောဆိုတာ လူလေးအဖေနဲ့ညီအစ်ကိုတော်သေးတာလေ"

"ဟင်း - ဘာမှမဆိုင်ဘူး - သွား"

အောင်ဒေါင်းက ပြောရင်းတစ်ဖက်ကို လှည့်သွားသည်။ မမြခင်က သားမျက်နှာကို ဆွဲယူရင်း သားရဲ့ခန္ဓာကိုယ်ကို ရင်ခွင်ထဲ ဆွဲယူဖက်ထားသည်။

"ကိုကြက်တောက သားကိုလည်းချစ်ရှာမှာ။ ပြီးတော့ - လူလေးအတွက်အားလုံးငွေရှာပေးမှာ သားရဲ့ - နော်"

"မသိဘူး"

"အဲလိုစိတ်မကောက်နဲ့သားရယ် - နော်"

မျက်ရည်ကျချင်ချင်နှင့် ပြောမိသည့် မမြခင်။ ဒီတော့ အမေ့မျက်နှာကိုမော်ကြည့်ရင်း လက်ကလေးနှင့်တချင်ချင်မျက်ရည်များကို သုတ်ပေးနေရှာသည့်အောင်ဒေါင်း။

"အမေ - တကယ် - လင်ယူတော့မှာပေါ့"

"အင်း"

အောင်ဒေါင်းက ဆက်မမေးတော့။ ဆက်ပြောလာသူက မမြခင်။

"လူလေးရဲ့နောင်ရေးအတွက်ပါကွယ် - နော်"

အောင်ဒေါင်း ဘာမျှမပြောတော့။ နှုတ်ပိတ်နေပြီး အတော်ကြာမှ မိခင်ရင်ခွင်ထဲမှနေကာ ခုတင်ပေါ်တုံးလုံးလှဲရင်း အိပ်ပျော်သွားရှာသည်။ သားဖြစ်သူကို

www.burmeseclassic.com

www.burmeseclassic.com



အချိန်အတော်ကြာကြာ ထိုင်ငေးကြည့်ရင်း အတွေးနယ်ချဲ့နေမိသူက မမြခင်။

မကြာခင် တရားဝင်လက်ထပ်ရတော့မည်။ ကိုကြက်တောနှင့် အကြင်လင်မယားဖြစ်တော့မည်။ သည်သို့ဆိုလျှင် ကိုကြက်တောတစ်ယောက် မိမိအိမ်ကို လိုက်လာပြီး သူ့အိမ်သူ့ဝင်းကိုရောင်းပြီး ရောင်းရငွေကို အတိုးအပွားလုပ်မည်တဲ့ အဒေါ်အေးရင်မှတစ်ဆင့် ပြောခဲ့ပြီးပြီ။ ဒီအကြံကိုလည်း လက်ခံသည်။ ကိုကြက်တောသဘောကရောင်းရငွေအားလုံးနွားတွေဝက်တွေဝယ်မွေး၊ အတိုးအပွားတွေ ရအောင်လုပ်၊ ပြီးရင် သားလေးရဲ့ပညာရေးအတွက် အသုံးပြုမည်တဲ့။ ဒါက ကိုကြက်တော အကြံ။

"အော် - ကိုကြက်တောရယ်၊ တော်က ကျုပ်အပေါ်ရော၊ ကျုပ်သားလေးအပေါ်မှာပါ တကယ်ချစ်ရှာတာကိုး"

တွေးရင်း ပီတိဖြစ်ရသူက မမြခင်။

"××× မခင်နှင်းဆီရယ် ××× အော် ××× မခင်နှင်းဆီရယ် ××× တစ်တော်သတ် တိတ်တခိုးလေးနဲ့ ××× ကြိတ်ပိုးဆွေးတဲ့ကျွန်တော် ××× ဘာပဲဖြစ်ဖြစ် ရာဇဝင်ရှိတယ် ××× အခုတော့လဲ တစိမ်းတွေလို ဖြစ်ခဲ့ပါပြီ ××× ပြီးခဲ့ပါပြီ ××× ပြီးခဲ့ပါပြီ ××× အော် ×××"

ရုတ်တရက် ခပ်မူးမူးအသံနှင့် အော်ကြီးဟစ်ကျယ် သီဆိုလိုက်သည့် သီချင်းသံအဆုံး မမြခင်ရင်ထဲ ဒေါသတွေနှင့်အတူ သောကစိတ်တွေကြောင့် တစ်ကိုယ်လုံး ကျဉ်စက်နှင့် အတို့ခံရဘိအလား။ သီချင်းဆိုသံက လမ်းဘက်က။

"ဟင် - ဒါ - ကိုနောက်ချိတ်အသံပဲ။ ဘုရား - ဘုရား - ဘုရား"

ရင်ဝကို လက်နှင့်ဖိရင်း ဘုရားတလိုက်သူက မမြခင်။

ကိုကြက်တောနှင့်မမြခင်တို့မကြာခင် လက်ထပ်ကြတော့မည်ဆိုတာ ဒီလူသိသည်။ သိလို့များပြဿနာရှာဖို့အကြံထုတ်နေပြီလား။

တွေးရင်း ငေးရင်း ရပ်ရင်း လမ်းမပေါ်ကြည့်မိတော့ ယိုင်တိုးတိုးနှင့် သီချင်းဟစ်ရင်း ကိုနောက်ချိတ်ကို မြင်နေရသည်။ အံကြိတ်မိသူက မမြခင်။

❑

လက်ထပ်ကြဖို့ တစ်ပတ်ပဲအလို။

ဒီကနေ့ ကျောင်းပိတ် သည်။ အောင်ဒေါင်း ဘယ်သွားပြီမသိ။ အိမ်ထဲမှာလည်း မရှိ။ အိမ်အပြင်မှာလည်း မရှိ။

"ခက်တော့တာပဲ - ဒီကလေး - ဘယ်သွားနေပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



မမြခင်ညည်းတွားရင်းရွာထဲထွက်ခဲ့သည်၊ သားဖြစ်သူသူငယ်ချင်းတွေအိမ်မှာ သွားတာလား။ ကျောင်းပိတ်ရက်လည်းဖြစ်၊ အစမ်းစာမေးပွဲကလည်းဖြေအပြီးဆိုတော့၊ တွေးရင်းကျောက်ခဲအိမ်လား၊ သံခဲအိမ်လား၊ နီတွတ်အိမ်လား၊ မောင်တုပ်အိမ်များလား။ သူတို့တစ်တွေက သူငယ်ချင်းတွေ။

ပထမဆုံးနီတွတ်အိမ်ဝင်မေးတော့ မလာဘူးတဲ့။ မောင်တုပ်နှင့် သံခဲအိမ်မေးတော့လည်း မလာပြန်ဘူးတဲ့။ ကျောက်ခဲအိမ်မေးတော့လည်းမသိဘူးဆိုတော့ မမြခင် စိတ်ပူရပြီ။

"ဟုတ်ပါ့ - ဒီကလေး - ဘယ်ဆီများ သွားပါလိမ့်"

တွေးရင်း စိတ်ပူသည်က မိမိအိမ်ထောင်ပြုမှာကိုမကျေနပ်လို့ရောက်ချင်ရာရောက်လည့်ပြီးသွားနေသလား။ ဒါမှမဟုတ် ...။

"အို - ဘုရား - ဘုရား - မဟုတ်ပါစေနဲ့၊ ဖွဟဲ့ - လွဲပါစေ - ဖယ်ပါစေ"

ရင်ထိတ်စွာဖြင့် မိမိရင်ဘတ်ကိုဒီရင်းတွေးမိတွေးရာတွေးကာဘုရားတမိသည်၊ တွေးမိတာကဒီကလေးစိတ်ရှုပေါက်ပြီးအသက်ကိုပင်ရန်သတ္တုပြုမည်လေလား။ ဒါက မမြခင်အတွေး။

"ဟဲ့ - မမြခင် - ဘယ်လဲ၊ တယော့ကယာနဲ့"

"ဟင် - ကိုကြီးမောင်အေး - ဟို - အောင်ဒေါင်းကိုလိုက်ရှာနေတာ"

"ဟာ - ခပ်စောစောကပဲ - ရွာအနောက်ဘက်မှာတွေ့လိုက်တာ၊ ဒါတမေးတော့ ပေါက်ပင်အင်းသွားမလို့တဲ့၊ ဘာလုပ်လဲလို့မေးတော့ ငါးရှာတဲ့၊ ဒါတတားသေးတယ်၊ ဒီအချိန်က မိုးလည်းရွာတဲ့အချိန်၊ ရေလည်းကြီးတဲ့အချိန်လို့တောင်ပြောလိုက်သေးတာ၊ ဒါပြောတာနားမထောင်ဘူး"

"ရှင် ..."

ကိုကြီးမောင်အေးစကားကြောင့် ရင်ထိတ်သွားသည်၊

"ဒါနဲ့ - ညည်းနဲ့ ကြက်တောတို့မင်္ဂလာဆောင်ကြတော့မှာဆို၊ အင်း - ကောင်းပါတယ်၊ တစ်ပင်လဲလို့ တစ်ပင်ထူတာပဲ၊ မိန်းမသားဆိုတာလင်သားရှိမှတင့်တယ်တာ၊ ကောင်းတယ် - ကောင်းတယ်"

"ဟုတ် - ဟုတ် - ကျုပ် ပေါက်ပင်အင်း သွားလိုက်ဦးမယ်"

"အေး - အေး"

စကားကြောရှည်မည့်သူ၏စကားဖြတ်၊ နှုတ်ဆက်ပြီး အမြန် အပြေးထွက်ခဲ့သည်၊ ကြီးသည်နှင့် ပေါက်ပင်

www.burmeseclassic.com

www.burmeseclassic.com



အင်းဆီ ဆက်ပြေးခဲ့သည်။ ဘာ့ကြောင့် များငါးရှာဖားရှာအလုပ်ကိုလုပ်ချင်ရတာ ပါလိမ့်။ မိမိကတော့ ပညာတတ်ကြီးဖြစ် အောင် ရည်မှန်းထားတာ။ စက်ပါဘိ တော့ သားရယ်။

တွေးရင်း မနားတမ်း ဆက်ပြေးခဲ့ သည့်မမြခင်။ ကန်သင်းခုံတွေ၊ ချိုင့်တွေ၊ ကျင်းတွေကို သတိမထားမိ။ စိတ်က ပေါက်ပင်အင်းမှာ သားလေးဆီမှာ။ ဒီအချိန်ဆိုရင် အင်းစပ်များ ဆင်းနေပြီ လား။ ဘာတွေများဖြစ်နေပြီလဲ။ ဒီအရွယ် ဆိုတာ ဘာမှသိသည့်အရွယ်မဟုတ်။ ရေနက်တာ တိမ်တာ မသိ။ ငါးရှိတာ ဖား ရှိတာ သိသည်မဟုတ်။ တော်ကြာ - အင်းအလယ်က ရေနက်ထဲ ကျသွားမှ ဖြင့်။

❝ လက်ကကာပြရင်း ပြောနေစဉ် အောင်ဒေါင်းသည် အံကြိတ်ရင်း ကျမျက် ရည်များ ဝဲနေရင်းရှိသည်။ မမြခင် တားသည်။ ဘာ့ကြောင့်တားမိသနည်း။ ကိုနောက်ချိတ်ကို မသေစေချင်လို့ မဟုတ်။ ဒီလူသေသွားရင် သားဖြစ်သူ ထောင်ကျ မည်လေ။ ဒါဆိုရင် သားရဲ့ ဘဝဆုံးပြီ။ မိမိဘဝလည်း သေပြီ။ ဒီလိုမျိုးနှင့် သားကိုတားသည့်သဘော။



"ဘုရား - ဘုရား - ဘုရား - သားလေး ဘာမှမဖြစ်ပါစေနဲ့"

တွေးရင်း လာခဲ့သည့် မမြခင်။ အပြေးတစ်ပိုင်းဖြင့် ခရီးနှင်ခဲ့သည့် မမြခင်။ သရက်ခြံနှစ်ခြံကိုဖြတ်၊ လယ် ကွင်းတွေကျော်။ ပြီးသည်နှင့်ထန်းတော ကိုဖြတ်ခဲ့သည်။ ရှေ့မှာ ပေါက်ပင်အင်း။ ပေါက်ပင်အင်းကို ခပ်ရေးရေး မြင်နေရ သည်။ ရေပြင်ကျယ်ကျယ်ကိုမြင်ရသည် က အထင်အရှား။ အင်းစပ်မှာတော့ ကိုင်းပင်အုပ်စု၊ ကိုင်းပင်တွေဘေးမှာ တော့ ပေါက်ပင်နှင့် လက်ပံပင်အချို့ ပြီးတော့ ထိန်ပင်ပုလေးနှစ်ပင်။

အကြည့်ရဲရဲတို့ဖြင့် ရေစပ်တစ် လျှောက် ဖြုံငုံပြီးကြည့်သည်။ ဘာမှ တော့ မမြင်ရသေး။ ရုတ်တရက် ပေါက် ပင်အင်းကိုမြင်လိုက်ရတော့ သားလေးသု ကိုဖိုးဒေါင်းကို အမှတ်တရထင် သတိရ မိသည်။ ရင်ထဲမှာ သည်းအူကြွေပြတ်မှု ဆတ်ဆတ်ခါနာကျင်သွားစေသည်။

www.burmeseclassic.com



ဒီရေစပ်၊ ဒီဝန်းကျင်မှာ ခေါင်းချသွားခဲ့သည့်လင်သား။

"ကိုဖိုးဒေါင်းရယ်..."

အသံထွက် ခေါ်မိသည်က လှိုက်လှိုက်မောမော။

"မြခင်"

"ဟင်..."

"ဟော့-မြခင်-မြခင်"

ရုတ်ခြည်း မိမိအမည်ကို ခေါ်သံကြားလိုက်ရ၍ခြေလှမ်းများရပ်တန့်သွားသည်။ ခေါ်သံ၊ မှန်သည်။ ဘယ်ကခေါ်သည့်အသံလဲ။ ဝန်းကျင်ကိုကြည့်လိုက်တော့ မိမိဘေးမှာ သိပ်မကျယ်သည့်ကိုင်းတောတစ်ခု၊ ကိုင်းတောဆီ ကြည့်မိသည်။

"မြခင်..."

"ဟင်-ကိုနောက်ရှိတ်"

မှန်သည်။ လင်သား သေပြီးသည့်နောက် မိမိဘဝကို ဖျက်ဆီးခဲ့တဲ့လူ၊ လူယုတ်မာ၊ ကိုနောက်ရှိတ်က ယိုင်ထိုးထိုးဖြင့် ကိုင်းတောထဲမှ နေ၍ တိုးထွက်လာသည်။

"ငါ-အင်းကို လာကြည့်ရင်း နင်လာနေတာမြင်တာနဲ့ စောင့်နေတာ၊ တို့-နင်-ကြက်တောနဲ့ယူတော့မယ်ဆိုတာသိပါတယ်"

ပြောရင်း အနားကပ်လာသည့် ကိုနောက်ရှိတ်၊ အရက်နံ့က တထောင်းထောင်း။ ခါးကြားမှာ တောကိုင်းဓားရှည်တစ်ချောင်း၊ စစရှိ တနောင်နောင် ဆိုသလို လက်စရှိခဲ့သည်ဆိုတော့ စားနေကျ ကြောင်ဖားတို့ရဲ့ ထုံးနှလုံးမှုပြီး အမှုအမဲသားကျွေးမိသည့်နှယ်၊ ယခုလည်း ကိုနောက်ရှိတ်ပုံစံက မြခင်အပေါ် အခွင့်အရေးယူဦးမည့်သဘောမျိုး။

"နင် က လဲ ဟာ - ဘာဖြုံလို့ ကြက်တောကိုယူရင်တာလဲ၊ နင်လိုအပ်တဲ့ငွေ ငါပေးမှာပေါ့-ဟုတ်ဖူးလား"

ပြောသည့်အသံက အပိုင်ချည်သည့်စကား၊ သတ်ကွင်းဆင်သည့်မုဆိုးရဲ့ပရိယာယ်စကား၊ အသားလိုလို့ အမှိုးတောင်းသည့်စကားမျိုး။

"ဒီမယ် ကိုနောက်ရှိတ်-အရင်တစ်ခါ တော့်ကို အရှုံးပေးလိုက်တာက ကျုပ်-တော့်ဆန္ဒကိုလိုက်လျောချင်လို့ စိတ်ပါလို့မဟုတ်ဘူး၊ တော်သိထားဖို့က ကျုပ်ဘဝ၊ သားလေးရဲ့ဘဝ-ပြီးတော့-သိကုန်ကြရင် အစ်ကိုတွေ ဒုက္ခရောက်မှာစိုးလို့၊ ဘာလဲ-တော်က အရင်တစ်ခါ ဘာမှပြဿနာမဖြစ်ခဲ့တော့ ဒီတစ်ခါလဲ အညှာကိုင်မယ်ဆိုတဲ့သဘောလား"

ခါးထောက်ရင်း ပြောလိုက်သည့် မြခင်၊ တစ်ဖက်တာ အခဲမကျေနိုင်

www.burmeseclassic.com

www.burmeseclassic.com



သည့်ဘဝအတွက် ခါးသီးသည့်ဒဏ်ရာတွေပေးခဲ့သူမို့ ဘယ်တော့မှ ခေါ်သပြေမည်မဟုတ်။ ဒီတစ်ခါတော့ အသက်ရှင်းလဲဖို့ ဆုံးဖြတ်လိုက်သည့် မမြခင်။

မမြခင်စကားကြောင့် နောက်ချိတ်တမဲ့ပြုံးတစ်ချက်ပြုံးသည်။ မခိုးမခန့်ရယ်သည်။ ပုံစံက ကျားနာခဲခဲမည့်သဘော။ အရယူမည့်အသွင်။ ဝံပုလွေလိုစိတ်မျိုးနှင့် မြေခွေးလိုအကြံမျိုးရှိတဲ့လူ။

"ဘာလဲ - အခုလဲ - နင် ငါ့ဆန္ဒကို မလိုက်လျောရင် ကြက်တောကို ငါက အကုန်ဖွင့်ပြောပြမယ် - သိလား"

"ဘာ..."

"ဟုတ်တယ် - အားလုံး - တစ်ရွာလုံးသိအောင် ပြောပြမယ်"

"ရှင် - တော်တော်အကြံယုတ်တဲ့လူ"

မမြခင်သည်မခံနိုင်တော့။ ဒီအဖြစ်မျိုးကတစ်ဦးဦးသေမှကိစ္စပြီးမည့်အဖြစ်။ အရှက်ကုန်သည့်အဖြစ်။ ဖြစ်ချင်ရာဖြစ်တော့။ ကိုနောက်ချိတ်ပါးကို ရိုက်ဖို့ မမြခင်ရဲ့လက်က ရွယ်သည်။ ဖျတ်ခနဲ ရိုက်ချလိုက်သည်။

"ဖြန်း"

အသံက စပ်ကျယ်ကျယ် -

"အေး - နင်က ငါ့ကို ပါးရိုက်တယ်ပေါ့။ တွေ့ကြသေးတာပေါ့ - ကဲ"

BURMESE CLASSIC

ကိုနောက်ချိတ်က ပြောရင်းမမြခင်ရဲ့လက်နှစ်ဖက်ကို ဖမ်းချုပ်သည်။ ပြီးသည်နှင့် အပေါ်အင်္ကျီကို ဆွဲအဖြဲ။ မမြခင်က တွန်းလွှတ်သည်။ ရုန်းသည်။

"လွှတ် - လွှတ် - ခွေးမျိုး ခွေးယုတ်လွှတ်"

အော်ရင်းပြောရင်း ရုန်းသည်။ ရှိသမျှအားသည်ကျန်ရှိနေသည့်အရက်ကို အဖတ်ဆယ်ဖို့ပဲဖြစ်သည်။ ကိုနောက်ချိတ်က အရက်မူးသည့်အရှိန်နှင့်ရော၊ သွေးသားဆန္ဒ သောင်းကျန်းမှုရော ပေါင်းထားသည့် အားအင်တွေဖြင့် အပြီးချုပ်ကိုင်ရင်း မြေပြင်ကို လှဲချဖို့ ကြိုးစားသည်။

"အော် - အော်လေ - ပြောစမ်း - ငါ့ကို ခွေးမျိုးလို့။ ရိုက်စမ်းပါ - ငါ့ပါးကို ရိုက်စမ်းပါ - ဟင်း - ဟင်း - ဟင်း"

အံကြိတ်ရင်း ပြောနေသည့် ကိုနောက်ချိတ်က သွားကြိတ်ရင်း မေးကြောကြီးများ ထောင်နေသည်အထိ အံကြိတ်ရင်းပြောကာ မမြခင်၏ကိုယ်လုံးကို လှဲချသည်။

"လွှတ် - ကယ်ကြပါဦး - ကယ်ကယ်ပါ"

မမြခင် မအော်နိုင်။ နှစ်ဦးသား မြေပြင်လဲကျသွားသည်။ ထို အချိန် ကိုနောက်ချိတ်၏ခါးတွင်ရှိ တောကိုင်ဓား

www.burmeseclassic.com

www.burmeseclassic.com



ရှည်သည် သူတို့နှင့် မနီးမဝေး ကျသွားသည်၊ ကိုနောက်ချိတ်က သူ့ဘဝကို အရယူပေဦးတော့မည်၊ မမြခင်ဘာလုပ်ရမည်နည်း။

ထိုအချိန် ...။

"အမေ ..."

"အမေ ..."

ထပ်ဆင့်ခေါ်လိုက်သည့် သားဖြစ်သူရဲ့အသံ၊ မမြခင်နားထဲမှာတော့ သဲသဲကွဲကွဲ၊

"သား - လူလေး"

မြေပြင်မှာ လဲကျရင်း ကိုနောက်ချိတ်၏ပြုသမျှ နရမည့်အခါမျိုး၊ မမြခင်သားဖြစ်သူအသံလာရာအရပ်ကိုကြည့်လိုက်သည်၊ အောင်ခေါင်းသည်အင်းဆီတနေ ပြေးလာသည်၊ လက်ထဲမှာ ငါးဆယ်သားစန့်ရှိ ငါးကြီးနှစ်ကောင်၊

"လူလေး ..."

"အမေ ..."

မမြခင် အသံက သိပ်မထွက်၊ အောင်ခေါင်းအသံက ခပ်ကျယ်ကျယ်၊ အောင်ခေါင်းခမျာမိခင်ဖြစ်သူကိုလူတစ်ဦးက စော်ကားဖို့ ကြံနေသည်ကို သိလိုက်ပြီ၊ သို့ကြောင့် အမြန်ပြေးရင်း လက်ထဲက ငါးနှစ်ကောင်ကို လွှတ်ချလိုက်သည်၊ ကိုနောက်ချိတ်ကတော့ သူ့ဇောနှင့်သူမို့ ဘာကိုမှ အရေးမထား။

အောင်ခေါင်း ပြေးလာသည်ကို မသိ၊ ရယ်ပင် ရယ်လိုက်သေးသည်၊ ထိုအချိန် အောင်ခေါင်း အနားရောက်လာသည်။

"အမေ ..."

အောင်ခေါင်းက ခေါ်ရင်း မနီးမဝေးသို့ လွင့်စဉ်ကျနေသည့် ဓားရှည်ကိုတွေ့သွားသည်၊ အပြေးကောက်သည်၊ ပြီး- လက်နှစ်ဖက်ဖြင့် ကိုင်လိုက်ပြီး လေထဲမှာ မြှောက်လိုက်သည်၊ အောင်ခေါင်း မိခင်ရဲ့အပေါ်က လူကို သတ်တော့မည်၊ ဒါကိုမြင်နေရသူက မမြခင်၊

"လူလေး - မ - မလုပ်နဲ့"

"မလုပ် - မလုပ် - နဲ့"

လက်ကာပြရင်း ပြောနေစဉ် အောင်ခေါင်းသည်အံကြိတ်ရင်းကျ... ရှည်များ ဝဲနေရင်းရှိသည်၊ မမြခင် တားသည်၊ ဘာ့ကြောင့် တားမိသနည်း။ ကိုနောက်ချိတ်ကို မသေစေချင်လို့ မဟုတ်၊ ဒီလူသေသွားရင် သားဖြစ်သူ ထောင်ကျမည်လေ၊ ဒါဆိုရင် သား... ဘဝဆုံးပြီ၊ မိမိဘဝလည်း သေပြီ၊ ဒီလို မျိုးနှင့် သားကိုတားသည့်သဘော...

"လူလေး"

"အမေ့ကို - လွှတ်"

မမြခင်အသံအဆုံး အောင်ခေါင်း ဝယ်သံပါအောင် အော်သည့်အသံ၊ ...

www.burmeseclassic.com

www.burmeseclassic.com



တော့ - မြှောက်ထားသည့်ဓားရှည်ကြီး၊ ကိုနောက်ချိတ် ဖက်ပေါ်သို့အချ၊

"ဟော့ - အောင်ဒေါင်း - ပေး"

ရုတ်တရက် ရောက်လာသူက ကိုကြွက်တော၊

ကိုကြွက်တောမှာ ထင်မှတ်မထားဘဲအပြေးရောက်လာသည်။ဖြစ်ကြောင်းတုန်စင်သိမြင်တွေ့နေရသည်မို့အားလုံးနားလည်သွားသည်၊ သို့ကြောင့် အောင်ဒေါင်းလက်ထဲက ဓားကို ဆွဲပြီးလှုပြီးသည်နှင့်ကိုနောက်ချိတ်ရဲ့ဘဝကိုချုပ်ငြိမ်းပေးဖို့ ဆုံးဖြတ်လိုက်သည်၊

"လူယုတ်မာ…"

ပြောရင်း ကိုနောက်ချိတ်လက်ကိုဆွဲပြီး မြေပြင်သို့အကျ၊ ရင်ဝဆီသို့ဓားဦးချွန်တစ်ဆုံး အမြှုပ်၊

"ကဲ…"

"အား…"

"အမလေး…"

ကိုကြွက်တောရဲ့အော်သံ၊ ကိုနောက်ချိတ်ရဲ့အော်သံ၊ ပြီးတော့ မမြခင်ရဲ့အလန့်တကြားအော်သံ၊ ပြီး - ကြောင်ကြည့်နေသည့် အောင်ဒေါင်း။

ရင်ဝဓားချက်အရောက်သွေးရဲရဲကမြင်လို့မကောင်း။

ကိုနောက်ချိတ် တအင်အင် ညည်းတွားရင်း မလှုပ်တော့ပြီ။

❑

တကယ်တော့…၊

ကိုကြီးမောင်အေးနဲ့ကိုကြွက်တောဆုံတော့ မမြခင်တစ်ယောက် သူ့သားရှာရင်းပေါက်ပင်အိုင်ဘက်သွားကြောင်းပြောလို့ အပြေးလိုက်ခဲ့ရာမှ ယခုလိုလူသတ်မိခြင်း။

"ငါ့ရင်ထဲမှာ အတော်ခံစားရတယ်မြခင်၊ ဒီလိုမြင်ကွင်းက အတော့်ကိုခံစားရတဲ့မြင်ကွင်းမျိုး၊ ငါလေ - နင့်ကိုချစ်လို့၊ နင့်ကိုရော အောင်ဒေါင်းကိုပါစိတ်မချလို့ ငါ - အပြေးလိုက်လာတာ"

ပြောရင်း ကိုကြွက်တော မျက်ရည်တွေ ဝေ့နေသည်၊ မမြခင် ဘာမျှမပြောနိုင်၊ သားဖြစ်သူ အောင်ဒေါင်းကို ဖက်ထားရင်းရှိသည်၊ ထိုအချိန် ကိုကြွက်တောက မမြခင်ကို ဖက်လိုက်သည်၊

သူတို့သုံးဦးသား ရွာဆီပြန်ခဲ့ပြီ၊

ကျောပေးရာအရပ်မှာတော့ပေါက်ပင်အိုင်၊ ကိုင်းတောကြီး၊ အခြားအပင်တွေ၊ ပြီးတော့ အောင်ဒေါင်း လွတ်ပစ်ခဲ့သည့်ငါးနှစ်ကောင်၊ အောင်ဒေါင်းရဲ့ဖိနပ်တစ်ရန်၊ ပြီး - မမြခင်ရဲ့ဖိနပ်တစ်ရန်၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကိုနောက်ချိတ်ရဲ့ဝိညာဉ်မဲ့ အလောင်း။ သွေးစက်တွေ။

"မြခင်-ငါလေ-နှင့်ကို တကယ် ချစ်ပေမယ့် ပေါင်းကြရတော့မှာ မဟုတ် ဘူး။ ငါ-ရွာရောက်ရင် အဖမ်းခံမယ်"

"ကိုကြက်တောရယ်"

ငိုရင်းပြောကာ ကိုကြက်တောကို ဖက်ထားမိသည့်မမြခင်၊ ကိုကြက်တော တလည်း မမြခင်ကို ပြန်ပြီးဖက်ထား လိုက်သည်။ ရင်ခုန်သံတွေက အပြိုင်၊ ကျမျက်ရည်တွေက အပြိုင်၊

"ကျုပ်-တော့်ကို ချစ်ပါတယ် တော်"

မမြခင် ဒါပဲ ပြောနိုင်သည်၊ အောင်ဒေါင်းခများ မိခင်နှင့် ကိုကြက် တောကိုကြည့်ရင်း ငိုင်နေသည်၊

"အောင်ဒေါင်း-ဦးဦးသတ်လိုက် တာ မင့်အမေအတွက်၊ မင်းအတွက် ကျူးလွန်မိတာ၊ ဒီတော့-မင်း ဘာမှ မဖြစ်တော့ဘူး။ ဒီတော့-အထက်တန်းပညာ ကိုကြိုးစား။ ပညာတတ်မြစ်အောင်လုပ် အမေ့ကို လုပ်ပြီးကျွေး-နော်"

"ဟုတ်ကဲ့"

စကားပြောအပြီး အောင်ဒေါင်းကို အလယ်မှာထား၊ ကိုကြက်တောနှင့် မမြခင်တို့က ဘေးတစ်ဖက်စီ လက်ဆွဲ ရင်း ရွာဆီပြန်ခဲ့သည့်အချိန် မိုးစက်များ ကလေနှင့်အတူ ရွာချလာချေပြီ။ လေနှင့် မိုးအကြား သူတို့ခြေလှမ်းတွေက တရွေ့ ရွေ့။

"ကျုပ်-တော်ထောင်ကထွက်လာ တဲ့အထိ စောင့်နေမှာပါ"

"ဝမ်း-ဝမ်းသာပါတယ် မြခင်ရယ်"

သူတို့စကားသံတွေက မိုးစက်တွေ အကြားမှာ မသဲမကွဲ။ မိုးနှင့်လေကတော့ အပြိုးနှင့် ရွာချနေချေပြီကော။

»»→ တွင်းကြီးသား တင်ဝင်းဦး

## ⇨ အနာပေါက်ကုထုံး ⇦

**သန်လျက်ထမ်းနာ**

ပခုံးထက်တွင် ပေါက်တတ်သည့် စစ်တုံမြစ်၊ ရှောက်ခါးမြစ်၊ ပလောင်ဆိတ်ဖူးမြစ်တို့ကို အမျှစီ သွေးကာ အနာကို လိမ်းပေးပါ။

www.burmeseclassic.com